www.burmeseclassic.com

နေရီရီစာအုပ်တိုက်



# အတ္ထုပ္ပတ္တိ
# ငါ အတ္ထုပ္ပတ္တိ

## မြသန်းတင့်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နေရိရီစာအုပ် အမှတ် (၅၇)

# အတ္ထုပ္ပတ္တိ ၏ အတ္ထုပ္ပတ္တိ

မြသန်းတင့်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၄၀၀၀၈၁၀၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၀၀၁၈၉၀၂၁၁

ပုံနှိပ်ခြင်း ပထမအကြိမ်၊ နေရီရီစာအုပ်တိုက်၊
၂၀၀၂ အောက်တိုဘာလ
ဒုတိယအကြိမ်၊ နေရီရီစာအုပ်တိုက်၊
၂၀၁၁၊ မတ်လ
ကွန်ပျူတာစာစီ နေရီရီ
မျက်နှာဖုံးပန်းချီ ပန်းချီဘိုစော
ဒီဇိုင်းဖွဲ့စည်းမှု မဖြူ
ကာလာခွဲ Star Colour-Repro
အတွင်းဖလင် AZ
စာအုပ်ချုပ် စွယ်တော်(၂)
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်)
၂၀၈၊ လမ်း (၃၀)၊ ရန်ကုန်။
ထုတ်ဝေသူ ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်)
၂/က၊ အောင်ရတနာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
အုပ်ရေ ၅၀၀
တန်ဖိုး ၂၀၀၀ ကျပ်
ဖြန့်ချိရေး နေရီရီ

မြသန်းတင့် ၈၀၈. ၈၄
အတ္ထုပ္ပတ္တိ၏ အတ္ထုပ္ပတ္တိ
မြသန်းတင့် - ရန်ကုန်၊
နေရီရီစာအုပ်တိုက်၊ ၂၀၁၁၊ ဒုတိယအကြိမ်
၁၄၀ - စာ၊ ၉ × ၁၆. ၅ စင်တီ။
(၁) အတ္ထုပ္ပတ္တိ၏ အတ္ထုပ္ပတ္တိ

# မာတိကာ

ဆရာမြသန်းတင့်၏ ဘဝနှင့် စာပေမှတ်တမ်း
၁။ အတ္ထုပ္ပတ္တိ၏ အတ္ထုပ္ပတ္တိ ၁
၂။ ကျော်ဟိန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောခဲ့သည့်စကား ၁၁
၃။ မြစ်တစ်စင်းတွင် စီးဆင်းနေသော ရေစီးကြောင်းများ ၁၆
၄။ မီးတောထံပန်းသို့ ဂုဏ်ပြုခြင်း ၃၁
၅။ ဝတ္ထုတစ်ပုဒ် ရေးဖွားခြင်း ၅၅
၆။ လမင်းကို ထရံပေါက်မှ ကြည့်ခြင်း ၈၇
၇။ ပြည်သူ့ဥယျာဉ် စေ့စပ်ပွဲ ၉၆
၈။ ငြိမ်းချမ်းခြင်းနှင့် ကရုဏာတော်သည် သင်နှင့်အတူ ရှိပါစေသောဝ် ၁၀၇
၉။ လူငယ်နှင့် စာပေ ၁၂၆

www.burmeseclassic.com

## ဆရာမြသန်းတင့်၏ ဘဝနှင့် စာပေမှတ်တမ်း

၁၉၂၉။ ဦးပေါတင့်၊ ဒေါ်လှိုင်တို့မှ ပခုက္ကူခရိုင်၊ မြိုင်မြို့တွင် ၁၉၂၉ ခု၊ မေလ၊ ၂၃ ရက် ကြာသာပတေးနေ့၌ မွေးဖွားခဲ့ သည်။ မွေးချင်း ခုနစ်ယောက်တွင် အကြီးဆုံးဖြစ်သည်။

၁၉၄၁။ ပဉ္စမတန်းတွင် ပညာသင်သည်။

၁၉၄၂။ ဂျပန်ခေတ်တွင် ကျောင်းပြန်တက်သည်။

၁၉၄၃။ အာရှလူငယ်များအဖွဲ့၌ တက်တက်ကြွကြွပါဝင်သည်။

၁၉၄၄။ ဂျပန်တော်လှန်ရေး မြေအောက်ကလပ်စည်းများနှင့် ဆက်သွယ်၍ ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပါဝင်သည်။

၁၉၄၅။ ဂျပန်တော်လှန်ရေး ကာလအတွင်း စစ်ကိုင်းရှိ ဗိုလ်သန်းဦး (တော်လှန်ရေးတွင် ကျဆုံး)၊ သခင်မော်တင် (ပြည်တွင်းစစ်တွင် ကျဆုံး)နှင့် မြိုင်မြို့ ဘုန်းတော်ကြီး ဦးစရိယ(မြိုင် ဖဆပလ အမတ်ဟောင်း ဦးသက်ရှည်)တို့၏ ဦးဆောင်မှုအောက်တွင် ပါဝင် လှုပ်ရှားသည်။

၁၉၄၅ ဒုတိယကမ္ဘာစစ်ကြီးအပြီး မြင်းခြံခရိုင်တွင် တာဝန် ကျသည်။

- မန္တလေးခရိုင် အထက်ဗမာပြည် ဖဆပလအဖွဲ့ချုပ်၊

၁၉၄၇။ မန္တလေး ခရိုင် ကွန်မြူနစ်ပါတီတို့တွင် အချိန်ပြည့် တာဝန် ထမ်းဆောင်သည်။

မြင်းခြံခရိုင် ကွန်မြူနစ်ပါတီကို စတင်တည်ထောင်၍ ခရိုင်ကော်မီတီဝင်အဖြစ် ဆောင်ရွက်သည်။

ကျောက်ပန်းတောင်းတွင် အက်တူး-သခင်အုန်းဖေ



(ပြည်တွင်းစစ် ကျဆုံး)နှင့် အတူ 'လယ်သမားများ သီးစားခ မပေးရေးတိုက်ပွဲ၊ လက်ငုတ်လယ်ပြန်ထွန်ရေးတိုက်ပွဲ၊မြေရှင်ကြီး များ၏ လယ်များကို အတင်း ဝင်ထွန်ရေး'တိုက်ပွဲများကို ဦး ဆောင်သည်။

သီးစားခ မပေးရေးတိုက်ပွဲတွင် အင်္ဂလိပ် အစိုးရသိမ်းဆည်း ထားသော လယ်သမားများ၏ ပစ္စည်းများ ပြန်လည် လုယူသည့် အတွက် (ရုံးမင်းတစ်ထိုင်)ပြစ်ဒဏ်ကျခံခြင်း ခံရသည်။

မြင်းခြံခရိုင်တွင် အခြားသော ခေါင်းဆောင်များနှင့်အတူ သူ့ခေါင်းကို ဖြတ်နိုင်လျှင် ဆုငွေပေးမည်ဟု အင်္ဂလိပ်အလိုတော် ရိနှင့် မြေရှင်များက တိတ်တဆိတ် ဆုငွေထုတ်သည်။

အထွေထွေ သပိတ်ကြီးတွင် မြင်းခြံ၊ မန္တလေး၊ ဒလသဘော ကျင်း အလုပ်သမားထုကြီး ပါဝင်ရေးအတွက် တာဝန်ယူသည်။

မြင်းခြံခရိုင် အလုပ်သမားသမဂ္ဂနှင့် လယ်သမားသမဂ္ဂတို့ တွင် အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ရန် ဖြူးမြို့တွင် ကျင်းပ သည့် 'မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်သမား ကွန်ဂရက်ကြီးသို့' မြင်းခြံခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။

၁၉၄၇။ မကျန်းမာသဖြင့် တာဝန်မှ အနားယူကာ တက္ကသိုလ်ဝင် စာမေး ပွဲ ဖြေဆိုသည်။

ပခုက္ကူခရိုင် ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည်။

၁၉၄၈။ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။

၁၉၄၉။ ပထမဦးဆုံးရေးသည့် 'ဒုက္ခသည်' ဝတ္ထုတိုကို တာရာ မဂ္ဂဇင်း (အတွဲ ၃၊ အမှတ် ၂၁၊ ၁၉၄၉)တွင် ပုံနှိပ် ဖော်ပြသည်။

၁၉၅၀။ 'စာပေသည် ပြည်သူ့အတွက်' ဟူသော ကြွေးကြော်သံဖြင့် 'စာပေသစ် မဂ္ဂဇင်း'ကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်းတို့နှင့်အတူ ဦးဆောင်ထုတ်ဝေသည်။

၁၉၅၁။ ပထမဦးဆုံး ဘာသာပြန် လက်ရာအဖြစ် ဂေါ်ကီ၏ 'မာလ်ဗာနှင့် အခြားဝတ္ထုတိုများ' ကို ရေးသားထုတ်ဝေသည်။

www.burmeseclassic.com

၁၉၅၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်(မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်သည်။

စာရေးဆရာအသင်းမှ ထုတ်ဝေသော 'စာပေမဂ္ဂဇင်း'တွင် တာဝန်ခံ အယ်ဒီတာအဖြစ် လည်းကောင်း၊ ပြည်တော်သစ် ဂျာနယ်' တွင် အယ်ဒီတာချုပ်အဖြစ် လည်းကောင်း၊ 'တိုးတက်ရေး သတင်းစာ'တွင် နိုင်ငံခြားရေး အယ်ဒီတာအဖြစ် လည်းကောင်း ဆောင်ရွက်သည်။

ဒုတိယမြောက် ဘာသာပြန်အဖြစ် ဂေါ်ကီ 'မက္ကဇင်း ဂေါ်ကီ' အတ္ထုပ္ပတ္တိကို ဗန်းမော်စာအုပ်တိုက်မှ ထုတ်ဝေသည်။

၁၉၅၃။ ပထမဦးဆုံး ပင်ကိုရေး လုံးချင်းဝတ္ထု 'မေတ္တာ အသချေ' ကို ရေးသည်။

၁၉၅၄။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရသည်။

၁၉၅၅။ သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေး ဗဟိုကော်မီတီတွင် အတွင်းရေးမှူး တစ်ဦးအဖြစ် ဆောင်ရွက်သည်။

၁၉၅၆။ ဥပဒေဘွဲ့ ရရှိသည်။

၁၉၅၇။ 'ပြည်သူ့တိုးတက်ရေးပါတီ' ပေါ်လစ်ဗျူရိုတွင် ပါဝင်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)အတွင်းရေးမှူးချုပ်နှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဌာနချုပ် လုပ်ထားသော 'ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ' ၏ ဗျူရိုအဖွဲ့ဝင် လူကြီး ဖြစ်ခဲ့သည်။

၁၉၅၈။ ပဒေသရာဇ် ဆန့်ကျင်ရေးဝတ္ထု'လိုက်ခဲ့တော့ မြနန္ဒာ' ကို မြဝတီမဂ္ဂဇင်း (အယ်ဒီတာချုပ် ဇဝန လက်ထက်)တွင် ရေးသားသည်။

အထိန်းသိမ်းခံ ဘဝဖြင့် ကိုကိုးကျွန်းသို့ ရောက်သည်။

၁၉၆၀။ 'စာရေးဆရာကလပ်'တွင် အမှုဆောင်ဖြစ်သည်။

'အမှောင်ရိပ်ဝယ်' ဝတ္ထုကို ရေးသည်။



ဗိုလ်တထောင်သတင်းစာတွင် နေ့စဉ် အခန်းဆက် အဖြစ် 'နွံထဲကကြာ' (နှစ်နှစ်နီးပါး)ကို သိန်းဖေမြင့်နှင့် ပူးတွဲ ရေးသည်။

'နွံထဲကကြာ'ဝတ္ထုစာအုပ်မှ အစပြု၍ မူလ ကလောင် နာမည် 'မြသန်း' မှ 'မြသန်းတင့်' သို့ ပြောင်းခဲ့သည်။

၁၉၆၁။ အထိန်းသိမ်းခံ ဘဝမှ လွတ်မြောက်ခဲ့သည်။

ယင်းနှစ်မှာပင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပသော 'ငြိမ်းချမ်းရေး ကောင်စီ'အစည်းအဝေးသို့ ဆရာ ဒဂုန်တာရာ၊ ပါမောက္ခ ဦးအောင်လှ တို့နှင့်အတူ ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၏ ကိုယ်စားလှယ် အဖြစ် တက်ရောက်သည်။

ညီလာခံမှအပြန် ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ငြိမ်းရေး ကော်မတီများ၏ ဖိတ်ကြားချက်အရ ၎င်းနိုင်ငံများသို့ သွားရောက်သည်။

၁၉၆၂။ 'စာရေးဆရာ သမဂ္ဂ'တွင် အမှုဆောင်ဖြစ်ခဲ့သည်။

၁၉၆၃။ 'ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ဝင်' နှင့် 'ပြည်သူ့ကော်မတီဝင်' တစ်ဦးအဖြစ် တာဝန်ယူခဲ့သည်။

ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ပျက်သွားသောအခါ အထိန်းသိမ်းခံခဲ့ရပြီး ဒုတိယအကြိမ်မြောက် ကိုကိုးကျွန်း ရောက်ခဲ့သည်။

၁၉၇၂။ အထိန်းသိမ်းခံ ဘဝမှ လွတ်မြောက်ခဲ့သည်။

တော်လှန်စတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေး ဘာသာပြန် ဝတ္ထု (၁၉၇၂)ခုနှစ်အတွက် 'အမျိုးသားစာပေ ဘာသာပြန်ဆု' ရသည်။

၁၉၇၈။ အမေရိကန် စာရေးဆရာမ မာဂရက်မစ်ချယ်၏ 'လေရူး သုန်သုန်' ဘာသာပြန် ဝတ္ထုဖြင့် 'အမျိုးသားစာပေ ဘာသာပြန်ဆု' ကို ဒုတိယအကြိမ် ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈။ တရုတ်စာရေးဆရာကြီး ဆောင်ဖူချင်းနှင့် ကောက်ငိုတို့၏ 'ခန်းဆောင်နီ အိပ်မက်' ဝတ္ထုဖြင့် 'အမျိုးသားစာပေ ဘာသာပြန် (ရသ)ဆု' ကို တတိယအကြိမ် ရခဲ့သည်။

၁၉၉၂။ ပြင်သစ်စာရေးဆရာ ဒိုမိနီ လာပီယဲ၏ 'သုခမြို့တော်' ဘာသာပြန် ဝတ္ထုဖြင့် စတုတ္ထအကြိမ် 'အမျိုးသားစာပေ ဘာသာပြန်ဆု' ကို ရသည်။

၁၉၉၅။ ပြင်သစ် စာရေးဆရာ ဒိုမိနီ လာပီယဲ၏ 'အချစ်မိုးကောင်းကင်' ဘာသာပြန်ဝတ္ထုဖြင့် ပဉ္စမအကြိမ်'အမျိုးသားစာပေ ဘာသာပြန် (ရသ)ဆု' ကို ရသည်။

၁၉၉၈။ ဖေဖော်ဝါရီ ၁၈ ရက်၊ ည ၉း၁၅ တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်မမနှင့် သမီးနှစ်ယောက်၊ သားနှစ်ယောက် ကျန်ရစ်ခဲ့သည်။

နေရီရီ

ဆရာမြသန်းတင့်၏ ကလောင်ခွဲများ

၁။ စောယွမ်း
၂။ ဇောတိတ
၃။ ထက်အောင်
၄။ ပါမောက်နှင့် ပါနောက်
၅။ မြသန်း
၆။ မြသန်းတင့်
၇။ မောင်သစ်တည်
၈။ မင်းနန္ဒာ
၉။ မေမေလှိုင်
၁၀။ ရဲအောင်ဇေ
၁၁။ အုတ်လှငယ်
၁၂။ ဥပဒေ သုတေသီတစ်ဦး

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com

# အတ္ထုပ္ပတ္တိ၏ အတ္ထုပ္ပတ္တိ

ကျွန်တော့်ဆီကို Today စာအုပ်တိုက်က ဒေါက်တာ သာထွန်းဦး တို့ ရောက်လာပြီး မငြိမ်းရဲ့ အသံသစ် ပြတိုက်ဖွင့်ပွဲမှာ အမှာစကား ပြောပေးဖို့ ပြောလာပါသည်။ Book Launching Ceremony ပေါ့လေ။ ကျွန်တော် ငြင်းပါသေးတယ်။ ကျွန်တော့်ထက်ပိုပြီး ပြောနိုင် ဆိုနိုင်တဲ့လူတွေ ရှိကောင်းရှိပါလိမ့်မယ်။ ရှာကြည့်ပါဦးလို့ ပြောတော့ မရှာတော့ဘဲ ကျွန်တော့်ကိုပဲ ဖိတ်ပါတယ်။ ဖိတ်တော့ ကျွန်တော်က ထပ်ပြောပါသေးတယ်။ Book Launching Ceremony ဆိုတာ သူတို့စာအုပ်တိုက်တွေ ကတော့ စာအုပ်တစ်အုပ်ထုတ်ပြီး ဖြန့်လိုက်တာပဲ။ ခင်ဗျားတို့ စာအုပ်တိုက်ကတော့ သူဌေးတိုက်နဲ့ တူတယ်လို့။ ဘာဖြစ်လို့ လဲဆိုတော့ အမေရိကန် U.S.I.S တို့မှာသာ စာအုပ်တစ်အုပ်ထွက်ရင် ဧည့်ခံပွဲတို့ဘာတို့ ဖိတ်ကြားပြီး လုပ်လေ့ရှိတယ်။ Today Media က သိပ္ပံ မင်းကြည်ရေးတဲ့ စတုတ္ထမျိုးဆက် စီမံခန့်ခွဲမှုမှာလည်း Book Launching Ceremony လုပ်တယ်။ အခုတစ်ခါလည်း မငြိမ်းရဲ့စာအုပ်မှာ Book Launching Ceremony လုပ်တယ်။ ဒါကြောင့် ခင်ဗျားတို့တိုက်က ချမ်းသာတယ်နဲ့ တူတယ်လို့ ကျွန်တော်တောင် ပြောလိုက်ပါသေးတယ်။ ကျွန်တော် ပြောချင်တာက ဒီလို စာအုပ်တစ်အုပ် ထုတ်တိုင်း၊ ထုတ်တိုင်း စာနယ်ဇင်းက ပုဂ္ဂိုလ်တွေနဲ့ တွေ့တယ်။ အချင်းချင်း ဆွေးနွေးကြတယ် ဆိုတာ အင်မတန်ကောင်းတဲ့ အစဉ်အလာ ဖြစ်ပါတယ်။ Today Media က ဒီအစဉ်အလာကို နောင်စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်တိုင်း ထုတ်တိုင်း ဆက်လက် လုပ်ဆောင်နိုင်ပါစေ၊ တခြားစာအုပ်တိုက်တွေကလည်း ဒီအတ္ထုပ္ပတ္တိ မျိုးလေးတွေကို ဆက်လက် ထိန်းသိမ်းနိုင်ပါစေလို့ မေတ္တာအစေ့နဲ့ ပြောကြားချင်ပါတယ်။

ကျွန်တော်ပြောမယ့်အကြောင်းအရာ အတ္ထုပ္ပတ္တိ . . . အတ္ထုပ္ပတ္တိ၊ အဲဒါကို ခွင့်ပြုပါ၊ အတ္ထုပ္ပတ္တိဆိုတာ အင်္ဂလိပ်လိုတော့ Biography... Biographia ဆိုတဲ့ ခေါ်မစကားလုံးက လာတယ်။ Bio ဆိုတာ၊ ဘဝ Life graph ဆိုတာ writing ရေးသားခြင်း၊ ဘဝကို ရေးသားခြင်း၊ အဲဒါ Biography ကျွန်တော်တို့ မြန်မာမှာတော့ ပါဠိက လာတယ်။ အတ္ထုပ္ပတ္တိဆိုတာ အဖြစ်အပျက်၏၊ အကြောင်းအရာ၏ အဖြစ်အပျက်၊ အကြောင်းအရာတစ်ခု ဘယ်လို ဖြစ်သလဲ၊ ဘယ်လို ပျက်သွားသလဲ၊ အဲဒါကို အတ္ထုပ္ပတ္တိလို့ ခေါ်ပါတယ်၊ အဲဒီ အတ္ထုပ္ပတ္တိမှာ ရှင်းအောင်တော့ ကျွန်တော် နည်းနည်းပြောချင်ပါတယ်၊ ဒါ ကျွန်တော်တို့ နားလည်ထားတဲ့ အတ္ထုပ္ပတ္တိပေါ့၊ ဒါပေမဲ့ အဘိဓာန်က ပေးထားတဲ့ အတ္ထုပ္ပတ္တိမှာတော့ Concise Oxford Dictionary က ပေးထားတဲ့ အတ္ထုပ္ပတ္တိက written life of a person လူတစ်ယောက်ရဲ့ အကြောင်းရေးသားတဲ့ အနက်သုံးခု ပေးပါတယ်။ Oxford အဘိဓာန်က လူတစ်ယောက်ရဲ့ ရေးထားတဲ့အကြောင်း။ နောက်တစ်မျိုးက Branch of literature dealing in the person's lives လူတွေရဲ့ အတ္ထုပ္ပတ္တိကို ရေးထားတဲ့ စာပေပုံသဏ္ဌာန်တစ်မျိုး၊ ဒါကိုလည်းပဲ Biography အတ္ထုပ္ပတ္တိလို့ ခေါ်ပါတယ်။ နောက်တစ်ခုက Life course of a living being အသက်ရှိနေတဲ့ လူတစ်ယောက်ရဲ့ ဘဝလမ်းကြောင်း၊ အဲဒါကို လည်း Biography ခေါ်ပါတယ်။ ဒါက Oxford အဘိဓာန်ကပေးတဲ့ အနက်သုံးခုပါ။ အဲဒီ အနက်သုံးခုအပြင် အတ္ထုပ္ပတ္တိနဲ့ ပတ်သက်လို့ သူတို့အနောက်တိုင်းက (၂၃)မျိုး အဓိပ္ပာယ် ပေးထားပါတယ်။ အဲဒါကို ကျွန်တော် အတိုချုပ်ပြီး အင်္ဂလိပ်လို ဖတ်ပြသွားပါမယ်။

၁။ Biography
၂။ Realife story
၃။ Human Interest
၄။ Curriculum Vitae





၅။ Experiences
၆။ Adventure
၇။ Fortunes
၈။ Hagiography သူတော်စင်တွေရဲ့ အတ္ထုပ္ပတ္တိ
၉။ Martyrology အာဇာနည်တွေရဲ့ အတ္ထုပ္ပတ္တိ
၁၀။ Obituary

၁၁။ Rogues' Gallery ကျွန်တော်တို့ မှုခင်းဌာနတွေမှာ ရာဇဝတ်မှု ကျူးလွန်တဲ့ လူဆိုးတွေရဲ့ဓာတ်ပုံ အစုံရှိတယ်။ လူဆိုးပြတိုက်၊ အဲဒါလည်း Biography ထဲမှာ ပါတယ်။ အခုဟာကတော့ လူဆိုးတွေရဲ့ ပြတိုက် မဟုတ်ပါဘူး၊ အသံသစ် ပြတိုက် ပါ။

၁၂။ Newgate Calendar လန်ဒန်မှာက Newgate အကျဉ်းထောင်ကြီးထဲမှာရှိတဲ့ Calendar စာရင်း၊ ဥပမာ မြသန်းတင့် ဆိုရင် မြသန်းတင့်၊ ဘာအမှု ကျူးလွန်တယ်။ လူဆိုးတွေရဲ့ အတ္ထုပ္ပတ္တိကို ညွှန်းတာ။

၁၃။ Personal account
၁၄။ Auto Biography
၁၅။ Confession
၁၆။ Memoirs
၁၇။ Memorabilia
၁၈။ Remembrance
၁၉။ Letters
၂၀။ Diary
၂၁။ Record
၂၂။ Journal
၂၃။ Reminiscence

အဲဒီလို (၂၃)မျိုး ခွဲထားပါတယ်။

ဒါကြောင့် ကျွန်တော်တို့ သိတဲ့ အတ္ထုပ္ပတ္တိရဲ့ သမိုင်းအကျဉ်းကို ကျွန်တော် ပြောချင်ပါတယ်။ ရှေးတုန်းက ရှိခဲ့တဲ့ Hagiography ဆိုတဲ့ ဗုဒ္ဓဝင် ရှိတာယ်။ မဟာဝင် ရှိတာယ်။ ဒီပဝံ ရှိတာယ်။ သူတို့ဆီမှာ Old Testa-



www.burmeseclassic.com

www.burmeseclassic.com



ment ရှိတယ်။ New Testament ရှိတယ်။ နောက်သူတော်စင်တွေရဲ့ အတ္ထုပ္ပတ္တိ ရှိတယ်။ ဆိုပါစို့။ ကျွန်တော်တို့ဆီမှာ ဗုဒ္ဓရဲ့ အတ္ထုပ္ပတ္တိ၊ ဗုဒ္ဓရဲ့ သာဝကတွေဖြစ်တဲ့ သံဃာတော်တွေရဲ့ အတ္ထုပ္ပတ္တိ၊ နောက် ဇီဝက အတ္ထုပ္ပတ္တိ၊ ဇီဝကကို ခင်ဗျားတို့ သိပါတယ်။ ရှေးဆရာ သမားတော်ကြီး၊ ဇီဝကရဲ့ အတ္ထုပ္ပတ္တိတာ ဗုဒ္ဓဝင်ထဲမှာ ပါတယ်။ အင်မတန် စိတ်ဝင်စားစရာ ကောင်းတယ်။ ဇီဝကရဲ့ အမေက သာလဝတီ ဆိုတဲ့ ပြည့်တန်ဆာမ၊ အဖေ မရှိဘူး။ ရှေးတုန်းက ဟိန္ဒူယဉ်ကျေးမှုမှာ ပြည့်တန်ဆာမ ဆိုရင် ဘာလုပ်ရသလဲဆိုတော့ မိန်းကလေး မွေးရင် အရွယ်ရောက်အောင် စောင့်ရှောက်ရတယ်။ သားမွေးရင် စွန့်ပစ်ရတယ်။ ပြည့်တန်ဆာမဆိုတာ သားသမီး မထားရဘူး။ အဲဒီတော့ ဇီဝကကို မွေးပြီးပြီးချင်း အမှိုက်ပုံမှာ စွန့်ခဲ့ရတယ်။ စွန့်ပစ်ခဲ့ပြီးမှ ဗိမ္ဗိသာရရဲ့ သား အဘယမင်းသားက နန်းတော်ကိုအသွား အမှိုက်ပုံမှာ အနီးတရှုန်းရှုန်း ဖြစ်နေတာ ဘာလဲလို့ သွားကြည့်ခိုင်းတော့ "စွန့်ပစ်ထားတဲ့ ကလေးလေးပါ ဘုရား"၊ "ဟာ အသက် ရှိသေးရဲ့လား"၊ "ရှိပါသေးတယ် ဘုရား" ဒါကြောင့်မို့ ဇီဝက အသက်ရှိသေးတယ်ဆိုတဲ့ သဘော။ ဇီဝကဆိုတာ အမှိုက်ပုံက ရလာတဲ့ ကလေး၊ ပြည့်တန်ဆာမရဲ့သား၊ အဖေ မပေါ်တဲ့ကလေးဟာ အင်မတန် ကြီးကျယ်တဲ့ သမားတော်ကြီး ဖြစ်လာတယ်။ ကမ္ဘာမှာ ဗုဒ္ဓဝင်၊ အိန္ဒိယသမိုင်းမှာ တော့ အင်တန် ကြီးကျယ်တဲ့ သမားတော်ကြီး ဖြစ်လာတယ်။ ဒီတော့ ဒီလိုဟာ မျိုးတွေဟာ Hagiography ရှေးတုန်းကတည်းက ရှိတယ်နော်။ နောက် ပြင်သစ်က သာသနာအတွက် အသက်စွန့်သွားတဲ့ 'ဂျုံး' Joan of Arc ဆိုတဲ့ အမျိုးသမီး၊ နောက်တစ်ခါ ဗုဒ္ဓဝင်တွေ၊ ပြီးတော့ ဒုတိယအမျိုးအစား ရှေးက အတ္ထုပ္ပတ္တိဟာ ဘာလဲဆိုတော့ ကျောက်စာ။ ကျွန်တော်တို့ (၁၈)ရာစု လောက်က ခင်ကြီးဖျော် ဆရာတော်ဘုရားရဲ့ သချိုင်းက ကျောက်စာ၊ ဆရာတော်ဘုရားရဲ့ သချိုင်းမှာ ကျောက်စာရိုက်ထားတယ်။ ကျောက်စာမှာ သူ့ရဲ့ Story အကုန်ပါတယ်။ နောက် (၁၈၄၀)ခုနှစ်မှာ ရေးတဲ့ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားရဲ့ ကျောက်စာ၊ အဲဒီမှာလည်း အတ္ထုပ္ပတ္တိ အစုံပါတယ်။ (၁၈၆၅)ခု မှာရေးတဲ့ မန္တလေး သာသနာပိုင် ဦးရေဝယျရဲ့ အတ္ထုပ္ပတ္တိ ကျောက်စာ၊ (၁၈၉၂)မှာ ရေးတဲ့ မိုင်းကိုင်မြို့စား ဦးယံ၊ မင်းတုန်းမင်း လက်ထက် တုန်းက ဝိဋကတ်တိုက်မှူးကြီး၊ သူ့ရဲ့သချိုင်းက ကျောက်စာ၊ (၁၈၈၄)ခုနှစ်မှာ





ရေးထိုးတဲ့ ယောအတွင်းဝန်ဦးဖိုးလှိုင်ရဲ့ ကျောက်စာ၊ ဒါလည်း အတ္ထုပ္ပတ္တိပဲ။ နောက် တစ်မျိုးက ချေင်း။ တောင်ငူ (၁၆)ရာစုမှာ ပေါ်တဲ့ တပင်ရွှေထီးရဲ့ ချေင်း၊ တပင်ရွှေထီး ကလေးလေးတုန်းက ဘုရင် ဖြစ်လာတဲ့အခါကျတော့ လှော်ကားသုံးထောင်မှူးက ချေင်းစပ်တယ်။ တပင်ရွှေထီးရဲ့ Biography ကဗျာပေါ့။ ချေင်းပုံစံနဲ့၊ နောက် သခင်ထွေး ချေင်း၊ အင်းဝဘုရင်မင်းခေါင်ရဲ့ သားတော်၊ နောက်တစ်ခု ရာဇဝင်ကျမ်းတွေ ရှိတယ်။ ရှင်မဟာ သီလဝံသရေးတဲ့ ရာဇဝင်ကျော်တွေရှိတယ်။ ဦးကုလားရာဇဝင် ရှိတယ်။ မှန်နန်းရာဇဝင် ရှိတယ်။ အရေးတော်ပုံကျမ်းတွေရှိတယ်။ ဥပမာ အလောင်းဘုရားရဲ့ Biography တစ်ခုလို့ ယူဆလို့ရတယ်။ ရာဇမိရာဇ် အရေးတော်ပုံဆိုရင်လည်း ရာဇမိရာဇ်ရဲ့ Life story တစ်ခုပဲ။ ဥပမာ ရွှေတိဂုံ အနောက်တောင်ဘက် စောင်းတန်းမှာ ပန်းသည်မနဲ့ ကြိုက်တာကအစ ရာဇမိရာဇ်က မင်းသား 'ဗညားနွဲ့'၊ ရွှေတိဂုံ ဘုရားစောင်းတန်းက ပန်းသည်မနဲ့ ရည်ငံပြီးတော့ ပန်းသည်မကို မိဖုရား မြှောက်တာ၊ တစ်ခါ သူ စစ်တိုက်တာတွေ ဘာတွေ အကုန်ပါတယ်။ ဒါက ရာဇဝင်ထဲကလာတဲ့ အတ္ထုပ္ပတ္တိ၊ သူတို့ ဆီမှာလည်း ဒီလိုပဲ။ ပထမရာစုက ပေါ်ခဲ့တဲ့ သမိုင်းဆရာ Plutard ရေးခဲ့တဲ့ ရောမ သူရဲကောင်းတွေရဲ့ အတ္ထုပ္ပတ္တိ၊ အင်္ဂလန်မှာ ပထမဆုံးပေါ်တဲ့ အတ္ထုပ္ပတ္တိက ဆင်မြူရယ် ဂျွန်ဆင်ရေးတဲ့ Life of Richard Sarage ရဲ့ အတ္ထုပ္ပတ္တိပဲ။ ကျွန်တော်တို့ဆီ မှာ နောက်ပိုင်း ရေးလာတာကျတော့ ဗုဒ္ဓဝင်တွေ မဟုတ်တော့ဘူး။ သက်ရှိ အတ္ထုပ္ပတ္တိ၊ ဓမ္မစေတီ အတ္ထုပ္ပတ္တိ၊ ရှင်စောပုရဲ့ သားမက်၊ ဆရာတော် (၁၀၅)ပါး ဦးရေစာရင်း၊ မင်းလှစည်သူရေးတဲ့ ဆရာတော်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိ၊ နောက် ရှင်တေဇောသာရတို့၊ ရှင်အဂ္ဂသမာဓိတို့ရေးတဲ့ အတ္ထုပ္ပတ္တိတွေ၊ အဲဒါ (၁၈၈၆) မှာ ရေးတယ်။ နောက် ခင်ကြီးဖျော်ရဲ့ အတ္ထုပ္ပတ္တိ၊ ကန်တော်မင်ကျောင်း ဆရာတော်က (၁၉၀၉) ခုနှစ်မှာ ရေးတယ်။ (၂၀)ရာစုခေတ်ထဲကို ရောက်လာပြီ။ အဲဒါတွေ ဘုန်းကြီးတွေရဲ့ အတ္ထုပ္ပတ္တိ၊ နောက်လူတွေရဲ့ အတ္ထုပ္ပတ္တိ၊ လူတွေရဲ့ အတ္ထုပ္ပတ္တိကို ဦးဖိုးကျားကတော့ ပုဂ္ဂလအဘိဓာန်လို့ ခေါ်ခဲ့တယ်။ လူပုဂ္ဂိုလ်တွေရဲ့ အဘိဓာန် လူအကြောင်း သိချင်ရင် ကြည့်ဖို့၊ ဒေါက်တာသာထွန်းဦး အကြောင်း သိချင်ရင် အဲဒီ စာအုပ်ကို လှန်လိုက်၊ အဲဒီမှာ အကုန်ပါတယ်။ လူပုဂ္ဂိုလ်ဆိုင်ရာ အကြောင်း အရာတွေနဲ့ ပတ်သက်တာမို့ ဦးဖိုးကျားက ပုဂ္ဂလအဘိဓာန်လို့ ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါ Biography လို့ ခေါ်တာ။ အဲဒီနောက် ဘာတွေ ပေါ်လာလဲ ဆိုတော့ ဦးဖိုးကျားရေးတဲ့ ဦးထွန်းရှိန်ရဲ့ အတ္ထုပ္ပတ္တိ၊ ဖေပုရှိန်၊ ဘိလပ်သွားတဲ့ ဦးထွန်းရှိန်၊ နောက် မြန်မာပညာရှိကြီးတွေရဲ့ အတ္ထုပ္ပတ္တိ၊ မော်ဘီဆရာသိန်း ရေးတယ်၊ မြဝတီမင်းကြီးဦးစတို့၊ လက်ဝဲသုန္ဒရတို့ စတဲ့ မြန်မာပညာရှိကြီး တွေရဲ့ အတ္ထုပ္ပတ္တိ၊ ဒါ စစ်မဖြစ်ခင်က ကျန်သေးတာက 'ဘိုးဝဇီရ' ရဲ့ အတ္ထုပ္ပတ္တိ၊ မန္တလေးက ပထမဆုံးသော မြန်မာသတင်းစာဆရာကြီး၊ နောက် ဦးသိန်းဖေမြင့်၊ ဆရာလွန်း အတ္ထုပ္ပတ္တိ၊ စစ်ပြီးတော့ ဂျာနယ်ကျော်မမလေးရဲ့ သူလိုလူ၊ သူ့ ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့အကြောင်းကို ရေးထားတာ၊ ဗိုလ်ချုပ် အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိ ပထမ ဗိုလ်သိန်းဆွေ ရေးတယ်။ နောက် သတင်းထောက် ဦးပုလေး ရေးတယ်။ နောက် ဦးအောင်သန်း ရေးတယ်။ အဲဒါ လူပုဂ္ဂိုလ်တွေရဲ့ အတ္ထုပ္ပတ္တိ၊ ကောင်းပြီ. . . ဒါ သူတို့က နိုင်ငံရေးသမားတွေ၊ ဦးထွန်းရှိန်တို့၊ ဆရာလွန်းတို့၊ ဗိုလ်ချုပ်အောင်ဆန်းတို့ဆိုတာ. . . ကောင်းပြီ . . . အဆိုတော် တွေ၊ အနုပညာရှင်တွေ. . . စစ်ပြီးတဲ့နောက် ဇာတ်သဘင်ပညာရှင်တွေ အကြောင်းကို ကျွန်တော်တို့ မြန်မာမှာ ဘယ်သူတွေ ရေးခဲ့သလဲ။ ဒါကို ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ ပထမဆုံး ရေးတာက ဦးသိန်းဖေမြင့်၊ ဦးဖိုးစိန် အကြောင်းရေးတာ။ ကျွန်တော်တို့က စာရေးဆရာ ဖြစ်ကာစ၊ ကျောင်းက ထွက်လာကာစ၊ ဦးဖိုးစိန်ကြီးရဲ့ (၇၅)နှစ်မြောက် မွေးနေ့ သူ့ခြံထဲမှာ လုပ်တယ်၊ ကျွန်တော်က စာတမ်းဖတ်တယ်၊ သိန်းဖေမြင့်က စကားပြောတယ်။ အဲဒီနောက် မှာ သိန်းဖေမြင့်က ဦးဖိုးစိန်ရဲ့ အတ္ထုပ္ပတ္တိကို ရေးပါတယ်။ ဒါ ပထမဆုံး အနုပညာသည်ရဲ့ အတ္ထုပ္ပတ္တိပါ။ ဒုတိယကတော့ ဒေါ်အမာ ရေးတဲ့ 'အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး' နောက်တစ်ခါ ဒေါ်အမာရေးတဲ့ 'ရွှေမန်းတင်မောင်'၊ 'ပြည်သူ ချစ်သော အနုပညာသည်များ' သီချင်းရေးဆရာတွေ ပါတယ်၊ အဆိုတော်တွေ ပါတယ်၊ မထွေးလေးလည်း ပါတယ်။ မြခြေကျင်း မငွေမြိုင် ပါတယ်။ မြို့မငြိမ်း ပါတယ်။ မမြရင် ပါတယ်. . . စသည်ဖြင့်ပေါ့။ အဲဒါတွေဟာ စစ်ပြီး ခေတ်မှာ ပေါ်လာတဲ့ နိုင်ငံရေးသမား မဟုတ်သော၊ စာရေးဆရာ မဟုတ်သော အနုပညာ သည်များရဲ့ အတ္ထုပ္ပတ္တိ၊ အဲဒီ အတ္ထုပ္ပတ္တိတွေထဲမှာ အတ္ထုပ္ပတ္တိဆရာတွေဟာ ဘယ်လိုရေးခဲ့ကြသလဲဆိုတော့ ပညာရှင်တွေ ဆိုခဲ့တာ၊ အတ္ထုပ္ပတ္တိ ရေးတဲ့လူ ဟာ ပထမအားဖြင့် ပုံတူရေးသူ ပန်းချီဆရာ ဖြစ်ရမယ်။ ပုံတူဆွဲတဲ့လူ ဖြစ်ရ





မယ်။ ဒုတိယ အားဖြင့် သမိုင်းဆရာရဲ့အလုပ်ကို လုပ်ရမယ်။ ဒီနှစ်ခုကို လုပ်ပြီးမှ သာလျှင် Biography ရေးလို့ ရတယ်။ ဒါမှ ကောင်းတဲ့ Biography တစ်ခု ထွက်လာမှာပါ။ ဇော်ဝင်းထွဋ် အကြောင်းကို ရေးပြီဆိုရင် ကိုယ့်ဇာတ်လိုက်၊ ဘယ်သူ့ကို မေးရမလဲ ဆိုရင် ဇာတ်လိုက်ကို မေးရမယ်။ ကိုယ့်ဇာတ်လမ်းမှာ ပါတဲ့ ဒုတိယဇာတ်ဆောင် အဖေ့ဆီက၊ အမေ့ဆီက၊ ဇနီးမယား ဆွေမျိုး ညာတိ တွေဆီက ရမယ်။ သူငယ်ချင်း အပေါင်းအသင်းတွေဆီက ရမယ်။ နောက် ဇာတ်လိုက်ရဲ့ ရန်သူတွေဆီကလည်း မေးရမယ်။ ဒီလိုမေးလို့ ရပြီးရင် ဘာလုပ်မလဲဆိုတော့ ဇော်ဝင်းထွဋ် ဖြတ်သန်းနေတဲ့ ခေတ်၊ ကိုယ့်ဇာတ်လိုက် ဖြတ်သန်းနေတဲ့ ခေတ်ကြီးရဲ့အကြောင်းကို ရေးထားတဲ့ သမိုင်း၊ သူ ဖြတ်သန်း နေတဲ့ ဂီတသမိုင်း၊ ဂီတခေတ်၊ ဝတ်စားဆင်ယင်မှုခေတ်၊ လူမှုရေးခေတ် ဒါတွေ ကို ကျွန်တော်တို့ လေ့လာရမယ်။ နောက် သူနှင့်တကွ သူနဲ့ နီးစပ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ နေ့စဉ်မှတ်တမ်းတွေ၊ ပေးစာတွေ အထဲကလည်း အများကြီး ယူရလိမ့်မယ်။ အကယ်၍ သူဟာ စာရေးဆရာ ဖြစ်ခဲ့ရင် (သို့မဟုတ်) သူဟာ သီချင်းရေးဆရာ ဖြစ်ခဲ့ရင်. . .၊ သူဟာ သီချင်းဆိုသူ ဖြစ်ခဲ့ရင်၊ သူဟာ ဟောပြောသူ ဖြစ်ခဲ့ရင်. . . သူ ရေးခဲ့တဲ့ စာတွေ၊ သူ ပြောခဲ့တဲ့ စကားတွေ၊ သူ ရေးခဲ့တဲ့ သီချင်းတွေ၊ သူ ဆိုခဲ့တဲ့ သီချင်းတွေထဲကနေလည်း ရနိုင်တဲ့ အချက်အလက်တွေ ရှာယူရမယ်။ ဥပမာ 'မေတ္တာနုနု စေလိုသူ' သီချင်းထဲက ထားရဲ့ Biography ကို ဇော်ဝင်းထွဋ်ရဲ့ ဘယ်သီချင်းထဲကနေ ဘယ်လောက် ရနိုင်သလဲ ဆိုတာ . . . အဲဒီ အထဲကနေ ကျွန်တော်တို့ ရှာရလိမ့်မယ်။ ဒါ Biography ရေးပုံရေးနည်းပေါ့လေ။ Biography ဟာ (Explore every fields) သူ့ဇာတ်လိုက်နဲ့ ပတ်သက်တဲ့ နယ်တိုင်း နယ်တိုင်းကို အကုန် စူးစမ်းရ လိမ့်မယ်။ (Verify every facts) သူ သိလာတဲ့ အချက်အလက်တိုင်းကို မှန်မမှန် စစ်ဆေးရမယ်။ Check and Cross check every document သူ့ရဲ့မှတ်တမ်း အထောက်အထား တိုင်းကို ပြန်စစ်ရမယ်။ ပြောင်းပြန် တစ်ခါ Cross check လုပ်ရမယ်။ အဲဒီလိုလုပ်မှသာလျှင် ကောင်းမွန်တဲ့ Biography တစ်ခုကို ရနိုင်တယ်လို့ ပြင်သစ် အတ္ထုပ္ပတ္တိရေးဆရာ Andre Maurios က ပြောခဲ့ဖူးတယ်။ အင်္ဂလိပ်မှာ သိပ်နာမည်ကြီးတဲ့ အတ္ထုပ္ပတ္တိ ရေးဆရာ Lyttan Strachey ဟာ ဝိတိုရိယဘုရင်မကြီးရဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အတ္ထုပ္ပတ္တိကို ရေးခဲ့တယ်။ သူ့ကို Prince of Biographer လို့ ခေါ်တယ်။ အတ္ထုပ္ပတ္တိရေးဆရာတွေရဲ့ ဘုရင်၊ မင်းသား၊ သူက ဘာပြော သလဲဆိုတော့ "A mass of notes and documents is no more a biography than a mountain of eggs is an omelette" သူ့မှာ အချက်အလက်တွေ ဘယ်လောက်များများ၊ ကျွန်တော့်မှာ ဇော်ဝင်းထွဋ်နဲ့ ပတ်သက်တဲ့ အချက်တွေ ဘယ်လောက် ပဲရရ ကြက်ဥတွေ အများကြီးကို Omelette ဖြစ်အောင် မလုပ်တတ်ရင် Omelette ဖြစ်မလာဘဲ ကြက်ဥအပုံကြီးပဲ ဖြစ်နေမှာဖြစ်သလို အချက်အလက်တွေကို ကျကျနန ဖွဲ့စည်း၊ Organize မလုပ်တတ်ရင် အချက်အလက်ပဲ ဖြစ်နေမှာပဲ၊ ဒါကြောင့်မို့ အတ္ထုပ္ပတ္တိရေးတဲ့လူဟာ တစ်ပြိုင်နက်တည်းမှာ ပုံတူရေးတဲ့လူလည်း ဖြစ်ရမယ်။ သမိုင်းဆရာလည်း ဖြစ်ရမယ်လို့ သူက ပြောခဲ့တယ်။ ကျွန်တော် နောက်ထပ် ၅ မိနစ်လောက် စာလေးတစ်စောင် ဖတ်ပြပါရစေ။

ကျွန်တော် ပြောချင်သေးတာ တစ်ခုက ဇော်ဝင်းထွဋ်ရဲ့ အတ္ထုပ္ပတ္တိထက် ပိုပြီး အရေးတကြီးလိုနေတဲ့ အတ္ထုပ္ပတ္တိ၊ ဒါက ဘာလဲဆိုတော့ သူ့အဘိုး 'ရွှေတိုင်ညွန့်' ရဲ့ အတ္ထုပ္ပတ္တိ၊ ရွှေတိုင်ညွန့်မရှိဘဲနဲ့ 'ထား' မရှိနိုင်ဘူး။ ထား မရှိဘဲနဲ့ 'ဇော်ဝင်းထွဋ်' မရှိနိုင်ဘူး။ ဒီလိုပဲ 'သုံးရွှေလယ်' မရှိဘဲနဲ့ 'မေတ္တာနုနု စေလိုသူ' မရှိနိုင်ဘူး။ 'မေတ္တာနုနု စေလိုသူ' မရှိဘဲ 'မာကျူရီညို' မရှိနိုင်ဘူး။ ဒါကြောင့် ကျွန်တော် ရွှေတိုင်ညွန့်ရဲ့ အတ္ထုပ္ပတ္တိကို ရေးစေချင်ပါတယ်။ အဲဒီခေတ်က နာမည်ကြီး တေးရေးဆရာ လေးယောက် ရှိပါတယ်။ ရွှေတိုင်ညွန့်၊ ရွှေပြည်အေး၊ မြို့မငြိမ်း၊ နန်းတော်ရှေ့ ဆရာတင် . . . အင်မတန်တော်တဲ့ တေးရေးဆရာတွေပါ။ အသံ သိပ်မကောင်းတဲ့ အဆိုတော်တွေကိုပါ အောင်မြင်အောင် ရေးပေးနိုင်ကြပါတယ်။

အင်္ဂလိပ်လို ပြောလေ့ရှိကြတယ်။ 'not the singer but the song' သီချင်း ကြောင့် အဆိုတော် နာမည်ကြီးလာရတာ။ နောက်တစ်မျိုးက 'not the song but the singer' အဆိုတော်ကြောင့် သီချင်း နာမည်ကြီးလာရတာ။

ရွှေတိုင်ညွန့်တို့၊ နန်းတော်ရှေ့တို့၊ မြို့မငြိမ်းတို့၊ ရွှေပြည်အေး တို့ဆိုတဲ့ ပုဂ္ဂိုလ်တွေက သီချင်းရေး သိပ်ကောင်းတယ်။ သူတို့သီချင်းတွေကို ဆိုလိုက်ရင်





အဆိုတော်တွေ နာမည်ကြီးတယ်။ အဆိုတော်တွေကို မွေးထုတ်ပေးနိုင်တဲ့ သီချင်းရေး ဆရာမျိုးတွေပါ။

ရွှေတိုင်ညွန့်တို့ နန်းတော်ရှေ့တို့ရဲ့ ဆက်ဆံရေးဟာလည်း အင်မတန် စိတ်ဝင်စားစရာ၊ လွမ်းချင်စရာကောင်းတယ်။ တစ်ယောက်ရဲ့ tune ကို တစ်ယောက်က ကြိုက်ရင် ယူစပ်လိုက်တာပဲ။ သူက ကိုယ့် tune ကို ယူစပ်လိုက်လို့ တရားစွဲတယ်၊ သတင်းစာက ကြေညာတယ် ဆိုတာ မရှိဘူး။ ဥပမာ 'ဟောဝန်နန်း' ကို ရွှေတိုင်ညွန့် ရေးတယ်။ မမြရင်ရဲ့ 'ရွှေပြည်စိုး' ကို နန်းတော်ရှေ့ ရေးတယ်။ ဘယ်သူက စောသလဲ မသိဘူး။ ဘယ်သူက စောစော ဘာမှ မပြောကြဘူး။ ကြည့်ရတာကတော့ သူနဲ့ခင်တဲ့ သူငယ်ချင်းတွေ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ပုံရတယ်။ သူတို့တစ်တွေရဲ့ ဆက်ဆံရေးဟာ ဘယ်လောက် ချစ်စရာ ကောင်းသလဲ၊ ဒီလိုပဲ tune တူတဲ့ သီချင်းတွေ တော်တော်များများ ရှိတယ်။ တခြားလူတော့ မသိဘူး။ ကျွန်တော်ကတော့ သူတို့တစ်တွေရဲ့ ဆက်ဆံရေးကို သိပ်သိချင်တာပဲ။ ကျွန်တော်တို့ ခေတ်လူငယ်တွေ ဘယ်လောက် အတုယူဖို့ ကောင်းသလဲ။

အေဝမ်းခင်မောင် . . . ကျွန်တော့်ကို ပြောဖူးတာ ရှိသေးတယ်၊ တစ်ခါတုန်းက ရွှေပြည်အေးက သူ့ကို သီချင်းတစ်ပုဒ် ချပေးသတဲ့။ သီချင်းက 'အတိတ်က တစ်နာရီ' ဆိုတဲ့ သီချင်းနဲ့ ကိုခင်မောင်က လိုက်တီးပြီး . . . "ဆရာ . . . tune က နန်းတော်ရှေ့ရဲ့ မင်းခမ်းမင်းနား နဲ့ တူနေပါလား" လို့ ပြောတယ်။ ဒီတော့ ရွှေပြည်အေးက "ဟေ့ကောင် စကားမများနဲ့ တီးမှာသာတီး . . . မင်းခမ်းမင်းနားက အသံကို ကြိုက်လွန်းလို့ တစ်ပုဒ်လုံး ယူထားတာကွ၊ ဒီလိုအသံမျိုး ငါ မရှာနိုင်သေးလို့" လို့ ပြောသတဲ့။

ရွှေပြည်အေးရဲ့ ရိုးသားဖြူစင်ပုံကို ဖော်ပြနေတဲ့ အဖြစ်အပျက်ကလေး ပါ။ အေဝမ်းကိုခင်မောင် ပြောပြဖူးလို့ ကျွန်တော် မှတ်ထားလိုက်ပါတယ်။

အဲဒီခေတ်က လူကြီးတွေရဲ့ ဆက်ဆံရေးကိုသိရင် ကျွန်တော်တို့ အတုယူ နိုင်မှာပါ။ ဒါကြောင့် ရွှေတိုင်ညွန့်ရဲ့ အတ္ထုပ္ပတ္တိကို ရေးစေချင် ပါတယ်။

ဂီတသမိုင်းမှာ ရှိနေတဲ့သူတို့ရဲ့ အခန်းကဏ္ဍကို ဘယ်လိုမှ ဖျောက် ထားလို့ မရပါဘူး။ ဒါကြောင့် ဇော်ဝင်းထွဋ် အဘိုး၊ ထားရဲ့ အဖေ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုင်ညွန့်' အတ္ထုပ္ပတ္တိဟာ ဖော်ဝင်းထွဋ်ရဲ့ အတ္ထုပ္ပတ္တိထက် လိုအပ်ပါတယ်လို့ပြောရင်း ကျွန်တော့်ရဲ့ 'အတ္ထုပ္ပတ္တိ' ကို နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

ရုပ်သံမဂ္ဂဇင်း
၁၉၉၉၊ မေ



## ကျော်ဟိန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောခဲ့သည့်စကား

[(၂၃-၂-၈၉) အင်းလျားတန်၊ 'မားတောင်' ဝတ္ထု ရုပ်ရှင် ရိုက်မယ့် ညှိခံပွဲမှာ ပြောတဲ့စကားအတိုချုပ်]

ဆရာသမားများနဲ့ မိတ်ဆွေများ ခင်ဗျား. . .

'မားတောင်' ကို ရုပ်ရှင်ရိုက်ဖို့ ကျင်းပတဲ့ညှိခံပွဲမှာ စကားပြောခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

'မားတောင်'ကို လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ကျွန်တော် ရေးခဲ့ပါတယ်။ လူကြီးနဲ့ လူငယ်ကြားမှာ မျိုးဆက်ကွာဟမှုကို တွေ့နေရပါတယ်။ မြင်ပုံ၊ ကြည့်ပုံ၊ ခံစားပုံတွေဟာ လူကြီးနဲ့ လူငယ်ကြားမှာ တော်တော်ကလေး ကွာဟနေကြပါတယ်။ ဒီမျိုးဆက် ကွာဟမှုကို ကျဉ်းပစ်ချင်တဲ့အတွက် စာရေးဆရာတစ်ယောက်အနေနဲ့ အဲဒီဝတ္ထုကို ကျွန်တော် ရေးခဲ့တာပါ။

နောက်တစ်ချက်ကတော့ အဲဒီအချိန်က လူငယ်တွေဟာ နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီး၊ နိုင်ငံခြား အလေ့အကျင့်တွေကို အဟုတ်ထင်ပြီး လိုက်နာနေကြတယ်။ ဘဝအခက်အခဲတွေကို တွေ့ပြီး စိတ်ပျက်နေကြတယ်၊ ရည်မှန်းချက် ပျောက်နေကြတယ်။ အဲဒီလို လူငယ်မျိုးတွေကို ကျွန်တော် တော်တော်များများ တွေ့နေရပါတယ်။ ဒီတော့ ဒီလူငယ်တွေကို တက်ကြွတဲ့ လူငယ်တွေ၊ ရည်မှန်းချက်ရှိတဲ့ လူငယ်တွေ၊ နိုင်ငံခြားယဉ်ကျေးမှုကို အထင်မကြီးဘဲ ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးတဲ့လူငယ်တွေ ဖြစ်စေချင်တယ် ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီထဲမှာ ပြုပြင်ပြောင်းလဲသွားတဲ့ လူငယ်တစ်ဦးဖြစ်တဲ့ ရဲမြင့် ကို ကျွန်တော် ဖန်တီးခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ ဒီနေ့ ခေတ်လူငယ်ဟာ ကိုယ့်ကိုယ်ကိုယ် အားကိုးတဲ့ လူငယ်၊ တက်ကြွတဲ့ လူငယ်၊ မိမိအစွမ်းအစကို မိမိ ရှာဖွေတွေ့ရှိသွားတဲ့ လူငယ်၊ အခက်အခဲကို ကျော်လွှားရဲတဲ့ လူငယ် ဖြစ်စေချင်တယ်။ ဒါကြောင့် အဲဒီလူငယ်တွေရဲ့ စံပြအဖြစ် အလုပ်သမားလူငယ် သံချောင်းကို ကျွန်တော် ဖန်တီးခဲ့ပါတယ်။

လူငယ်ဆိုတာ အနာဂတ်ကို ပိုင်တယ်။ သူတို့မှာ မျှော်လင့်ချက် ရှိရတယ်။ သူတို့ဟာ အလုပ်သမား လူတန်းစားဖြစ်တဲ့ သံချောင်းကို နမူနာယူသင့်တယ်လို့ 'ခါးတောင်'မှာ ကျွန်တော် ပြောခဲ့ပါတယ်။

ဒါဟာ 'ခါးတောင်'ရဲ့ ရည်ရွယ်ချက် အကျဉ်းချုပ်ပါ။

ဒီရည်ရွယ်ချက်နဲ့ ကျွန်တော် ဒီဝတ္ထုကို ရေးခဲ့ပါတယ်။

ခု 'ခါးတောင်'ကို ကျော်ဟိန်းက ရုပ်ရှင်ရိုက်တော့မယ်ဆိုတော့ ကျွန်တော် ဝမ်းသာတယ်။ ဂုဏ်လည်း ယူတယ်။ ပိုက်ဆံရတာထက် ဝမ်းသာတယ်။ သူ့ရည်ရွယ်ချက်ကို တင်ပြသွားမှာ၊ ကျော်ဟိန်းက ဒီဝတ္ထုကို ရုပ်ရှင်ရိုက်ရရင် သူ့ဘဝမှာ ရည်မှန်းချက်ကြီးတစ်ခု အောင်မြင်သွားတဲ့အကြောင်း၊ တချို့ကလည်း သူ ရိုက်လို့ ဖြစ်မှ ဖြစ်ပါ့မလားလို့ သံသယ ရှိကြကြောင်း၊ သူ အကောင်းဆုံး ကြိုးစားရိုက်မှာ ဖြစ်တဲ့အကြောင်း၊ ဝတ္ထုထက် ကောင်းမလား၊ ညံ့မလားဆိုတာကိုတော့ မပြောနိုင်သေးကြောင်းနဲ့ ပြောသွားပါတယ်။

ဒီကားကို ရုပ်ရှင်ရိုက်ဖို့ ဒါရိုက်တာ လေး ငါးယောက်က ကမ်းလှမ်းဖူးပါတယ်။ ဒီအထဲက သုံးယောက်ကိုတော့ သူတို့ရဲ့ ဒါရိုက်တာ အရည်အချင်းကို စိတ်မချလို့ ခွင့်မပြုခဲ့ပါဘူး။ နောက် နှစ်ယောက်ဖြစ်တဲ့ မြတ်လေးနဲ့ မောင်ဝဏ္ဏ တို့ကိုတော့ ကျွန်တော် ခွင့်ပြုခဲ့ပါတယ်။ ဒါပေမဲ့ ဘာကြောင့်မှန်း မသိဘူး။ သူတို့နှစ်ယောက် မရိုက်ဖြစ်ခဲ့ပါဘူး။

ခု ကျော်ဟိန်းက ဒုတိယအကြိမ် ကမ်းလှမ်းပါတယ်။ ပထမ တစ်ကြိမ်တုန်းကတော့ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်တုန်းကပါ။ ကြားလူက တစ်ဆင့် ကမ်းလှမ်းတဲ့အတွက် ကျွန်တော်ကလည်း သိပ်အလေးအနက် မထားခဲ့ဘူး။ လွန်ခဲ့တဲ့ ၄ နှစ်လောက်တုန်းကတော့ ကျော်ဟိန်း ကိုယ်တိုင်လာပြီး ဒီဝတ္ထုနဲ့





ပတ်သက်လို့ သူ အလေးအနက်ထားပုံကို ကျွန်တော့်ကို ပြောပြပါတယ်။

ကျော်ဟိန်းရဲ့ ဇာတ်ကားတွေကို ကျွန်တော် များများ မကြည့်ဖူးပါဘူး။ နှစ်ကားပဲ ကြည့်ဖူးပါတယ်။ တစ်ကားကတော့ 'မွန်းတည့်ချိန်မှာ နေဝင်သည်' နဲ့ နောက်တစ်ကားကတော့ 'တစ်ခါက တစ်ဘဝ' ပါ။ ဒီကား နှစ်ကားကို ကြည့်လိုက်တာနဲ့ ကျော်ဟိန်းရဲ့ ဒါရိုက်တာ အရည်အချင်းနဲ့ ဇာတ်ဆောင်အရည်အချင်းကို ကျွန်တော် သိလိုက်ပါ တယ်။

ဒါကြောင့်မို့ ကျော်ဟိန်းက ကမ်းလှမ်းလာတဲ့အခါ ကျွန်တော် ဝမ်းမြောက် ဂုဏ်ယူစွာနဲ့ လက်ခံလိုက်ပါတယ်။

ခု ဒီကားကို ရိုက်တဲ့အခါမှာ ဇာတ်ဆောင်တွေက ဂရိတ်တွေ ချည်းပါပဲ။ ကျော်ဟိန်း၊ နေအောင်၊ ကျော်သူ၊ ဘီအီးဒီ အောင်သိုက်၊ ချိုပြုံး၊ မင်းဦး စသူတို့ ဖြစ်ပါတယ်။ သူတို့ဟာ သူတို့နယ်မှာဖြင့် ဂရိတ်တွေ ချည်းပါပဲ။ ဂရိတ် မဟုတ်တဲ့သူဆိုလို့ စာရေးဆရာဖြစ်တဲ့ ကျွန်တော် တစ်ယောက်ပဲ ရှိပါတယ်။

ဝတ္ထုတွေကို ရုပ်ရှင်ရိုက်ရင် ပျက်စီးတယ်လို့ တော်တော်များများ က ယူဆတတ်ကြပါတယ်။ ကျွန်တော်ကတော့ ဒီလို မယူဆပါဘူး။ ပျက်စီး တယ်၊ မပျက်စီးဘူး ဆိုတာဟာ ဒါရိုက်တာအပေါ်မှာ အများကြီး တည်ပါတယ်။ ဒါရိုက်တာဟာ ဝတ္ထုရဲ့ အထာ၊ ဝတ္ထုရဲ့ အကြောင်းကို ဘယ်လောက်သိသလဲ၊ ဝတ္ထုနဲ့လိုက်တဲ့ ရုပ်ရှင်သရုပ်ဆောင်တွေကို ဘယ်လောက် ရွေးချယ်နိုင်သလဲ ဆိုတဲ့ အချက်မှာ အများကြီး တည်ပါတယ်။

နိုင်ငံခြားရုပ်ရှင်တွေမှာ ဝတ္ထုထက်ကောင်းတဲ့ ရုပ်ရှင်တွေ အများကြီး ရှိပါတယ်။ ဥပမာအားဖြင့် 'ဒေါက်တာ ဇီဗားဂိုး' ဝတ္ထု၊ ဒေါက်တာ ဇီဗားဂိုးဟာ အလွန်ကောင်းတဲ့ ဝတ္ထုကြီးပါ။ စာရေးဆရာကလည်း တကယ့်ဂရိတ် 'နိုဗယ်ဆုရတဲ့ ဘောရစ်ပက်စတာညက်'။ ဝတ္ထုက သိပ်ကောင်းလို့ ကျွန်တော် နှစ်ခေါက်သုံးခေါက်လောက်တောင် ဖတ်ပါတယ်။ ဒါကို ဒါရိုက်တာကြီး ဒေးဗစ်လင်းက ရုပ်ရှင်ရိုက်လိုက်တဲ့ ဒေါက်တာ ဇီဗားဂိုးကို ကြည့်လိုက်ရတော့ သူ့ကားဟာ ဝတ္ထုထက် ကောင်းတယ်လို့ ကျွန်တော် ခံစားရပါတယ်။ အလားတူ ပဲ အင်္ဂလိပ် စာရေးဆရာကြီး အီးအမ်ဖောစတား၊ သူလည်း ဂရိတ်ပဲ။ သူရေးတဲ့ 'အေပက်ဆေ့ချ်တူ အင်ဒီးယား' ဆိုတဲ့ ဝတ္ထုကြီးရှိတယ်။ ဝတ္ထုကလည်း ဖတ်ကောင်းတာပဲ။ ဒါပေမဲ့ တစ်လောက 'ဒေးဗစ်လင်းရိုက်တာ' ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရတယ်။ သူလည်း ဝတ္ထုထက် ကောင်းတယ်လို့ ထင်ပါတယ်။ တစ်ခါ 'ဟဲမင်းဝေးရဲ့ အေဖဲယားဝဲလ်တူးအမ်းစ်' ဆိုတဲ့ ဝတ္ထု၊ ဝတ္ထုကလည်း တကယ့် ဂရိတ်က ရေးထားတဲ့ ဝတ္ထု၊ ဖတ်ကောင်းတယ်။ ဒါပေမဲ့ ရော့ဟတ်ဆန်နဲ့ ဂျက်နီဖားဂျုန်းတို့ ပါဝင်ပြီး ရိုက်ထားတဲ့ ရုပ်ရှင်ကျတော့ ဝတ္ထုထက်တောင် ကောင်းတယ်လို့ ထင်ပါတယ်။ နောက်တစ်ခုကတော့ အင်္ဂလိပ် စာရေးဆရာကြီး ရုဒ်ယာဒ်ကစ်ပလင်းရဲ့ 'ဟူးဝဲ့စ်အေကင်း' ဆိုတဲ့ ဝတ္ထု၊ ဝတ္ထုက ၁၀ မျက်နှာ၊ ၁၅ မျက်နှာလောက်ပဲ ရှိပါတယ်။ ရုပ်ရှင်ရိုက်လိုက်တော့ ရုပ်ရှင်က ပိုကောင်းပြီး အသက်ပါတယ်လို့ ထင်ပါတယ်။ အလားတူပဲ. . . ဒက်ဖနီ ဒူမောရီးယားရဲ့ 'သည်ဘာ့ဒ်စ်' ဆိုတဲ့ ဝတ္ထု၊ ဝတ္ထုက ၆ မျက်နှာ၊ ၇ မျက်နှာလောက်ပဲ ရှိတယ်။ ဟစ်ချ်ကော့က ရုပ်ရှင်ရိုက်တယ်။ မကြာခင်ကပဲ ရုပ်မြင်သံကြားမှာ ပြသွားသေးတယ်။ သူလည်း ဝတ္ထုကို ဖတ်ရတာထက် ပိုကောင်းတယ်လို့ ကျွန်တော် ထင်ပါတယ်။ နောက်တစ်ကားက အမေရိကန် စာရေးဆရာကြီး အာသာမီလားရဲ့ ပြဇာတ်။ မီလားဆိုတာ ရုပ်ရှင်မင်းသမီး မယ်ရီလင်မွန်ရိုးရဲ့ ယောကျ်ားပါ။ ဘယ်နှယောက်မြောက်ဆိုတာတော့ ကျွန်တော်လည်း မသိဘူး။ 'မစ်စဖစ်' ဆိုတဲ့ ပြဇာတ်။ ပြဇာတ်ကို ကျွန်တော် ဖတ်ကြည့်တယ်။ ကောင်းပါတယ်။ ဒါပေမဲ့ ကလပ်ဂေဘယ် ရယ်၊ မောင်ဂိုမာရီကလစ် ရယ်၊ မယ်ရီလင်မွန်ရိုး ရယ် ရိုက်ထားတဲ့ ဇာတ်ကားကျတော့ ပြဇာတ်ထက် ကောင်းတယ်။ ၁၉၆၀ ခုလောက်က သမ္မတရုံမှာ ပြသွားတယ်။ နောက်တစ်ကား ရှိသေးတယ်။ ပြဇာတ်ကနေ ရိုက်တာပဲ။ တင်နက်ဆီဝီလျံရဲ့ 'အေစထရိကားနိမ်း ဒီဆိုင်းယား' ဆိုတဲ့ ဇာတ်ကား။ ဂလုပ်(ဂုဏ်)မှာ ၁၉၅၆ ခုလောက်က ပြသွားတယ်။ မာလွန်ဘရန်ဒိုနဲ့ ဗီဗီယန်လေးလား မသိဘူး။ အဲဒီကားကလည်း ပြဇာတ်ထက် ကောင်းတာပဲ။

ဒီတော့ ကျွန်တော် ပြောချင်တာက ရုပ်ရှင်ရိုက်ရင် ဝတ္ထုကောင်းတွေ ပျက်သွားတယ် ဆိုတာဟာ ယေဘုယျတရားတစ်ခု မဟုတ်ဘူး။ ရုပ်ရှင်က ပိုကောင်းတာတွေလည်း ရှိတယ်။

ရုပ်ရှင်ရိုက်တယ်ဆိုတော့ စာကို အရုပ်အဖြစ် ပြောင်းယူရတာ။ ဒီတော့ ခက်လည်း ခက်ပါတယ်။ ဒါကို ဒီက ဆရာဦးသုခတို့ ပိုနားလည်ပါတယ်။ ဒီတော့ ဝတ္ထုကို ရုပ်ရှင်အဖြစ်ပြောင်းရင် ပျက်မပျက်ဆိုတာ





ဒါရိုက်တာအပေါ်မှာ တည်ပါတယ်။ ဒါရိုက်တာ ကောင်းရင် ကောင်းတာပဲ။ တစ်ခါတလေမှာ ပိုပြီးတောင် ကောင်းသေးတယ်။

ကျွန်တော်ပြောခဲ့တဲ့ ဝတ္ထုတွေမှာဆိုရင် ရုပ်ရှင်ကတောင် ပိုကောင်းနေသေးတယ်လို့ ကျွန်တော် မြင်ပါတယ်။

ဒါကြောင့် 'မားတောင်'မှာလည်း ဒါရိုက်တာဟာ ကျွန်တော့်ဝတ္ထုထက် ကောင်းအောင် ရိုက်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ အောင်မြင်ပါစေလို့ လည်း ဆုတောင်းပါတယ်။

အနုပညာကြေးမုံမဂ္ဂဇင်း
၁၉၈၉၊ ဧပြီလ



www.burmeseclassic.com

www.burmeseclassic.com

## မြစ်တစ်ခင်းတွင် စီးဆင်းနေသော ရေစီးကြောင်းများ

ဒီနေ့ စာနယ်ဇင်းသရုပ်ဖော် ပန်းချီဆရာကြီးတွေရဲ့ ကန်တော့ပွဲကို တက်ရောက်ပြီး ဧည့်သည်တော်များကိုယ်စား အမှာစကား ပြောရတဲ့ အတွက် ဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။ မိမိထက် ပညာကြီးသူ၊ အသက်ကြီးသူတို့ကို ပူဇော်ကန်တော့ခွင့် ရတယ်ဆိုတာ ကြုံတောင့် ကြုံခဲတဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒီလို ကြုံခဲတဲ့ အခွင့်အရေးတစ်ရပ်ကို အမိအရယူပြီး နှစ်စဉ်နှစ်တိုင်း ဆရာကြီးတွေကို ကန်တော့ကြတဲ့ လူငယ် ပန်းချီဆရာတွေကို မြင်ရတာဟာလည်း ဝမ်းသာစရာပါပဲ။ ဒီလို ရှုခင်းမျိုးကို မြင်ရတာဟာ မင်္ဂလာတစ်ပါးလို့ ဆိုနိုင်ပါတယ်။

ခု ဒီကန်တော့ပွဲမှာ ကြွလာကြတဲ့ ဆရာကြီးတွေ တော်တော်များများဟာ အသက်အရွယ် ကြီးကြပါပြီ။ ဒီလို အသက်အရွယ်ကြီးတဲ့ ဆရာကြီးများကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရတဲ့အတွက် ကျွန်တော့်အဖို့လည်း အများကြီး ဝမ်းသာပါတယ်။ ဒီဆရာကြီးတွေကို ကြုံတောင့်ကြုံခဲ အခွင့်အရေးကြီးတစ်ခုလို့ ကျွန်တော် ယူဆပါတယ်။ ဆရာကြီး ဦးဘရင်ကြီး အသက် ၉၀ ကျော်ပြီ၊ ဆရာကြီး ဦးဘကြည် အသက် ၈၀ ကျော်ပြီ၊ ဆရာကြီး ဦးလွန်းကြွယ်၊ ဆရာကြီး ဦးအမ်တင်အေး၊ ဆရာကြီး ဦးဘလုံလေး၊ ဆရာကြီး ဦးသောင်းဟန် စသည်တို့ဟာလည်း အသက် ၆၀ ကျော်၊ ၇၀ တွင်းတွေ၊ ၇၀ ကျော် ၈၀ တွင်းတွေ ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ဆရာကြီးတွေ သက်ရှိထင်ရှား ရှိစဉ်မှာ ချီးကျူးဂုဏ်ပြုတာ၊ ပူဇော်တာဟာ အလွန် ကောင်းမြတ်တဲ့ အစဉ်အလာ ဖြစ်ပါတယ်။





ကျွန်တော့်အဖို့လည်း တော်တော်ဝမ်းသာပါတယ်။ ဆရာကြီး ဦးဘရင်ကြီး ဆိုရင် ကျွန်တော် ငယ်ငယ်တုန်းကတည်းက သူ့ပန်းချီ သရုပ်ဖော်ပုံတွေနဲ့ ကြီးပြင်းလာတာပါ။ ကျွန်တော် မှတ်မိသေးတယ်။ စစ်မဖြစ်မီ ကျွန်တော် ၉ နှစ်၊ ၁၀ နှစ်သား လောက်မှာ ဆရာကြီး ဦးဘရင် ကြီးရဲ့ပုံတွေကို ဒဂုန်မဂ္ဂဇင်းမှာ တွေ့ခဲ့ဖူးတယ်။ ကဝိမျက်မှန်မဂ္ဂဇင်းတို့ ဘယ်တို့မှာလည်း ပါတယ်ထင်တယ်။ ဒဂုန်မဂ္ဂဇင်းက ကိုကိုလေးရဲ့ 'မှော်ဆရာမှတ်တမ်း' တို့၊ သူရိယမဂ္ဂဇင်းက 'စုံထောက်မောင်စံရှား' တို့၊ 'ဂျမဒါ ကိုကိုကြီး' တို့မှာ ဦးဘရင်ကြီး ပုံတွေလို့ ထင်တယ်။

ကျွန်တော် မှတ်မိနေတဲ့ ပုံတစ်ပုံ ရှိသေးတယ်။ သုခရဲ့ ဝတ္ထု ထင်ပါတယ်။ '၁၄၄' ဆိုတဲ့ ဝတ္ထုရဲ့သရုပ်ဖော်ပုံ၊ ဒဂုန်မဂ္ဂဇင်းမှာပါတယ်။ အဲဒီတုန်းက ကျောင်းသားတွေရဲ့ ဒီဇင်ဘာ သပိတ်ကြီး ပေါ်ပေါက်ပြီး ဗိုလ်အောင်ကျော် ကျတယ်။ အင်္ဂလိပ် အစိုးရက ပုဒ်မ (၁၄၄) ထုတ်လိုက်တယ်။ အဲဒီအကြောင်းကို အခြေခံရေးထားတဲ့ ဝတ္ထုတိုကလေး။ အဲဒီမှာ ကောင်မလေးက ပုလိပ်ရဲ့ နံပါတ်တုတ်ချက်မိလို့ ဆေးရုံတက်ရတယ်။ ဆေးရုံခုတင်ပေါ်မှာ လှဲနေတဲ့ ကောင်မလေးရဲ့ ပုံကို ဆွဲထားတာ။ အဲဒီပုံကလေးကို ကျွန်တော် ခုထိ အမှတ်ရနေတယ်။

နောက် ဆရာကြီး ဦးဘကြည်။ စစ်ပြီးတော့ ထုတ်တဲ့ အမှတ်(၁) တာရာ မဂ္ဂဇင်းမှာ ကောင်မလေးတစ်ယောက် ပန်းအိုးထဲက ပန်းကလေးတွေကို မြေတောင် မြှောက်ပေးနေတဲ့ ပုံကလေး။ ဦးဘကြည်ရဲ့ ဟန်အတိုင်း လိုင်း ပျော့ပျော့ကလေးတွေကို ခဲနဲ့ဆွဲထားတာ။ နောက် ဗုဒ္ဓဝင်ရုပ်စုံမှာပါတဲ့ ရုပ်ပုံ တွေ။ ဦးဘကြည်ရဲ့ စုတ်ချက်က ပါးပါးကလေးတွေ။ ကြည့်လိုက်ရင်ကို ရွှင်မြူးကြည်နူးစရာကောင်းနေတယ်။ နောက် ဦးဘလုံလေး၊ ဦးဘလုံလေးရဲ့ ပုံဆိုရင် လည်း၊ စစ်ပြီးစ သွေးသောက်မဂ္ဂဇင်းက ဆရာကြီး မဟာဆွေရဲ့ ဝတ္ထုတို တော်တော်များများမှာ သူ့လက်ရာ တွေကို တွေ့ရတယ်။ စစ်မဖြစ်ခင်တုန်းက ဦးဘလုံကြီးရဲ့ လက်ရာမျိုး၊ ဒါပေမဲ့ သူ့ဟန်ကတော့ ကိုယ်ပိုင်ဟန်ပေါ့လေ။ စစ်မဖြစ်ခင်က မင်းဆွေရဲ့ မ နိုင်ငံတို့၊ စနေမတို့၊ သွေးတို့၊ မယ့်တစ်ကိုယ်တို့၊ ဖြေလည်း မပြေတို့ စတဲ့ဝတ္ထုတွေမှာ ဦးဘလုံရဲ့လက်ရာတွေကို တွေ့ရတယ်။ အဲဒါက ဦးဘလုံ၊ ဦးဘလုံကြီးပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘလုံလေးကတော့ စစ်အပြီးမှာ ပေါ်လာတဲ့ ပန်းချီဆရာကြီးပါ။ ဦးလွန်းကြွယ်နဲ့ ဦးအမ်တင်အေးတို့ကတော့ စာနယ်ဇင်းမှာ အရေး နည်းပါတယ်။ ဒါပေမဲ့ သူတို့ပုံ တော်တော်များများကို ကျွန်တော် မြင်ဖူးပါတယ်။ ရေဆေးရော၊ ဆီဆေးရောပေါ့လေ။ အဲ. . . ဦးသောင်းဟန်ကတော့ ကျွန်တော်တို့နဲ့ မရှေးမနှောင်းပဲ ထင်တယ်။ ကျွန်တော်တို့ တစ်တွေ စာတွေ စရေးတော့ ဦးသောင်းဟန်ကလည်း စာနယ်ဇင်း သရုပ်ဖော်ပုံတွေကို လှိုင်လှိုင်ရေးလာတယ်။ ကျွန်တော့်ဝတ္ထုတွေမှာ ဦးသောင်းဟန် တော်တော်များများ ဆွဲခဲ့တာကို ကျွန်တော် သတိရနေပါတယ်။ ဦးစိန်ကတော့ မရောက်လာဘူး။ ဦးစိန်လည်း ကျွန်တော်တို့ သရုပ်ဖော်ပုံတွေ တော်တော် များများကို ဆွဲခဲ့ပါတယ်။ ခုလည်း ဆွဲနေ တုန်းပါပဲ။

ဒါကတော့ ဒီမှာ ကြွလာတဲ့ စာနယ်ဇင်း သရုပ်ဖော်ပန်းချီ ဆရာကြီးတွေ ပေါ့လေ။

စစ်အပြီး ကျွန်တော်တို့ စာပေလောကရောက်တော့ တွေ့လိုက်ရတဲ့ ပန်းချီဆရာကြီးတွေလည်း ရှိပါသေးတယ်။ ဥပမာ. . . ဦးငွေကိုင်။ ဆရာကြီးက ဆေးပြင်းလိပ်ကြီးကို ခဲနေတတ်တယ်။ ပန်းဆိုးတန်းက သူ့အိမ်ရောက်သွားရင် ကားဒေါက်ခုံရှေ့မှာ ရပ်ပြီး ပန်းချီဆွဲနေတတ်တယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်၊ ၁၅ နှစ်လောက်တုန်းက၊ ထားဝယ်က ရှင်မုတ်ထီးဘုရားကို ရောက်သွားတော့ ဆရာကြီး ဦးငွေကိုင်ရဲ့ ပန်းချီကား တွေကို တန်ဆောင်းထဲမှာ တွေ့ခဲ့ရပါတယ်။ ဦးငွေကိုင်လည်း ကျွန်တော်တို့ ပုံတွေကို ဆွဲခဲ့ဖူးတာပဲ။ သူ့ပန်းချီထဲမှာ ဂန္ထဝင်ဟန်နဲ့ ခေတ်ဟန် ရောနေတာကို တွေ့ရတတ်ပါတယ်။

ပြီးတော့ ဦးအုန်းလွင်။ ဦးအုန်းလွင်လည်း ကျွန်တော့်ဝတ္ထုပုံတွေကို အများကြီး ဆွဲခဲ့တယ်။ ကျွန်တော်တို့ စာစရေးတော့ ဦးအုန်းလွင်က လမ်း ၄၀ မှာ နေတယ်။ နောက်တော့ ရေကျော်မှာ နေတယ်။ နောက် ကျောက်ရေတွင်း ပြောင်းသွားတယ်။ သူက ကျွန်တော်တို့နဲ့ တရုတ်-မြန်မာ မိတ်ဆွေဖြစ် အသင်းတို့၊ ကိုရီးယား-မြန်မာ မိတ်ဆွေဖြစ် အသင်းတို့၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်တို့မှာပါ လုပ်ဖော် ကိုင်ဖက်တွေ ဖြစ်လာတယ်။ ဦးအုန်းလွင် အိမ်ကို သွားရင် ကြောင်တွေ အများကြီး တွေ့ရတယ်။ ကြောင်ချစ်တဲ့ နေရာမှာ ပီကာဆိုနဲ့ တော်တော်တူပါတယ်။ သူ့အကြောင်းကိုရေးတဲ့ စာတိုင်းမှာ





သူ့ကြောင်တွေအကြောင်း အမြဲ ပါလာတတ်တယ်။ ကိုတင်မောင်မြင့် (တင်မောင်မျှင့်) အိမ်မှာလည်း ကြောင်တွေ တွေ့ရတယ်။ ပန်းချီဆရာတွေဟာ ကြောင်ချစ်တတ်သလား မဆိုနိုင်ဘူး။

နောက်တစ်ယောက်ကတော့ ဦးကိုလေးပါ။ သူက အဲဒီတုန်းက အနောက်ပိုင်းမှာနေတယ်။ သူလည်း ကျွန်တော်တို့ ဝတ္ထုတွေကို ပန်းချီ ရေးပေးခဲ့ဖူးတာပဲ။ ဦးအုန်းလွင်တို့၊ ဦးကိုလေးတို့ ဆွဲတဲ့ မိန်းမပုံတွေဟာ တော်တော်လှတော့ သူတို့ လက်ရာတွေကို ကျွန်တော် ငယ်ငယ်ကတည်းက သဘောကျတယ်။ ဦးသောင်းဟန်တို့၊ ကိုသိုက်တို့ ဆွဲတဲ့ မိန်းမပုံတွေဟာလည်း တော်တော်လှတယ်။ သူတို့ဆွဲတဲ့ မိန်းမပုံတွေကို ကြည့်ပြီး ပန်းချီဆရာတွေရဲ့ မိန်းမတွေဟာ တော်တော်ချောမှာပဲလို့ ဟိုတုန်းက စိတ်ကူးကြည့်ခဲ့တယ်။ နောင် တကယ်တွေ့မြင်လာရတဲ့အခါကျတော့ အင်း. . တော်တော်များများက အင်း. . . ဟုတ်ကဲ့၊ ချောကြပါတယ်။ ဥပမာ ကိုသိုက်တို့၊ ကိုစံတိုးတို့၊ ကိုဝသုန်တို့၊ ကိုကျော်သောင်းတို့ မိန်းမတွေ ဆိုပါတော့။ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကိုတင်မောင်မြင့် မိန်းမလည်း ပါပါတယ်။ ကိုတင်မောင်မြင့်က သူ့မိန်းမလည်း ပါပါတယ်လို့ ပြောနေတယ်။

နောက် ဦးဘရင်လေး။ ဦးဘရင်လေးကတော့ စစ်ပြီးစ မန္တလေးမှာ သိတာပါ။ နောက် ရန်ကုန်ရောက်လာတော့ ကျွန်တော့်စာအုပ် အဖုံးတွေကို ဆွဲပေးဖူးတယ်။ ဦးဘရင်လေးဟာ သူ့ပညာနဲ့ ပတ်သက်လာရင် အလွန်မာနကြီးပါတယ်။ သူ့ပညာဆိုတာ ပန်းချီပေါ့လေ။ သူ ပြောတဲ့ စကားတစ်ခွန်းကို ကျွန်တော် သတိရနေတယ်။ သူက ကိုယ်ဆွဲတဲ့ ပန်းချီကားတစ်ခုကို ကိုယ်ကိုယ်တိုင် မကြိုက်ရင် ဘယ်သူတွေက ဘယ်လောက်ပဲ ချီးကျူးချီးကျူး အဲဒီကားဟာ ဘယ်တော့မှ မကောင်းနိုင်ဘူးတဲ့။ ကိုယ်ကိုယ်တိုင်ကြိုက်မှ ကောင်းတာတဲ့။ ဒီစကားဟာ ပန်းချီမှာတင် မကပါဘူး။ အနုပညာအားလုံးနဲ့ဆိုင်တဲ့ စကားလို့ ထင်ပါတယ်။ အနုပညာလက်ရာတစ်ခုဟာ ကိုယ်ကိုယ်တိုင် မကြိုက်ရင် မကောင်းနိုင်ပါဘူး။

နောက် ဦးစန်းလွင်ကတော့ ရေကျော်သား။ သူလည်း ကျွန်တော့် စာအုပ်တွေမှာ အဖုံးတော်တော်များများ ဆွဲဖူးပါတယ်။ သူ့ရဲ့ ပန်းချီက ဒီနေ့ ပန်းချီဆရာတွေရဲ့ လက်ရာလို ခေတ်ပြိုင်ခံစားမှုကို ရှေးရိုးဟန်နဲ့ ဆွဲ[illegible]တာ



www.burmeseclassic.com

www.burmeseclassic.com

## ဆရာမြသန်းတင့်၏ ဘဝနှင့် စာပေမှတ်တမ်း

၁၉၂၉။ ဦးပေါတင့်၊ ဒေါ်လှိုင်တို့မှ ပခုက္ကူခရိုင်၊ မြိုင်မြို့တွင် ၁၉၂၉ ခု၊ မေလ၊ ၂၃ ရက် ကြာသာပတေးနေ့၌ မွေးဖွားခဲ့သည်။ မွေးချင်း ခုနစ်ယောက်တွင် အကြီးဆုံးဖြစ်သည်။

၁၉၄၁။ ပဉ္စမတန်းတွင် ပညာသင်သည်။

၁၉၄၂။ ဂျပန်ခေတ်တွင် ကျောင်းပြန်တက်သည်။

၁၉၄၃။ အာရှလူငယ်များအဖွဲ့၌ တက်တက်ကြွကြွပါဝင်သည်။

၁၉၄၄။ ဂျပန်တော်လှန်ရေး မြေအောက်ကလပ်စည်းများနှင့် ဆက်သွယ်၍ ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပါဝင်သည်။

၁၉၄၅။ ဂျပန်တော်လှန်ရေး ကာလအတွင်း စစ်ကိုင်းရှိ ဗိုလ်သန်းဦး (တော်လှန်ရေးတွင် ကျဆုံး)၊ သခင်မော်တင် (ပြည်တွင်းစစ်တွင် ကျဆုံး)နှင့် မြိုင်မြို့ ဘုန်းတော်ကြီး ဦးစရိယ(မြိုင် ဖဆပလ အမတ်ဟောင်း ဦးသက်ရှည်)တို့၏ ဦးဆောင်မှုအောက်တွင် ပါဝင်လှုပ်ရှားသည်။

၁၉၄၅ ဒုတိယကမ္ဘာစစ်ကြီးအပြီး မြင်းခြံခရိုင်တွင် တာဝန် ကျသည်။

- မန္တလေးခရိုင် အထက်ဗမာပြည် ဖဆပလအဖွဲ့ချုပ်၊

၁၉၄၇။ မန္တလေး ခရိုင် ကွန်မြူနစ်ပါတီတို့တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်သည်။

မြင်းခြံခရိုင် ကွန်မြူနစ်ပါတီကို စတင်တည်ထောင်၍ ခရိုင်ကော်မီတီဝင်အဖြစ် ဆောင်ရွက်သည်။

ကျောက်ပန်းတောင်းတွင် အက်တူး-သခင်အုန်းဖေ (ပြည်တွင်းစစ် ကျဆုံး)နှင့် အတူ 'လယ်သမားများ သီးစားခ မပေးရေးတိုက်ပွဲ၊ လက်ငုတ်လယ်ပြန်ထွန်ရေးတိုက်ပွဲ၊မြေရှင်ကြီးများ၏ လယ်များကို အတင်း ဝင်ထွန်ရေး'တိုက်ပွဲများကို ဦးဆောင်သည်။

သီးစားခ မပေးရေးတိုက်ပွဲတွင် အင်္ဂလိပ် အစိုးရသိမ်းဆည်းထားသော လယ်သမားများ၏ ပစ္စည်းများ ပြန်လည် လုယူသည့်အတွက် (ရုံးမင်းတစ်ထိုင်)ပြစ်ဒဏ်ကျခံခြင်း ခံရသည်။

မြင်းခြံခရိုင်တွင် အခြားသော ခေါင်းဆောင်များနှင့်အတူ သူ့ခေါင်းကို ဖြတ်နိုင်လျှင် ဆုငွေပေးမည်ဟု အင်္ဂလိပ်အလိုတော်ရိနှင့် မြေရှင်များက တိတ်တဆိတ် ဆုငွေထုတ်သည်။

အထွေထွေ သပိတ်ကြီးတွင် မြင်းခြံ၊ မန္တလေး၊ ဒလသဘော်ကျင်း အလုပ်သမားထုကြီး ပါဝင်ရေးအတွက် တာဝန်ယူသည်။

မြင်းခြံခရိုင် အလုပ်သမားသမဂ္ဂနှင့် လယ်သမားသမဂ္ဂတို့တွင် အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ရန် ဖြူးမြို့တွင် ကျင်းပသည့် 'မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်သမား ကွန်ဂရက်ကြီးသို့' မြင်းခြံခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။

၁၉၄၇။ မကျန်းမာသဖြင့် တာဝန်မှ အနားယူကာ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုသည်။

ပခုက္ကူခရိုင် ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည်။

၁၉၄၈။ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။

၁၉၄၉။ ပထမဦးဆုံးရေးသည့် 'ဒုက္ခသည်' ဝတ္ထုတိုကို တာရာ မဂ္ဂဇင်း (အတွဲ ၃၊ အမှတ် ၂၁၊ ၁၉၄၉)တွင် ပုံနှိပ် ဖော်ပြသည်။

၁၉၅၀။ 'စာပေသည် ပြည်သူ့အတွက်' ဟူသော ကြွေးကြော်သံဖြင့် 'စာပေသစ် မဂ္ဂဇင်း'ကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်းတို့နှင့်အတူ ဦးဆောင်ထုတ်ဝေသည်။

၁၉၅၁။ ပထမဦးဆုံး ဘာသာပြန် လက်ရာအဖြစ် ဂေါ်ကီ၏ 'မာလ်ဗာနှင့် အခြားဝတ္ထုတိုများ' ကို ရေးသားထုတ်ဝေသည်။





www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေပါ။ ခြေမတို့ ဆံပင်အချောင်းတို့ မျက်ရစ်တို့ အကြောတို့ စတဲ့ အသေးစိတ်တွေဆိုရင် ထင်းပြီး သိပ်ကို သရုပ်ပါပါတယ်။ ဒီနားမှာ မက်သဒစ်ကဖီး ဆိုတဲ့ လက်ဖက်ရည်ဆိုင်ရှိတယ်။ ရေကျော်လမ်း ထောင့်နဲ့ ဗိုလ်ချုပ်လမ်းထောင့်မှာ။ ၁၉၅၀ ပြည့်နှစ် တစ်ဝိုက်လောက်က ပေါ့လေ။ အဲဒီတုန်းက ကျွန်တော်တို့ စတည်းချတဲ့နေရာ၊ ဒီမှာ ပန်းချီဆရာတွေ လာတယ်။ စာရေးဆရာတွေ လာတယ်။ လေထန်ကုန်းလိုပေါ့လေ။

နောက်တစ်ယောက်ကတော့ ကိုအောင်စိုး။ ဒီလူက မမူးရင် သိပ်ချစ်စရာကောင်းတဲ့လူ။ မူးပြီဆိုတာနဲ့ ဘာမှန်း သူ မသိတော့ဘူး။ သူနဲ့ကတော့ အရင်းနှီးဆုံး။ သူက မိုဒီဂလျာနီလိုပဲ။ မိုဒီဂလျာနီက အရက်သောက်ပြီး ပိုက်ဆံပေးစရာ မရှိရင် ပန်းချီကားနဲ့ လဲသောက်တယ်။ မိုဒီဂလျာနီကို ကဖေးဆိုင်ရှိ မိန်းမကြီးက သားကလေး၊ တူကလေးလို ချစ်တယ်။ ဒီတော့ သူ့ကို ဘရန်ဒီ မပေးဘဲ မနေရက်ဘူး။ ပေးတော့ မိုဒီမှာ ပိုက်ဆံ မရှိဘူး။ ပိုက်ဆံ မရှိတော့ ပန်းချီကား ပေးပေးသွားတယ်။ မိုဒီရယ် ငါက နင့်ပန်းချီကားတွေ ဘာလုပ်ရမှာလဲ၊ စိတ်ညစ်ပါတယ်လို့ အဘွားကြီးက ညည်းတယ်။ အဲဒီတုန်းက မိုဒီဂလျာနီက နာမည်မကြီး သေးတော့ သူ့ပန်းချီကားတွေက ဘယ်လောက်မှ မတန်ဘူးလေ။ လမ်းဘေး ချရောင်းတာမျိုးလောက်ပဲ ရှိမှာပေါ့။ နောက် မိုဒီဂလျာနီ သေသွားတော့ သူ သိပ်နာမည်ကြီးလာတယ်။ အဲဒီတော့မှပဲ အဲဒီကား တွေဟာလည်း သိပ်တန်ဖိုးကြီးသွားတယ်။ အဘွားကြီးလည်း မိုဒီရဲ့ ပန်းချီကားတွေကြောင့် သူဌေး ဖြစ်သွားတယ်။ ကိုအောင်စိုးကတော့ မိုဒီလို ဘရန်ဒီကို ပန်းချီကားနဲ့ လဲမသောက်ပါဘူး။ ဒါပေမဲ့ ပန်းချီကားပေးမှ အရက်ပေးမယ် ဆိုရင်တော့ လဲသောက်မယ့်လူမျိုး။

နောက် ကိုနန်းဝေ ရှိသေးတယ်။ ကျွန်တော်တို့နဲ့ ကျောင်းနေဖက်၊ ခုထိ ရှိသေးတယ်။ သူကတော့ ဂေါ်ဂင်နဲ့ တူတယ်။ ပန်းချီဆရာ ဂေါ်ဂင်ဟာ အစတုန်းက ပါရီမှာ စတော့ အရောင်းအဝယ်ပွဲစား။ အဲဒီအလုပ်ကို ဆက်လုပ်ရင် အရမ်းကြီး ချမ်းသာပြီး သူဌေးဖြစ်သွားနိုင်တယ်။ ဒါပေမဲ့ သူက ပန်းချီ ဆရာပဲ ဖြစ်ချင်တယ်။ ပန်းချီပဲ ဆွဲချင်တယ်။ သူ့မိန်းမက သဘောမကျဘူး။ သူ့ကို အကွာခိုင်းတယ်။ ဒီတင် ဂေါ်ဂင်ဟာ မိသားစုကို ပစ်ပြီး တဟီတီကို ထွက်လာခဲ့တယ်။ တဟီတီကို သူ သိပ် သဘောကျသွားတယ်။ ပါရီမှာက





ကောင်းကင်က အုံ့မှိုင်းပြီး အရောင်ကလည်း သွေ့ခြောက်နေတယ်။ တဟီတီမှာတော့ ကောင်းကင်က တောက်ပပြီး အရောင်အသွေးစုံတယ်။ သူ သိပ်သဘောကျသွားတယ်။ မပြန်တော့ဘဲ တဟီတီမှာ ပန်းချီ ဆွဲပြီး တဟီတီမှာပဲ သေသွားတယ်။ သူ့ကားတွေလည်း သူ သေတော့မှပဲ နာမည်ကြီးပြီး တန်ဖိုးတွေ တက်လာတယ်။ ဂေါ်ဂင်ပြောတဲ့ စကားတစ်ခွန်း တော်တော် မှတ်သားဖို့ ကောင်းတယ်။ သူက အုံ့မှိုင်းတဲ့ ပါရီက လာတာဆိုတော့ အရောင်တွေ မြင်သွားတာကိုး။ ဒီမှာတင် အနုပညာရဲ့ လွတ်လပ်မှု၊ အရောင်ရဲ့ လွတ်လပ်မှုကို သူ သွားတွေ့တယ်။ ဒီတော့ သူပြောတဲ့ စကားတစ်ခွန်း ရှိတယ်။ သူက 'ကျွန်တော်ဟာ အရောင်ရဲ့ လွတ်လပ်မှု၊ အနုပညာရဲ့ လွတ်လပ်မှုကို လိုက်ရှာခဲ့တယ်။ ကျွန်တော် ခု မအောင်မြင်သေးပေမယ့် နောက်ပန်းချီဆရာတွေဟာ ကျွန်တော့်လမ်းကို လိုက်လာကြမှာပါ။ တချို့ပန်းချီဆရာတွေက မမွေးသေးဘူး။ တချို့က ပုခက်ထဲမှာ အူဝဲ အော်နေကြတုန်းပဲ ရှိသေးတယ်။ အဲဒီကလေးတွေရဲ့ ခေတ်ကျရင် ကျွန်တော်ဟာ အရောင်ရဲ့ လွတ်လပ်မှု၊ ပန်းချီအနုပညာရဲ့ လွတ်လပ်မှုကို ရှာခဲ့သူလို့ အသိအမှတ် ပြုတန်ကောင်းပါရဲ့' တဲ့။ တော်တော် မှတ်သားစရာကောင်းပြီး တော်တော် လွမ်းစရာ ကောင်းတဲ့ စကားပါပဲ။ လမ်းသစ်ထွင်သူ တစ်ယောက်ရဲ့ ယုံကြည်ချက်ပါ။ အဲ ကိုနန်းဝေက ဂေါ်ဂင်နဲ့ တူတာ ရှိတယ်။ ကိုနန်းဝေက မြေပိုင်ရှင်ရဲ့သား။ ခရမ်းသုံးခွ ဘက်က။ အဖေနဲ့ အမေက ကောလိပ်ကျောင်းကို ပို့လိုက်တယ်။ သူ့သားကို အရာရှိကြီး ဖြစ်အောင်ပေါ့။ လာတုန်းက ဆရာဝန် လုပ်မယ်ပေါ့။ ဘိုင်အိုကို တက်တယ်။ ဖားခွဲတယ်။ နောက်တော့ ဖားခွဲတဲ့ဓားကို ချပြီး စုတ်တံကို ကောက်ကိုင်တယ်။ ခုလည်း ပေါင်မုန့်တစ်ချပ်၊ ဝိုင်တစ်ခွက်နှင့် ရွက်ဖျင်တစ်လိပ်၊ သစ်ရိပ်အောက်မှာ ဆိုသလို နေတုန်းပါပဲ။

နောက် ကိုလှစိုးဆိုတာ ရှိသေးတယ်။ ခင်ဗျားတို့ မီလိုက်မှာ မဟုတ်ဘူး။ သူလည်း လင်းယုန်ဂျာနယ်တို့ ဘာတို့မှာ အများကြီး ရေးခဲ့တယ်။ ဒီ့ပြင်လည်း ပန်းချီဆရာတွေ ရှိသေးတယ်။ ကိုပေါ်ထွန်းတို့၊ ကိုစိန်ဝင်းတို့ စသဖြင့်ပေါ့လေ။ ကျွန်တော်သိတဲ့ ပန်းချီဆရာတွေ ရဲ့အကြောင်းကို တစ်နေ့မှာတော့ ရေးမယ်လို့ စိတ်ကူးထားတာပဲ။ ရေးစရာတွေ အများကြီး။

စာရေးဆရာနဲ့ ပန်းချီဆရာဆိုတာ မြစ်တစ်စင်းမှာ စီးဆင်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေစီးကြောင်းတွေနဲ့ တူတယ်။ တစ်နေရာရာမှာတော့ လာပြီး ဆုံကြတာပဲ။ သူတို့နှစ်ဦးက အဖွဲ့လည်း ကျတယ်။ စာရေးဆရာက ပါမောက္ခတို့၊ ပညာရှင်တို့နဲ့ သိပ်မတွဲဖြစ်ဘူး။ ဂီတသမားတို့၊ ရုပ်ရှင်သမားတို့နဲ့လည်း သိပ် မတွဲဖြစ်ဘူး။ ပန်းချီဆရာနဲ့ပဲ တွဲဖြစ်တယ်။ ပန်းချီဟာ တိတ်ဆိတ်တဲ့ကဗျာ၊ ကဗျာကတော့ စကားပြောတဲ့ ရုပ်ပုံတဲ့။ သူတို့ နှစ်ဦးဟာ နီးစပ်တယ်။

ဟိုခေတ်တုန်းကလည်း ဒီအတိုင်းပဲ။ ဦးဘကလေးတို့၊ ဦးဘဂျမ်းတို့၊ ဦးဘညဏ်တို့၊ ဦးဘဖန်တို့၊ ဦးစောမောင်တို့၊ ဦးစောလွင်တို့ စတဲ့ ပန်းချီဆရာကြီးတွေဟာ ပီမိုးနင်းတို့၊ ဇေယျတို့၊ ဒဂုန်ရွှေမျှားတို့၊ ဒဂုန်နတ်ရှင်တို့၊ မဟာဆွေတို့၊ လဝန်တို့၊ ဂျာနယ်ကျော် ဦးချစ်မောင်တို့၊ သခင်ကိုယ်တို့၊ မင်းဆွေတို့ စတဲ့ စာရေးဆရာတွေနဲ့ တွဲခဲ့ကြတယ်။ အဲဒီ ပန်းချီဆရာကြီးတွေရဲ့ အကြောင်းကို စာရေးဆရာတွေရဲ့ မှတ်တမ်းတွေ၊ အတ္ထုပ္ပတ္တိတွေ၊ ဆောင်းပါးတွေမှာ တွေ့ရတယ်။ ခု ကျွန်တော်တို့ စစ်ပြီးခေတ် ကျတော့လည်း ဒီအတိုင်းပါပဲ။ ဦးစန်းလွင်တို့၊ ဦးဘရင်လေးတို့၊ ဦးအုန်းလွင်တို့၊ ဦးအောင်စိုးတို့၊ ကိုလှစိုးတို့နဲ့ ကျွန်တော်တို့ တွဲခဲ့ကြတာပဲ။ ဒီနေ့ခေတ်ကျတော့လည်း ကိုစံတိုးတို့၊ ကိုသိုက်တို့၊ ကိုဝသုန်တို့၊ ကိုကျော်သောင်းတို့နဲ့ တွဲတုန်းပဲ။

ပန်းချီဆရာနဲ့ စာရေးဆရာဟာ ကျွန်တော်တို့ဆီ၊ ကျွန်တော်တို့ခေတ်ကျမှ တွဲတာမဟုတ်ဘူး။ နိုင်ငံခြားမှာလည်း ဒီအတိုင်းပါပဲ။ ပါရီက မွန်ပါနာဆေ အနုပညာ ရပ်ကွက်ကို သွားကြည့်ရင် ဘယ်သူ့ကို တွေ့ရသလဲ၊ ပန်းချီဆရာနဲ့ စာရေးဆရာကိုပဲ တွေ့ရတယ်။ သီချင်းရေးတဲ့ ဂီတသမားတို့၊ ဇာတ်သဘင် ပညာရှင်တို့ကို သိပ်မတွေ့ရဘူး။ ပီကာဆို၊ ဒီဂါး၊ ရီဝီးရား၊ မိုဒီလျာနီ၊ မာတီးစ်၊ မိုးနေး၊ စေဇန်း၊ ဂေါဂင်၊ ဗန်ဂိုး၊ ဒေးဂါးစ် စတဲ့ ပန်းချီဆရာတွေကို ဟဲမင်းဝေး၊ ဂျော့အော်ဝဲ၊ စတီဖင်စပင်ဒါး၊ အော်ဒင်၊ အာရင်ဘတ်၊ မာယာကော့စကီး၊ နီရူဒါ၊ လားပက်ဇ်၊ ဂါးထရုဒ်စတိန်း စတဲ့ စာရေးဆရာတွေ၊ ကဗျာဆရာတွေနဲ့ ကဖေးမှာ ထိုင်ပြီး ငြင်းခုံနေတာ၊ ဝိုင်သောက်နေတာ၊ ချမ်းလို့ ကဖေးမှာ လာပြီး တစ်ညလုံး မီးလှုံနေတာ၊ ပန်းချီကားတို့၊ စာမူတို့ ရောင်းရလို့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကျွေးမွေးပြုစုကြတာတွေကို တွေ့ရမယ်။

ပန်းချီဆရာနဲ့ စာရေးဆရာရဲ့ ပေါင်းဖော်မှုဟာ ကျီးနဲ့ဘုတ်ရဲ့





ပေါင်းဖော်မှုမျိုး ဖြစ်တယ်။ တစ်ဦးကိုတစ်ဦး နားလည်တယ်။ တစ်ဦးကို တစ်ဦး အပြန်အလှန် လေးစားတယ်။ သူတို့နှစ်ဦးဟာ ဘာဖြစ်လို့ တစ်ဦးကိုတစ်ဦး နားလည်ကြသလဲ။ သူတို့ ရင်ထဲမှာ အနုပညာခံစားချက်တွေ ရှိနေလို့၊ ဘာဖြစ်လို့ အနုပညာခံစားချက်တွေ ရှိနေသလဲ။

ခေတ်ပြိုင်ခံစားချက်တွေကို ရေးခြယ်ပြနေသူ အချင်းချင်း ဖြစ်လို့။ ပန်းချီဆရာနဲ့ စာရေးဆရာဟာ မအောင်မြင်သေးခင်မှာ ဆင်းရဲ ငတ်ပြတ်ခဲ့ကြတယ်။ ပြင်သစ်က ပန်းချီဆရာတွေဆိုရင် ဆောင်းတွင်းမှာ ကောင်းကောင်း အိပ်စရာ မရှိဘူး၊ စာတ်ငွေ့မီးဖို မရှိဘူး။ မီးလှုံဖို့ မီးသွေးဖို မရှိဘူး။ အခန်းကလေး တစ်ခန်းထဲမှာ စုပြီး ငှားနေကြရတယ်။ ညကျတော့ သိပ်ချမ်းလွန်းတော့ မီးလင်းဖိုရှိတဲ့ ကဖေးတစ်ခုခုမှာ သွားထိုင်ပြီး တစ်ညလုံး ပန်းချီဆွဲကြတယ်။ စာရေးကြတယ်၊ နေ့လယ်ကျမှ အိမ်ပြန် အိပ်ကြရတယ်။

သူတို့တစ်တွေ ဘာဖြစ်လို့ အဆင်းရဲခံ၊ အငတ်ပြတ်ခံပြီး ပန်းချီ ရေးကြသလဲ။ စာရေးကြသလဲ။ စောစောက ပြောခဲ့တဲ့အတိုင်း မျက်မှောက်ခေတ်လူတွေရဲ့ ဘဝတွေကို ပန်းချီကားနဲ့ တင်ပြချင်လို့၊ ကဗျာတို့ ဝတ္ထုတို့နဲ့ တင်ပြချင်လို့။ ခေတ်ပြိုင် ခံစားမှုတွေကို ဆေးရောင်နဲ့ စာလုံးနဲ့ ဖော်ပြချင်ကြလို့။ ရှုးတယ်လို့ ဆိုချင်ဆို၊ ထူးတယ်လို့ ပြောချင်ပြောပေါ့လေ။ သူတို့ဟာ ငွေကို လည်း မမက်ကြဘူး။ ဂုဏ်ကိုလည်း မလိုချင်ကြဘူး။ အောင်မြင်ကျော်စောမှုကိုလည်း မမက်မောကြဘူး။ သူတို့ရင်ထဲက ခံစားချက်တွေကို ဖော်ပြနေရရင် သူတို့ ကျေနပ်နေကြပြီး ထမင်းငတ်လည်း အကြောင်းမဟုတ်ဘူး။

ခေတ်ပြိုင်ခံစားချက်ကို ဖော်ပြတဲ့ ပန်းချီဆရာကြီးတွေထဲမှာ ပီကာဆိုကတော့ အထင်ရှားဆုံးပဲ၊ ပီကာဆိုဟာ ပန်းချီ မရေးရရင် မနေနိုင်ဘူး။ ပီကာဆို ပန်းချီ မရေးဘူးတဲ့ ပစ္စည်းဆိုလို့ မရှိသလောက်ဘဲ။ ပီကာဆိုဟာ ကင်းဗတ်စ်ပေါ်မှာတင် ပန်းချီဆွဲတာ မဟုတ်ဘူး။ သံဖြူပြားပေါ်မှာလည်း ပန်းချီဆွဲတယ်။ ခွေးခြေ ပျဉ်ပြားပေါ်မှာလည်း ပန်းချီဆွဲတယ်။ ဆေးပြင်းလိပ်ဘူး အဖုံးပေါ်မှာလည်း ပန်းချီဆွဲတယ်၊ တံခါးရွက်ပေါ်မှာလည်း ပန်းချီဆွဲတယ်၊ နံရံပေါ်မှာလည်း ပန်းချီဆွဲတယ်၊ ကျောက်ဆောင် ကျောက်ကမ်းပါးတွေပေါ်မှာလည်း ပန်းချီဆွဲတယ်။

တစ်ခါတလေ သူ့မှာ ပန်းချီဆွဲဖို့ ဆေးတောင့်ဝယ်စရာ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ အဲဒီလိုအခါမျိုးမှာ ရရာပစ္စည်းနဲ့ ပန်းချီဆွဲတယ်။ တစ်ခါတုန်းက ပန်းချီကားတစ်ကား ရောင်းလိုက်ရလို့ ပိုက်ဆံတွေ ရလာတော့ ပီကာဆို ဘာလုပ်တယ် ထင်သလဲ။ ပါရီ တစ်မြို့လုံးမှာရှိတဲ့ ပန်းချီဆေးတောင့်တွေ လိုက်ဝယ်ပြီး အိမ်မှာ ပုံထားတယ်။ ဆေးတောင့် အပုံကြီးဟာ မျက်နှာကြက်အထိ မှီတယ်။ ဒီတော့ ဘာဖြစ်လို့ ဒီလောက် များများ ဝယ်သလဲလို့ မေးတော့ နောင်ဆိုရင် ပိုက်ဆံ ရှိချင်မှ ရှိမှာ။ ဒါကြောင့် တစ်သက်စာ ဝယ်ထားတာလို့ ဖြေသတဲ့။ ပီကာဆိုဟာ လက်မှုအတတ်ပညာ တစ်ခုခုကိုတော့ အမြဲလုပ်နေတာပဲ။ အသက် ၄၀ မှာ သူဟာ စပိန်ပန်းချီဆရာဆီက သံဖြူပြားပေါ်မှာ ပန်းချီရေးတဲ့ အတတ်ကို သင်တယ်။ အသက် ၅၀ မှာ ပန်းပု သင်တယ်။ အသက် ၆၀ မှာ လစ်သိုဂရပ် သင်တယ်။ အသက် ၇၀ မှာ ဘာလုပ်တယ် ထင်သလဲ။ အိုးလုပ်တဲ့အတတ်၊ အိုးထိန်းသည် အတတ်ကို သင်တယ်။ သူဟာ ကျွမ်းကျင်မှုကိုရအောင် အပတ်တကုတ် လေ့လာတယ်။

ခေတ်ပြိုင်ခံစားမှုနဲ့ ပတ်သက်လို့ နာမည်ကြီးတဲ့ သူ့ရဲ့ ပန်းချီ ကားတစ်ကား ရှိတယ်။ အဲဒီ ပန်းချီကားက 'ဂွာရာနီကား'ဆိုတဲ့ ပန်းချီကား။ ခင်ဗျားတို့ သိပါတယ်။ ဟောဒီမှာ ဂွာရာနီကား ပန်းချီကား။

၁၉၃၆ ခုနှစ်မှာ စပိန်ပြည်တွင်းစစ် ဖြစ်တယ်။ စပိန်ပြည်တွင်းစစ်ဆိုတာ စပိန်ပြည်မှာ ဖရန်ကိုရဲ့ ဖက်ဆစ်အင်အားစုတွေနဲ့ ဒီမိုကရေစီအင်အားစုတွေရဲ့ ပြည်တွင်းစစ်။ ဖက်ဆစ်တွေဘက်မှာ ဘယ်သူက ထောက်ခံနေသလဲဆိုတော့ ဟစ်တလာရဲ့ ဖက်ဆစ်ဂျာမနီနဲ့ မူဆိုလီနီရဲ့ ဖက်ဆစ်အီတလီတို့က ထောက်ခံတယ်။ မီးကျိုးမောင်းပွက်တွေနဲ့ တိုက်နေတဲ့ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုတွေကို တိုက်ဖို့ မူဆိုလီနီနဲ့ ဟစ်တလာက လေတပ်ကြီး လွှတ်လိုက်တယ်။ ပုရွက်ဆိတ်လောက် ရှိတဲ့ အင်အားကလေးကို နှိမ်နင်းဖို့အတွက် ဆင်လောက်ရှိတဲ့ အားတွေကို လွှတ်လိုက်တယ်။ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုတွေဘက်မှာ အနိုင်နိုင်ငံက စာရေးဆရာတွေ၊ သတင်းစာဆရာတွေ၊ ပန်းချီဆရာတွေ ဝင်တိုက်ပေးကြတယ်။ ပီကာဆိုက စပိန်ပြည်သား။ နေတော့ ပြင်သစ်မှာ နေတယ်။ ပြင်သစ် ကွန်မြူနစ်ပါတီဝင်။ နိုင်ငံတကာ တပ်ဖွဲ့က ဖက်ဆစ် ဆန့်ကျင်ရေး အပျော်တမ်းတပ်တွေ ခေါ်တော့ စာရေးဆရာတွေ၊ ပန်းချီ ဆရာတွေ စပိန်မှာ ဝင်တိုက်ပေးကြတယ်။ ဟမင်းဝေးတို့၊ ဂျော့ချ်အော်ဝဲ





တို့၊ စတီဖင်စပင်းဒါးတို့၊ ခရစ္စတိုဖာကော့ဝဲတို့၊ ပီကာဆိုတို့၊ စီဒေးလူးဝစ်တို့၊ အော်ဒင်တို့၊ ကဗျာဆရာတွေ၊ စာရေးဆရာတွေ၊ ပန်းချီဆရာတွေ အများကြီးပဲ။

အလွန် အင်အားကောင်းတဲ့ ဟစ်တလာရဲ့ လုဖ်ဝိတ် လေတပ်ကြီး တစ်တပ်လာပြီး ဂွာရာနီကားဆိုတဲ့ မြို့ကလေးပေါ်ကို ဗုံးကြဲတယ်။ စက်သေနတ်နဲ့ ပစ်တယ်။ ဂွာရာနီကားဆိုတဲ့ မြို့ကလေးဟာ ဘယ်လောက် ရှိမှာလဲ။ အလွန်ရှိရင် လူညီးကူးလောက်ပဲ ရှိမှာပေါ့။ ဒီလောက် သေးငယ်တဲ့ မြို့ကလေးက မတန်တဆ အင်အားကြီးတဲ့ ဂျာမန်လေတပ်ကြီးက လာပြီး ဗုံးကြဲတော့ မြို့ကလေး ပြားချပ်သွားတယ်။ အဘိုးအိုတွေ၊ အမယ်အိုတွေ၊ မိန်းမတွေ၊ ကလေးတွေ အများကြီး သေတယ်။ အဲဒီမှာတင် ပီကာဆိုက 'ဂွာရာနီကား' ပန်းချီကားကို ဆွဲတယ်။ ဟောဒါ 'ဂွာရာနီကား' ပန်းချီကားရဲ့ပုံပဲ။ ခု နယူးယောက်မြို့ ခေတ်သစ် အနုပညာပြတိုက်မှာ ရှိတယ်။ သန်းပေါင်းများစွာတန်တဲ့ ပန်းချီကားကြီး ဖြစ်နေပြီ။

ဒီပန်းချီကားရဲ့ လက်ယာဘက်ထောင့်မှာ ခေါင်းခွံလိုဟာကြီး တစ်ခု၊ လည်ပင်းကြီးဆန့်ပြီး ပါးစပ်ကြီး ဖြဲထားတယ်။ အနားမှာ လူ့ကိုယ်ခန္ဓာနဲ့ သဏ္ဍာန် တစ်ခု၊ ကုတ်အင်္ကျီကို ဝတ်ထားတယ်။ မျက်နှာက ဝက်မျက်နှာ။ ခေါင်းမှာ ခွေးနားရွက် နှစ်ခုလည်း ပါတယ်။ ချိုနှစ်ချောင်းလည်း ပါတယ်။ လက်က မြင်းခွာပုံ။ မျက်လုံးကြီး အကြောင်သားနဲ့ ငေးနေတယ်။ သူ့ခြေရင်းမှာ ကြက်ဥခွံသဏ္ဍာန် ဦးခေါင်းနဲ့ ကလေးငယ်လိုလို သဏ္ဍာန်တစ်ခု။ မျက်လုံးက ဟိုတစ်လုံး ဒီတစ်လုံးနဲ့၊ လက်ကားယားနဲ့ ပက်လက်လန် လဲကျနေတယ်။ သူ့ဘေးမှာ မြင်းလို သဏ္ဍာန်ကြီး တစ်ခု၊ လည်ပင်းကြီးကိုလိမ်ပြီး ပါးစပ်ကြီး ဟပြီး အော်နေတယ်။ အဲ . . . မချိမဆံ့ အော်နေတယ်လို့ ယူဆရတယ်။ အထဲက အစွယ်ကြီးတစ်ခုလည်း ထွက်နေတယ်။ ပုံပန်းသဏ္ဍာန်ကို ကြည့်ရတာကိုက မချိမဆံ့ဖြစ်တဲ့သဘော ပေါ်နေတယ်။ သူ့ ခြေထောက်အောက်မှာ လူတွေလား၊ အရိုးတွေလား မသိဘူး၊ နင်းထားတယ်။ အလယ်နား ရောက်လာတော့ ငှက်လိုလို၊ အဘိုးအိုကြီး တစ်ဦးလိုလို အရာကြီးက သွားကြီးတွေဖွေး၊ မျက်လုံးအပြူးသားနဲ့ မော့ကြည့်နေတယ်။ သူ့အထက်မှာ ဦးထုပ်ပြားကြီး ဆောင်းထားတဲ့ လူခေါင်းပုံတစ်ခု၊ မျက်လုံးပြူးပြီး အံ့သြ ထိတ်လန့်တဲ့ အကြည့်နဲ့ ကြည့်နေတယ်။ ဦးထုပ်ပြားကြီးထဲက လက်တစ်ဖက် ထွက်လာပြီး ဖယောင်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကလေး တစ်တိုင်ကို ကိုင်ထားတယ်။ သူ့အထက်မှာ အကျဉ်းထောင် နံရံက သံတိုင်ပေါက်ကလေး တစ်ပေါက်။ ပုံရဲ့ လက်ဝဲဘက်ထောင့်စွန်းက အခန်း ကျဉ်းကလေးထဲမှာ လက်နှစ်ဖက် ကိုမြှောက်ပြီး အော်နေတဲ့ လူတစ်ယောက်။ သူ့ခေါင်းက ပြောင်းပြန်ဖြစ်နေတယ်။ ပါးစပ်က အပေါ်ရောက်နေပြီး မျက်လုံး က အောက်ဘက်မှာ ရောက်နေတယ်။ ထားပါတော့။

ဒါဟာ 'ဂွာရာနီကား' ထဲမှာ ကျွန်တော် ကြည့်တတ်သလောက်၊ မြင်တတ်သလောက် ကြည့်ပြောသွားတဲ့ ရှုခင်း။ ဒီပုံဟာ ဘာလဲ။ ပီကာဆိုက စပိန်မှာ ပြည်တွင်း စစ်ခေတ်၊ တစ်နည်းပြောရရင် ဟစ်တလာရဲ့ ဖက်ဆစ် ခေတ်ကို သရုပ်ဖော်သွားတာ ဖြစ်တယ်။

အားကြီးသူက အားနည်းသူကို အနိုင်ကျင့်တာ၊ ဗိုလ်ကျတာ၊ စိုးမိုး တာကို သရုပ်ဖော်သွားတာ။ အဲဒီပန်းချီကားထဲမှာ ပြိုကွဲသွားတဲ့ ကမ္ဘာကြီး၊ ရူးသွပ်မှု၊ မုန်းတီးမှု၊ မျှော်လင့်ချက် ကင်းမဲ့မှု၊ စိတ်ပျက်မှု၊ လူဖြစ်လျက်သားနဲ့ လူမဟုတ်ခြင်း၊ သတ္တဝါဖြစ်လျက်သားနဲ့ သတ္တဝါ မဟုတ်ခြင်း၊ သက်ရှိဖြစ်လျက် သားနဲ့ သက်ရှိမဟုတ်ခြင်း (shattered world, madness, hatred, despair, non-being) စသည်တို့ကို ဖော်ပြတာဖြစ်တယ်လို့ ပန်းချီဝေဖန်သူ များက အဓိပ္ပာယ် ဖွင့်ကြတယ်။ ဒီဖွင့်ဆိုချက်ကို ပီကာဆိုကလည်း မငြင်းဘူး။ ဂွာရာနီကား ကို ဆွဲတာက ၁၉၃၆ ခုနှစ်မှာ။ နောက် သုံးလေးနှစ်ကြာတော့ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာတယ်။ ဟစ်တလာက ဥရောပကို ဝင်သိမ်းတယ်။ နာဇီဝါဒ ကမ္ဘာကို လွှမ်းသွားတယ်။ တိုင်းပြည်တွေ ပျက်စီးသွားတယ်။ လူတွေ သေတယ်။ ဟစ်တလာက ရေဝတီခြောက်သန်းလောက်ကို သတ်ပစ်ခဲ့တယ်။ ဟီရိုရှီးမားမှာ အနုဏ်မြူဗုံးချတယ်။ ကမ္ဘာကြီးဟာ ပြိုကွဲပျက်စီးသွားတယ်။ လူဟာ လူမမည်တဲ့အဖြစ်ကို ရောက်ခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်က အဖြစ်တွေကို ကြည့်ခြင်းဖြင့် ပီကာဆိုရဲ့ ခံစားချက်ဟာ ခေတ်ကို ကိုယ်စားပြုတဲ့ ခံစားချက်၊ ခေတ်ကို သရုပ်ဖော်တဲ့ ခေတ်ပြိုင်ခံစားချက် ဖြစ်ကြောင်းကို သမိုင်းက သက်သေထူ ပြခဲ့တယ်လို့ နောက်ပိုင်းမှာ အနုပညာသမိုင်းဆရာတွေ၊ အနုပညာ ဝေဖန်ရေးဆရာ တွေက အကဲဖြတ်ခဲ့ကြတယ်။

ဒါဟာ ပန်းချီအနုပညာနဲ့ ခေတ်တို့ရဲ့ ဆက်စပ်နေပုံပဲ။ ပီကာဆိုက စပိန် လူမျိုး။ ဒါပေမဲ့ သူက ပြင်သစ်မှာနေပြီး ပြင်သစ် ကွန်မြူနစ်ပါတီဝင် တစ်ယောက်။





ဖက်ဆစ် ဖရ[illegible]တဲ့ စပိန်မှာ မနေတော့ဘူးဆိုပြီး ပြင်သစ်ကို သွားနေတယ်။ စပိန် ပြည်တွင်းစစ်ကို သွားတိုက်တော့ ပန်းချီဆွဲစရာပစ္စည်း မရှိဘူး။ ဒီတော့ တချို့ပန်းချီတွေကို စပိန်က ကျောက်တောင်နံရံတွေပေါ်မှာ ရေးတဲ့အခါ ရေးတယ်။

ပီကာဆိုဟာ အပေါ်ယံကိုသာ မကြည့်ဘဲ လူ့လောကစရိုက်ကို ထဲထဲ ဝင်ဝင် မြင်အောင် ကြည့်တတ်သူလို့ ဆိုကြတယ်။ တစ်ခါမှာ အင်မတန်ချောတဲ့ အမေရိကန် မိန်းမပျိုတစ်ယောက်ရဲ့ ပုံတူကို ဆွဲတယ်။ ပထမပုံမှာ အဲဒီ မိန်းမပျိုနဲ့ ချွတ်စွပ်တူတယ်။ ဒုတိယပုံကျတော့ သူ စပြီး ဖျက်လာပြီ။ တတိယပုံ၊ စတုတ္ထပုံ၊ ပဉ္စမပုံ၊ ဆဋ္ဌမပုံ၊ သတ္တမပုံ စသဖြင့် အစဉ်အဆက် တစ်ပုံပြီးတစ်ပုံ ဆွဲလာခဲ့တာ ၁၅ ခု မြောက်ပုံကျတော့ အဲဒီ မိန်းမပျိုနဲ့ လုံးဝ မတူတော့ဘူး။ အရုပ်ဆိုး အကျည်းတန်နေတယ်။ စောစောက ပုံတူအဆွဲခံတဲ့ အမေရိကန် မိန်းမပျိုလို့ပြောရင် ဘယ်သူမှ ယုံမှာ မဟုတ်ဘူး။ လူတစ်ယောက်ရဲ့ ပီတိဖြစ် နေချိန်၊ မောဟ ဖုံးနေချိန်၊ ဒေါသထွက် နေချိန်၊ လောဘနောက်ကို လိုက်နေချိန် စတဲ့ အကုသိုလ်စိတ်တွေကို ကိုယ်စားပြုပြီး ဆွဲထားတာ။

တစ်ခါမှာ ပီကာဆို မော်စကို ရောက်သွားတော့ သူ့ကို ဆိုဗီယက် ခေါင်းဆောင်ကြီးတစ်ဦးက. . .

"ဆရာကြီး. . . ခင်ဗျားဟာ ချစ်စရာကောင်းတဲ့ မိန်းမတွေကို အကြီးတကြီးနဲ့ အရုပ်ဆိုးအောင် ဘာဖြစ်လို့ လုပ်ရတာလဲ"

လို့ မေးတယ်။ ဒီတော့ ပီကာဆိုက. . .

"ရဲဘော်ကြီး. . . ခင်ဗျား ကျောင်းမှာတုန်းက ဘယ်လိုစာတွေ သင်ခဲ့ သလဲ"

လို့မေးတယ်။ ဒီတော့ ခေါင်းဆောင်ကြီးက. . .

"စီအေတီ ကက် ကြောင်၊ အာအေတီ ရက် ကြွက်၊ ဘီအေတီ ဘက် လင်းနို့ စသဖြင့် သင်ရတာပေါ့ဗျာ" လို့။

"ဆရာကြီးတို့ကော ဒီလိုပဲ သင်ခဲ့ရတာပဲ မဟုတ်လား"

လို့ မေးတယ်။ ဒီတော့ ပီကာဆိုက. . .

"ဟုတ်တယ်. . . ဒီလိုပဲ သင်ခဲ့ရတာပဲ၊ ဘယ်ကျောင်းမှာမဆို ဒီလိုပဲ သင်ကြတာပဲ၊ ဒါပေမဲ့ ပန်းချီကို ဘယ်လိုနားလည်ရမယ်၊ ဘယ်လို ခံစားရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုတော့ ကျောင်းမှာ သင်ပေးလို့ မရဘူး မဟုတ်လား"

လို့ မေးသတဲ့။ သဘောကတော့ ပန်းချီခံစားမှု၊ အနုပညာခံစားမှု ဆိုတာ သင်ယူလို့ရတာ မဟုတ်ဘူး။ အတွေ့အကြုံတို့၊ ခံစားချက်တို့နဲ့မှ နားလည်ခံစားလို့ ရတာလို့ ပြောတဲ့သဘောပါပဲ။

ပီကာဆိုရဲ့ ပန်းချီသက်တမ်းတစ်လျှောက်မှာ ရေးဟန်တွေ အမျိုးမျိုး ပြောင်းခဲ့တယ်။ ခေတ်တွေ အမျိုးမျိုး ရှိခဲ့တယ်။ ပန်းနုရောင်ခေတ်၊ အပြာရောင်ခေတ်၊ အင်းဂရက်ခေတ်၊ ကျူးဗစ်ခေတ်၊ အင်းပရက်ရှင်းနစ်ခေတ် စသဖြင့်ပေါ့လေ။ သူ့ရေးဟန်တွေ ပြောင်းသွားပုံကို ကြည့်ပြီး ဝေဖန်ရေးဆရာတွေက သူ့ပန်းချီ ခေတ်ကာလကို ပိုင်းခြား သတ်မှတ်ခဲ့တာပါ။ ဥပမာ. . . ကျူးဗစ်ဝါဒ အရ ရေးတဲ့အချိန်ကို ကျူးဗစ်ခေတ်ပေါ့။

ဒါပေမဲ့ ပီကာဆိုရဲ့ ရေးဟန်မှာ ခေတ်တွေ ဘယ်လိုပဲ ပြောင်းပြောင်း၊ ဟန်တွေ ဘယ်လိုပဲ ပြောင်းပြောင်း အခြေခံမှာတော့ ခေတ်ပြိုင် ခံစားချက်ကို ဖော်ပြတာတွေချည်းပါပဲ။ ပီကာဆိုရဲ့ ပန်းချီဟာ ရေးဟန်တွေ ဘယ်လိုပဲ ပြောင်းပြောင်း အားလုံးဟာ သင်ရိုးကို ကြေရတာချည်းပါပဲ။ ဘယ်အနုပညာမှာပဲ ဖြစ်ဖြစ် သင်ရိုးကို မနိုင်ဘဲနဲ့ ဆန်းလို့ မရပါဘူး။ သင်ရိုးကို အခြေခံတဲ့ ဆန်းသစ်မှုသာလျှင် ခိုင်ခံ့ပါတယ်။ ဂန္ထဝင်ကို နိုင်နင်းမှသာလျှင် ခေတ်ပေါ် မော်ဒန်ကို တည်ဆောက်လို့ ရပါတယ်။ အခြေခံမရှိဘဲ အပေါ်ကိုတက်လို့ မရပါဘူး။ စောစောက ပီကာဆိုဆွဲတဲ့ အမေရိကန် မိန်းမပျိုရဲ့ ပုံတူ ၁၅ ခုလိုပေါ့။ ပထမဆုံးတော့ ပုံတူကို ဆွဲရတာပါ။ နောက်ကျမှ ပန်းချီဆရာရဲ့ ခံစားချက်၊ စိတ်အခြေအနေကိုလိုက်ပြီး တစ်မျိုးပြီးတစ်မျိုး ပြောင်းဆွဲသွားတာပါ။

ပီကာဆိုဟာ အရောင်အသွေးကိုလည်း အလွန် အရေးထားပါတယ်။

သူ ပန်းချီဆွဲနေတုန်းမှာ တစ်ခါတစ်ရံ လိုချင်တဲ့အရောင်တွေကို မရတတ်တဲ့အခါတွေ ရှိပါတယ်။ ဆိုပါတော့ ကိုယ်လိုချင်တာက ပန်းနုရောင် လဲ့လဲ့ကလေး။ အဲဒါကို ဆေးဘူးထဲမှာလည်း ရယ်ဒီမိတ်က မရှိဘူး။ ဒီတော့ လိုက်စပ်ယူရတယ်။

တစ်ခါ စပ်လိုက်၊ မကြိုက်။ နောက်တစ်ခါ စပ်လိုက်၊ ကိုယ်လိုချင်တဲ့ အရောင် မဟုတ်တဲ့အတွက် ဖျက်လိုက်နဲ့။ ဒီလိုနဲ့ သူလိုချင်တဲ့ အရောင်ကို ရအောင် လိုက်ရှာတတ်တယ်လို့ ဆိုပါတယ်။ သူလိုချင်တဲ့ အရောင်ကို ရှာလို့





မတွေ့ရင် သိပ်စိတ်ဆင်းရဲရတယ်၊ သိပ်စိတ်ဆိုးရတယ်လို့ ဆိုပါတယ်။

တစ်ခါတော့ ပီကာဆိုဟာ မော်စကိုကို ရောက်သွားပါတယ်။ သူက ပန်းချီမှာ အရောင်အသွေးစုံတာကို သဘောကျတယ်။ သဘာဝလည်း ကျရမယ်။ အရောင်လည်း စုံရမယ်။ ဆန်းလည်း ဆန်းသစ်ရမယ်ပေါ့။ မော်စကို ပန်းချီပြပွဲရောက်တော့ ပန်းချီကားတိုင်းရဲ့ အရောင်တွေက ဒီအရောင်တွေ ချည်းပဲ ဖြစ်နေတယ်။ ဘယ်ပန်းချီကား သွားကြည့်ကြည့် ဆံပင်ကလည်း ဒီအရောင်၊ မျက်နှာကလည်း ဒီအရောင်၊ ယူနီဖောင်းတွေကလည်း ဒီအရောင်၊ သစ်ပင်တွေကလည်း ဒီအရောင်ဆိုပြီး တစ်ရောင်တည်းခြယ် ဆိုသလိုမျိုး ဖြစ်နေတယ်။ ဒီတော့ ပီကာဆိုက သူ့ကို ပြပွဲလိုက်ပြတဲ့ အိမ်သည် ပန်းချီဆရာကလေးတစ်ယောက်ကို မေးပါတယ်။

"မင်းတို့နိုင်ငံမှာ ပန်းချီဆေးတွေ မထုတ်ဘူးလား"

လို့ မေးပါတယ်။

"ဟာ. . . ထုတ်တာပေါ့ ဆရာကြီးရယ်၊ အများကြီး ထုတ်တာပေါ့"

"ဘာပုံသဏ္ဌာန်နဲ့ ထုတ်သလဲ"

ပန်းချီဆရာလေး အံ့အားသင့်နေတယ်။

"ဘူးတောင့်တွေနဲ့ ထုတ်ပါတယ်"

"ဆေးဘူးပေါ်မှာ ဘာတွေ ရေးထားသလဲ"

"ဟာ. . . ဆရာကြီးရယ်၊ အရောင်တွေရဲ့ အမည်ကို ရေးထားတာပေါ့၊ အော်ကါ၊ ဘန့်ဆီယင်နာ၊ အာထရာ မရင်း၊ ဘလူး၊ ခရမ်း ယဲလိုး စသဖြင့် ရေးထားပါတယ်"

"အမှန်ကတော့ မင်းတို့ဆီမှာ အရောင်တွေကို တစ်ခါတည်း ရယ်ဒီမိတ် လုပ်ထားလိုက်ဖို့ ကောင်းတယ်ကွ၊ ဆေးဘူးပေါ်မှာ မျက်နှာအတွက်၊ ဆံပင် အတွက်၊ ယူနီဖောင်းအတွက်၊ အလံအတွက်ဆိုပြီး ရေးထားလိုက်ရင် ပြီးတာပဲ"

လို့ ပြောသတဲ့။

ပီကာဆိုဟာ အရောင်အသွေးစုံတာကို သဘောကျပါတယ်။ ဒါဟာ အရေးကြီးပါတယ်။ ခေတ်ပြိုင် ခံစားချက်တွေကို ပန်းချီရေးခြယ်သူ ဖြစ်ပါတယ်။ ပန်းချီ ဆရာတိုင်းဟာ ဒီတိုင်းပါပဲ။

ဒါကြောင့် ပီကာဆိုအကြောင်းကို ပြောရင်း ကျွန်တော် နိဂုံးချုပ်



www.burmeseclassic.com

www.burmeseclassic.com

၁၉၅၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်(မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်သည်။

စာရေးဆရာအသင်းမှ ထုတ်ဝေသော 'စာပေမဂ္ဂဇင်း'တွင် တာဝန်ခံ အယ်ဒီတာအဖြစ် လည်းကောင်း၊ ပြည်တော်သစ် ဂျာနယ်' တွင် အယ်ဒီတာချုပ်အဖြစ် လည်းကောင်း၊ 'တိုးတက်ရေး သတင်းစာ'တွင် ဆိုင်းခြားရေး အယ်ဒီတာအဖြစ် လည်းကောင်း ဆောင်ရွက်သည်။

ဒုတိယမြောက် ဘာသာပြန်အဖြစ် ဂေါ်ကီ 'မက္ကဇင်း ဂေါ်ကီ' အတ္ထုပ္ပတ္တိကို ဗန်းမော်စာအုပ်တိုက်မှ ထုတ်ဝေသည်။

၁၉၅၃။ ပထမဦးဆုံး ပင်ကိုရေး လုံးချင်းဝတ္ထု 'မေတ္တာ အသချေ' ကို ရေးသည်။

၁၉၅၄။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရသည်။

၁၉၅၅။ သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေး ဗဟိုကော်မီတီတွင် အတွင်းရေးမှူး တစ်ဦးအဖြစ် ဆောင်ရွက်သည်။

၁၉၅၆။ ဥပဒေဘွဲ့ ရရှိသည်။

၁၉၅၇။ 'ပြည်သူ့တိုးတက်ရေးပါတီ' ပေါ်လစ်ဗျူရိုတွင် ပါဝင်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)အတွင်းရေးမှူးချုပ်နှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဌာနချုပ် လုပ်ထားသော 'ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ' ၏ ဗျူရိုအဖွဲ့ဝင် လူကြီးဖြစ်ခဲ့သည်။

၁၉၅၈။ ပဒေသရာဇ် ဆန့်ကျင်ရေးဝတ္ထု'လိုက်ခဲ့တော့ မြနန္ဒာ' ကို မြဝတီမဂ္ဂဇင်း (အယ်ဒီတာချုပ် ဇဝန လက်ထက်)တွင် ရေးသားသည်။

အထိန်းသိမ်းခံ ဘဝဖြင့် ကိုကိုးကျွန်းသို့ ရောက်သည်။

၁၉၆၀။ 'စာရေးဆရာကလပ်'တွင် အမှုဆောင်ဖြစ်သည်။

'အမှောင်ရိပ်ဝယ်' ဝတ္ထုကို ရေးသည်။



ဗိုလ်တထောင်သတင်းစာတွင် နေ့စဉ် အခန်းဆက်အဖြစ် 'နွံထဲကကြာ' (နှစ်နှစ်နီးပါး)ကို သိန်းဖေမြင့်နှင့် ပူးတွဲ ရေးသည်။

'နွံထဲကကြာ'ဝတ္ထုစာအုပ်မှ အစပြု၍ မူလ ကလောင်နာမည် 'မြသန်း' မှ 'မြသန်းတင့်' သို့ ပြောင်းခဲ့သည်။

၁၉၆၁။ အထိန်းသိမ်းခံ ဘဝမှ လွတ်မြောက်ခဲ့သည်။

ယင်းနှစ်မှာပင် ဆိုဗီယက်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပသော 'ငြိမ်းချမ်းရေး ကောင်စီ'အစည်းအဝေးသို့ ဆရာ ဒဂုန်တာရာ၊ ပါမောက္ခ ဦးအောင်လှ တို့နှင့်အတူ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။

ညီလာခံမှအပြန် ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ငြိမ်းရေး ကော်မတီများ၏ ဖိတ်ကြားချက်အရ ၎င်းနိုင်ငံများသို့ သွားရောက်သည်။

၁၉၆၂။ 'စာရေးဆရာ သမဂ္ဂ'တွင် အမှုဆောင်ဖြစ်ခဲ့သည်။

၁၉၆၃။ 'ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ဝင်' နှင့် 'ပြည်သူ့ကော်မတီဝင်' တစ်ဦးအဖြစ် တာဝန်ယူခဲ့သည်။

ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ပျက်သွားသောအခါ အထိန်းသိမ်းခံခဲ့ရပြီး ဒုတိယအကြိမ်မြောက် ကိုကိုးကျွန်း ရောက်ခဲ့သည်။

၁၉၇၂။ အထိန်းသိမ်းခံ ဘဝမှ လွတ်မြောက်ခဲ့သည်။

တော်လ်စတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေး ဘာသာပြန်ဝတ္ထု (၁၉၇၂)ခုနှစ်အတွက် 'အမျိုးသားစာပေ ဘာသာပြန်ဆု' ရသည်။

၁၉၇၈။ အမေရိကန် စာရေးဆရာမ မာဂရက်မစ်ချယ်၏ 'လေရူး သုန်သုန်' ဘာသာပြန် ဝတ္ထုဖြင့် 'အမျိုးသားစာပေ ဘာသာပြန်ဆု' ကို ဒုတိယအကြိမ် ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချင်တာကတော့ ကျွန်တော်တို့ ပန်းချီဆရာများဟာ ခေတ်ပြိုင်ခံစားချက်များကို ရေးခြယ်နိုင်ပါစေ၊ ကိုယ်လိုချင်တဲ့ အရောင်ကို ရှာလို့တွေ့ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

[၁၉၉၃ ခု၊ နိုဝင်ဘာလ၊ ၂၁ ရက်၊ ဗိုင်အမ်ဘီအေ အသင်းတိုက်တွင် ကျင်းပသော စာနယ်ဇင်း သရုပ်ဖော် ပန်းချီဆရာကြီးများ ကန်တော့ပွဲတွင် ပြောကြားသည့် အမှာစကား]



## ဗိုတောက်ပန်းသို့ ဂုဏ်ပြုခြင်း

[၁၉၉၇ ခု၊ စက်တင်ဘာလ၊ ၅ ရက်နေ့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဇော်ဂျီကြေးရုပ်ဖွင့်ပွဲ အခမ်းအနားတွင် ဟောပြောချက်]

ဒီနေ့ စာရေးဆရာကြီး၊ ကဗျာဆရာကြီး ဇော်ဂျီရဲ့ ရုပ်တုဖွင့်ပွဲ အခမ်းအနားမှာ စကားပြောခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ကြွရောက်လာကြတဲ့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နဲ့ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနဲ့ စာပေမိတ်ဆွေများအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဇော်ဂျီဟာ ကျွန်တော်တို့ရဲ့ အာစရိယ ဆရာ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဖြစ်သည့်တိုင် သူ့ကို သူ့ရဲ့ ကလောင်နာမည်အတိုင်း ဇော်ဂျီလို့ ခေါ်တာကို ခွင့်လွှတ်စေလိုပါတယ်။ လောကကြီးကို အမြဲနားလည်ခွင့်လွှတ်တတ်တဲ့ ဆရာကတော့ ရောက်ရာ အရပ်ကနေပြီး ခွင့်လွှတ်မယ်ဆိုတာ ကျွန်တော် ယုံကြည်ပြီးသားပါ။

နောက်တစ်ချက် တောင်းပန်လိုတာက ဇော်ဂျီအကြောင်းကို ပြောရတာဟာ ကြီးကျယ်ခမ်းနားလွန်းပြီး ပြောသူက သေးငယ်လွန်းနေပါတယ်၊ ဒါကြောင့် ဇော်ဂျီအကြောင်းကို ပြောရတာဟာ ပုဏ္ဏား ၆ ယောက် ဆင်စမ်းတဲ့အဖြစ်မျိုးနဲ့ တူကောင်း တူနေပါလိမ့်မယ်။ တကယ်လို့များ ကျွန်တော် ဟောပြောချက်ထဲမှာ မပြည့်စုံတာ၊ လိုတာ၊ မှားတာရှိရင် ကျွန်တော့်ကို ဆင်စမ်းတဲ့ ပုဏ္ဏားလို့ပဲ သဘောထားကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဇော်ဂျီရဲ့ ရုပ်တုဖွင့်ပွဲဟာ တော်တော်ထူးခြားတဲ့ပွဲ ဖြစ်ပါတယ်။ ဒီနေ့ ကမ္ဘာမှာ ရုပ်တုတွေဟာ တစ်ခုပြီးတစ်ခု ပြိုလဲနေကြပါတယ်။ ဒီလို ရုပ်တုတွေ ပြိုလဲနေတဲ့ခေတ်မှာ ကျွန်တော်တို့ဟာ ရုပ်တုတစ်ခုကို စိုက်ထူလိုက် ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စိုက်ထူလိုက်တဲ့ ရုပ်တုကတော့ ဘယ် တော်လှန်ရေး ကမှ ဖြိုလှဲပစ်နိုင်တဲ့ ရုပ်တု မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ စိုက်ထူလိုက်တဲ့ ဇော်ဂျီရဲ့ရုပ်တုဟာ လူတစ်စု၊ လူတန်းစား တစ်စုကို ကိုယ်စားပြုတဲ့ ရုပ်တု မဟုတ်ဘဲ တစ်မျိုးသားလုံး၊ ဒီထက်ပိုပြီး ကျယ်ကျယ် ပြန့်ပြန့် ပြောရရင် လူသားအားလုံးကို ကိုယ်စားပြုတဲ့ ရုပ်တု ဖြစ်လို့ပါပဲ။

ဇော်ဂျီရဲ့ စာတွေ၊ ကဗျာတွေကို ပြန်ကြည့်လိုက်ရင် ဒီအချက်ကို ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။

အားလုံး သိကြတဲ့အတိုင်း ဇော်ဂျီဟာ ခေတ်စမ်းစာပေ လှုပ်ရှား မှုကြီးရဲ့ အလံကိုင် သုံးဦးအနက် တစ်ဦး ဖြစ်ပါတယ်။ ခေတ်စမ်းစာပေ လှုပ်ရှားမှုဟာ ကိုလိုနီခေတ်ကတည်းက လူးလွန့် ရှင်သန်လာခဲ့တဲ့ အမျိုးသားစာပေ လှုပ်ရှားမှု ဖြစ်ပါတယ်။ ခေတ်စမ်းစာပေ လှုပ်ရှားမှုဟာ အမျိုးသားစာဆိုကြီး သခင်ကိုယ်တော်မှိုင်း၊ အိန္ဒိယ မျိုးချစ်စာဆိုကြီး တဂိုးတို့ရဲ့ ဩဇာအောက်မှာ မွေးဖွားရှင်သန်လာခဲ့တဲ့ စာပေလှုပ်ရှားမှု ဖြစ်တဲ့အလျောက် အဲဒီလှုပ်ရှားမှုဟာ ထင်ရှားတဲ့ အမျိုးသားလက္ခဏာကို ဆောင်နေပါတယ်။ ဒီအချက်ကိုလည်း ခေတ်စမ်းစာဆိုတွေရဲ့ စာပေတွေထဲမှာ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ ဇော်ဂျီဟာ အဲဒီလို အမျိုးသား လက္ခဏာဆောင်တဲ့၊ ဆန်းသစ်တဲ့၊ ဂန္ထဝင် အစဉ်အလာကို မြန်မာ့လူ့ဘောင်ရဲ့ တောင်းဆိုချက်နဲ့အညီ ပြန်လည် ဆန်းသစ် စေတဲ့ ခေတ်စမ်း စာပေလှုပ်ရှားမှုရဲ့ အလံကိုင် သုံးဦးအနက် တစ်ဦးဖြစ်ပါ တယ်။ ခေတ်စမ်းစာပေ လှုပ်ရှားမှုမှာ စာရေးဆရာတွေ၊ ကဗျာဆရာတွေ အများကြီး ပါလာခဲ့ပါတယ်။ ဒီအထဲက သိပ္ပံမောင်ဝ၊ ဇော်ဂျီနဲ့ မင်းသုဝဏ်တို့ သုံးဦးသာလျှင် သူတို့ရဲ့ ဘဝတစ်လျှောက်လုံး ခေတ်စမ်းအလံကို လွှင့်ထူပြီး စာတွေကို ရေးသွားခဲ့ကြတာ ဖြစ်ပြီး တခြားစာရေးဆရာများကတော့ အကြောင်းကြောင်းကြောင့် စာပေလောကမှ ထွက်ခွာသွားခဲ့ကြပါတယ်။ သူတို့ သုံးဦးကတော့ ခေတ်စမ်းကို မွေးဖွားခဲ့သူ၊ ခေတ်စမ်းကို ရှင်သန်အောင် လုပ်ခဲ့သူ၊ ဘဝတစ်လျှောက်လုံး ခေတ်စမ်းစာပေ လှုပ်ရှားမှုကို ကိုယ်စားပြုခဲ့ကြသူများ





ဖြစ်တဲ့အတွက် သူတို့သုံးဦးကို ခေတ်စမ်းရဲ့ အလံကိုင်များလို့ ပြောရခြင်းပါ။

ချက်ကိုစလိုဗက် အမျိုးသမီး ဘာသာဗေဒပညာရှင်နဲ့ မြန်မာစာပေ သုတေသီ ဒဂ္ဂမာကိုဗာက ခေတ်စမ်းစာပေ လှုပ်ရှားမှုသမိုင်းနဲ့ ပတ်သက်လို့ ခေတ်စမ်းစာပေကို ဦးဆောင်ခဲ့ကဲ့ သူများက ရေးထားတဲ့ စာရယ်လို့ မတွေ့ရ သေးဘူးလို့ သူ့ရဲ့ 'သိပ္ပံမောင်ဝ၏ စာပေလေ့လာချက်' ဆိုတဲ့ စာတမ်းမှာ ရေးခဲ့ဖူးပါတယ်။ အမှန်ကတော့ ဆရာကြီး ဦးဖေမောင်တင်၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီနဲ့ မင်းသုဝဏ်တို့ဟာ ခေတ်စမ်းစာပေ လှုပ်ရှားမှု ပေါ်ပေါက်လာပုံ၊ ခေတ်စမ်းစာပေ လှုပ်ရှားမှုရဲ့ ဦးတည်ချက် စသည်တို့နဲ့ ပတ်သက်လို့ အခါ အခွင့်ကြုံတိုင်း ပြောခဲ့၊ ရေးခဲ့တာတွေ ရှိပါတယ်။ ဒီနည်းအားဖြင့် (ဆရာကြီး ဦးဖေမောင်တင် ဦးဆောင်တဲ့) သူတို့သုံးဦးဟာ ခေတ်စမ်းစာပေ လှုပ်ရှားမှုကို ကိုယ်တိုင် ခေါင်းဆောင်ပါဝင်ခဲ့ကြပြီး၊ ခေတ်စမ်းကို နှောင်းမျိုး ဆက်တွေဆီကို ရောက်အောင် သယ်ဆောင်လာခဲ့ ကြသူများ ဖြစ်ပါတယ်။

ဒီအထဲမှာ ထပ်ပြီး အသေးစိတ်ပြောရရင် သိပ္ပံမောင်ဝဟာ ခေတ်စမ်း စကားပြေကို ခေါင်းဆောင် ဖွံ့ဖြိုးတိုးတက်စေခဲ့သူဖြစ်ပြီး ဇော်ဂျီနဲ့ မင်းသုဝဏ် တို့ကတော့ ခေတ်စမ်းစကားပြေကိုရော၊ ကဗျာကိုပါ စိုက်ပျိုးရုံမက ရှင်သန် အောင် မြေတောင်မြှောက်ခဲ့သူများ ဖြစ်ပါတယ်။ အထူးသဖြင့် ဇော်ဂျီဟာ ခေတ်စမ်း ကဗျာကို စတင်တည်ထောင်သူ လို့တောင် ဆိုနိုင်ပါတယ်။ ၁၉၂၈ ခုနှစ်မှာ စတင် ဖွဲ့စပ်ဆိုလိုက်တဲ့ ဇော်ဂျီရဲ့ 'ပိတောက်ပန်း' ကဗျာဟာ ပထမဆုံးသော ခေတ်စမ်းကဗျာလို့ ဆိုနိုင်ပါတယ်။ 'ပိတောက်ပန်း' အရင်က ရှိခဲ့သမျှသော ကဗျာများဟာ (ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မဟာလေးချိုးကြီးများက လွဲရင်) ဂန္ထဝင် ပုံသဏ္ဌာန် စစ်စစ် ဖြစ်ခဲ့ကြပြီး 'ပိတောက်ပန်း' ကတော့ တကယ့် ခေတ်စမ်းဟန်ကို စတင်လိုက်တဲ့ ကဗျာ ဖြစ်ပါတယ်။ ခေတ်သစ် ရုရှားစာပေနဲ့ ပတ်သက်လို့ ပြောရာမှာ ဂေါ်ကီက "ကျွန်တော်တို့သည် ကုတ်အင်္ကျီမှ ဆင်းသက်လာကြသည်"လို့ ပြောခဲ့ဖူးပါတယ်။ သဘောကတော့ ခေတ်သစ် ရုရှားစာပေဟာ ဂိုဂိုးလ်ရဲ့ 'ကုတ်အင်္ကျီ'ဆိုတဲ့ ဝတ္ထုတိုကလေးက အစပြု ခဲ့တယ်လို့ ပြောတဲ့သဘောပါ။ ဒီအတိုင်းပါပဲ။ ကျွန်တော်တို့ရဲ့ မြန်မာခေတ်သစ် ကဗျာဟာလည်း ဇော်ဂျီရဲ့ 'ပိတောက်ပန်း' က ဆင်းသက်လာတယ်လို့ ပြောနိုင် ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ပိတောက်ပန်း' မတိုင်မီတုန်းက မြန်မာကဗျာဟာ သဘာဝ အကြောင်း၊ ပန်းအကြောင်း၊ ရာသီအကြောင်း၊ နက္ခတ်အကြောင်း၊ တောတောင်ရေမြေ အကြောင်းကို ခပ်ရိုးရိုး ခပ်စင်းစင်း ဖွဲ့သွားတဲ့ သရုပ်ပြ အဖွဲ့လောက်ပဲ ရှိပါတယ်။ ဦးကြော့ရဲ့ ပိတောက်ပန်းအဖွဲ့ကို ကြည့်ရင် ဒီအချက်ကို သိနိုင်ပါတယ်။ နားထောင်ကြည့်ပါ။

*လတန်ခူးပေမို့*
*အလှထူးပါဘိ*
*မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ။*
*တကယ်တမ်းသာပ*
*ဘယ်ပန်းသော် စံမတူလို့*
*နန္ဒမူဖန်ဂူရိပ်မှာ*
*ပစ္စေကာ ချွေးတော်သိပ်ရတဲ့*
*အေးရိပ်ဆာယာ။*
*တစ်နှစ်တွင်*
*သည်တစ်လသာပ*
*တစ်လတွင် တစ်ရက်တည်း*
*ခက်ခဲတဲ့ ရက်ဗုဒ္ဓါ*
*ပွင့်ရှာကြ စုံမြိုင်တွင်း။*
*မြူမင်းလွှင်ထန်*
*ကြူသင်းတာချိန်ယံမတော့*
*ဂီမှာန်လေပြန်နှောက်ခဲ့ရင် ရွှေဝတ်ဆံ*
*ငုံတံညွှောက်ကယ်က*
*သိန်သရေ*
*ထိန်ဝေလို့ တောက်တဲ့ပြင်*
*လမ်းတစ်လျှောက်မှာလ*
*ဆန်းသလောက်*
*မလင်းနိုင်ဘု*
*ပန်းပိတောက်မင်း။*





ဦးကြော့ရဲ့ ပိတောက်ပန်း ဖြစ်ပါတယ်။ လှပပြီး ပန်းပွင့်ရဲ့ သဘာဝ လောကရဲ့ သဘာဝရသဘောကို ဖော်ပြတဲ့ သရုပ်ပြ ကဗျာကလေး တစ်ပုဒ်ပါပဲ။

ဇော်ဂျီရဲ့ ပိတောက်ပန်းကတော့ ရသ သဘောတင် မကတော့ဘူး။ ဒဿနပါလာတယ်။ ကျေးဇူးပြုပြီး နားထောင်ကြည့်စေချင်ပါတယ်။

*မခူးချင်စမ်းပါနဲ့*
*နှစ်ဆန်းခါတော်မီမှီ*
*ဖမွှော်ရည် ပြေပြေလိမ်းကာပါ*
*ခပ်သိမ်းနယ်စုံသို့*
*ပွင့်ငုံကို*
*လင့်ကုန်ကြတော့လို့*
*ခေါင်းကြွကာ ဆာဝေဝေနဲ့*
*သူလည်းလေ*
*လောကီသားလိုပေါ့*
*ကြွားချင်လှပေလိမ့်မယ်။*

ပထမပိုဒ်ပါ။ ဒီအပိုဒ်မှာပဲ ဇော်ဂျီရဲ့ စိတ်ရင်း၊ ဇော်ဂျီရဲ့ စိတ်ဓာတ်ကို ကျွန်တော် မြင်လိုက်ရပါပြီ။ အဲဒီစိတ်ရင်း၊ အဲဒီစိတ်ဓာတ်ကတော့ နားလည် ခွင့်လွှတ်ခြင်းပါပဲ။ ခွင့်လွှတ်ခြင်းဟာ ဇော်ဂျီ့စိတ်ဓာတ် ဖြစ်ပါတယ်။ ပိတောက်တွေ ပွင့်တော့မယ်တဲ့။ တစ်လောကလုံး ရွှေရည်တွေ ဖုံးတော့မယ်၊ ကြည့်လေရာရာမှာ ပိတောက်ငုံ ပိတောက်ဖူးတွေက သူတို့လာတော့မယ်၊ စောင့်ကြမျှော်ကြလို့ ကြေညာနေတဲ့ပုံမျိုး၊ ခေါင်းမော့ပြီး ဝေဝေဆာဆာနဲ့ ကြွားဝါနေကြလေရဲ့။ ခြော် ကြွားချင်လည်း ကြွားပါစေ၊ သူလည်း လောကီသားလို ကြွားချင်မှာပေါ့လို့ ဇော်ဂျီက နားလည် ခွင့်လွှတ်ထားပါတယ်။ ဒီတော့ ပိတောက်ပန်းကဗျာရဲ့ ပထမအပိုဒ်ဟာ နားလည် ခွင့်လွှတ်ခြင်းကို ပြတဲ့အပိုဒ် ဖြစ်ပါတယ်။

*တသိန်တင့်ပါဘိ*
*တိမ်မြင့်ရီဖြာဖြာက*
*ကြည်သာသာ*
*ပင့်လေအဖြူးတွင်ဖြင့်*
*တီတာတာ ပွင့်ရွှေဖူးငယ်တို့*



www.burmeseclassic.com

www.burmeseclassic.com



*လည်ယှက်ကာ ဘယ်ညာ*
*လူးလေတော့*
*သူတို့လို ဘယ်သူမြူးနိုင်ပါ*
*ထူးပါဘိတယ်။*

ကြည့်စမ်းတဲ့။ ဘယ်လောက် ကျက်သရေရှိသလဲ။ ပြာနီ တိမ်တိုက်တွေ ကြားထဲက လေပြည်လေး သုတ်လိုက်တဲ့အခါမှာ ပိတောက်ဖူး၊ ပိတောက်ခိုင်တွေဟာ ဟိုဘက်ယိမ်းလိုက်၊ သည်ဘက်ယိမ်းလိုက်နဲ့ ငှက်တွေ လည်ချင်းယှက်နေကြသလိုပဲတဲ့။ မြူးနေလိုက်ကြတာ။ ဘယ်လောက်များ မြူးနေလိုက်ကြသလဲ။ ဘယ်လောက်များ ပျော်နေလိုက်ကြသလဲ။ ဘယ်လောက်များ ရွှင်နေလိုက်သလဲ။ သူတို့လို ဘယ်သူတွေ မြူးနိုင်သလဲ။ သူတို့လို ဘယ်သူတွေ ပျော်နိုင်သလဲ။

ဇော်ဂျီဟာ မြူးနေတဲ့ ပိတောက်ပန်းတွေကို မြင်တယ်။ ပျော်နေတဲ့ ပိတောက်ပန်းတွေကို မြင်တယ်။ ဒီပိတောက်ပန်းတွေနဲ့အတူ သူ့စိတ်ဟာ မြူးနေတယ်။ ပျော်နေတယ်။ ပိတောက်တွေ မြူးတာကို ကြည့်ပြီး မုဒိတာပွားနေတယ်။ သူတစ်ပါးပျော်တာ၊ သူတစ်ပါးမြူးတာ၊ သူတစ်ပါး ချမ်းသာတာကို ကြည့်ပြီး မှုဝေခံစားတာဟာ မုဒိတာ ဖြစ်ပါတယ်။ ဒါကြောင့် ပိတောက်ပန်းကဗျာရဲ့ ဒုတိယအပိုဒ်ဟာ ဇော်ဂျီရဲ့ မုဒိတာ စိတ်ကို ပြနေပါတယ်။ ဒီမုဒိတာစိတ်ဟာလည်း ဇော်ဂျီ့စိတ်ရင်း၊ ဇော်ဂျီ့ စိတ်ဓာတ် ဖြစ်ပါတယ်။

တတိယအပိုဒ်ကတော့ ဇော်ဂျီရဲ့ အကောင်းမြင်ဝါဒကို ဖော်ပြနေတဲ့အပိုဒ်လို့ ဆိုချင်ပါတယ်။ ဘယ်လိုများ အကောင်းမြင်သလဲ။

*တဝါဝါ ဆင်သက်နှံးရယ်က*
*ကမ္ဘာမှာ ဘဝင်ချမ်းစေတဲ့*
*သာသနာ ရှင်ရှင်လန်းအောင်လို့*
*တမင်မှန်းကာပ သတိဆွယ်*
*ရည်ရွယ်တော့သလား။*

ပိတောက်ပန်းတွေ ဒီလောက် ဝါဝင်းထိန်ဝေနေတာဟာ ဘာကို ရည်ရွယ်တာလဲ။ ဘာကြောင့်လဲလို့ ဇော်ဂျီက သူ့ကိုယ်သူ ပြန်မေးပါတယ်။ ကမ္ဘာကြီး ငြိမ်းချမ်းအောင်၊ ဗုဒ္ဓသာသနာ ရှင်လန်းအောင်၊ ပရိယတ္တိ





ပဋိပတ္တိ၊ ပဋိဝေဓ စတဲ့ သာသနာသုံးရပ်ကို ကိုးကွယ်ဆည်းကပ်နိုင်အောင် လူတွေကို သတိပေး လှုံ့ဆော်ချင်တဲ့အတွက် ပိတောက်ပန်းတွေဟာ ဒီလောက် ဝါဝင်းနေကြတာလား။ ဒီလောက် ထိန်ဝေနေကြတာလား။ လူတွေကို ကပ်သုံးပါးကျော်လွှန်နိုင်အောင် အားထုတ်ကြလို့ သတိပေးတဲ့ အနေနဲ့ ဒီလို ရွှေရောင်တောက်နေတာများ ဖြစ်နေလေရော့သလားလို့ ဇော်ဂျီက သူ့ကိုယ်သူ ပြန်မေးနေပါတယ်။ ပိတောက်ရဲ့ အဝါရောင်ထဲမှာ သက်နှံးကို မြင်လိုက်တဲ့ ဇော်ဂျီရဲ့ အမြင်ဟာ ငြိမ်းချမ်းမှုကို လိုလားတဲ့ ဇော်ဂျီရဲ့ အမြင်။ ဘာသာတရားကို ကိုင်းရှိုင်းတဲ့ ဇော်ဂျီရဲ့ အမြင်၊ အကောင်းအမွန်ကိုသာ ကြည့်တတ်တဲ့ ဇော်ဂျီရဲ့ အကောင်းမြင်ဝါဒကို ဖော်ပြနေပါတယ်။

*ခူးပါနဲ့ကွယ်*
*ပွင့်ဖူးမှာ အဝါခြယ်၍*
*မာလာအလယ်မှာ*
*နွဲ့ချင်တဲ့ နှလုံးရယ်ကြောင့်*
*နှစ်ဆုံးကုန် အတာဝင်သို့*
*မာန်အင်ကို ညာဏ်ဆင်*
*မွေးကာဖြင့်*
*အရေးအခါသာမှ*
*ခမျာမှာ*
*တစ်ဂုဏ်ဆန်းရတယ်*
*ပန်းပိတောက်များ။*

ဇော်ဂျီများ စာနာစိတ်၊ ကရုဏာစိတ်၊ သမ္မဇဉ်စိတ်တို့ကို ပြလိုက်တဲ့အပိုဒ်ပါပဲ။ ရွှေရောင်တွေ ခြယ်ထားတဲ့ ပိတောက်ပန်းဟာ နှစ်ဦးမှာ ပွင့်တဲ့တခြား ပန်းတွေလိုပဲ ပန်းပွဲတော်ကြီးထဲမှာ ပါချင်မှာပေါ့တဲ့။ သွားပြီး မခူးလိုက်ပါနဲ့တဲ့။ သူ့ခမျာမှာ နှစ်ကုန်ပြီး အတာကူးချိန်မှာ ပျော်ဖို့အတွက် တစ်နှစ်လုံးစောင့်ခဲ့ရတာပါတဲ့။ ခုလို အရေးအခွင့်ကြုံမှ သူ့ဂုဏ်ပုဒ်ကလေးကို သူ ထုတ်ပြရတာမို့ မြူးခွင့်၊ ပျော်ခွင့်၊ ဖူးခွင့်၊ ပွင့်ခွင့်၊ ဝင်းခွင့်၊ ဝါခွင့် ပေးလိုက်ပါလို့ ဇော်ဂျီက ကရုဏာစိတ်၊ စာနာစိတ်၊ သမ္မဇဉ် စိတ်နဲ့ ပိတောက်ပန်းအတွက်ရှေ့နေလိုက်ပေးပါတယ်။ ဒါဟာ ဇော်ဂျီ့ စိတ်ရင်း၊ ဇော်ဂျီ့ စိတ်ဓာတ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ပန်း ကဗျာဟာ ၁၉၂၈ ခုနှစ်က ရေးခဲ့တဲ့ကဗျာ ဖြစ်တဲ့အတွက် ခုဆိုရင် နှစ်ပေါင်း ၇၀ ကျော် ရှိသွားပါပြီ။ အနှစ် ၇၀ ကြာသည့်တိုင် ပိတောက်ပန်းဟာ လန်းဆန်းနေတုန်းပါပဲ။ မွှေးပျံ့ နေတုန်းပါပဲ။ ရွှေရောင် တောက်နေတုန်းပါပဲ။ ဒီကဗျာဟာ မြန်မာကဗျာသစ်မှာ ပထမဆုံး ပေါ်ပေါက်လာတဲ့ ကဗျာဖြစ်ပါတယ်။ အတွေးသစ် ကဗျာသစ်ကို ဖော်ပြလိုက်တဲ့ ပထမဆုံးသော ခေတ်သစ်ကဗျာ ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်သစ်မြန်မာကဗျာဟာ ပိတောက်ပန်းက ဆင်းသက်လာတယ်လို့ ကျွန်တော် ပြောခြင်းပါ။

ဇော်ဂျီရဲ့ ကဗျာတွေကို သူကိုယ်တိုင် အစုငယ်ကလေးတွေ ခွဲထားပစ်ခဲ့ပါတယ်။ အဲဒါတွေကတော့ ရှေ့ပြေးကဗျာ၊ ပိတောက်ရွှေဝါ ကဗျာစု၊ ဗေဒါလမ်း ကဗျာစု၊ ညီသစ်ဆင်း ကဗျာစု၊ ပုဂံ ကဗျာစုတို့ ဖြစ်ပါတယ်။ ရှေ့ပြေးကဗျာစုဟာ တေးထပ်၊ ရှစ်ဆယ်ပေါ် တေးထပ်၊ လေးဆစ်၊ စည်တော်သံ၊ ရတုပိုဒ်စုံ၊ ဘြဲ့ချိုးစာတောင့်လေးချိုး စတဲ့ ဂန္ထဝင်ကဗျာ ပုံသဏ္ဌာန်တွေဖြစ်ပြီး ၁၉၂၄ ခုနှစ်ကနေ ၁၉၂၈ ခုနှစ် အတွင်းစပ်တဲ့ ကဗျာတွေဖြစ်ပါတယ်။

ပိတောက်ရွှေဝါ ကဗျာစုကတော့ ကျွန်တော် စောစောက ပြောခဲ့တဲ့ ပိတောက်ပန်း ကဗျာကစပြီး အပုဒ်ပေါင်း ၈၀ လောက် ရှိပါတယ်။ ဒီကဗျာစုဟာ ခေတ်စမ်းခေတ်ကို အစပျိုးလိုက်တဲ့ ပိတောက်ပန်း ကဗျာစုတွေ ဖြစ်တဲ့အတွက် အကြောင်းအရာစုံ၊ ဘာသာရပ်အစုံ ပါပါတယ်။ အဖွဲ့ကလည်း လေးလုံးစပ်နဲ့ သံချိုကဗျာတွေ များပါတယ်။ ခေတ်စမ်းကို အဓိက ကိုယ်စားပြုနိုင်တဲ့ ကဗျာတွေပါပဲ။ ဒီကဗျာစုတွေ ထဲမှာ အင်္ဂလိပ် ရိုမန်းတစ်ဝါဒရဲ့ဩဇာကို အများကြီး တွေ့ရပါတယ်။ ဗေဒါလမ်းကဗျာစုကတော့ ဇော်ဂျီရဲ့ ဒဿနကဗျာလို့ပဲ ကျွန်တော် ပြောချင်ပါတယ်။

ပုဂံကဗျာစုကတော့ ပုဂံနဲ့ ပတ်သက်တဲ့ အတွေးတွေပေါ့လေ။ ပုဂံဆိုတာ မြန်မာ့ကျက်သရေ။ ဒီတော့ လွတ်လပ်ရေးကို တောင့်တ မျှော်မှန်းတာတွေ၊ အတိတ်ကို ပြန်တူးဆွတာတွေ၊ ဇာတိမာန်ကို လှုံ့ဆော်တာတွေဟာ ပုဂံကဗျာရဲ့ စိတ်ရင်းပါ။

ညီသစ်ဆင်း ကဗျာများကတော့ နှောင်းမျိုးဆက်တွေကို ပေးခဲ့တဲ့ ကဗျာတွေ ဖြစ်ပါတယ်။ အဲဒီကဗျာတွေထဲမှာ ဇော်ဂျီက နှောင်းမျိုးဆက်တွေ သတိသမ္ပဇဉ်တရားကို လက်ကိုင်ထားဖို့ အတိတ်က မှားခဲ့တဲ့ အမှားမျိုးတွေကို





ရှောင်ဖို့ သတိပေးပါတယ်။

အဲဒီ ကဗျာစုတွေအပြင် ကျွန်တော် ကိုယ်တိုင် ထပ်ပြီး ခွဲချင်တဲ့ ကဗျာစုတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ ဇော်ဂျီ ကဗျာစုပါ။ ကဗျာဆရာကြီး ဇော်ဂျီဟာ ဇော်ဂျီကို တော်တော်နှစ်သက်ပုံ ရပါတယ်။ ဇော်ဂျီရဲ့ မသေဆေးကို လိုက်ရှာတဲ့ ဖွဲ့လုံ့လကို နှစ်သက်တာလား၊ စေတစ်လုံးပိုင်တဲ့ တန်ခိုးတေဇော်ကို နှစ်သက်တာလား၊ ဒါမှမဟုတ် သူတစ်ပါး အကျိုးကို ဆောင်တတ်တဲ့ ဇော်ဂျီရဲ့ သဘာဝကိုပဲ နှစ်သက်တာလား။ အားလုံးကိုပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်။ ဒါကြောင့် ကဗျာဆရာကြီး ဇော်ဂျီဟာ ဇော်ဂျီ ဆိုတဲ့ ကလောင် အမည်ကို ယူခဲ့တာဖြစ်မယ် ထင်ပါတယ်။

ဇော်ဂျီဟာ ဇော်ဂျီဆိုတဲ့ ကလောင်အမည်ကို ယူရုံတင်မကဘူး၊ ဇော်ဂျီရဲ့ အကြောင်းကိုလည်း ကဗျာတစ်ပုဒ်မကဖွဲ့ခဲ့ပါသေးတယ်။ ဒါကြောင့်မို့ ကဗျာဆရာကြီး ဇော်ဂျီရဲ့ ကဗျာစုတွေထဲမှာ ဆိုခဲ့တဲ့ ကဗျာစုတွေအပြင် ဇော်ဂျီ ကဗျာစုဆိုပြီး တစ်ခန်းတစ်ကဏ္ဍ ထည့်ချင်ပါသေးတယ်။ ကျွန်တော် တွေ့သလောက်ဆိုရင် ကဗျာဆရာကြီး ဇော်ဂျီရဲ့ ဇော်ဂျီကဗျာ လေးပုဒ်ရှိပါတယ်။ ပထမ ဇော်ဂျီကဗျာကို ၁၉၃၆ ခုနှစ်မှာ စပ်ပါတယ်။ သူ့ကဗျာဟာ ဇာတ်စင်ပေါ်က တောတောင်စုံမြိုင် ကားလိပ်ကြီးရဲ့ရှေ့မှာ ဇော်ဂျီ ထွက်လာတဲ့ပုံကို မျက်စိထဲမှာ မြင်ယောင်လာပါတယ်။ ဒါကြောင့် အဲဒီ ကဗျာဟာ ဇော်ဂျီ ထွက်ခန်းလို့ပဲ ကျွန်တော် ခေါ်ချင်ပါတယ်။ ဆရာကြီး ဇော်ဂျီက သူ့ကဗျာကို 'ဇော်ဂျီ'လို့ ရိုးရိုးပဲ အမည်ပေးထားပါတယ်။ ဘယ်လို ဇော်ဂျီပါလဲ။

ဖေဇော်ဂျီ
အနီဆင်သလို
ယဉ်လှပုံထူး။
အလို. . . ရှုစမ်းပါ
မြိုင်တန်းမှာ
မာန်အကြိမ်းတွေနဲ့
ရှိန်းသတ်လို့ မြူး။

တောတောင်စုံမြိုင်ထဲမှာ တောင်ဝှေးကို ထမ်းပြီး မြူးထူးနေတဲ့ ဇော်ဂျီ၊ ဆေးကြိတ်နေတဲ့ ဇော်ဂျီ၊ သူယောင်မယ်တွေနဲ့ ကခုန်နေတဲ့ ဇော်ဂျီပြဒါးရှင်



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈။ တရုတ်စာရေးဆရာကြီး ဆောင်ဖူချင်းနှင့် ကောက်ငိုတို့၏ 'ခန်းဆောင်နီ အိပ်မက်' ဝတ္ထုဖြင့် 'အမျိုးသားစာပေ ဘာသာပြန် (ရသ)ဆု' ကို တတိယအကြိမ် ရခဲ့သည်။

၁၉၉၂။ ပြင်သစ်စာရေးဆရာ ဒိုမိနီ လာပီယဲ၏ 'သုခမြို့တော်' ဘာသာပြန် ဝတ္ထုဖြင့် စတုတ္ထအကြိမ် 'အမျိုးသားစာပေ ဘာသာပြန်ဆု' ကို ရသည်။

၁၉၉၅။ ပြင်သစ် စာရေးဆရာ ဒိုမိနီ လာပီယဲ၏ 'အချစ်မိုးကောင်းကင်' ဘာသာပြန်ဝတ္ထုဖြင့် ပဉ္စမအကြိမ်'အမျိုးသားစာပေ ဘာသာပြန် (ရသ)ဆု' ကို ရသည်။

၁၉၉၈။ ဖေဖော်ဝါရီ၊ ၁၈ ရက်၊ ည ၉း၁၅ တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်မမနှင့် သမီးနှစ်ယောက်၊ သားနှစ်ယောက် ကျန်ရစ်ခဲ့သည်။



ဆရာမြသန်းတင့်၏ ကလောင်ခွဲများ

၁။ တောယွှမ်း
၂။ ဇောတိက
၃။ ထက်အောင်
၄။ ပါမောက်နှင့် ပါနောက်
၅။ မြသန်း
၆။ မြသန်းတင့်
၇။ မောင်သစ်တည်
၈။ မင်းနန္ဒာ
၉။ မေမေလှိုင်
၁၀။ ရဲအောင်ဇေ
၁၁။ အုတ်လှငယ်
၁၂။ ဥပဒေ သုတေသီတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



လုံးကို လိုက်ဖမ်းနေတဲ့ ဇော်ဂျီကို မျက်စိထဲမှာ မြင်ယောင်လာစေပါတယ်။ နားထဲမှာ ဇော်ဂျီ ဆိုင်းသံကို ကြားယောင်လာစေပါတယ်။

နောက် ဇော်ဂျီကဗျာ တစ်ပုဒ်ကတော့ ၁၉၃၆ ခု၊ ဧပြီလထဲမှာ ရေးတယ် လို့ ဇော်ဂျီကဗျာပေါင်းချုပ်မှာ ပါပါတယ်။ အဲဒီကဗျာကတော့ 'သည်အရေး' ဆိုတဲ့ ကဗျာပါ။

*ပြဒါးရှင်*
*ပေးချင်ငဲ့ ခုအရေး*
*ဇော်ဂျီမောင် ငါမစစ်လို့*
*စိတ်ညစ်တယ်လေး။*

ရုတ်တရက် ဖတ်လိုက်တော့ ဒီကဗျာကလေးက လွယ်လွယ်ရှင်းရှင်း ကလေးပါ။ ဘာမျှ နားမလည်စရာ မရှိပါဘူး။ ဇော်ဂျီက ပြဒါးရှင်လုံးကို ပေးချင်တယ်။ ဒါပေမဲ့ သူကိုယ်တိုင်က ဇော်ဂျီအစစ် မဟုတ်လို့ မပေးနိုင်တဲ့အတွက် စိတ်ညစ်နေတယ်လို့ လွယ်လွယ်ပဲ ရေးထားပါတယ်။ ဒါပေမဲ့ ခက်နေတာ၊ နားမလည်နိုင် ဖြစ်နေတာက 'သည်အရေး' ဆိုတဲ့ ခေါင်းစဉ်နဲ့ ကဗျာထဲမှာပါတဲ့ 'ပေးချင်ငဲ့ ခုအရေး' ဆိုတဲ့ စကားလုံးတွေ ဖြစ်ပါတယ်။ တစ်ခါမှာ ဇော်ဂျီနဲ့ဆုံတော့ ကျွန်တော်က အဓိပ္ပာယ်ကို မေးပါတယ်။ ခေါင်းစဉ်မှာပါတဲ့ သည်အရေးဆိုတဲ့ စကားနဲ့ ကဗျာထဲက ခုအရေးဆိုတာ ဘာကိုပြောတာလဲ ဆရာပေ့ါ၊ ကျွန်တော်က မေးကြည့်တယ်။

ဒီတော့မှ ဆရာက အဲဒီကဗျာလေးရဲ့ ဗျုပ္ပတ်ကို ရှင်းပြပါတယ်။ အဲဒီ ကဗျာကလေးက ၁၉၃၆ ခုနှစ်မှာ စပ်တာပါ။ အဲဒီတုန်းက ၁၉၃၆ ခု၊ တက္ကသိုလ် ဒုတိယသပိတ်ကြီး မှောက်နေပါတယ်။ ကျောင်းသား၊ ကျောင်းသူ တွေက ရွှေတိဂုံဘုရားပေါ်မှာ သပိတ်စခန်း ဖွင့်နေကြတယ်။ ကျောင်းသူတွေက မော်လမြိုင်ဇရပ်မှာ စခန်းချကြတယ်။ ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်က အဲဒီတုန်းက တက္ကသိုလ်မှာ ဆရာတွေ ဖြစ်နေကြပြီး သူတို့က ကျောင်းသား မဟုတ်တော့ဘူး။ သပိတ်ထဲမှာ မပါဘူး။ အစိုးရ ဝန်ထမ်းတွေ။ တစ်ညတော့ ဆရာနှစ်ဦးက မော်လမြိုင်ဇရပ်မှာ စခန်းချနေတဲ့ တပည့်သပိတ်မှောက် ကျောင်းသူတွေဆီကို သွားလည်ကြတယ်။ အားပေးထောက်ခံတဲ့ သဘောလည်း ပါတာပေ့ါ။ ဒီမှာ သပိတ်မှောက် ကျောင်းသူတွေက အော်တို အရေးခိုင်းကြ





တယ်။ စောစောက ပြောခဲ့တဲ့ ကဗျာကလေးက မအေမာဆိုတဲ့ သပိတ်မှောက် ကျောင်းသူတစ်ယောက်ရဲ့ အော်တိုစာအုပ်ထဲမှာ ရေးပေးခဲ့တဲ့ ကဗျာကလေး။ 'သည်အရေး' ဆိုတာ တက္ကသိုလ်သပိတ်မှောက် ကျောင်းသူ၊ ကျောင်းသားတွေ ရဲ့ အရေးကို ပြောတာ။ သူ့မှာ ပြဒါးရှင်လုံးသာရှိခဲ့ရင် သူတို့ တောင်းဆိုတဲ့ အရေးကို ပေးလိုက်ချင်တယ်တဲ့။ ဒါပေမဲ့ သူက ဇော်ဂျီအစစ် မဟုတ်တော့ သူတို့ တောင်းဆိုထားတဲ့အရေးကို မပေးနိုင်လို့ စိတ်ညစ်ရတယ်တဲ့။

တော်တော်အရေးကြီးတဲ့ ကဗျာကလေးပါ။ ကြည့်တော့သာ ဘာမှ မဟုတ်ပေမယ့် နောက်ခံသမိုင်းနဲ့ ဆက်စပ်ပြီး ကြည့်လိုက်တဲ့ အခါမှာ ဒီကဗျာ ဟာ ဇော်ဂျီရဲ့ သမိုင်းအမြင်ကို အကဲဖြတ်ရာမှာ ဇော်ဂျီရဲ့ စာကို အကဲဖြတ်ရာ မှာ တော်တော် အရေးကြီးပါတယ်။ အကြောင်းကိစ္စ တစ်ခုခုကို ခြေခြေမြစ်မြစ် သိချင်ရင် သမိုင်းနဲ့ ကင်းကွာပြီး ကြည့်လို့ မရပါဘူး။ သမိုင်းနောက်ခံနဲ့ အမြဲ ဆက်စပ်ကြည့်မှသာ အမှန်ကို သိနိုင်ပါတယ်။

အဲဒီကဗျာကလေးကို ရေးပေးခဲ့ရာ အော်တို စာအုပ်ပိုင်ရှင် သပိတ် မှောက် ကျောင်းသူ မအေမာဆိုတာ လူထုဒေါ်အမာပါ။ ကျွန်တော်က အဲဒီ ကဗျာကလေးအကြောင်းကို ဆောင်းပါးတစ်စောင် ရေးလိုက်ပါတယ်။ အဲဒီ နောက် မန္တလေးကို ရောက်သွားတော့ ကျွန်တော့်ဆောင်းပါးကို ဖတ်ပြီးသားဖြစ် နေတဲ့ ဒေါ်အမာက ကျွန်တော့်ဆောင်းပါးထဲမှာပါတဲ့ ကဗျာရေးတဲ့ နေ့စွဲကို ပြင်ပေးပါတယ်။ ကျွန်တော့်ဆောင်းပါးထဲမှာ 'သည်အရေး' ကဗျာကို ဇော်ဂျီရေးတဲ့ နေ့စွဲကို ၁၉၃၆၊ ဧပြီလလို့ ရေးထားပါတယ်။ ဒါက ကဗျာပေါင်းချုပ်ထဲမှာပါတဲ့ နေ့စွဲကို ရေးထားတာ ပါ။ ဒေါ်အမာက ဒီနေ့စွဲဟာ မှားနေတယ်တဲ့။ ဒီကဗျာကို ရေးတဲ့ ရက်စွဲဟာ ၁၉၃၆ ခု၊ မတ်လတဲ့။ သူ့ အော်တိုထဲမှာ ရေးခဲ့တာဆိုပြီး အဲဒီတုန်းက ရေးခဲ့တဲ့ အော်တိုစာအုပ် အဟောင်း ကလေးကို သိမ်းထားရာက ထုတ်ပြပါတယ်။ ဟောင်းနွမ်းဝါကြင်နေတဲ့ စာရွက်ပေါ်မှာ ဖျော့တော့ မှေးမှိန်စပြုနေတဲ့ ဇော်ဂျီရဲ့ လက်ရေးနဲ့ ကဗျာကလေးကို ကျွန်တော် တွေ့ရပါတယ်။

နောက် ဇော်ဂျီကဗျာ တစ်ပုဒ်ကတော့ 'ဇော်ဂျီနဲ့ ရှိန်းဆာယာ' လို့ ခေါင်းစဉ်တပ်တဲ့ ကဗျာဖြစ်ပြီး ၁၉၈၄ ခုနှစ်၊ ဆရာမင်းသုဝဏ်ရဲ့ ကန်တော့ပွဲမှာ ဝေတဲ့ကဗျာလေး ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



*ရုပ်သေးစင်ပေါ်*
*ဇော်ဂျီနဲ့ တောင်ဝှေး*
*အခုန်အပျံနှင့်*
*သူ့ဟန်ကို သည်ဖေကြည့်*
*မောမိတယ်လေး။*

ဇာတ်စင်ပေါ်မှာ ဇော်ဂျီ ထွက်လာတယ်။ သူတစ်ဦးတည်းရယ်။ ဘယ်သူမှ မရှိဘူး။ ခုန်လိုက်ပျံလိုက်။ ဆေးတောင်ဝှေးကိုကိုင်ပြီး ငါ့လိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား ဆိုတဲ့ဟန်မျိုးနဲ့ ဝင့်ကြွားနေတဲ့ ဇော်ဂျီရဲ့ပုံကို မြင်လာတယ်။ ရှိန်းဆာယာ ပြီးသွားလို့ ကိုယ်ပျောက်နိုင်ပြီလေ။ စေတစ်လုံး ရပြီလေ။ ဖန်ဆင်းသမျှ ဖြစ်နေပြီလေ။ နုနယ် ပျိုမျစ်ခြင်းကို လိုချင်သလား။ ရတယ်။ သူယောင်မယ်ကို လိုချင်သလား၊ ရတယ်။ သံတို့ ရွှေတို့ ပြဒါးတို့ လိုချင်သလား၊ ရတယ်။ ဟာရိုးရော်ဘင်ရေးတဲ့ ဇာနာဒူးဆိုတဲ့ မသေဆေးမျိုးကို လိုချင်သလား၊ ရတယ်။ လောကမှာ မရတာဆိုလို့ ဘာမှမရှိ။ မဖြစ်တာဆိုလို့ ဘာမှမရှိ။ စေတစ်လုံး ပိုင်ပြီ။ မော်နိုင်ပြီ။ ကြွားနိုင်ပြီ။ ဝင့်ဝါနိုင်ပြီ။ လောကကြီးတစ်ခုလုံး ကိုယ့်လက်ထဲမှာ မှောက်လိုမှောက်၊ သွန်လိုသွန် လုပ်နိုင်ပြီ။ ကဲ ဘာလိုသေးသလဲ။ ဘာမှ မလိုတော့ဘူး။ ဒီမှာတင် ဇော်ဂျီဟာ ဇာတ်စင်ပေါ်မှာ တစ်ယောက်တည်း ခုန်ပျံနေတယ်။ ဘဝင်မြင့်နေတယ်။ မောက်မာနေတယ်။ မော်ကြွားနေတယ်။ သူ့ရဲ့ဟန်ကို ကဗျာဆရာက ကြည့်ပြီး မောနေတယ်တဲ့။

ကဗျာဆရာက ဇာတ်စင်ပေါ်က မောက်မာဝင့်ကြွားနေတဲ့ ဇော်ဂျီကို ကြည့်ရင်း မောရုံတင် မကဘူး။ စိုးလည်း စိုးရိမ်နေတယ်။ ကဗျာ ဆရာကတော့ သင်္ခါရသဘောကို နားလည်သူကိုး။ ဒီတော့ ဇာတ်စင်ပေါ်မှာ တစ်ဦးတည်း မောက်မာ ဝင့်ကြွားနေတဲ့ ဇော်ဂျီကို ကြည့်ပြီး မောရုံသာ မဟုတ်ဘူး။ သူ့အတွက်လည်း စိုးရိမ်မိပြန်တယ်။ ကဗျာဆရာ ဘာကို စိုးရိမ်ပါသလဲ။

*ရှိန်းဆာယာပိုမောက်*
*ကိုယ်ပျောက်သည့် တန်ခိုး။*
*ရှိန်းဆာယာ*
*သည်ဖေကြောက်*
*စိတ်ပျောက်မှာစိုး။*





ဇော်ဂျီဟာ ရှိန်းဆာယာ ပိုမောက်ပြီး ကိုယ်ပျောက်တဲ့တန်ခိုးတွေ ရသွားပြီ။ ခု ကိုယ်ထင်ပြချင်သလား၊ ရတယ်။ ခု ကိုယ်ပျောက်ချင်သလား၊ ရတယ်။ ခု သိုးငယ် ယောင်ဆောင်ချင်သလား၊ ရတယ်။ ခု ဝံပုလွေ ဖြစ်ချင် ယောင်ဆောင်ချင်သလား၊ ရသေးတယ်။ ရှိန်းပြီးသွားတော့ ကိုယ်ပျောက်နိုင်တယ်။ ကိုယ်ပျောက်တာလောက်ကတော့ ကဗျာဆရာ ဒီလောက် မစိုးရိမ်ပါဘူး။ ဒါပေမဲ့ စိတ်ပျောက်သွားမှာကိုတော့ စိုးရိမ်တယ်တဲ့။ စိတ်ပျောက်တယ် ဆိုတာ တန်ခိုးတေဇော်မာန်ယစ်ပြီး လူစိတ် ပျောက်သွားတာ။ ဗြဟ္မစိုရ်တရားကို ပွားများလိုစိတ်တွေ ပျောက်သွားတာ။ လူအချင်းချင်း မေတ္တာ၊ ကရုဏာထားတတ်တဲ့ စိတ်တွေ ပျောက်သွားတာ ကို ပြောတာပါ။ တန်ခိုးတွေ သိပ်ကြီးပြီး လူစိတ်ပျောက်သွားမှာကိုတော့ ကဗျာဆရာ စိုးရိမ်ပါတယ်တဲ့။

အမေရိကန် ကဗျာဆရာ ရောဘတ်ဖရော့စ်က ကဗျာဟာ ပီတိနဲ့စပြီး ပညာနဲ့ ဆုံးတယ် (Poetry begins in delight and ends in wisdom) လို့ ပြောခဲ့ဖူးပါတယ်။ ကဗျာရေးသူအဖို့ရော၊ ကဗျာဖတ်သူ အဖို့ရော ဒီအတိုင်းပါပဲ။ ကဗျာဆရာဟာ ခံစားချက်တစ်ခုကို ရလို့ ပီတိ ဖြစ်သွားတယ်။ ဒီတင် ကဗျာတစ်ပုဒ်ကို ကောက်စပ်လိုက်တယ်။ စရေးလိုက်တုန်းကတော့ ပီတိဖြစ်လို့ ရေးလိုက်တာပဲ။ ဒါပေမဲ့ ကဗျာ ဆုံးသွားတဲ့အခါမှာ ဉာဏ်အလင်းကို ရလိုက်တယ်။ သမ္မဒိဋ္ဌိတရားကို ရလိုက်တယ်။ သမ္မဒိဋ္ဌိတရားဆိုတာ အမျှားအပြားကို သိတဲ့ ပညာကို ခေါ်တာပါ။

ဖတ်သူအဖို့မှာလည်း ဒီအတိုင်းပါပဲ။ ကဗျာတစ်ပုဒ်ကို ဖတ်လိုက်တယ်။ ကြည်နူးသွားတယ်။ ကျေနပ်သွားတယ်။ အားရသွားတယ်။ ဖတ်ရင်းဖတ်ရင်းနဲ့ ဆုံးသွားတဲ့အခါမှာ သြော် . . . ဒီလိုပါလားဆိုတဲ့ အသိတရားကို ရသွားတယ်။ ဉာဏ်အလင်းကို ရသွားတယ်။ ဇော်ဂျီရဲ့ ကဗျာတွေကို ဖတ်ကြည့်လိုက်ရင် ဒီအတိုင်းပဲ ခံစားရပါတယ်။ ပိတောက်ပန်း ကဗျာကို ဖတ်တုန်းကလည်း ဒီအတိုင်းပါပဲ။ ပိတောက်တွေ ပွင့်တာကိုမြင်တော့ ကြည်နူးတယ်၊ ပျော်တယ်။ ကျေနပ်တယ်။ ဒါပေမဲ့ အဆုံးမှာ စောစောက ကျွန်တော် ပြောခဲ့တဲ့ ခွင့်လွှတ်တတ်မှု၊ မုဒိတာ ပွားတတ်မှု၊ အကောင်းမြင်တတ်မှု၊ စာနာမှု စတဲ့ အသိတွေကို ရလိုက်တယ်။ ဒါဟာ ကဗျာရဲ့ကိစ္စ ပြီးမြောက်တာပါပဲ။

စောစောက ပြောခဲ့တဲ့ ဇော်ဂျီကဗျာမှာ ကဗျာဆရာကြီး ဇော်ဂျီက

www.burmeseclassic.com



ရှိန်းဆာယာက ပိုမောက်လို့ ကိုယ်ပျောက်တတ်တဲ့အကြောင်း၊ ကိုယ်ပျောက်ရုံနဲ့ အကြောင်းမဟုတ်သော်လည်း စိတ်ပျောက်မှာကို စိုးရိမ်တဲ့အကြောင်း ပွဲကြည့်ဝရိသတ်အနေနဲ့ သူ ရင်မောနေရပုံကို ပြောသွားပါတယ်။

ဒါတင်မကဘူး။ စိတ်ပျောက်သွားရင် ထင်ရာစိုင်းတတ်တဲ့အကြောင်း၊ မှိုင်းပျတတ်တဲ့အကြောင်း၊ လောဘတွေ မာနတွေ ကြီးလာတတ်တဲ့အကြောင်း၊ အဲဒီလို ဖြစ်လာရင် ဗိုလ်ကျချင်တတ်တဲ့အကြောင်းကို ပြောသွားပြီး အဲဒီစိတ်တွေ ပျောက်အောင် နည်းလမ်းတစ်ခုကို ပြောသွားပြီး အဲဒီနည်းနဲ့ စမ်းကြည့်စမ်းပါလို့ တိုက်တွန်းသွားပါတယ်။ အဲဒီ အကြောင်းကို စမ်းကြည့်ဖို့ပဲဆိုတဲ့ ကဗျာကလေးနဲ့ ပြောထားပါတယ်။ ဒီကဗျာကလေးကလည်း ၁၉၈၅ ခု ဆရာမင်းသုဝဏ်ရဲ့ မွေးနေ့မှာဝေတဲ့ ကဗျာကလေး ဖြစ်ပါတယ်။ နားထောင်ကြည့်ပါ၊

*ရှိန်းဆာယာပိုမောက်*
*ကိုယ်ပျောက်၍*
*စိတ်ပျောက်လျှင်*
*ဆာယာရှင် ထင်ရာစိုင်း*
*ရှိုင်းပျအစဉ်။*
*လောဘနဲ့ မာနယှဉ်*
*ဗိုလ်ကျချင်အမြဲ။*
*အနိစ္စာ ထိုအသိ*
*သတိခံ ခိုင်သလောက်ဖြင့်*
*ပျောက်စိတ်ကို*
*ရှာလျှင် မိပါလိမ့်*
*စမ်းကြည့်ဖို့ပဲ။*

ကဗျာဆရာကြီး ဇော်ဂျီက ရှိန်းဆာယာ ရလို့ ကိုယ်ပျောက်ပြီး စိတ်ပျောက်သွားတဲ့ ဇော်ဂျီကို ပျောက်စိတ်ကို လိုက်ရှာတဲ့နည်းကို ပေးပါတယ်။ သူ့နည်းကတော့ ဗုဒ္ဓဟောခဲ့တဲ့နည်းပါ။ ဖြစ်ပျက်တရားကို ရှုမှတ်ဖို့၊ အနိစ္စတရားကို နှလုံးသွင်းဖို့ ဖြစ်ပါတယ်။ အဲဒီတရားကို ရှုမှတ် နှလုံးသွင်းရင်ဖြင့် ပျောက်စိတ်ကို ရှာလို့တွေ့လိမ့်မယ်၊ စမ်းကြည့်ပါလို့ ထင်ရာစိုင်းနေတဲ့





ဆာယာရှင်ကို တိုက်တွန်းထားပါတယ်။

ဇော်ဂျီရဲ့ ကဗျာဟာ တစ်လောကလုံးနဲ့ သက်ဆိုင်ပါတယ်။ လူတစ်ယောက်ရဲ့ ပုဂ္ဂလိက ခံစားမှုသက်သက် မဟုတ်ပါဘူး။ ကြည့်လိုက်ရင် ပုဂ္ဂလိက ဆန်သလို ထင်ရပေမဲ့ ဒိဋ္ဌဓမ္မတရား ဖြစ်နေပါတယ်။ သီးခြား ဆန်သလို ထင်ရပေမယ့် ယေဘုယျသဘောကို ဆောင်နေပါတယ်၊ ဒီအစိတ်အပိုင်းကလေးတစ်ခုလို့ ထင်ရပေမယ့် တစ်ခုလုံး ဖြစ်နေပါတယ်။ ဒီသဘောကို ဗေဒါလမ်း ကဗျာတွေထဲမှာ အများကြီး တွေ့နိုင်ပါတယ်၊ ဗေဒါလမ်းဟာ ဘဝကို ပြောတာ၊ လောကဓံကို ပြောတာ၊ အတက်အကျကို ပြောတာ၊ အားမာန်ကို ပြောတာစ သဖြင့် ငြိကာဆရာတွေ အမျိုးမျိုး အနက်ဖွင့်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီ ဗေဒါ လမ်း ကဗျာစုထဲက အပိုဒ် ၃၀ ဖြစ်တဲ့ 'ပန်းခဲ့သည်ပဲ' ဆိုတဲ့ ဗေဒါပန်း ကဗျာ ကလေးအကြောင်းကို ကျွန်တော် သိသလောက် နည်းနည်း ပြောချင်ပါတယ်။

၁၉၆၂ ခုနှစ် တစ်နေ့မှာ ဆရာ့အိမ်ကို ကျွန်တော် ရောက်သွားတယ်။ ဆရာက ကျွန်တော့်ကို ဆီးကြိုညွှဲခံပြီး မင့်ကို ကဗျာတစ်ပုဒ် ပြရဦးမယ်ဆိုပြီး ကဗျာတစ်ပုဒ်ကို ပြပါတယ်။ ငါ ဒီကဗျာကို စပ်နေတာ နှစ်ပတ်လောက်ရှိပြီကွ။ နောက်ဆုံး အပိုဒ်ကို စပ်လို့မရလို့ စဉ်းစားနေတာ။ ဒီနေ့တော့ စဉ်းစားလို့ရလို့ နောက်ဆုံးအပိုဒ်ကို စပ်လို့ ရသွားပြီလို့ ပြောပြီး ကျွန်တော့်ကို သူ့ကဗျာကို အဖတ်ခိုင်းပါတယ်။ ဆရာက အဲဒီလို ဆရာမျိုးပါ။ တပည့်တွေပေမယ့် ဆရာဟာ တပည့်တွေအပေါ်မှာ အလွန် လိုက်လျော၊ အလွန်နားလည်ပြီး ရင်းရင်းနှီးနှီး ဆက်ဆံပါတယ်၊ ကျွန်တော်နဲ့ ဆရာဇော်ဂျီ သိကျွမ်းခဲ့တာကိုက ဘီယာသောက်ရင်း သိကျွမ်း လာခဲ့ကြတာပါ။ ဒါက ဆရာ့ကို မရိုသေလို့ ပြောတာ မဟုတ်ပါဘူး၊ အမှန်ပါ။ စကားစပ်လို့ပြောရရင် ကျွန်တော် ရန်ကုန်တက္ကသိုလ်ကို ရောက်တဲ့ (၁၉၄၇-၄၈)ခုနှစ်မှာ ဆရာဟာ ပါမောက္ခကြီး ဖြစ်နေပါပြီ။ ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်ဆိုတဲ့ ဆရာနှစ်ပါးကို ကျွန်တော် ခပ်ဝေးဝေးကပဲ မြင်ခဲ့ဖူးတာပါ။ ကျွန်တော့်အဖို့မှာတော့ အဝေးကနေပြီး လှမ်းလှမ်းကြည့်ရတဲ့ တောင်ထိပ်ဖျားတွေပါ။ ကျွန်တော့်လို ကောလိပ်ကျောင်းကို ရောက်ကာစ ပထမနှစ် ကျောင်းသားကလေးက ပါမောက္ခ အနားကို ဘယ်မှာ ကပ်ရဲပါ့မလဲ။ ဘယ်မှာ စကားပြောရဲပါ့မလဲ။ အဝေးကသာ လှမ်းမျှော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှောပေါ့၊ တစ်နေ့တော့ ကျွန်တော်ရယ်၊ မွှာယ်လွန်သူ စာရေးဆရာ မောင်ကြည်လင်ရယ် ဂလုပ်ရုံ (ယခု ထရိတ်ဒါးဟိုတယ် နေရာ)မှာ ပြနေတဲ့ ချာလီချက်ပလင်ရဲ့ကားကို သွားကြည့်တယ်။ ညနေ ၃ နာရီခွဲပွဲ။ ရုံထဲက ထွက်လာတော့ ဆရာနှစ်ပါးနဲ့ ကျွန်တော်တို့ ပက်ပင်း တိုးနေတယ်။ ကျောင်းမှာ ခပ်လှမ်းလှမ်းက မြင်ဖူးနေတော့ ကျွန်တော်တို့ကလည်း နှုတ်ဆက်တယ်။ မောင်ကြည်လင်နဲ့တော့ သိကျွမ်းနေပါပြီ။ သူက ကျွန်တော့်ထက် အတန်းကြီးတဲ့ ကျောင်းသားကြီးဆိုတော့ ဆရာတို့ဆီကို ရောက်ဖူး ပေါက်ဖူးနေပါပြီ။ ကျွန်တော်တို့က နှုတ်ဆက်ပြီး ပြန်မယ်လုပ်တော့ "မင်းတို့ ကျောင်း ပြန်မှာလားလို့" မေးပါတယ်။ "ဟုတ်ကဲ့" လို့ ဖြေတော့ "ဒီလိုဆိုလာကွာ။ ထမင်းစားရအောင်၊ စားရင်း စကားပြောရအောင်" ဆိုပြီး ကျွန်တော်တို့နှစ်ယောက်ကို ဆူးလေဘုရားလမ်း အရှေ့ဘက်ခြမ်းမှာရှိတဲ့ ပိုက်ဟော့စ် ရက်စတောရင့်ကို ခေါ်သွားတယ်။ ကျွန်တော်တို့ နှစ်ယောက်လည်း နောက်က လိုက်သွားပါတယ်။ ဟိုရောက်တော့ အခန်းကလေး တစ်ခန်းထဲဝင်ပြီး ထိုင်ရင်း "မင်းတို့ ဘီယာကလေး ဘာလေး နည်းနည်း ပါးပါး သောက်တယ် မဟုတ်လား။ အမောပြေပေါ့ကွာ" ဆိုပြီး ဂျက်ဖရီ (သော့တံဆိပ် ဘီယာ) လေးလုံး မှာပြီး သောက်ပါတယ်။ အဲဒီမှာတင် ကျွန်တော် ဆရာ့ကို ပထမဆုံး စကားပြောဖူးတာပါ။ ဆရာက အဲဒီလို ရိုးသားနှိမ့်ချတဲ့ ပုဂ္ဂိုလ်မျိုးပါ။

ခုနက ဗေဒါလမ်းကဗျာ အပိုဒ်ရေ ၃၀ ကို ပြန်ဆက်ပါ့မယ်။ အဲဒီကဗျာက 'ပန်းခဲ့သည်ပဲ'လို့ဆိုတဲ့ ခေါင်းစဉ်တပ်ထားတဲ့ ကဗျာ ဖြစ်ပါတယ်။ နားထောင်ကြည့်ပါ။

နေလုံးရယ်နီ
တိမ်ပန်းချီနေသွေးနဲ့
နတ်ရေးသည်သို့။
ဒီအကျပေမို့
အလှလတာပြင်က၊
ကျူရှိုးရှင် လှေကလေးနဲ့
မျှော်ငေးလိုလို့။
သူ့ကိုယ်သူလျှင်၊





ဘာထင်လေမသိ၊
ဘယ်ပြောင်းညာပြန်နဲ့
ဟိုင်းပျံ လတာစွန်းမှာ၊
သူ့ကျွမ်းဟန်ချည့်။
သူ့ကိုယ်သူလျှင်၊
ဘာထင်လေမသိ။
ဘုတ်မ ခုနစ်သံနဲ့
တညည် လတာစွန်းမှာ၊
သူ့လွမ်းသံချည့်။

ဆရာက သူ့ဒီကဗျာကို ဘယ်လိုခံစားပြီး ဘယ်လိုစိတ်ကူးရတယ်ဆိုတာကို ပြောပြပါတယ်။

အဲဒီတုန်းက ကမ္ဘာမှာ ကာရစ်ဘီယံ အကျပ်အတည်းလို့ခေါ်တဲ့ ပြဿနာ ကြုံတွေ့နေချိန် ဖြစ်ပါတယ်။ အမေရိကန် ပြည်ထောင်စုက သူ့အနားမှာ ကျူးဘား ဆိုရှယ်လစ် သမ္မတနိုင်ငံရယ်လို့ ပေါ်ပေါက်လာတဲ့ အတွက် ကျူးဘားပြည်ပြေးတွေကို အားပေးပြီး ကျူးဘားကို ဝင်တိုက်ဖို့ အစီအစဉ်တွေကို ထောက်ခံနေပါတယ်။ ဒီတုန်းမှာ ဆိုဗီယက်ယူနီယံကလည်း ကျူးဘားဘက်က ထောက်ခံပြီး "ကျူးဘားကို မထိနဲ့ မီးပွင့်သွားမယ်" လို့ အော်ရင်း ကျူးဘားကို နျူကလီးယား ဒုံးပျံတွေတင်တဲ့ သင်္ဘောတွေကို လွှတ်နေပါတယ်၊ ကျူးဘားမှာ နျူကလီးယား ထိပ်ဖူးတပ်တဲ့ ဒုံးပျံစခန်းတွေ ထားမယ်။ အဲဒီကနေပြီး အမေရိကန်ပြည်ထောင်စုကို တိုက်မယ်လို့ ခရုးရှော့က ဆိုနေတယ်၊ သမ္မတ ကနေဒီကလည်း ကျူးဘားကို ဆိုဗီယက် နျူကလီးယား အခြေခံစခန်း အလုပ်မခံနိုင်ဘူး။ "သင်္ဘောတွေ လာရဲလာကြည့်စမ်း။ ဟိုက်ဒရိုဂျင်ဗုံး ကြဲပစ်မယ်" လို့ ဆိုနေတယ်၊ ဒီလိုနဲ့ ဆိုဗီယက် သင်္ဘောတွေကလည်း လာနေပြီ၊ အမေရိကန်ကလည်း ရှေ့အတိုးမခံတော့ဘူး။ ပစ်တော့မယ်ဆိုပြီး သတိပေးနေပြီ၊ ဒီလိုနဲ့ ကမ္ဘာမှာ နျူကလီးယား စစ်နှုတ်ခမ်းပေါ်ကို ရောက်နေတယ်၊ နျူကလီးယား စစ်ပွဲကြီး ဖြစ်တော့မလား၊ ဖြစ်တော့မလားနဲ့ ရင်တထိတ်ထိတ် ဖြစ်နေကြရတယ်၊ ကမ္ဘာမှာရှိတဲ့ သိပ္ပံပညာရှင်တွေ၊ ဒဿနပညာရှင်တွေ၊ စာပေပညာရှင်တွေကလည်း နှစ်ဖက်စလုံးကို ဝိုင်းပြီး မေတ္တာရပ်ခံနေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖတ်စလုံးက ဒေါသတကြီး ဖြစ်နေကြတယ်။ မကြာခင်ကလေး တုန်းကပဲ ဆိုဗီယက် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ခရုရှော့က ကုလသမဂ္ဂ အထွေထွေ ညီလာခံကိုတက်ပြီး အမေရိကန်ကိုယ်စားလှယ် စကားပြောနေတုန်းမှာ ရှူးဖိနပ်ကို ချွတ်ပြီး စားပွဲခုံကို ဖိနပ်နဲ့ခေါက်ပြီး ကန့်ကွက်နေခဲ့သေးတယ်။ ကမ္ဘာကြီးဟာ အဲဒီလို ဒေါသတွေ၊ လောဘတွေ၊ မာနတွေ ဖုံးနေတယ်။ ဒါကိုကြည့်ပြီး ကမ္ဘာ့လူထုဟာ စိတ်မချမ်းမသာ ဖြစ်နေကြရတယ်။ စိုးရိမ်ကြောင့်ကြ ဖြစ်နေကြရတယ်။ မနက်လင်းလို့ သတင်းစာကို လှန်ဖတ်လိုက်ရင် ဟိန်းဟောက်သံတွေ၊ ကြိမ်းဝါးသံတွေ၊ ခြိမ်းခြောက်သံတွေ၊ မောက်မာသံတွေ၊ မြူဆွယ်သံတွေ၊ ဝင့်ဝါသံတွေကို ကြားနေရတယ်။ တစ်ဖက်က ကြိမ်းလိုက် မောင်းလိုက်၊ တစ်ဖက်က ခြိမ်းလိုက် ခြောက်လိုက်နဲ့ ကမ္ဘာကြီးမှာ သူတို့ချည်းပဲ ရှိတော့တဲ့အတိုင်း ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အာဏာမာန် ယစ်နေကြတယ်။

ဒီမှာတင် ကဗျာဆရာက ကမ္ဘာ့ရှုခင်းကို မြစ်ဝကျွန်းပေါ်က ဒီဝင်ချောင်းကလေးထဲကို ပြောင်းပစ်လိုက်တယ်။ ဟန်ရေးပြနေတဲ့ အာဏာမာန်ယစ်သူတွေကို ငါးပျံ့အဖြစ် ပြောင်းပစ်လိုက်တယ်။ မြူဆွယ်လိမ်ညာနေတဲ့ အာဏာရှင်တွေကို ဘုတ်မ အဖြစ် ပြောင်းပစ်လိုက်တယ်။ ယေဘုယျကို သီးခြားဖြစ်အောင် လုပ်လိုက်တယ်။ တစ်ခုလုံးကို အစိတ်အပိုင်းဖြစ်အောင် လုပ်လိုက်တယ်။ သူတို့ကိုယ် သူတို့ ဘာများ ထင်နေကြသလဲ မသိဘူး။ လတာပြင်အစပ်မှာ ငါးပျံ့က ကျွမ်းထိုးပြီး ဟန်ရေးပြလို့၊ ဟိုတစ်ဖက် လတာစွန်းမှာ ဘုတ်မက ခုနစ်သံချီဟစ်ပြီး မြည်လို့။ သူ့အသံချည်းပဲ။ သူတို့ကိုယ် သူတို့ ဘာများ ထင်နေကြသလဲ မသိဘူးလို့ အပြစ်ဆိုလိုက်တယ်။ ကမ္ဘာ့အရေးအခင်းကို ဒီလတာစွန်းက အရေးအခင်းအဖြစ် ပြောင်းပစ်လိုက်တယ်။ ငါးပျံ့နဲ့ ဘုတ်မကို အပြစ်ဆိုလိုက်တယ်။ ဒါပေမဲ့ သူတို့ကို အပြစ်ဆိုတာတော့ ဟုတ်ပါပြီ။ သူတို့ကို သွားပြီး အပြစ်ဆိုရအောင် မင်းကကော ဘာလဲ။

ကဗျာဆရာဟာ ဒီနေရာမှာတင် ရပ်နေတယ်။ ဘာကို ဆက်စပ်ရမှန်း မသိဘူး။ ဒီလိုနဲ့ စဉ်းစားရင်း အဖြေပေါ်လာတယ်။ အဲဒီ အပိုဒ်ကို စပ်လိုက်တော့မှ ကဗျာဆရာဟာ နေလို့ထိုင်လို့ ရသွားတော့တယ်။ ဒီတော့မှ သူ့ကဗျာဟာ အဆုံးသတ်သွားတော့တယ်။ သူ့ အဆုံးသတ်ပုံကို ကြည့်ပါ။

*အို အချင်း ကမ္ဘာ့ရှိးရှင်*





*သူ့မှုရာ သူ့အတင်း*
*မင်းဆိုခဲ့စဉ်*
*မင်းကိုယ်လည်း မင်းပင်လျှင်*
*ဘာထင်လို့လေလဲ*
*မဇေဒါ စုန်ဆန်လမ်းမှာ*
*ပန်းခဲ့သည်ပဲ။*

"အို အချင်းကဗျာဆရာ မင်းက ငါးပျံ့နဲ့ ဘုတ်မကို အပြစ် ဆိုတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ သူတို့ကို အပြစ်ဆိုရအောင် မင်းကကော ဘာလဲ။ မင်းကိုယ်မင်း ဘာထင်လို့လဲ။ လက်စသတ်တော့ မင်းလည်း သူတို့လို လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ရှိနေတာပဲ မဟုတ်လား။ မင်းလည်း မဇေဒါသွားတဲ့ စုန်ဆန်လမ်းမှာ တပေပေနဲ့ ကူးခတ်ပြီး နေရတာပဲ မဟုတ်လား" လို့ သူ့ကိုယ်သူ ပြန်တရားချပြီး သမ္မာဒိဋ္ဌိတရားနဲ့ ထိန်းချုပ်ပြပါတယ်။ ကိုယ်ချင်းစာနာစိတ်နဲ့ ကြည့်ပါတယ်။ သူများကို အပြစ်ပြောမယ်ကြံတိုင်း သူ့ကိုယ်သူ ပြန်ကြည့်ပါတယ်။ ဒါဟာ ဇော်ဂျီ့ စိတ်ရင်း ဖြစ်ပါတယ်။ ဇော်ဂျီ့စိတ်ဓာတ် ဖြစ်ပါတယ်။

ညီသစ်ဆင်း ကဗျာစုမှာလည်း ဇော်ဂျီဟာ မျိုးဆက်သစ်ကို ခေါင်းဆောင် အရည်အချင်းနဲ့ ပတ်သက်လို့ မကြာခဏ ပြောတာကို တွေ့ရပါတယ်။ ထင်ရှားတဲ့ ကဗျာနှစ်ပုဒ်ကိုပဲ ထုတ်နုတ်ပြချင်ပါတယ်။ တစ်ပုဒ်က "ပြောလိုက်ပါဘိ ဟောပါဘိ" ဆိုတဲ့ ကဗျာပါ။

*ငါ့ညီပြောင်ဝင်း*
*မောင်သစ်ဆင်း၊*
*မင်း၏ သားငယ်*
*နှစ်ဆယ်သက်စစ်*
*သူတို့ခေတ်၌*
*တိုင်းချစ် ပြည်ခင်*
*မြတ်စေချင်၏။*
*မင်းမြင်ငါကြား၊*
*စကားဥဒါန်း*



www.burmeseclassic.com

www.burmeseclassic.com

## အတ္တပြုတ္တိ၏ အတ္တပြုတ္တိ

ကျွန်တော့်ဆီကို Today စာအုပ်တိုက်က ဒေါက်တာ သာထွန်းဦး တို့ ရောက်လာပြီး မငြိမ်းရဲ့ အသံသစ် ပြတိုက်ဖွင့်ပွဲမှာ အမှာစကား ပြောပေးဖို့ ပြောလာပါသည်။ Book Launching Ceremony ပေါ့လေ။ ကျွန်တော် ငြင်းပါသေးတယ်။ ကျွန်တော့်ထက်ပိုပြီး ပြောနိုင် ဆိုနိုင်တဲ့လူတွေ ရှိကောင်းရှိပါလိမ့်မယ်။ ရှာကြည့်ပါဦးလို့ ပြောတော့ မရှာတော့ဘဲ ကျွန်တော့်ကိုပဲ ဖိတ်ပါတယ်။ ဖိတ်တော့ ကျွန်တော်က ထပ်ပြောပါသေးတယ်။ Book Launching Ceremony ဆိုတာ သူတို့စာအုပ်တိုက်တွေ ကတော့ စာအုပ်တစ်အုပ်ထုတ်ပြီး ဖြန့်လိုက်တာပဲ။ ခင်ဗျားတို့ စာအုပ်တိုက်ကတော့ သူဌေးတိုက်နဲ့ တူတယ်လို့။ ဘာဖြစ်လို့ လဲဆိုတော့ အမေရိကန် U.S.I.S တို့မှာသာ စာအုပ်တစ်အုပ်ထွက်ရင် ဧည့်ခံပွဲတို့ဘာတို့ ဖိတ်ကြားပြီး လုပ်လေ့ရှိတယ်။ Today Media က သိပ္ပံ မင်းကြည်ရေးတဲ့ စတုတ္ထမျိုးဆက် စီမံခန့်ခွဲမှုမှာလည်း Book Launching Ceremony လုပ်တယ်။ အခုတစ်ခါလည်း မငြိမ်းရဲ့စာအုပ်မှာ Book Launching Ceremony လုပ်တယ်။ ဒါကြောင့် ခင်ဗျားတို့တိုက်က ချမ်းသာတယ်နဲ့ တူတယ်လို့ ကျွန်တော်တောင် ပြောလိုက်ပါသေးတယ်။ ကျွန်တော် ပြောချင်တာက ဒီလို စာအုပ်တစ်အုပ် ထုတ်တိုင်း၊ ထုတ်တိုင်း စာနယ်ဇင်းက ပုဂ္ဂိုလ်တွေနဲ့ တွေ့တယ်။ အချင်းချင်း ဆွေးနွေးကြတယ် ဆိုတာ အင်မတန်ကောင်းတဲ့ အစဉ်အလာ ဖြစ်ပါတယ်။ Today Media က ဒီအစဉ်အလာကို နောင်စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်း၏ သတ္တိ
ဆန်း၏ သမာဓိ
ဆန်း၏ ပညာ
ဆန်းမှာ ဆုံပေါင်း
ယောကျ်ားကောင်းတို့
ခေါင်းဆောင်သနော
မင့်သားချောကို
မြော်လိုက်ပါဘိ ဟောပါဘိ။

လာမယ့် မျိုးဆက်တွေနဲ့ ပတ်သက်တဲ့ ဇော်ဂျီရဲ့စေတနာကို မြင်နိုင်ပါတယ်။ ဒီစေတနာကို "သခင်အောင်ဆန်း တရား" ကဗျာမှာ တွေ့နိုင်ပါတယ်။

ဆန်း၏ သတ္တိ
ဆန်း၏ သမာဓိ
ဆန်း၏ ပညာ
ဟောစရာကား၊
အလွန်များ၏၊
မင့်သားအရွယ်၊
သက်နှစ်ဆယ်တွင်
လူငယ်အောင်ဆန်း၊
သူ့အစွမ်းကို
ပန်းကောင်းတစ်ပွင့်၊
ပန်ဆင်တင့်သို့
မင့်သားသိစေချင်လှ၏။

သခင်အောင်ဆန်းရဲ့ အနစ်နာခံစိတ်၊ သခင်အောင်ဆန်းရဲ့ ရိုးရိုးကျင့်တဲ့ အနေအထိုင်၊ မြင့်မြင့်ကြဲတဲ့ စိတ်ထားတို့ကို နောက်မျိုးဆက်တွေ အတုယူနိုင်အောင် ဖွဲ့ပြပါတယ်။ ဒါဟာ မျိုးဆက်သစ်နဲ့ ပတ်သက်လို့ ဇော်ဂျီရဲ့ စေတနာပါ။

ဇော်ဂျီရဲ့ ပုဂံကဗျာစုများဟာလည်း သမိုင်းနဲ့ ပတ်သက်တဲ့ ဇော်ဂျီရဲ့





အမြင်၊ အတိတ်နဲ့ ပတ်သက်တဲ့ ဇော်ဂျီရဲ့ သဘောထားတို့ကို ဖော်ပြနေပါတယ်။

ဒီနေ့ ကျွန်တော်တို့ဂုဏ်ပြုပြီး ရုပ်တုတစ်ခု ရည်ရွယ်စိုက်ထူ လိုက်တဲ့ ဇော်ဂျီရဲ့အကြောင်းကို ကျွန်တော် တစ်ယောက်တည်း ပြောလို့လည်း ကုန်နိုင်မှာ မဟုတ်ပါဘူး။ ဇော်ဂျီကို ကဗျာဆရာတစ်ယောက် အနေနဲ့ ပြောလို့လည်း ပြည့်စုံမှာ မဟုတ်ပါဘူး။ အထက်မှာ ကျွန်တော် ပြောခဲ့သလို ဇော်ဂျီ အကြောင်းကို ပြောရတာဟာ ဆင်စမ်းတဲ့ ပုဏ္ဏားနဲ့ တူပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဇော်ဂျီမှာ အခြားသော မျက်နှာစာတွေ၊ အခြားသော ဘဝတွေ ပြောစရာ များစွာ ရှိနေလို့ပါပဲ။

ဇော်ဂျီဟာ ကဗျာဆရာကြီး တစ်ယောက်မျှသာမက ပြဇာတ်ဆရာလည်း ဖြစ်ပါတယ်။ သူ ရေးခဲ့တဲ့ ရွှေမောင်းသံ ပြဇာတ်၊ မဟာဆန်ချင်သူ ပြဇာတ် စသည်တို့ဟာ ကျွန်တော်တို့ မြန်မာပြဇာတ်၊ စာပေတစ်ခုလုံးမှာ ပြောစမှတ်ပြု ကျန်ရစ်ခဲ့တဲ့ ပြဇာတ်တွေ ဖြစ်ပါတယ်။

ဇော်ဂျီဟာ ပြဇာတ်ဆရာကြီးမျှသာမက ထူးချွန်ပြောင်မြောက်တဲ့ ဘာသာပြန် ဆရာကြီးလည်း ဖြစ်ပါတယ်။ သူ ဘာသာပြန်ခဲ့တဲ့ ဂျရတ်နဲ့ မာဂရက်၊ ကမ္ဘာ့ ဝတ္ထုတိုများ၊ ပလေတိုး နိဒါန်းတို့ဟာ စံပြုလောက်တဲ့ စကားပြေများ ဖြစ်ပါတယ်။

ဇော်ဂျီဟာ ဘာသာပြန်ဆရာကြီး တစ်ဦးမျှသာမက ဝတ္ထုရေး ဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့မယား၊ သော့တွဲနှင့် နတ်ရုပ်၊ အောင်ဘော်နှင့် လေးလုံး၊ ဖိုးမာဒင်၊ ကြင်မည့်သူ၊ ပုဂံဈေး စတဲ့ ခေတ်စမ်း ဝတ္ထုတိုများဟာ မြန်မာဝတ္ထုတို လမ်းသစ်ကို ဖွင့်ပေးခဲ့တဲ့ ဝတ္ထုတွေ ဖြစ်ပါတယ်။

ဇော်ဂျီဟာ ဝတ္ထုဆရာတစ်ဦးမျှသာမက ဋီကာဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ ရသစာပေ နိဒါန်း၊ သခင်ကိုယ်တော်မှိုင်း ဋီကာစတဲ့ ဋီကာ အကျော်များဟာ ကျွန်တော်တို့ မြန်မာစာပေမှာ အစဉ်အမြဲ ထွန်းလင်းတောက်ပနေမယ့် ကျမ်းတွေ ဖြစ်ပါတယ်။

ဇော်ဂျီဟာ ဋီကာဆရာတစ်ဦးမျှသာမ စာပေသမိုင်းဆရာနဲ့ အနုပညာ သမိုင်းဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ ဇော်ဂျီရဲ့ မြန်မာ ဝတ္ထုရှည်စာတမ်း၊ ရှေးက စာပေသစ်နဲ့ ပန်းချီအနုပညာနဲ့ ပတ်သက်တဲ့ စာတမ်း များစွာတို့ဟာ နှောင်းခေတ် စာပေသုတေသီတွေ၊ ပန်းချီအနုပညာ သုတေသီတွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အားထားရတဲ့ စာတမ်းတွေ ဖြစ်ပါတယ်။

ဇော်ဂျီဟာ စာပေသမိုင်းဆရာနဲ့ အနုပညာ သမိုင်းဆရာမျှသာမက ရသစာတမ်း ဆရာလည်း ဖြစ်ပါတယ်။ ဇော်ဂျီရဲ့ ရသစာတမ်းများဟာ ဇော်ဂျီ ဒဿန၊ ဇော်ဂျီ စိတ်ဓာတ်၊ ဇော်ဂျီ ခံစားမှုတို့ကို ပေါင်းချုပ် ဖော်ပြရာဖြစ်ပြီး အကြောင်းအရာရော ရေးဟန်မှာပါ ထူးခြားတဲ့ ကိုယ်ပိုင်ဖြစ်တဲ့ ရသစာတမ်း များ ဖြစ်ပါတယ်။ စာအုပ်စင်နဲ့ ကျွန်တော်၊ လက်ဖက်ရည်ကြမ်းဝိုင်းနဲ့ ကျွန်တော်၊ ပုဂံဘုရားနဲ့ ကျွန်တော် စတဲ့ ရသစာတမ်းများကိုကြည့်ရင် ဇော်ဂျီရဲ့ အမြင်သစ်၊ အတွေးသစ်ကို ထင်ထင် ရှားရှား တွေ့နိုင်ပါတယ်။

ဇော်ဂျီဟာ ရသစာတမ်းဆရာ တစ်ဦးမျှသာမက အတ္ထုပ္ပတ္တိ ကျမ်းဆရာလည်း ဖြစ်ပါတယ်။ မော်ဘီဆရာသိန်း အတ္ထုပ္ပတ္တိ၊ ဦးဖိုးကျား အတ္ထုပ္ပတ္တိတို့ဟာ ထင်ရှားတဲ့ ပရကထာများ ဖြစ်ပါတယ်။

ဇော်ဂျီဟာ အတ္ထုပ္ပတ္တိဆရာ တစ်ဦးမျှသာမက စာပေနဲ့ အနုပညာ ဝေဖန်ရေး ဆရာလည်း ဖြစ်ပါတယ်။ ဇော်ဂျီရဲ့ မြန်မာစာပေ၊ မြန်မာဝတ္ထု၊ မြန်မာကဗျာ၊ မြန်မာပန်းချီ၊ မြန်မာယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ များလှစွာသော စာတမ်းများနဲ့ နိုင်ငံရပ်ခြား ဝတ္ထုများကို ဝေဖန်သုံးသပ်ပြချက်များဟာ ထင်ရှား တဲ့ ဝေဖန်ရေး စာတမ်းများ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝေဖန်ရေး ဆရာများ ဟာ ဇော်ဂျီရဲ့ ဝေဖန်ရေး နည်းနာထဲကနေပြီး သင်ခန်းစာတွေ အများကြီး ထုတ်ယူနိုင်ပါတယ်။

ဇော်ဂျီဟာ ဝေဖန်ရေးဆရာ တစ်ဦးမျှသာမက လေးနက်တဲ့ ဒဿန ဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ ဇော်ဂျီဒဿနကို ဇော်ဂျီရဲ့ ဝတ္ထုတိုများ၊ ဆောင်းပါးများ၊ ကဗျာများထဲမှာ တွေ့နိုင်ပါတယ်။ ကောင်းကင်ဟာ ကြယ်ပွင့် တွေနဲ့ ဝင်းလက်နေသလို ဇော်ဂျီရဲ့ စကားပြေနဲ့ ဝင်းလက်တောက်ပလို့ နေပါ တယ်။

ဇော်ဂျီဟာ ဒဿနဆရာ တစ်ဦးမျှသာမက သုခမိန်ရဲ့ ရာမယဏ ဗေဒ ပါရဂူတစ်ဦးလည်း ဖြစ်ပါတယ်။ မြန်မာရာမဇာတ်ဟာ ယိုးဒယားမှ လာခြင်းမဟုတ်ဘဲ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ယုံကြည်မှု၊ မြန်မာ့အစဉ်အလာ၊ မြန်မာ့ဓလေ့ထုံးတမ်းနဲ့ ယှဉ်ပြီး မွေးဖွားလာတဲ့ ရာမယဏ ဖြစ်ကြောင်းကို သုတေသနလုပ်ပြီး တင်ပြခဲ့ပါတယ်။





ဇော်ဂျီဟာ သုခမိန်တစ်ဦးမျှသာမက ပညာအာစရိယ တစ်ဆူ လည်း ဖြစ်ပါတယ်။ သူဟာ လူထုတွေကို စာဖတ်ချင်လာအောင်၊ စာဖတ်တတ် လာအောင် လှုံ့ဆော်ခဲ့တဲ့ စာကြည့်တိုက်မှူး၊ တပည့်တွေကို တွေးတတ် မြင် တတ်အောင် သင်ကြားပေးခဲ့တဲ့ ကျောင်းဆရာ၊ ကလေးငယ်တွေကို မြန်မာ့စိတ် ရင်း သွတ်သွင်းပေးခဲ့တဲ့ ကျောင်းသုံးစာအုပ် ရွေးချယ်ရေးကော်မတီဝင်၊ အမျိုးမျိုးသော စာပေအဖွဲ့များမှာ ပါဝင်ခဲ့တဲ့ သိမြင်နှံ့စပ်ပြီး ဖြောင့်မှန်တဲ့ အကဲဖြတ်လူကြီး စတဲ့ ဂုဏ်တို့ စုပေါင်းရာ ပညာအာစရိ ဖြစ်ပါတယ်။

ဒါတွေဟာ ဆင်စမ်းပုဏ္ဏားရဲ့လက်နဲ့ စမ်းမိတဲ့ ဇော်ဂျီရဲ့ ရုပ်ပုံလွှာ ဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ဆင်စမ်းပုဏ္ဏားရဲ့ ဉာဏ်၊ ဆင်စမ်းပုဏ္ဏား ရဲ့ လက်တံ၊ ဆင်စမ်းပုဏ္ဏားရဲ့ အမြင်ဟာ ကန့်သတ်ချက်တွေ အများကြီး ရှိပါတယ်။ ဒါကြောင့် ဇော်ဂျီရဲ့ စာပေရုပ်ပုံလွှာကို ရေးခြယ် ပြရာမှာ ကျွန်တော် ရဲ့ တင်ပြချက်ဟာ အလွန့်ကို သေးငယ် ကျဉ်းမြောင်းနေရင်၊ ဆင်စမ်းပုဏ္ဏား တစ်ယောက်က မမီမကမ်း၊ မမြင်မကမ်းနဲ့ စမ်းသပ်ပြနေတယ်လို့ သဘောထား ပြီး နားလည် ခွင့်လွှတ်ကြစေချင်ပါတယ်။

မြန်မာခေတ်သစ်ကဗျာဟာ ပိတောက်ပန်းက ဆင်းသက်လာတယ် လို့ ကျွန်တော် ပြောခဲ့ပါပြီ။ ပိတောက်ပန်းကဗျာဟာ ပီတိနဲ့ အစပြုပြီး ပညာနဲ့ အဆုံးသတ်သွားတဲ့ ကဗျာတစ်ပုဒ် ဖြစ်ပါတယ်။ ဇော်ဂျီ့ စိတ်ရင်း၊ ဇော်ဂျီ့ စိတ်ဓာတ်ကို ဖော်ပြတဲ့ ကဗျာတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့် ဟောပြောချက်မှာ ပေးထားတဲ့ ခေါင်းစဉ်အတိုင်း ဇော်ဂျီကို ဂုဏ်ပြုသော အားဖြင့် ပိတောက်ပန်းကဗျာကို ရွတ်ရင်း ဒီဟောပြောချက်ကို နိဂုံးချုပ်ချင် ပါတယ်။

ခူးပါနဲ့ကွယ်
ပွင့်ဖူးမှာ အဝါခြယ်၍
မာလာအလယ်မှာ
နွဲ့ချင်တဲ့ နှလုံးရယ်ကြောင့်
နှစ်ဆုံးကုန် အတာဝင်သို့
မာန်အင်ကို ဉာဏ်ဆင်မွေးကာဖြင့်
အရေးအခါသာမှ



www.burmeseclassic.com

www.burmeseclassic.com



ခမျာမှာ
တစ်ဂုဏ်ဆန်းရတယ်
ပန်းပိတောက်များ။
အားလုံးကို ကျေးဇူးတင်ပါတယ်။

မှတ်ချက်

ဆရာဇော်ဂျီသည် အခြားသပိတ်မှောက်ကျောင်းသူ မခင်မြ (ဒေါက်တာ ဒေါ်ခင်မြ၊ ပညာရေးတက္ကသိုလ်)၏ အော်တိုစာအုပ်တွင်လည်း ကဗျာတိုတစ်ပုဒ် ရေးပေးခဲ့သည်။ ကဗျာနှင့် အကြောင်းအရာကို ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ပြည့် စာစောင်၊ ၁၉၇၀၊ အပိုင်း ၂ စာ ၃၅၀-၃၅၉ တွင် ကြည့်ပါ။

စာကြည့်တိုက်နှင့် သုတေသန မဂ္ဂဇင်း
[၁၉၉၃-၉၈]



## ပတ္တူတစ်ပုဒ် မွေးဖွားခြင်း

"နေညိုရင် ရွှေဘိုကို လွမ်းတယ်"

ဒါ ကျွန်တော်က ဆိုတာ မဟုတ်ပါဘူး။ 'ရီရီသန့်' ဆိုထားတဲ့ သီချင်းပါ။ ကျွန်တော် ဆိုရမယ်ဆိုရင်တော့ နေညိုရင် ရွှေဘို ချမ်းတယ် လို့ . . . (ရယ်သံ)

ညနေက မဟာနန္ဒာကန်တော် သွားကြည့်တော့ ကျွန်တော်တို့ ခိုက်ခိုက်တုန် ပြန်ပြေးလာကြတယ်။ အလောင်းဘုရားသွေးကိုး၊ သတ္တိက သိပ်ကောင်း။

ရီရီသန့် ဆိုလို့ ကျွန်တော် အမှတ်ရလို့ ပြောပါဦးမယ်။

ကျွန်တော် ရီရီသန့်ကိုသိတာ သိပ်မကြာသေးပါဘူး။ တစ်ထောင့်ကိုးရာနဲ့ ရှစ်ဆယ့်ရှစ်ခု။ (သိတယ်ဆိုတာ လူချင်းသိတာ) သူ့ကို ဘယ်မှာ တွေ့သလဲဆိုတော့ ကွယ်လွန်ခါနီး ဖြစ်နေတဲ့ 'ဝင်းဦး' ရဲ့ ခုတင်ဘေးမှာနော်။

ကျွန်တော်က ဝင်းဦးရယ်၊ မြတ်လေးရယ်၊ ကောလိပ်ဂျင်နေဝင်းရယ် တို့နဲ့ သူငယ်ချင်းပါ။ သူတို့ကတော့ ဇာတ်လိုက် လုပ်သွားကြတယ်။ ကျွန်တော် က မလုပ်ပါဘူး။ ကျွန်တော်က မြန်မာပြည်မှာ ဇာတ်လိုက် မလုပ်ပါဘူး၊ ကျွန်တော် လုပ်ရင် ဟောလိဝုဒ် (Hollywood) သွားလုပ်မှာပါ။ (ရယ်သံများ)

အဲဒီတော့ ဟိုလွန်ခဲ့တဲ့ ဝင်းဦး ကျန်းကျန်းမာမာရှိစဉ် ကျွန်တော် တို့ ခရီးအတူသွားလာကြတုန်းက ဘာပြောလဲဆိုတော့ ရီရီသန့်ကို အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



နှိုးမွမ်းတယ်။ "ကိုမြသန်း" တဲ့။

"ရွှေဘို လူတောက ရီရီသန့်ဟာ အစတုန်းက မကြီးတင်ဆိုတဲ့ ကောင်မလေးဗျ။ အဲဒီကောင်မလေး မန္တလေး မင်္ဂလာဆောင်တစ်ခုမှာ တက်ဆို နေတာ ကျွန်တော် သွားတွေ့တယ်။ အသံက သိပ်ကောင်းတော့ နင် ရန်ကုန် လိုက်မလား ဆိုပြီး ခေါ်လာတာ" တဲ့။

ရန်ကုန်ခေါ်လာပြီး သူ တီးဝိုင်းတွေနဲ့ မိတ်ဖွဲ့ပေးတယ်။ တီးဝိုင်းတွေ ထဲ သူ့ထည့်အဆိုခိုင်းတယ်။ နောက် ရေဒီယိုတို့ ဘာတို့မှာ အဆိုခိုင်းတယ်။ နောက် ဓာတ်ပြားတွေ အသွင်းခိုင်းတယ်။

သူက မကြီးတင် ခေါ် ရီရီသန့်ကို တကယ်ချီးမွမ်းတယ်။ ချီးမွမ်းတော့ ကျွန်တော့်စိတ်ထဲ အမှတ်မထင်ဘဲ။ ဒါပေမဲ့ ဝင်းဦး ကင်ဆာ ဖြစ်လို့ ကွယ်လွန် ခါနီး ရက်ပိုင်းလောက်ပဲ လိုတော့တယ်။ ဝင်းဦး ခြေရင်း သူ လာပြီး ကန်တော့ တယ်။ နေ့တိုင်း သူ့ဆရာကို ပြုစုတယ်။ အဲဒီတော့မှ ဒီကလေးမလေးဟာ အင်မတန် ကျေးဇူးသိတတ်ပါလား။ ဘာလို့လဲ ဆိုတော့ တချို့ ဝင်းဦးရဲ့ တပည့် တွေဆိုတာ အနားတောင် မလာကြတော့ဘူး။ ဒါပေမဲ့ ရီရီသန့်ဟာ အင်မတန် ကျေးဇူးသိတတ်တဲ့ ကလေးမလေးပါလား ဆိုပြီး ကျွန်တော် သူ့ကို လေးစား သွားတယ်။

အဲဒီနောက်ကစပြီး ကျွန်တော်တို့နဲ့ ရင်းနှီးသွားတယ်။ အိမ်မှာ သူက သီချင်းဆိုပြတယ်။ ကျွန်တော်တို့ စာရေးဆရာတွေ နားထောင်ချင်တဲ့အခါ သူ့ဖိတ် ပြီးတော့ သီချင်းဆိုပြတယ်။ ဒါ ရီရီသန့်ကို ကျွန်တော် အမှတ်ရလို့ ရွှေဘိုကို ဂုဏ်ပြုရင်း ပြောတဲ့စကားပါနော်။

အဲဒီတော့ 'ရွှေဘိုဆိုတာ' ကျွန်တော် ငယ်ငယ်တုန်းကတည်းက လွမ်းခဲ့တယ်။ တကယ်လွမ်းတာ။ ဘာမှန်းမသိဘဲနဲ့ လွမ်းတာ။ ဘယ်နေရာ ရှိမှန်းလည်း မသိဘူး။ ငယ်ငယ်တုန်းကနော်။ ဘာပြုလို့လဲ ဆိုတော့ ငယ်ငယ်က ရွှေဘို၊ ရွှေဘို ဆိုတဲ့ အသံနဲ့ ကျွန်တော်တို့ ကြီးလာတာ။ ဥပမာ အဖေက၊ အမေက သီချင်းဆိုတယ်။

'ပြည်ရွှေဘို မြို့တော် မြောက်ဆီက
ချောင်းရေတွေ ပေါက်ပါလို့ မကူးနိုင်
ပလွေတို ချောင်မှာ ထိုးလို့





ချောင်းရိုးက မှိုင်
မမလေးရဲ့ နှင်းဆီခိုင်
တစ်ဆိတ်စာ မောင်ကိုင်ရရင်
ကူးနိုင်ရဲ့လေး

အဲဒီတုန်းက ကျွန်တော် သုံး လေး ငါးနှစ်ပေါ့။ ဒါပေမဲ့ ကျွန်တော် ဘာမှန်းမသိဘဲ လွမ်းနေတယ်။ တစ်ခါ အဲဒီသီချင်း ကြားပြီး နောက် နည်းနည်း ကြီးလာလို့ 'ကိုစိမ်းမောင်' တို့ဘာတို့ ခင်ဗျားတို့ ကြားဖူးလိမ့်မယ်။ ဂီတာ တိုစိမ်းမောင်။ အင်မတန် နာမည်ကြီးတဲ့ အဆိုတော်။ သူက ရွှေဘိုအကြောင်း ဆိုသွားတယ်။

'အညာတိုင်းပြည်. . . ကိုစိမ်းမောင်ရေ. . . တို့ပါ လိုက်ပါရစေ. . .
ရွှေဘိုမြို့မှာ စိုးစံနေသည့် ဦးအောင်ဇေယျ. . .
ရွှေဘိုမှာ နေခို့မည်. . . ရှေးတုန်းကနောင် ဗိုင်းသံစည်. . '

ရွှေဘိုရဲ့ ခမ်းနားကြီးကျယ်ပုံ၊ ကိုစိမ်းမောင်က စပ်သွားတာ။ နောက် တစ်ခါ နန်းတော်ရှေ့၊ ခင်ဗျားတို့ သိတယ် မဟုတ်လား။ 'စည်တော်ကြီး'၊ ရွှေဘိုအကြောင်း စပ်သွားတာ။ ကျွန်တော်တို့ ဆရာကြီး ရှိသေးတယ်၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ။ ကဗျာဆရာကြီး မင်းသုဝဏ်ရဲ့ 'သပြေညို' ခင်ဗျားတို့ သိတယ်။

'သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို၊
တို့ပြေမှာ တို့မေ ကမ်းပါးတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို၊
ဘာမလျှော့လေနဲ့
လာတော့မကွဲ့ ရွှေပဟိုရ်
လေချိုက အသွေး
လင်းကြက်အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ



www.burmeseclassic.com

www.burmeseclassic.com



ရောင်နီမှာ အောင်စည် ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး'

ငယ်ငယ်ကလေးအရွယ်တည်းက ကျွန်တော်တို့ 'ရွှေဘို'နဲ့ ကြီးလာတာ၊ ဒီ တစ်ကြိမ်ဟာ ရွှေဘိုကို ကျွန်တော် ပထမဆုံးအကြိမ် ရောက်ဖူးခြင်းပါနော်။ ခဏခဏ ကျွန်တော် ရွှေဘိုကို ဖြတ်တယ်၊ ရွှေဘိုကို ရထားပေါ်က လှမ်းကြည့်တယ်။ ကသာ သွားတယ်၊ မြစ်ကြီးနား သွားတယ်။ ဒါပေမဲ့ ရွှေဘိုကို မဆင်းဖြစ်ဘူး၊ အဲဒီကတည်းက လွမ်းနေတဲ့ ကျွန်တော်ပါ။ (ရယ်သံများ)

ဘာဖြစ်လို့ လွမ်းသလဲ၊ အင်္ဂလိပ်လို ပြောရင် ရွှေဘိုဟာ ဂရိတ် (Great) ဖြစ်လို့။ ကြီးကျယ်လို့။ ခင်ဗျားတို့ သိတယ်။ ပထမ မြန်မာနိုင်ငံတော်။ ဒုတိယ မြန်မာနိုင်ငံတော်။ အခု ဦးအောင်ဇေယျ ရွှေဘိုက တတိယ မြန်မာနိုင်ငံတော် တည်ထောင်တယ်။ ဒါ နည်းတဲ့ လူ့လ၊ နည်းတဲ့ ဝီရိယ၊ နည်းတဲ့ အရည်အချင်း မဟုတ်ပါဘူး။

ဥရောပသမိုင်းမှာ 'အော်တိုဟန်ဇေရီ အင်ပါယာကြီး' ပြိုသွားတဲ့ အခါကျတော့ အရင်တုန်းက ဂျာမနီ(Germany)က အော်တိုဟန်ဇေရီ အင်ပါယာအောက်မှာ။ အဲဒီ အင်ပါယာကြီး ပြိုသွားတဲ့အခါ ပထမ ဂျာမနီနိုင်ငံတော်ကြီး တည်ထောင်တယ်၊ နောက်တစ်ခါ ပထမကမ္ဘာ စစ်ပြီးသွားတဲ့အခါကျတော့ ဒုတိယ ဂျာမနီနိုင်ငံတော် ဆိုပြီး ထူထောင်တယ်၊ ဝေမာသမ္မတနိုင်ငံ (သို့မဟုတ်) ဒုတိယ ဂျာမနီနိုင်ငံတော်ကြီး။

နောက် ဟစ်တလာ တက်လာတော့ တတိယနိုင်ငံတော်ကြီး ထူထောင်တယ်၊ သဒ်ဂရိတ် (Third Great) နော်။

အလားတူပဲ၊ ၁၇၈၉ ခုမှာ ပြင်သစ်တော်လှန်ရေး ဖြစ်တယ်။ ခေတ်သစ် နပိုလီယံ တက်လာတယ်၊ ပထမ ပြင်သစ်နိုင်ငံတော် ထူထောင်တယ်။ နောက် နပိုလီယံ နန်းကျတဲ့အခါ ဒုတိယအကြိမ် နပိုလီယံဘိုနာပတ် တက်လာတော့ ဒုတိယ ပြင်သစ်နိုင်ငံတော်ကြီးကို ထူထောင်တယ်။ နောက် တတိယ ပြင်သစ်နိုင်ငံတော်၊ ဒီဂေါလက်ထက်မှာ စတုတ္ထ ပြင်သစ်နိုင်ငံတော်ကြီး ထူထောင်တယ်။





အဲဒီတော့ နိုင်ငံတစ်နိုင်ငံကို ထူထောင်ရတာ ပထမအကြိမ်၊ ဒုတိယအကြိမ်။ နိုင်ငံတော်ကြီးဖြစ်အောင် စည်းလုံးရတယ်ဆိုတာ အင်မတန်ကြီးကျယ်တဲ့ လုပ်ငန်းပါ။ အဲဒီတော့ ဒီကြီးကျယ်တဲ့ လုပ်ငန်းကို လုပ်ခဲ့တဲ့ ဦးအောင်ဇေယျနဲ့ ဦးအောင်ဇေယျရဲ့ အဆက်အနွယ်တွေဖြစ်တဲ့ ရွှေဘိုကို ကျွန်တော် လေးစားစွာ နှုတ်ခွန်းဆက်ပါတယ်နော်။

* * *

ကျွန်တော် အခုပြောရမယ့်အကြောင်းက 'ဝတ္ထုတစ်ပုဒ် မွေးဖွားခြင်း' နော်။

လူဆိုတာ ခုနက ကိုဇေမြင့် ပြောသလို စာဖတ်နေမှ၊ အမြဲတန်း စာဖတ်။ ခင်ဗျားတို့ ငယ်ငယ်ကရော အခု ကလေးအရွယ်တွေရော၊ ၅ နှစ်၊ ၆ နှစ်အရွယ် ဆိုရင် တွတ်ပီ၊ မြို့ရာဇာတွတ်ပီတို့ဘာတို့ ဖတ်ပြီ၊ ၉ တန်း၊ ၁၀ တန်းလောက် ရောက်လာရင်၊ ရင်နည်းနည်း ခုန်လာပြီ။ အချစ်ဝတ္ထုလေး ဘာလေး ဖတ်ပြီ၊ နိုကိုဥတို့၊ မုန်လာဥတို့ စတဲ့ ဝတ္ထုတွေပေါ့ဗျာ နော်၊ (ရယ်သံများ) အဲဒီနာမည်တွေ ကျွန်တော် သိပ်မသိဘူး။ ဖတ်ပါ။

အဲဒီမှာ ကိုယ်ကတော့ ဘာဖြစ်တာပဲ၊ ညာဖြစ်တာပဲဆို အန်ဒါလိုင်းတား၊ ကောင်မလေးလာရင် ပေးရအောင် အော်တိုထဲရေး၊ ဒီထက် နည်းနည်းကြီးလာရင် ကောလိပ်ကျောင်းသားတို့ ဟုတ်လား၊ ကောလိပ်ကျောင်းက အောင်ကာစတို့ကျတော့ နိုင်ငံတကာရေးရာတွေ ဖတ်တယ်၊ နွယ်နီတို့၊ ရန့်သစ်တို့၊ ကမ္ဘာကြီးမှာ ဘာဖြစ်နေသလဲ၊ ဘယ်တိုင်းပြည်မှာ ဘယ်လို ပြောင်းလဲမှု ရှိနေသလဲ စသဖြင့် ဖတ်ကြ။

ဒီထက် နည်းနည်းကြီးလာတဲ့အခါကျတော့ ကိုဇေမြင့် ပြောတဲ့ ကြီးပွားတိုးတက်ရေး စာတွေနော်၊ 'ဒေဝူး' တည်ထောင်သူနဲ့ ဥက္ကဋ္ဌ၊ ကမ္ဘာ့ ထိပ်တန်း လုပ်ငန်းရှင် 'ကင်ဝူချွန်း'ဆိုတဲ့ ကလေး၊ အစတုန်းက အလုပ်သမား၊ အဲဒီကနေ ဘယ်လိုလုပ် သူဌေး ဖြစ်သွားသလဲ ဟုတ်လား၊

မစ်ဆူဗီရှီတာလို့ခေါ်တဲ့ နေရှင်နယ် ကက်ဆက်၊ နေရှင်နယ် ရေခဲသေတ္တာ စသဖြင့် နေရှင်နယ် လျှပ်စစ်ကုမ္ပဏီ ထူထောင်တဲ့ မစ်ဆူဗီရှီတား သူဌေးကြီး၊ သူ ငယ်ငယ်တုန်းက လျှပ်စစ်အလုပ်သမားကလေး၊ ကြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ထုတ်တိုင်း ထုတ်တိုင်း ဆက်လက် လုပ်ဆောင်နိုင်ပါစေ၊ တခြားစာအုပ်တိုက် တွေကလည်း ဒီအတ္ထုပ္ပတ္တိစာပေ မျိုးလေးတွေကို ဆက်လက် ထိန်းသိမ်းနိုင်ပါစေလို့ ဆုတောင်းအနေနဲ့ ပြောကြားချင်ပါတယ်။

ကျွန်တော်ပြောမယ့်အကြောင်းအရာ အတ္ထုပ္ပတ္တိ... အတ္ထုပ္ပတ္တိ၊ အဲဒါကို ခွင့်ပြုပါ၊ အတ္ထုပ္ပတ္တိဆိုတာ အင်္ဂလိပ်လိုတော့ Biography... Biographia ဆိုတဲ့ ခေါမစကားလုံးက လာတယ်။ Bio ဆိုတာ၊ ဘဝ Life graph ဆိုတာ writing ရေးသားခြင်း၊ ဘဝကို ရေးသားခြင်း၊ အဲဒါ Biography ကျွန်တော်တို့ မြန်မာမှာတော့ ပါဠိက လာတယ်။ အတ္ထုပ္ပတ္တိဆိုတာ အဖြစ်အပျက်၏၊ အကြောင်းအရာ၏ အဖြစ်အပျက်၊ အကြောင်းအရာတစ်ခု ဘယ်လို ဖြစ်သလဲ၊ ဘယ်လို ပျက်သွားသလဲ၊ အဲဒါကို အတ္ထုပ္ပတ္တိလို့ ခေါ်ပါ တယ်၊ အဲဒီ အတ္ထုပ္ပတ္တိမှာ ရှင်းအောင်တော့ ကျွန်တော် နည်းနည်းပြောချင်ပါ တယ်၊ ဒါ ကျွန်တော်တို့ နားလည်ထားတဲ့ အတ္ထုပ္ပတ္တိပေါ့၊ ဒါပေမဲ့ အဘိဓာန်က ပေးထားတဲ့ အတ္ထုပ္ပတ္တိမှာတော့ Concise Oxford Dictionary က ပေးထားတဲ့ အတ္ထုပ္ပတ္တိက written life of a person လူတစ်ယောက်ရဲ့ အကြောင်းရေးသားတဲ့ အနက်သုံးခု ပေးပါတယ်။ Oxford အဘိဓာန်က လူတစ်ယောက်ရဲ့ ရေးထားတဲ့အကြောင်း။ နောက်တစ်မျိုးက Branch of literature dealing in the person's lives လူတွေရဲ့ အတ္ထုပ္ပတ္တိကို ရေးထားတဲ့ စာပေပုံသဏ္ဌာန်တစ်မျိုး၊ ဒါကိုလည်းပဲ Biography အတ္ထုပ္ပတ္တိလို့ ခေါ်ပါတယ်။ နောက်တစ်ခုက Life course of a living being အသက် ရှိနေတဲ့ လူတစ်ယောက်ရဲ့ ဘဝလမ်းကြောင်း၊ အဲဒါကို လည်း Biography ခေါ်ပါတယ်။ ဒါက Oxford အဘိဓာန်ကပေးတဲ့ အနက်သုံးခုပါ။ အဲဒီ အနက်သုံးခုအပြင် အတ္ထုပ္ပတ္တိနဲ့ ပတ်သက်လို့ သူတို့အနောက်တိုင်းက (၂၃)မျိုး အဓိပ္ပာယ် ပေးထားပါတယ်။ အဲဒါကို ကျွန်တော် အတိုချုပ်ပြီး အင်္ဂလိပ်လို ဖတ်ပြသွားပါမယ်။

၁။ Biography
၂။ Realife story
၃။ Human Interest
၄။ Curriculum Vitae





၅။ Experiences
၆။ Adventure
၇။ Fortunes
၈။ Hagiography သူတော်စင်တွေရဲ့ အတ္ထုပ္ပတ္တိ
၉။ Martyrology အာဇာနည်တွေရဲ့ အတ္ထုပ္ပတ္တိ
၁၀။ Obituary
၁၁။ Rogues' Gallery ကျွန်တော်တို့ မှုခင်းဌာနတွေမှာ ရာဇဝတ်မှု ကျူးလွန်တဲ့ လူဆိုးတွေရဲ့ဓာတ်ပုံ အစုံရှိတယ်။ လူဆိုးပြတိုက်၊ အဲဒါလည်း Biography ထဲမှာ ပါတယ်။ အခုဟာကတော့ လူဆိုးတွေရဲ့ ပြတိုက် မဟုတ်ပါဘူး၊ အသံသစ် ပြတိုက် ပါ။
၁၂။ Newgate Calendar လန်ဒန်မှာက Newgate အကျဉ်းထောင် ကြီးထဲမှာရှိတဲ့ Calendar စာရင်း၊ ဥပမာ မြသန်းတင့် ဆိုရင် မြသန်းတင့်၊ ဘာအမှု ကျူးလွန်တယ်။ လူဆိုးတွေရဲ့ အတ္ထုပ္ပတ္တိကို ညွှန်းတာ။
၁၃။ Personal account
၁၄။ Auto Biography
၁၅။ Confession
၁၆။ Memoirs
၁၇။ Memorabilia
၁၈။ Remembrance
၁၉။ Letters
၂၀။ Diary
၂၁။ Record
၂၂။ Journal
၂၃။ Reminiscence

အဲဒီလို (၂၃)မျိုး ခွဲထားပါတယ်။

ဒါကြောင့် ကျွန်တော်တို့ သိတဲ့ အတ္ထုပ္ပတ္တိရဲ့ သမိုင်း အကျဉ်းကို ကျွန်တော် ပြောချင်ပါတယ်။ ရှေးတုန်းက ရှိခဲ့တဲ့ Hagiography ဆိုတဲ့ ဗုဒ္ဓဝင် ရှိတယ်။ မဟာဝင် ရှိတယ်။ ဒီပဝံ ရှိတယ်။ သူတို့ဆီမှာ Old Testa-



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ကြီးစားပြီး ဘယ်လို အောင်မြင်သွားသလဲ။ ဟင်နရီဖို့ဒ်၊ အစတုန်းက သူ မတ်ကင်းနစ်ကလေး။ ကမ္ဘာမှာ အကြီးဆုံး မော်တော်ကားကုမ္ပဏီ သူဌေးကြီး ဖြစ်အောင် ဘယ်လို လုပ်သွားသလဲ စသဖြင့် တိုးတက်ကြီးပွားရေး စာတွေဖတ်။

အိမ်ထောင်ကျလာပြီ။ အိမ်ထောင်ရှိလာပြီဆိုတော့ ကြီးပွားသင့်သလောက်လည်း ကြီးပွားသွားပြီ ဟုတ်လား။ မအောင်မြင်လည်း ယက်ကန်ယက်ကန် ရုန်းကန်နေရပြီ။ ဒီလိုနဲ့ အသက်ကြီးလာ။ သားတွေ သမီးတွေရ။ သားတွေ သမီးတွေကလည်း ကြီးလာကြ။ အဲ. . . အသက် ၆၀ ကျော် ၇၀ ဖြစ်လာပြီ။ ဖြစ်လာတော့ ငါ ကြီးပွားရေးစာအုပ်တွေလည်း ဖတ်ခဲ့ပြီးပြီ။ ဝတ္ထုတွေလည်း ဖတ်ခဲ့ပြီးပြီ၊ ကြီးပွားအောင်လည်း လုပ်ခဲ့ပြီးပြီ။ သားသမီးတွေလည်း မွေးမြူခဲ့ပြီးပြီ၊ ငါ့ဖို့ပါအောင် လုပ်မှပဲဆိုပြီးတော့ ဘာတွေ ဖတ်သလဲ။ တရားစာပေဖတ်၊ ဝေဘူဆရာတော်ဘုရား၊ လယ်တီဆရာတော်ဘုရား၊ မန်လည်ဆရာတော်ဘုရား၊ တောင်မြို့ ဆရာတော်ဘုရား စသဖြင့် ဘာသာရေးစာတွေ ဖတ်ကြ။

အသက် ၇၀ ကျော်၊ ၈၀ အထိ တစ်လျှောက်လုံး ခင်ဗျားတို့ ဖတ်တုန်းပဲ။ ဘာတွေ ဖတ်တုန်းဆိုတော့ မြေးတွေနဲ့ လုပြီးတော့ ကာတွန်း ပြန်ဖတ်တယ်။ (ရယ်သံများ) အဲဒီတော့ လူဟာ စာဖတ်နေမှ။ ဒါကြောင့်မို့ စာဖတ်တဲ့ ပရိသတ်တွေအတွက် ကျွန်တော် ဝတ္ထုတစ်ပုဒ် ဘယ်လိုရေးတယ် ဆိုတဲ့အကြောင်း ပြောပါမယ်။

အခု အချိန်ကလည်း နည်း၊ ပရိသတ်လည်း ချမ်းအေးနေတဲ့အတွက် ကျွန်တော် ခပ်တိုတိုပဲ ပြောပါ့မယ်။ ၄ နာရီလောက် (ရယ်သံ) ကျွန်တော့်နောက်မှာ အောင်သင်းက ၅နာရီလောက် ပြောပါမယ်၊ ဒီနေ့ညတော့ ရွှေဘို ဘုရား၊ တရားသာ အောက်မေ့ထားပေတော့။ တောင်တွင်းက အောင်သင်း သန်းခေါင်ချဉ်းခါနီးကျတော့ ပလောင်ထင်းပြီး အပြောင်ရှင်းကာ အမှောင်ခွင်းပါလိမ့်မယ်။ (ရယ်သံ)

အောင်သင်းဟာ အင်မတန် စကားပြော ကောင်းပါတယ်။ နားထောင်ကြည့်၊ သည်းခံ နားထောင်နော်။ ကျွန်တော်တို့တတော့ ရှေ့က ဆီးသီးတောက်မင်းသားပေါ့။ (ရယ်သံ) အောင်သင်းကို ကျွန်တော်က 'စာပေကြာနီကန်' လို့ နာမည် ပေးထားပါတယ်။ ကြာနီကန် ဆရာတော်လို အဟောကောင်း လွန်းလို့





ပါ။ ဒါကြောင့်မို့ ကျွန်တော် သူနဲ့အတူ ဂျစ်ကား မစီးပါဘူး။ ဘာလို့ဆို ကြာနီကန် ဆရာတော်က ဂျစ်ကားမှောက်ပြီး ပျံတော်မူသွားလို့။ (ရယ်သံ) အဲတော့. . . အောင်သင်း အင်မတန် စုံစုံစေ့စေ့ ဟောပါလိမ့်မယ်။ အင်မတန် နားထောင်လို့ ကောင်းပါတယ်။

* * *

ကျွန်တော် 'ဝတ္ထုတစ်ပုဒ် မွေးဖွားခြင်း' အကြောင်းကို အတိုချုပ်ပြီး ပြောပါ့မယ်နော်။ ကျွန်တော်တို့ စာရေးဆရာတွေ ဝတ္ထုတစ်ပုဒ်ကို ဘယ်လို ရေးသလဲ၊ ဘယ်လို စိတ်ကူးရသလဲ၊ ဘယ်လို ခံစားရသလဲ။ ကျွန်တော် ကိုယ်တွေ့နဲ့ယှဉ်ပြီး ပြောပါ့မယ်။ ကျွန်တော့်ဝတ္ထု ကို ဥပမာထားပြီး ပြောပါ့မယ်။

ကျွန်တော့်ဝတ္ထုကို ဥပမာထားရတာက တခြားကြောင့် မဟုတ်ပါဘူး။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကိုယ့်ဝတ္ထုကိုပြောမှ ရေလည်အောင် ပြောနိုင်မှာ ဖြစ်တဲ့အတွက် ကျွန်တော့်ဝတ္ထုကို ကိုးကားရခြင်း ဖြစ်ပါတယ်။ အဲဒီဝတ္ထုက 'မားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်' ဆိုတဲ့ ဝတ္ထု ဖြစ်ပါတယ်။

အဲဒီဝတ္ထုကို ကျွန်တော် ၁၉၇၃ ခုနှစ်မှာ ရေးပါတယ်။ အခုအချိန်အထိ '၁၅ ကြိမ်' ရိုက်ပြီးပါပြီ။ ကိုကိုမောင်က ကာတွန်းရုပ်ပြ ဆွဲခဲ့ပြီးပါပြီ။ မြတ်လေးရယ်၊ ကောလိပ်ဂျင်နေဝင်းရယ်၊ မို့မို့မြင့်အောင်ရယ်၊ ကက်ဆက်ဇာတ်လမ်း သွင်းခဲ့ဖူးပါတယ်။ နောက် မြို့တော်အင်အားသစ် မောင်ယဉ်အောင်က ပြဇာတ် ကဖူးပါတယ်။ ၁၉၈၅ ခုနှစ်က ဂျပန်ပြည်မှာ ဂျပန်လို ပုံနှိပ်ထုတ်ဝေပါတယ်။ ရှေ့နှစ် ၁၉၈၆ မှာ လန်ဒန်၊ အင်္ဂလန်မှာ အင်္ဂလိပ်လို ပုံနှိပ်ထုတ်ဝေပါမယ်။ အခု နောက်ဆုံး ကျော်ဟိန်းက ရုပ်ရှင်ရိုက်သွားပါတယ်၊ ရန်ကုန်မှာ ဇာတ်ကား ပြပြီးသွားပါပြီ။

အဲတော့ အဲ့ဒီဝတ္ထု၊ ဘယ်လိုစိတ်ကူးရသလဲ ဆိုတာ ကျွန်တော် ပြောပါ့မယ်။ အဲဒီဝတ္ထုကို ကျွန်တော် ၁၉၇၃ ခုနှစ်က ရေးတာ၊ အခုဆိုရင် ၂၂ နှစ်နီးပါး ရှိသွားပါပြီ။

အဲဒီဝတ္ထုကို မရေးခင်တုန်းက ကျွန်တော် နိုင်ငံခြားကို သွားနေပါတယ်။ နိုင်ငံခြားမှာ ၁၀ နှစ် ကြာခဲ့ပါတယ်၊ ၁၉၆၃ ကနေပြီးတော့ ၁၉၇၂ နှစ်အထိ။ ကျွန်တော် နိုင်ငံခြားက ပြန်လာတဲ့အခါမှာ 'အက်စ်အီး' က ၇ ဝင်း



www.burmeseclassic.com

www.burmeseclassic.com



သွင်တာ အချပ် ၁၀၀၀၊ ပါတိတ်က အစုံ ၁၀၀၀ ပါလာလိမ့်မယ်လို့တော့ မမျှော်လင့်ပါနဲ့။ (ရယ်သံ) ဘာမှ မပါပါဘူး။ ကျွန်တော်သွားတဲ့ နိုင်ငံခြားက မော်စကိုကို ဖြစ်ပါတယ်။ မော်စကိုဆိုတာ ရန်ကုန်မှာ အင်းစိန်ထောင်ကိုခေါ်တာ။ အခုတော့ မော်စကိုလို့ မခေါ်တော့ပါဘူး။ 'နယူးယောက်' လို့ ခေါ်ပါတယ်။ (ရယ်သံများ) ဘာလို့လဲဆိုတော့ အသစ်တွေ ရောက်ရောက်နေလို့။ (ရယ်သံများ)

ကျွန်တော့် လာခေါ်၊ လာဖိတ်တုန်းကတော့ 'ခဏ'လို့ ပြောတာပါပဲ။ သို့သော် ကျွန်တော် '၁၀ နှစ်' ကြာခဲ့ပါတယ်။ (ရယ်သံများ) ဒါကြောင့်မို့ ခဏဆိုတဲ့ အသံကြားရင် ကျွန်တော် အခုထိ ဖျားချင်နေတုန်း ရှိပါသေးတယ်။ (ရယ်သံများ) အဲဒီတော့ နိုင်ငံတော်အစိုးရရဲ့ ဖိတ်ကြားချက်အရ ကျွန်တော် နိုင်ငံခြားမှာ ၁၀ နှစ် နေခဲ့ပါတယ်။

ကျွန်တော် ဝတ္ထုအကြောင်းကို ပြောမယ်နော်။ 'ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်' ဆိုတဲ့ ဝတ္ထု၊ ဘယ်လို မွေးဖွားလာသလဲ ဆိုတာ ပြောမလို့။

ကျွန်တော် နိုင်ငံခြား မသွားခင်တုန်းကနော်။ အဲလိုကျတော့လည်း အရသာရှိသားပဲ၊ နိုင်ငံခြားလို့ ပြောရတာ။ (ရယ်သံများ) အဲတော့ ကျွန်တော့်သား အငယ်ဆုံးက နှစ်လသား၊ နီတာရဲလေး။ ကျွန်တော် ပြန်လာတဲ့အခါ ကျတော့ ဒီကောင်က စတုတ္ထတန်း ကျောင်းသားကြီး။ သူ့ကြည့်တော့ တစ်ခါတည်း ဆံပင်က အရှည်၊ ကုပ်ပေါ်ဝဲလို့။ အင်္ကျီက သတင်းစာစက္ကူ ချုပ်ဝတ်ထားသလို I love you, Peace, Zay ဘာညာ စာတွေနဲ့။ ကျွန်တော် က မျက်စိကမှုန်လာတော့ အဲဒါ အစက သတင်းစာစက္ကူ အောက်မေ့တာ။ ကိုင်ကြည့်မှ အဝတ်စမှန်း သိရတယ်။

နောက် သူ ဝတ်ထားတဲ့ ဘောင်းဘီက ဖလဲ (Flare) ဘောင်းဘီ၊ ဘောင်းဘီပွ၊ ခေါင်းလောင်း(Bell)ဘောင်းဘီ။ ကျွန်တော်ကတော့ ဆင်ခြေထောက် ဘောင်းဘီလို့၊ ဘာလို့လဲဆိုတော့ ဆင်ခြေထောက် ရောဂါဖြစ်တဲ့လူ ဝတ်ရင်ရတယ်။ ဒါကြောင့်မို့ ဆင်ခြေထောက်ဘောင်းဘီ။ ပြီးတော့ သူ ပတ်ထားတဲ့ ခါးပတ်က နိုင်ငံခြား ဖြစ်ခါးပတ်၊ ခါးပတ်ခေါင်းက စတီးခေါင်း။ အဲဒီပေါ်မှာ Zero Zero Seven, Bond, James Bond, နောက်တစ်ခါ သင်္ကြန်ကျလို့ သူ ရေပက်တဲ့ ပြွတ်၊ သေနတ်၊ ခြောက်လုံးပြူး ပုံကလေးကို





ကြည့်တော့လည်း အဲဒီပေါ်မှာ ဘွန်း 007 (ရယ်သံများ) ဂျိမ်းစ်ဘွန်း။

ဆိုတော့ သူကလည်း ကျွန်တော့်ကို အကဲခတ်တယ်၊ ကျွန်တော် ကလည်း သူ့ကို အကဲခတ်တယ်။ သားအဖ ကွဲသွားတာကိုး။ သူကလည်း အမေနဲ့ တွတ်တွတ် လုပ်ပြီး "ဘဲနာကြီးက ဘယ်ကလဲ" ဆိုတဲ့ အိုက်တင်နဲ့၊ မသင်္ကာတဲ့ အကြည့်နဲ့။ ကျွန်တော်ကလည်း "ဟာ ဒါ ငါ့သားမှ ဟုတ်ရဲ့လား၊ မြန်မာပြည် ဘယ်အချိန်မှာ Visit Myanmar Year လုပ်၊ ဂျိမ်းစ်ဘွန်း ရောက်လာ၊ ကိုယ့်မိန်းမနဲ့ ကိစ္စများရအောင် Visit Myanmar Year လည်း မလုပ်သေးပါဘူး" ဂျိမ်းစ်ဘွန်းနဲ့များ ရသလားလို့ပေါ့လေ။

သူ့ဂိုက်က ဘယ်မြန်မာပုံမှ မဟုတ်ဘဲနဲ့။ အဲ သူ့ကြည့်ရတာ ဆံပင် ကလည်း အရှည်၊ ခေါင်းလောင်းဘောင်းဘီပွနဲ့ အကုန်လုံး ဘွန်း၊ ဂျိမ်းစ်ဘွန်း။ သတင်းစာ စက္ကူအင်္ကျီနဲ့ဆိုတော့ ကိုယ်ကလည်း သူ့ အကဲခတ်၊ သူကလည်း ကိုယ့် အကဲခတ်၊ ဒီလိုနဲ့ ခုနစ်ရက်လောက် သားနဲ့ အဖေ တစ်ယောက် . . . တစ်ယောက် အကဲခတ်။ နောက်ဆုံး ခုနစ်ရက်ကျော်တဲ့နေ့ကျမှ ကျွန်တော့်ကို သူက အဖေလို့ အသိအမှတ် ပြုပါတယ်။ သူ အသိအမှတ်ပြုမှ ကျွန်တော် သူ့အဖေ ဖြစ်သွားရတယ်။

ဒါနဲ့ တစ်နေ့ကျတော့ ကျွန်တော်တို့ သားအဖ လမ်းလျှောက် ထွက်၊ ဘိုင်စကုတ်ရုံရှေ့ရောက်။ ညဆိုတော့ ကျွန်တော်က "သားရယ်၊ အဖေကွာ မျက်စိတွေလည်း ဝါး၊ မျက်စိတွေ မှုန်မှုန်လာတယ်" လို့။ "ရှေ့က တွဲသွားတာ ကောင်လေးနဲ့ ကောင်မလေးထင်တယ်"လို့။ "ဟုတ်တယ်" တဲ့။ "အဲဒါ ဘယ်ဘက်က ကောင်လေးလဲ၊ ဘယ်ဘက်က ကောင်မလေးလဲ"။ ဒီတော့ သူက ကျွန်တော့်ကို အောက်ကနေ ပေါင် ဆိတ်တယ်၊ လူတွေထဲ မေးရမလားပေါ့။ "အဖေကလည်း သိပ်မမေးနဲ့ဗျာ" တဲ့။ "ဒီဘက်က ဘဲ၊ ဟိုဘက်က ဆော်"တဲ့။ ဟာ ကျွန်တော် ဘာပြောလိုက်မှန်း မသိဘူး။ "ဟာ ဟုတ်လား"။ နောက်ထပ် လည်း မမေးရဲဘူး။ သူက ဟောက်ဦးမှာကိုး။ အဲတော့ "ဩော် . . . ဩော် ဟုတ်လား" ပေါ့။ စာရေးဆရာပီပီ မသိသော်လည်း သိဟန်ဆောင် ဖြီးရတာ၊ ဒါနဲ့ ဆက်လျှောက်လာ။

ခုခေတ် ကောင်လေးတွေ၊ ကောင်မလေးတွေလည်း ဝတ်တာ [illegible] ပြောင်းသွားတယ်။ ကောင်မလေးတွေဆိုရင်လည်း ဟိုတစ်ချိန်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဝါဝါဝင်းရွှေတို့ သိပ်နာမည်ကြီး၊ ခင်သန်းနု နာမည်ကြီးနေတဲ့အချိန်။ အင်္ကျီလက်ပွကြီးတွေဝတ်၊ ဆယ်နှစ်အတွင်းမှာ ဘယ်လို ဖြစ်သွားတာလဲ။

ကျွန်တော် ငယ်ငယ် ၅ နှစ်သားလောက်တုန်းက စစ်မဖြစ်ခင် ကျွန်တော့် အမေတွေ၊ ကျွန်တော့် အဒေါ်လေး အပျိုတွေ ဝတ်တာက ဒီလို လက်ပွ၊ အင်္ကျီ လက်ရှည်၊ ရှုန်သားတို့၊ ဝိုင်တို့၊ ဘာတို့ ညာတို့ ဟုတ်လား။ ရင်ဖုံး၊ ရင်စေ့၊ အင်္ကျီလက်ရှည်ပေါ့။ ကျွန်တော် ၁၀ နှစ် သားလောက်ကျတော့ အင်္ကျီလက်က ဒီ. . ရောက်လာရော၊ (အင်္ကျီလက် အနေအထား တဖြည်းဖြည်း တိုသွားပုံ လက်တစ်ဖက်ဖြင့် ညွှန်ပြ) ၁၅ နှစ် လောက်ကျတော့ ဒီ. . . ၊ ၂၀ လောက်ရောက်တော့ ဒီ. . . ။ အစိတ် ကျတော့ ဒီမှာ ချိုင်းပြတ်သွားတယ်။ ရန်ကုန်ဆိုရင် ဘတ်စ်ကားပေါ် အပေါ်မဆွဲရဲဘူး။ မကြည့်ရဲဘူး။ မျက်နှာလွှဲထားရတာ။

တစ်ခါ ကျွန်တော် ၃၀ လောက်ကျတော့ ဒီ. . . ပြန်ဆင်းလာတယ်၊ ၃၅ ကျ ဒီ. . . ။ ၄၀ လောက်ကျ ဒီ. . . ။ ၅၀ လောက်ကျ ဒီ. . . ပြန်ရောက်လာတယ်။ ကောင်မလေးတွေ အင်္ကျီလက်က ဒီနားတင် တက်လိုက် ဆင်းလိုက် လုပ်နေတာ။ (ဘယ်ဘက်လက်မောင်းဆီ ညာလက်ဖြင့် ညွှန်ရင်း လက်ကို ထက်အောက် တက်လိုက် ဆင်းလိုက်လုပ်ပြ) သံသရာလည်နေတာ။ မယုံကြည့်၊ နောက် ၁၀ နှစ်လောက်ကြာရင် သူတို့ ဒီနား တက်လိုက်ဆင်းလိုက် လုပ်ဦးမှာပဲ။

အင်္ကျီ လည်ဟိုက်တာတို့ ဘာတို့လည်း ဒီအတိုင်းပဲ။ ခင်ယုမေတို့ မင်းသမီး ဖြစ်ကာစက တရုတ်မ လည်ထောင်အင်္ကျီ ခေါ်တာပေါ့၊ ဟိုတုန်းက ရိုးရိုးပဲ။ ကျွန်တော်တို့ အဒေါ်တွေဘာတွေဝတ်တာ ရိုးရိုးပဲ။ ခင်ယုမေတို့ မင်းသမီးဖြစ်တော့ အင်္ကျီက စတစ်ကော်လာ၊ ယောကျာ်းများလို စတစ်ကော်လာ။ နည်းနည်း ခပ်မြင့်မြင့်။ လည်ထောင်လို့ ခေါ်တယ်၊ နောက်တစ်ခါ အဲဒီလည်ထောင်က တဖြည်းဖြည်း တိုတို. . . တိုတို လာလိုက်တာ။ ဒီ. . . (လည်ပင်းနဲ့ ရင်ဘတ်ဆီညွှန်ပြ) ဆင်း. . . ဆင်း ဆင်း. . . ဆင်း. . . ဆင်း၊ လည်ဟိုက်။ ကျွန်တော်လည်း ဘယ်လောက် အထိ ဆင်းမလဲ စောင့်ကြည့်တာ။ အနုပညာမျက်စိနဲ့ စာရေးမလို့၊ ဒါပေမဲ့ သူတို့ မဆင်းဘူး။ ပြန်တက်သွားတယ်။ ဒီနားလေးတင် တက်လိုက် ဆင်းလိုက် လုပ်နေတာ။





ထဘီကလည်း ဒီအတိုင်းပဲ။ ခု ကောင်မလေးတွေ [illegible]တိုတို ဝတ်တယ်။ ခင်ယုမေ မင်းသမီးဖြစ်ခါစကဒီလိုပဲ။ သရီးကွာတား (quarter) လုံချည်ဝတ်ရင် လေးပုံ သုံးပုံပဲ ဝတ်တယ်။ ခြေသလုံးက လေးပုံ တစ်ပုံ ချန်ထားတယ်။

ကျွန်တော်တို့ ကျောင်းသားဘဝ၊ ကျောင်းကထွက်ပြီး စာရေးဆရာ ပေါက်စ ဖြစ်ခါစ၊ အဲဒီတုန်းက ဒါရိုက်တာတွေ ဘာတွေ သင်ရင် ထဘီကို သရီးကွာတား ဝတ်ရတယ်။ လမ်းလျှောက်ရင်လည်းပဲ ဘဲသွား မသွားရဘူး။ ရှေ့ခြေဖဝါးနဲ့ နောက်ခြေဖဝါး ဖဝါးချင်း ထပ်နေအောင်၊ ညီအောင်၊ တစ်ဖြောင့်တည်း တန်းနေအောင် (straight line)သွားရတယ်။ ဒါမှ တင်ပါးက လိမ်ကျစ် လိမ်ကျစ်နဲ့ ကြည့်လို့ကောင်းအောင်လို့၊ ဒါရိုက်တာတွေက သင်ပေးနေတာပါ။ အဲတော့ အဲဒီတုန်းကလည်း ခင်ယုမေတို့က ခု ကောင်မလေးတွေလို ခြေသလုံးပေါ် ဝတ်တာပဲ။

နောက်ကျ တဖြည်းဖြည်း ခြေချင်းဝတ်အထိ အောက်ပြန်ဆင်း၊ ကျွန်တော့် သမီးလေးတွေ အပျိုပေါက် ၇ တန်း၊ ၈ တန်းဆို ထဘီ ဒယဉ်. . . ဒယဉ်နဲ့။ "ဟဲ့ ညည်းတို့ ထဘီက ရှည်လှချည်လား၊ တိုတို ဝတ်စမ်းပါ" လို့ ခိုင်းယူရတယ်။ မဟုတ်ဘူး။ တဖြည်းဖြည်း ပြန်တိုသွား။ တိုဆို အပေါ်ရောက်လာ။ တဖြည်းဖြည်း တက်တက်. . . တက်တက် လာလိုက်တာ။ ဒူးဆစ်နား ရောက်လာပြီ။ အဲဒီတော့ နောက်က ကာလသားတွေ ပြောလိုက်မယ်။ မမျှော်နဲ့၊ အောက်ပြန်ဆင်းမှာ၊ (ရယ်သံများ) ခြေချင်းဝတ် ပြန်ဆင်းမှာ၊ မယုံကြည့်နေ။ အဲတော့ ဆိုလိုတာက ခေတ်တွေ ပြောင်းလာ။ အဝတ်အစားတွေ ပြောင်းလာ နောက်တစ်ခါ. . .

ကျွန်တော်တို့သားအဖ အဲဒီလို ဆက်လျှောက်သွား။ ဆက် လျှောက်သွားတော့ ဘိုင်စကုတ်ရုံအောက်၊ မိန်းကလေးတစ်ယောက်။ ဒီပြင် မိန်းကလေးတွေနဲ့ မတူဘူး။ အလွန်အကျွံ ဝတ်စားထားတဲ့ မိန်းကလေးတစ်ယောက်တွေ့၊ တွေ့တော့ ကျွန်တော် မမေးရဘူး။ သူက လက်ကုတ်တယ်။

"အ[illegible]ဖေ အဖေ" တဲ့။

"ဘာလဲ"

"သူ့ သိလား"

www.burmeseclassic.com



"မသိပါဘူး၊ ဘယ်သိမလဲကွ" ဆိုတော့၊

"အဲဒါ ကြက် အဖေရဲ့၊ ကြက် ကြက်" တဲ့၊

"ဟာ မင်းကြက်က ဖိနပ်ကြီးစီးလို့ပါလား" ဆိုတော့

"ဖိနပ်စီးတဲ့ ကြက်" တဲ့၊

"ဟာ ဒီကောင်တွေ တော်တော် ပညာရှိတဲ့ ကောင်တွေပဲနော်" . . . ဘာတွေ ပြောမှန်းမသိဘူး။ ဖိနပ်စီးတဲ့ ကြက်ရော၊ ဖိနပ်မစီးတဲ့ ကြက်ရော။ ဟော. . . ဘဲနာ တဲ့။ ဝက် တဲ့။ ဆော် တဲ့။

နောက်တစ်ခါ "အဖေကဗျာ၊ စာရေးဆရာလုပ်ပြီး သိပ်ဝက်ခန်းတာပဲ၊ ဝက်ကလေးဘာလေး ထောအောင် လုပ်စမ်းပါ" တဲ့။

သူ ပြောတာ ဘာတွေမှန်း မသိတော့ဘူး၊

အဲဒီတော့ ကျွန်တော် ပြောတယ်။

မင်းနဲ့ ငါနဲ့ကတော့ သားအဖနှစ်ယောက်ကြားမှာ ဘာသာစကားခြားနေပြီ၊ တစ်ယောက်ပြောတာ တစ်ယောက် နားမလည်ဘူး။ ကိုယ် ပြောတာလည်း သူ နားမလည်၊ သူ ပြောတာလည်း ကိုယ် ဘာမှန်းမသိ ဆိုတော့. . .

ကျွန်တော်က "ကဲ ဒီလို ပြောနေရင်တော့ မင်း မဖြစ်ဘူး၊ ငါကလည်း မရိုက်ချင်ဘူးကွာ၊ မင်းအမေ တိုင်လိုက်မယ်" ဆိုတော့. . .

"တိုင် ဘရိုင်ပေါ့"

"မင်း ငါ ရိုက်မိမယ်"

"ရိုက် ဘရိုက်ပေါ့ဗျ"

"လမ်းသူရဲ ဖြစ်လိမ့်မယ်" ဆိုတော့

"ဖြစ် ဘရစ်ပေါ့"

ဟာ ဒီကောင်လေး ဘယ်လို ပြောလို့မှ မရဘူး၊ ကဲ. . . ဒီ လောက်တောင် ဖြစ်လှတဲ့ကောင် လာစမ်းကွာဆိုပြီး ကျွန်တော် စိတ်ဆိုးဆိုးနဲ့ သိပ်စိတ်ဆိုးပြီးတော့ ကျွန်တော် သူ့ဆီမှာ သုံးလ မွမ်းမံသင်တန်း တက်ပါတယ်၊ (ရယ်သံများ)

အခု သူ့ရဲ့ ဆုံးမဩဝါဒအရ ကျွန်တော် ဆံပင်ရှည်ထားပါတယ်၊ "သားသမီးစကား နားထောင်ပြောက သံပြားကျောက်စောင်း ကျိုသော်ပြောင်း၏" (ရယ်သံများ) မောင်မင်းကြီးသားများကို လန့်နေရတာ၊ ဘယ်အချိန်မှာ





ဘာလုပ်မလဲဟဲ့လို့။ အဲတော့ ခေတ်ကြီးပြောင်းသွားပြီ။ ကျွန်တော် ပြောချင်တာက သူတို့ခေတ်နဲ့ ကျွန်တော်တို့ခေတ် မတူဘူး၊ ဝတ်ပုံစားပုံလည်း မတူဘူး၊ တွေပုံ ခေါ်ပုံလည်း မတူဘူး။ ပြောပုံဆိုပုံလည်း မတူဘူး၊ ဝေါဟာရတွေလည်း မတူဘူးနော်။ အကုန်ပြောင်းသွားတယ်၊ ဒီပြင်ဟာ မကြည့်နဲ့၊ သီချင်းဆိုတာကြည့်၊ ဟုတ်လား။

ကျွန်တော်တို့ ခေတ်တုန်းက သန်းခေါင်လောက်ဆိုရင် အင်းလျားတို့၊ သီရိတို့၊ ဟိုတုန်းက 'ဘင်တန်ဟော' ပေါ့၊ ကျွန်တော်က North Hall လို့ခေါ်တဲ့ 'ဥတ္တရကျောင်းဆောင်' မှာ နေတယ်။ မြောက်ဘက်ကျောင်းဆောင်ပေါ့။ ကျွန်တော်တို့ မရှိတဲ့နောက်မှ အခု 'ရွှေဘိုဆောင်' လို့ ပြောင်းတယ်၊ အဲ. . . ကျွန်တော်တို့အနားမှာ အခု 'သီရိ'လို့ ပြောင်းထားတဲ့ 'ဘင်တန်'တို့ ဘာတို့ ရှိတယ်၊ ဟိုတုန်းက မိန်းကလေးဆောင် နှစ်ဆောင်ပဲ ရှိတယ်၊ အင်းလျားနဲ့ 'ဘင်တန်' . . သီရိ၊

ကျွန်တော်တို့က ညသန်းခေါင်လောက်ကျရင် မယ်ဒလင်လေးနဲ့ သွားပိုးတာ၊ သူတို့နဲ့ ကျွန်တော်တို့က မိန်းမပိုးတာကို မတူဘူး၊

*'အိပ်ပြီလားကွယ်၊ မြူပြာမှုရာ သူဇာခင်ရယ်*

*အချစ်ရဲ့ ပြဿနာတွေကို. . . ဖြေလည်သွားအောင်*

*တစ်ပါးခင်ကညာရယ်. . . နားဆင်ပါကွယ်. . .*

*မောင် သီချင်းလေးနဲ့ ခင့်ကို ဆိုပြမယ်'*

(အော်သံများ၊ လက်ခုပ်သံများ)

ဩော်၊ လက်ခုပ် မတီးနဲ့ဦး၊ ကျွန်တော်တို့က သန်းခေါင်လောက်မှာ မယ်ဒလင်လေးနဲ့ "အိပ်ပြီလားကွယ့်" ဆိုတော့ ဟိုက အိပ်ပြီပေါ့၊ ဘယ်စွံမလဲ၊ သန်းခေါင်လောက်မှ "အိပ်ပြီလားကွယ့်" သွားလုပ်လို့ မရဘူး၊ ဟိုက အိပ်ပြီ၊ ကိုယ် ပိုးတာတောင် မသိဘူး၊ သူများနောက်ပါသွား။ စည်းကဒီလို (စည်းဝါး လိုက်ပြ) "အိပ်ပြီလားကွယ်၊ မြူပြာမှုရာ သူဇာ ခင်ရယ်" သုံးချက်စည်း၊ အခုကောင်တွေကျ ဒီလို မဟုတ်ဘူးနော်။

ကဆုန်၊ နယုန် နေသိပ်ပူချိန် နာရီပြန် တစ်ချက်လောက်ကြီးမှာ တန်ထရိုက် တိုက်ခြေရင်း နေပူကြီးထဲမှာ ချွေးတွေကကျ၊ ဆံပင်ကလည်း အရှည်ကြီးနဲ့ ချွေးတွေ တဒီးဒီး ကျရတဲ့အထဲ ဂျင်းအင်္ကျီ ထူထူကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



ခတ်လို့၊ ဂျင်းဘောင်းဘီကြီးနဲ့ အားရပါးရ ဂီတာချလို့။ ကျွန်တော်တို့တုန်းက ည လူခြေတိတ်မှ သွားပိုးတာ။ ဘယ်စွဲ မလဲ။ သူတို့က ပြောင်၊ လေ့ကားရင်းမှာ တစ်ခါတည်း ပေါ်တင်ပဲ။ သူတို့ဆိုတဲ့ သီချင်းက ဘာ. . .

"ဝူးရှီဂယ်လို အသည်းကွဲတာ မဆန်းပါဝူး"

"ဝူးရှီဂယ်လို အသည်းကွဲတာ မဆန်းပါဝူး"

ကျွန်တော်က "ဟိတ်ကောင်၊ မင်းတို့ အဲဒါ ဘာသီချင်းလဲ၊ ဂျပန်သီချင်းလား"

"ဟာ အဖေရ၊ ဘယ်က ဂျပန်သီချင်းရမှာလဲ"

"ဘာလဲကွ"

"မြန်မာသီချင်းပါ"

"ဘာလဲလို့ အဓိပ္ပာယ်က"

"ဝင်္ရှိခဲ့လို့ ချစ်မိတာ မဆန်းပါဘူး" (ရယ်သံများ) ဩော် ကျွန်တော်က "ဝူးရှီဂယ်လို့ ချိမိတာ မဆန်းပါဝူး. . . ဝူးရှီဂယ်လို ချိမိတာ မဆန်းပါဝူး"

"မင်းတို့ကွာ ရိုးရိုးဆိုပါ"

"ဘယ့်နှယ် ဝူးရှီဂယ်လို၊ ဝူးရှီဂယ်လို" နော်။

"ဝင်္ရှိခဲ့လို့ ချစ်မိတာ မဆန်းပါဘူး"

"မှတ်ဘူးအဖေရ၊ ဒါမှ ဖီး (Feel) ပါတာ" (ရယ်သံ)

"ရင်ခေါင်းထဲက လာတဲ့အသံ". . . အောင်မယ်. . . သူတို့က။

အဲတော့ ဆိုလိုတာက သူတို့ခေတ်နဲ့ ကျွန်တော်တို့ခေတ်က မိန်းမပိုးတာမှာ လည်း မတူဘူး။ သီချင်းကြိုက်တာမှာလည်း မတူဘူးနော်။ ဝေါဟာရတွေပါ ပြောင်း သွား။ ကျွန်တော် ပြောချင်တာ ခေတ်ကြီး ပြောင်းသွား။ ဂျင်နရေးရှင်းဂက်ပ် (Generation gap) နော်။ ဟိုတုန်းက ကျွန်တော်တို့ ခေတ်က သုံးချက်စည်းနဲ့ သွားတာ။ အခု ဘီ (Beat)က မြန်တာ။ ဒီလို သွားတာ။ ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း (စတိတ်ခုံ လက်နဲ့ ရိုက်ပြ) ဖော်ဝင်းထွဋ်တို့ဆိုရင် နားတောင် ကွဲမတတ်။ ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း ခေတ်ကလည်း မြန်တယ်။ အပြောင်းအလဲတွေ သိပ်မြန်တယ်။ ချက်ချင်း ပြောင်းလဲနေတယ်။ ကမ္ဘာရော၊ မြန်မာရော။

အဲတော့ ကျွန်တော်တို့က လိုက်မမီဘူး။ သူတို့က မြန်နေတယ်။





ဒီခေတ် လူတွေက ရှေ့သွားချင်နေတယ်။ တင်နေ့က ဘောလုံးပွဲ. . . အိမ်မှာတင် ထိုင်ကြည့်။ ဟို သွားမနေရဘူး။ အင်တာနက် (Internet) က လာတယ်။ ဂြိုဟ်တုက လာတယ်။ ခေတ်ကြီးက သိပ်မြန်နေတယ်။ အဲဒီလို မြန်လေ ကျွန်တော်တို့က ရှေးရိုး၊ သုံးချက် စည်းသမား။ သူတို့က ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း ဆိုတော့ ကျွန်တော်တို့ လိုက်မမီဘူး။ ဒီမှာတင် အင်္ဂလိပ်လို ဂျင်နရေးရှင်းဂက်ပ် (Generation gap) မျိုးဆက် ကွာသွားပြီ။ မျိုးဆက်ဟောင်းနဲ့ မျိုးဆက်သစ်က ကွာသွားပြီ။

ကျွန်တော်တို့နဲ့ ကျွန်တော်တို့အဖေတွေ ကွာတာထက် သူတို့နဲ့ ကျွန်တော်တို့ ပိုကွာတယ်။ သူတို့က သိပ်မြန်တယ်။ ခေတ်ကလည်း သိပ်မြန်တယ်။ ဒါ ကျွန်တော် တို့ မြန်မာပြည်မှာတင် မဟုတ်ပါဘူး။ ကမ္ဘာနဲ့အဝန်းပါ။ အဲလိုဖြစ်တော့ လူကြီးက လူငယ်ကို နားမလည်ဘူး။ မိဘက သားသမီးကို နားမလည်ဘူး။ သားသမီးက မိဘကို နားမလည်ဘူး။ လူငယ်က လူကြီးကို နားမလည်ဘူး။ ခင်ဗျားတို့ out သွားပြီနော်။

လူကြီးတွေကလည်း "မင်းတို့ ဘာမှမသိဘူး၊ ရိုင်းဖို့ စိုင်းဖို့ ဒါလောက်ပဲ တတ်တယ်" စသဖြင့်ပေါ့ဗျာ။ ဒီလိုနဲ့ မိဘနဲ့ သားသမီး၊ လူကြီးနဲ့ လူငယ်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု လွဲသွားပြီ။ ကျွန်တော့်သားနဲ့ ကျွန်တော် သိပ်ကွာသွားပြီ။ တွေးပုံချင်း၊ မြင်ပုံချင်း၊ တန်ဖိုးထားပုံချင်း၊ ဂီတအရသာ ခံပုံချင်း အကုန်ကွာသွားတာ။ ဥပမာ. . .

ကျွန်တော်က တစ်ခါတလေ 'ပန်းမြိုင်လယ် သာနယ်ဇွဲ မျှော်လေတိုင်း' စိတ်ရလို့ ပန်းမြိုင်လယ် ညည်းရင် သူက ကျွန်တော့်ကို မေးတယ်။ "အဖေ အဲဒါ မြန်မာသီချင်းလား"။ ပန်းမြိုင်လယ်ကို မြန်မာသီချင်းလား။ အဲတော့ အဲလိုကွာသွားတယ်။ ဆံပင်ပုံ ထားပုံချင်း၊ တန်ဖိုးထားပုံချင်း၊ အရသာ ခံပုံချင်း၊ ခံစားပုံချင်း ကွာသွား။ ဒီမှာတင် ကျွန်တော့်သား အပါအဝင် ကလေးတွေနဲ့ ကျွန်တော် စကားပြောတယ်။ ၁၀ တန်းအောင် ကလေးတွေ၊ ကောလိပ်က ကလေးတွေ၊ အဲ ဘုန်းကြီးကျောင်းက အောင်ပြီးတော့ ဘွဲ့ရတဲ့ကလေးတွေနဲ့ ကျွန်တော် စကားပြောတယ်။ စကားပြောပြီးတော့ အဲဒီခေတ်ကြီးအကြောင်း လူငယ်နဲ့ လူကြီး ကွာဟတဲ့ လူငယ်တွေအကြောင်း ဝတ္ထုတစ်ပုဒ် ရေးမှဲ။ ကျွန်တော် စိတ်ကူးရတယ်။ ဒါပေမဲ့ ကျွန်တော် ဇာတ်လမ်း မရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ment ရှိတယ်။ New Testament ရှိတယ်။ နောက်သူတော်စင်တွေရဲ့ အတ္ထုပ္ပတ္တိ ရှိတယ်။ ဆိုပါစို့။ ကျွန်တော်တို့ဆီမှာ ဗုဒ္ဓရဲ့ အတ္ထုပ္ပတ္တိ၊ ဗုဒ္ဓရဲ့ သာဝကတွေဖြစ်တဲ့ သံဃာတော်တွေရဲ့ အတ္ထုပ္ပတ္တိ၊ နောက် ဇိဝက အတ္ထုပ္ပတ္တိ၊ ဇိဝကကို ခင်ဗျားတို့ သိပါတယ်။ ရှေးဆရာ သမားတော်ကြီး၊ ဇိဝကရဲ့ အတ္ထုပ္ပတ္တိတာ ဗုဒ္ဓဝင်ထဲမှာ ပါတယ်။ အင်မတန် စိတ်ဝင်စားစရာ ကောင်းတယ်။ ဇိဝကရဲ့ အမေက သာလဝတီ ဆိုတဲ့ ပြည့်တန်ဆာမ၊ အဖေ မရှိဘူး။ ရှေးတုန်းက ဟိန္ဒူယဉ်ကျေးမှုမှာ ပြည့်တန်ဆာမ ဆိုရင် ဘာလုပ်ရသလဲဆိုတော့ မိန်းကလေး မွေးရင် အရွယ်ရောက်အောင် စောင့်ရှောက်ရတယ်။ သားမွေးရင် စွန့်ပစ်ရတယ်။ ပြည့်တန်ဆာမဆိုတာ သားသမီး မထားရဘူး။ အဲဒီတော့ ဇိဝကကို မွေးပြီးပြီးချင်း အမှိုက်ပုံမှာ စွန့်ခဲ့ရတယ်။ စွန့်ပစ်ခဲ့ပြီးမှ ဗိမ္ဗိသာရရဲ့ သား အဘယမင်းသားက နန်းတော်ကိုအသွား အမှိုက်ပုံမှာ အနီးတရှုန်းရှုန်း ဖြစ်နေတာ ဘာလဲလို့ သွားကြည့်ခိုင်းတော့ "စွန့်ပစ်ထားတဲ့ ကလေးလေးပါ ဘုရား"၊ "ဟာ အသက် ရှိသေးရဲ့လား"၊ "ရှိပါသေးတယ် ဘုရား" ဒါကြောင့်မို့ ဇိဝက အသက်ရှိသေးတယ်ဆိုတဲ့ သဘော။ ဇိဝကဆိုတာ အမှိုက်ပုံက ရလာတဲ့ ကလေး၊ ပြည့်တန်ဆာမရဲ့သား၊ အဖေ မပေါ်တဲ့ကလေးဟာ အင်မတန် ကြီးကျယ်တဲ့ သမားတော်ကြီး ဖြစ်လာတယ်။ ကမ္ဘာမှာ ဗုဒ္ဓဝင်၊ အိန္ဒိယသမိုင်းမှာ တော့ အင်တန် ကြီးကျယ်တဲ့ သမားတော်ကြီး ဖြစ်လာတယ်။ ဒီတော့ ဒီလိုဟာ မျိုးတွေဟာ Hagiography ရှေးတုန်းကတည်းက ရှိတယ်နော်။ နောက် ပြင်သစ်က သာသနာအတွက် အသက်စွန့်သွားတဲ့ 'ဂျုံး' Joan of Arc ဆိုတဲ့ အမျိုးသမီး၊ နောက်တစ်ခါ ဗုဒ္ဓဝင်တွေ၊ ပြီးတော့ ဒုတိယအမျိုးအစား ရှေးက အတ္ထုပ္ပတ္တိဟာ ဘာလဲဆိုတော့ ကျောက်စာ။ ကျွန်တော်တို့ (၁၈)ရာစု လောက်က ခင်ကြီးဖျော် ဆရာတော်ဘုရားရဲ့ သင်္ချိုင်းက ကျောက်စာ၊ ဆရာတော်ဘုရားရဲ့ သင်္ချိုင်းမှာ ကျောက်စာရိုက်ထားတယ်။ ကျောက်စာမှာ သူ့ရဲ့ Story အကုန်ပါတယ်။ နောက် (၁၈၄၀)ခုနှစ်မှာ ရေးတဲ့ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားရဲ့ ကျောက်စာ၊ အဲဒီမှာလည်း အတ္ထုပ္ပတ္တိ အစုံပါတယ်။ (၁၈၆၅)ခု မှာရေးတဲ့ မန္တလေး သာသနာပိုင် ဦးရေဝယျရဲ့ အတ္ထုပ္ပတ္တိ ကျောက်စာ၊ (၁၈၉၂)မှာ ရေးတဲ့ မိုင်းကိုင်မြို့စား ဦးယံ၊ မင်းတုန်းမင်း လက်ထက် တုန်းက ပိဋကတ်တိုက်မှူးကြီး၊ သူ့ရဲ့သင်္ချိုင်းက ကျောက်စာ၊ (၁၈၈၄)ခုနှစ်မှာ





ရေးထိုးတဲ့ ယောအတွင်းဝန်ဦးဖိုးလှိုင်ရဲ့ ကျောက်စာ၊ ဒါလည်း အတ္ထုပ္ပတ္တိပဲ။ နောက် တစ်မျိုးက ဧချင်း။ တောင်ငူ (၁၆)ရာစုမှာ ပေါ်တဲ့ တပင်ရွှေထီးရဲ့ ဧချင်း၊ တပင်ရွှေထီး ကလေးလေးတုန်းက ဘုရင် ဖြစ်လာတဲ့အခါကျတော့ လျော်ကားသုံးထောင်မှူးက ဧချင်းစပ်တယ်။ တပင်ရွှေထီးရဲ့ Biography ကဗျာပေါ့။ ဧချင်းပုံစံနဲ့၊ နောက် သခင်ထွေး ဧချင်း၊ အင်းဝဘုရင်မင်းခေါင်ရဲ့ သားတော်၊ နောက်တစ်ခု ရာဇဝင်ကျမ်းတွေ ရှိတယ်။ ရှင်မဟာ သီလဝံသရေးတဲ့ ရာဇဝင်ကျော်တွေရှိတယ်။ ဦးကုလားရာဇဝင် ရှိတယ်။ မှန်နန်းရာဇဝင် ရှိတယ်။ အရေးတော်ပုံကျမ်းတွေရှိတယ်။ ဥပမာ အလောင်းဘုရားရဲ့ Biography တစ်ခုလို့ ယူဆလို့ရတယ်။ ရာဇမိရာဇ် အရေးတော်ပုံဆိုရင်လည်း ရာဇမိရာဇ်ရဲ့ Life story တစ်ခုပဲ။ ဥပမာ ရွှေတိဂုံ အနောက်တောင်ဘက် စောင်းတန်းမှာ ပန်းသည်မနဲ့ ကြိုက်တာကအစ ရာဇမိရာဇ်က မင်းသား 'ဗညားနွဲ့'၊ ရွှေတိဂုံဘုရားစောင်းတန်းက ပန်းသည်မနဲ့ ရည်ငံပြီးတော့ ပန်းသည်မကို မိဖုရား မြှောက်တာ၊ တစ်ခါ သူ စစ်တိုက်တာတွေ ဘာတွေ အကုန်ပါတယ်။ ဒါက ရာဇဝင်ထဲကလာတဲ့ အတ္ထုပ္ပတ္တိ၊ သူတို့ ဆီမှာလည်း ဒီလိုပဲ။ ၁ စ်ရာစုက ပေါ်ခဲ့တဲ့ သမိုင်းဆရာ Plutard ရေးခဲ့တဲ့ ရောမ သူရဲကောင်းတွေရဲ့ အတ္ထုပ္ပတ္တိ၊ အင်္ဂလန်မှာ ပထမဆုံးပေါ်တဲ့ အတ္ထုပ္ပတ္တိက ဆင်မြူရယ် ဂျွန်ဆင်ရေးတဲ့ Life of Richard Sarage ရဲ့ အတ္ထုပ္ပတ္တိပဲ။ ကျွန်တော်တို့ဆီ မှာ နောက်ပိုင်း ရေးလာတာကျတော့ ဗုဒ္ဓဝင်တွေ မဟုတ်တော့ဘူး။ သက်ရှိ အတ္ထုပ္ပတ္တိ၊ ဓမ္မစေတီ အတ္ထုပ္ပတ္တိ၊ ရှင်စောပုရဲ့ သားမက်၊ ဆရာတော် (၁၀၅)ပါး ဦးရေစာရင်း၊ မင်းလှစည်သူရေးတဲ့ ဆရာတော်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိ၊ နောက် ရှင်တေဇောသာရတို့၊ ရှင်အဂ္ဂသမာဓိတို့ရေးတဲ့ အတ္ထုပ္ပတ္တိတွေ၊ အဲဒါ (၁၈၈၆) မှာ ရေးတယ်။ နောက် ခင်ကြီးဖျော်ရဲ့ အတ္ထုပ္ပတ္တိ၊ ကန်တော်မင်ကျောင်း ဆရာတော်က (၁၉၀၉) ခုနှစ်မှာ ရေးတယ်။ (၂၀)ရာစုခေတ်ထဲကို ရောက်လာပြီ။ အဲဒါတွေ ဘုန်းကြီးတွေရဲ့ အတ္ထုပ္ပတ္တိ၊ နောက်လူတွေရဲ့ အတ္ထုပ္ပတ္တိ၊ လူတွေရဲ့ အတ္ထုပ္ပတ္တိကို ဦးဖိုးကျားကတော့ ပုဂ္ဂလအဘိဓာန်လို့ ခေါ်ခဲ့တယ်။ လူပုဂ္ဂိုလ်တွေရဲ့ အဘိဓာန် လူအကြောင်း သိချင်ရင် ကြည့်ဖို့၊ ဒေါက်တာသာထွန်းဦး အကြောင်း သိချင်ရင် အဲဒီ စာအုပ်ကို လှန်လိုက်၊ အဲဒီမှာ အကုန်ပါတယ်။ လူပုဂ္ဂိုလ်ဆိုင်ရာ အကြောင်း အရာတွေနဲ့ ပတ်သက်တာမို့ ဦးဖိုးကျားက ပုဂ္ဂလအဘိဓာန်လို့ ခေါ်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းက ဘယ်လို ရသလဲဆိုတော့။

တစ်နေ့ မနက်ခင်း ကျွန်တော် လမ်းလျှောက်၊ လမ်းလျှောက်က ပြန်အလာ ကျွန်တော့်မိတ်ဆွေအိမ်ဝင်တယ်။ အဲဒီမိတ်ဆွေက အခု ကွယ်လွန်သွားပါပြီ။ အဲဒီတုန်းက သူက ဌာနကြီးတစ်ခုမှာ အရာရှိကြီး။ ဒီဂျီ (Director General) ညွှန်မှူးချုပ်။ ကျွန်တော် သူ့အိမ်ဝင်သွားတဲ့ အခါကျတော့ သားအဖနှစ်ယောက် ရန်ဖြစ်နေတယ်၊ အဲဒီတုန်းက သူ့သားက အခု Y.I.T လို့ခေါ်တဲ့ R.I.T ဒုတိယနှစ် ကျောင်းသား။ အသက် ၂၀၊ ၂၁ နှစ်လောက်မှာ။

"မင်းကို ငါ ဒီဆံပင်အရှည်ကို ဖြတ်ပါ။ မထားပါနဲ့ဆိုတာ ဘယ်နှခါရှိပြီလဲ၊ သွား အခုဖြတ်" အော်ကြီးဟစ်ကျယ် ဖြစ်နေတာ။

သားက "အဖေကလည်း ဒီလောက် ဟာကလေးနဲ့" ဆိုတော့. . .

"မလိုချင်ဘူးကွာ" ဘာညာ ဖြစ်နေကြ။ အိမ်မှာ သားအဖ နှစ်ယောက် ရန်ဖြစ်နေတာ။ အဲဒီမှာ ကျွန်တော် ရောက်သွားတော့ သားက အသာလေး ရှောင်ထွက်သွားတယ်။ ကျွန်တော်က အဖေဖြစ်သူ ကျွန်တော့် မိတ်ဆွေကို. . .

"နေပါဦးဗျ၊ ဘာဖြစ်တာတုန်း" လို့မေးတော့. . .

"ဘာဖြစ်ရမလဲဗျာ၊ ခင်ဗျား ကောင်ပေါ့၊ ဆံပင်ရှည် ထားတယ်၊ ကျုပ်က ဆံပင်ရှည်ထားတာ အလွန်မုန်းတယ်၊ ဖြတ်ပါလို့ ခဏခဏ ကျုပ်ပြောတာ ကြာလှပြီ၊ ခုထိ မဖြတ်သေးဘူး" တဲ့။

ဒီကလေးက ဆံပင်ရှည်ပဲ ထားတယ်။ လက်ဖက်ရည်ဆိုင် နည်းနည်းပါးပါး ထိုင်တယ်၊ ဂီတာလေး တီးတယ်၊ ဒီလောက်ပဲ။ ကျန်တာ ဘာမှ ဟောဟောရမ်းရမ်း မနေဘူး။

အဲဒီတင် ကျွန်တော်က "ဟာ ဘာဖြစ်လဲဗျာ၊ ထားပါစေ"

သူက "ဟာ ဘာဖြစ်လို့ ထားရမလဲ" တဲ့။

ကျွန်တော်တို့ အဖေတို့ခေတ်တုန်းက သျှောင်ထားတယ်လို့နော်။ ဟောဒီ ရှေးမြန်မာကြီးတွေ သျှောင်ထားတယ်။ ခင်ဗျားတို့ ကျုပ်တို့ အဘိုးတွေ သျှောင်ထားတယ်။ ကျွန်တော်တို့ အဖေများ ခေတ်ကျတော့နော်။ "ကျွန်တော်တို့ အဖေများဆိုလို့ တလွဲမထင်ပါနဲ့၊ အဖေက တစ်ယောက်တည်း ရှိတာပါ။ တော်ကြာ အမေပါ ပြဿနာ ပေါ်နေမှာစိုးလို့" (ရယ်သံ) အဲတော့. . . ကျွန်တော်တို့ အဖေတွေ ခေတ်ကျတော့ ဘိုကေ ထားတယ် လို့နော်။





ဘိုဆိုတာက ရှေးတုန်းက မျက်နှာဖြူ အဲနီးယူရိုပီယံ(any European) အဲနီးဝိုက်မင်း (any white man)၊ ဒီမျက်နှာဖြူတွေကို ကျွန်တော်တို့က ဘို၊ အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ ဒတ်ချ်. . . စသဖြင့်ပေါ့လေ။ အနောက်နိုင်ငံက လာတဲ့ မျက်နှာဖြူတွေကို ကျွန်တော်တို့ မြန်မာတွေက ဘိုလို့ ခေါ်ခဲ့တာ။ ဒါကြောင့်မို့ ဘိုတွေ ထားတဲ့ ဆံတောက်ကို ဘိုဆံတောက်၊ ဘိုတွေထားတဲ့ ကေကို ကျုပ်တို့က ဘိုကေလို့ ခေါ်တယ်လို့၊ ကျုပ်တို့ဦးလေးတွေ ခေတ်ကျတော့လည်း ခင်မောင်ရင်တို့၊ ဘတင့်တို့ ဟုတ်လား။ ဟိုတုန်းက 'ဗလင်တီနို'ဆိုတဲ့ ဇာတ်လိုက်မင်းသား ရှိတယ်၊ သူထားတဲ့ ဆံပင်မျိုး၊ ဘတင့်တို့၊ ခင်မောင်ရင်တို့ထားတဲ့ ဆံပင်မျိုးထားတယ်။ အဲ. . . ကျုပ်တို့ခေတ် ကျတော့လည်း ကျော်ဆွေတို့ ဘယ်သူတို့ လိုက်ထားတာ ပဲလို့။ သူတို့ ခေတ်လည်း ထားပါစေလို့၊ သူတို့ မထားချင်ဘူးဆိုတဲ့ တစ်နေ့ကျတော့ ခင်ဗျား အတင်းထားခိုင်းလို့ မရဘူး။ သူတို့ဘာသာ တိုသွားလိမ့်မယ် လို့ နောက်ကျ ပန့်ကေ ဘာညာ ဟုတ်လား။ အခုတစ်ခါ နောက်က အစည်းလေးနဲ့ ပြန်ပေါ်လာပြန်ပြီ။ အဲတော့ ဆိုလိုတာက အတင်းအကျပ် မလုပ်ပါနဲ့၊ သူ စိတ်ဆိုး မာန်ဆိုးနဲ့ ရုံးကို ထွက်သွားရော။

နောက်တစ်လအကြာ သားအဖနှစ်ယောက်သတင်း ဘာကြားရတုန်းဆိုတော့ အဖေက အစည်းအဝေးတွေကလည်း ထိုင်ရ၊ စိတ်ကလည်း တိုနေပြီနော်။ အဲဒီမှာတင် ဟိုကောင်ကလည်း ဆံပင်က မဖြတ်သေး။ စာမေးပွဲဖြေဖို့ တစ်လရှိတော့တယ်။

"ဟေ့ကောင် မင်း မဖြတ်ဘူးလား"

"ဟာ အဖေက" ဆိုတော့ စိတ်ဆိုးဆိုးနဲ့

"လာစမ်းကွာ၊ ဟိုတစ်နေ့ကတည်းက ဒီလောက်တောင် ငါ အဖြတ်ခိုင်းတာ၊ အခုထိ မဖြတ်ဘူးလား" ဆိုပြီး. . .

သူက စားပွဲပေါ်တွေ့တဲ့ ကတ်ကြေးနဲ့ ကောက်ပြီးတော့ ခေါင်းကို ဆံပင်ကွက်ကျား ညှပ်ပစ်လိုက်တယ်။ ညှပ်ပြီး သူ ဆဲဆို ရုံးထွက်သွားတယ်။

သူလည်း ထွက်သွားရော၊ ဟိုကောင်ကလည်း အတင်းရှုန်းပြီး ရှက်ကြီး ဆင်နဲ့ အိုပ်စိတ်ထိခိုက်တယ်။ သူ ကောင်းကောင်းမွန်မွန်နေ၊ စာကြိုးစား တာနဲ့ သူ့အဖေက ဆံပင်ရှည်လေး ထားတာလောက်နဲ့ နားမလည်ရကောင်း



www.burmeseclassic.com

www.burmeseclassic.com



လား၊ လူငယ်တွေကို ဒါလောက်မှ လွတ်လပ်ခွင့် မပေးဘူးလားဆိုပြီး ရှိုက်ကြီး တငင်ငို၊ ငိုပြီးတော့ မှန်ဗီရိုတွေကို လက်သီးနဲ့ ပိတ်ထိုး၊ နံရံကို ခေါင်းနဲ့ဆောင့်။ မှန်တံခါးတွေ၊ မှန်ပြတင်းတွေ လက်သီးနဲ့ ပိတ်ထိုး။ အမေရော၊ အိမ်နီးနားချင်းတွေ အကုန်ဝင်ဆွဲလုပ်တော့မှ လက်မှာ မှန်တွေရှလို့ ဆေးရုံပို့လိုက်ရတယ်။ လက်က အကြောတွေ ပြတ်သွားတော့ ဂင်ရင်း (Gangrene) ဖြစ်မှာစိုးလို့ သွေးဆိပ်တက်မှာကြောင့် လက်ကောက်ဝတ်ကနေ လက်ကလေးတစ်ဖက် ဖြတ်ပစ်လိုက်ရတယ်။ ကျန်တဲ့လက်ကလည်းပဲ အကြောတွေ ပြတ်သွား သေသွားပြီးတော့ ရုတ်တရက် မဆုပ်နိုင်၊ မကွေးနိုင်တော့ဘူး ဖြစ်သွားတယ်။

အဲဒီကတည်းက စပြီးတော့ ဆေးရုံက ဆင်းကတည်းက ဒီကောင် ပျောက်သွားလိုက်တာ။ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ အဲလို အိမ်က ဆင်းသွားပြီး တစ်နှစ်၊ နှစ်နှစ်လောက် ကြာတော့မှ ရန်ကုန် တိုက်ကြီး တိုက်ကြား မှာ ဒီကောင် အကြောထဲ ဆေးသွင်းပြီး သေသွားတယ်။ ဘယ်သူမှ မသိလိုက် ဘူး။ ဆေးရုံကို ပို့လိုက်တယ်။ ဆေးရုံမှာ ရဲက အလောင်းလာကြည့်တယ်။ ဆေးရုံက ပိုင်ရှင်မပေါ်တဲ့ အနေနဲ့ သူ့ကို သင်္ဂြိုဟ်လိုက်တယ်။ နောင်ကျတော့မှ အိမ်က အဲလိုဖြစ်ကြောင်း သိလို့ လိုက်ပြီးတော့ သရဏဂုံတင်ရတယ်နော်။

အဲဒီတော့ ဒီကလေး။ သူတို့ သားအဖအကြောင်း မြင်လိုက်တဲ့ အခါကျတော့ အင်မတန်လည်း စိတ်ထိခိုက်တယ်။ "ဟာ ဝတ္ထုရေးဖို့ သိပ်ကောင်းတာပဲ" နော်။ အင်မတန် သင်ခန်းစာ ယူစရာကောင်းတဲ့ ဟာပဲဆိုပြီး သူတို့ သားအဖ နှစ်ယောက်ကို ကြည့်ပြီးတော့ ကျွန်တော် ဇာတ်လမ်းရပါတယ်။ အခု ကျွန်တော် ဇာတ်လမ်းဝင်သွားပြီ။

ကျွန်တော့်ဇာတ်လမ်းမှာ အဖေက အရာရှိကြီး။ နောက်မိန်းမနဲ့ နေတယ်။ ပထမဇနီး ဆုံးတယ်။ သားအကြီး ရှိတယ်။ ဒီကောင် သားအကြီးက ရန်ကုန်မြို့ အကောင်းဆုံးကျောင်းမှာ သူ ထားတယ်။ အကောင်းဆုံးကျောင်းဆိုလို့ နှစ်ကျောင်းပဲ ရှိတယ်။ ခင်ဗျားတို့ သိတယ်။ ဒဂုံ အထက(၁)နဲ့ တီတီစီ နော်။ တော်တော်တန်တန် ကျောင်းသား ကျောင်းဝင်လို့ မရပါဘူး။

အဲတော့ အဲဒီကျောင်းမှာ ထားတယ်နော်။ ထားတော့ ကျွန်တော့် ဝတ္ထုထဲမှာ ဒီကောင် ၁၀ တန်း(ခ)နဲ့ အောင်တယ်။ နောက်နှစ် ပြန်ဖြေတယ်။ အောင်ထားတဲ့ (ခ)လေး၊ (B)လေးတွေပါ ပြန်ပြုတ်သွားတယ် စသဖြင့် ပေါ့ဗျာ။





အရင်းထဲက ပါသွားတယ်။ ဒီလိုနဲ့ ဒီကောင် ကျလိုက် (B)နဲ့ အောင်လိုက်၊ ကျလိုက်။ နောက်ဆုံး ဒီကောင် သူငယ်ချင်းတွေနဲ့ ပေါင်းပြီး စိတ်ညစ်ညစ်နဲ့ ဆေးစွဲသွားတယ်။ ဆေးစွဲပြီးတော့ အိမ်က ပစ္စည်းခိုးရောင်းတယ်။ သူ့နာရီ၊ သူ့အကျႌ ပေါင်၊ ရောင်း။ ဆေးရှူတယ်။ အဲဒီကနေ အိမ်က ပစ္စည်းယူတယ်။ နောက်ဆုံး 'ပွပြီ' ဆိုပြီးတော့ အိမ်က မိထွေးရဲ့ စိန်လည်တုန်တို့၊ ဘာတို့ ညာတို့ ခိုးပြီး ဒီကောင် ထားဝယ် နတ်အိမ်ထောင်ဘက် ထွက်သွား။ ဒါ ကျွန်တော့်ဝတ္ထုထဲမှာနော်။

ကျွန်တော် အဲဒီ ဝတ္ထုရေးမယ်လုပ်တော့ နတ်အိမ်ထောင် . . . သွားကြည့်။ ထားဝယ် နယ်စပ်၊ တောင်ပေါ်မှာ။ အဲဒီ အချိန်တုန်းက နတ်အိမ်ထောင်ရွာမှာ ဘယ်သူတွေ သွားတွေ့တုန်းဆိုတော့ အနယ်နယ် အရပ်ရပ်က လူငယ်လေးတွေ။ တကယ့် အရွယ်ကောင်းလေးတွေ။ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀။ ၁၆ နဲ့ ၃၀ ကြားမှာ။ ဒီကောင်တွေ ဘာလုပ်သလဲဆိုတော့ ဆေးရှူ ဆေးထိုးပြီး အထမ်းအငှားလိုက်တယ်။ အိမ်ပြေးလေးတွေ။

တချို့က စာမေးပွဲကျလို့။ တချို့က စီးပွားရေး အဆင်မပြေလို့။ တချို့က အချစ်ရေး အဆင်မပြေလို့ စသဖြင့်ပေါ့။ အကြောင်းအမျိုးမျိုးနဲ့ ဒီကို ရောက်လာကြ။ ရောက်လာပြီး သူတို့က မှော်ခိုကုန်သည်တွေ အထမ်းငှားတော့ လိုက်တယ်။ လိုက်ပြီး ရတဲ့ပိုက်ဆံလေးနဲ့ ဆေးရှူ ကုန်သွားရင် တစ်ခါထပ်လိုက်။ အဲဒီလိုနဲ့ အဲဒီကလေးတွေ ကျွန်တော်နဲ့ တွေ့။ အဲတော့ ကျွန်တော့်ဇာတ်ကောင်က 'ရဲမြင့်'တဲ့။ အရာရှိကြီးသား။ ခုနက ပြောသလို အိမ်ကပြေးလာတယ်။ နတ်အိမ်ထောင် ရောက်လာတယ်။

အဲဒီမှာ အိမ်က ဖအေက "နေပစေ၊ ဒီလောက် ငါ အကောင်းဆုံးကျောင်း ထားတဲ့ကောင်၊ နေပေ့စေ မခေါ်ဘူး" ဆိုပြီး အဖေက စွန့်လိုက်။

ဒါပေမဲ့ သွေးမျိုးတွေက မနေနိုင်ဘူး။ မနေနိုင်တော့ မောင်နှမ အရင်းညီမတွေက အစ်မအကြီးဆုံးရဲ့ သား . . .

"ဟဲ့ ငါတို့ တူလေး၊ သူကတော့ နောက်မိန်းမနဲ့ သားသမီးတွေ ရတော့ ဆယ်၊ စွန့်နိုင်မှာပေါ့၊ ငါတို့က ငါတို့ အစ်မနဲ့ရတဲ့ သားလေး ဟုတ်လား၊ တူလေး ဒီတစ်ယောက်ပဲ ရှိတာ၊ သွားခေါ် ချေ"

ဆိုပြီးတော့ သွေးမျိုးတွေ ပိုက်ဆံစုပြီး အခေါ်ခိုင်းလိုက်တယ်။ ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



တို့ အခေါ် ခိုင်းလိုက်သလဲဆိုတော့ သူ့ဦးလေး 'ကိုနန္ဒာ'တဲ့။

ကျွန်တော့်ဝတ္ထုထဲမှာ ကိုနန္ဒာက အသက်အစိတ်နဲ့ သုံးဆယ် ကြား။ ရန်ကုန် တက္ကသိုလ်က B.Sc. အစ်သိရော်လိုဂျီ 'မဇ္ဈဗေဒ' နဲ့ အောင်တယ်။

လမ်းဘေးမှာ စာအုပ်အဟောင်း ရောင်းတယ်ခဲ့နော်။ အခု ရန်ကုန်မြို့ လမ်းဘေးမှာရောက်ရင် ခင်ဗျားတို့ တွေ့ချင်တွေ့လိမ့်မယ်။ ပန်းဆိုးတန်းတို့ ဗိုလ်ချုပ်လမ်းတို့မှာ လူငယ်တွေ စာအုပ် ရောင်းနေကြတာ။ ကျွန်တော့် ဇာတ် လိုက်၊ ဒုတိယ ဇာတ်လိုက် ကိုနန္ဒာက အဲဒီလိုလူမျိုး။

ဒါနဲ့ "နန္ဒာ. . . ရော့ ပိုက်ဆံ၊ နင့်တူလေး နတ်အိမ်ထောင်ဘက်မယ် ကြားတယ်၊ လိုက်ရှာချေ" ခိုင်း။ ရှာတော့ ကိုနန္ဒာ တွေ့တယ်။ တွေ့တော့ သူ. . . သူ့တူကလေးကို ခြိမ်းခြောက်ပြီး ချော့ချည်တစ်ခါ၊ ခြောက်ချည် တစ်လှည့်နဲ့ ခေါ်လာတယ်။ ခေါ်ပြီးတော့ စက်လှေနဲ့ ရန်ကုန် ပြန်အလာ လမ်းမှာ မုန်တိုင်းမိတယ်။ သူတို့ စက်လှေပျက်ပြီး ကိုနန္ဒာ ကျွန်းတစ်ကျွန်း ပေါ်ရောက်။ သတိရလို့ ကြည့်လိုက်တဲ့အခါကျတော့ ကိုနန္ဒာ ကျောက်ဆောင် တွေကြားမှာ လဲနေတယ်။ လေကလည်း သိပ်တိုက်နေတယ်။ သူ့နားမှာ အုန်းသီးခြောက်တွေ အများကြီးပုံလို့။ ဒါပေမဲ့ B.Sc. အောင်တဲ့ ကိုနန္ဒာဟာ အုန်းသီး မခွဲတတ်ဘူးနော်။ ဓားလည်း မရှိဘူး။ အုန်းပင်ပေါ်မှာ အုန်းသီး စိမ်းတွေ အများကြီးတွေ့တယ်။ B.Sc. အောင်တဲ့ ကိုနန္ဒာ အုန်းပင် မတက် တတ်ဘူး။ သူက ပညာပဲတတ်တယ်။ ဘဝကို မနေဖူးဘူး။

ဒီလိုနဲ့ အစာငတ်ရေငတ်ဖြစ်ပြီး ပြန်သတိမေ့။ သတိပြန်ရလို့ ကြည့်လိုက်တဲ့အခါမှာ သူ့ပါးစပ်ထဲ အုန်းရည်လောင်းထည့်နေတဲ့ လူတစ်ယောက် ကို တွေ့တယ်။ အသားညိုညို၊ အသက်အစိတ်လောက်၊ မျက်နှာပေါက်ဆိုးဆိုး၊ ကာယဗလ တောင့်တောင့်၊ သူ့အမည်က သံချောင်း၊ ကျွန်တော့်ဇာတ်လိုက် သံချောင်း။

သံချောင်းက ဘယ်လိုလူလဲဆိုရင် မွန်ပြည်နယ်၊ ထားဝယ်ဘက် ဟိုချောင်ကျတဲ့ ရွာကလေး တစ်ရွာက။ တောသား။ အဖေ မရှိဘူး။ အမေ မရှိဘူး။ ဦးရီး ဘုန်းကြီးကျောင်းမှာ စာသင်ရတယ် ဟုတ်လား။ ပရိတ်ကြီး လောက် သေစာရှင်စာပဲ တတ်တယ်။ ဦးရီးဘုန်းကြီး ပျံတော်မူတော့ သူ ဘုန်းကြီးကျောင်းက ထွက်တယ်။ အသက်လည်း နည်းနည်းကြီးလာပြီ။





ကြီးလာတဲ့အခါ သံချောင်း၊ ကိုယ့်ဘဝကိုယ် ကျောင်းရတယ်နော်။

တညင်းသီး ပေါ်ချိန် တညင်းသီး အငှားလိုက်ခူးတယ်။ ဒူးရင်းသီး ပေါ်ချိန် ဒူးရင်းသီး အငှားလိုက်ဆွတ်တယ်။ သရက်သီးပေါ်ချိန် သရက်သီး အငှားလိုက် ဆွတ်တယ်။ ဒီထက် နည်းနည်းကြီးလာတော့ သံချောင်း ကျွဲကျောင်း၊ နွားကျောင်း လိုက်တယ်။ ဒီထက် နည်းနည်းကြီးလာတော့ သံချောင်း မြက်ရိတ် အငှားလိုက်တယ်။ ဒီထက် နည်းနည်းကြီးလာတော့ သံချောင်း ဆားချက်တယ်။ တံငါလုပ်တယ်။ အခု သံချောင်း စက်လှေပေါ်မှာ၊ ဒီကောင် အလုပ်သမားတွေနဲ့ စက်လှေပျက်လို့ ပါလာတယ်။

ဒါပေမဲ့ သံချောင်း အုန်းပင်တက်တတ်တယ်။ သူက အုန်းပင် တက်စားလာတာ။ ပညာသာ မတတ်တာ။ လှစ်လှစ် လှစ်လှစ်နဲ့ အင်မတန် အပြေးမြန်တဲ့၊ ပြေးလွန်းလို့ ဘယ်သူမှ လိုက်မဖမ်းနိုင်တဲ့ မြင်းစီးဂဏန်းကို တွင်းထဲ၊ ကျင်းထဲ ဝင်မပြေးခင် သံချောင်း မိအောင်ဖမ်းတတ်တယ်။ သံချောင်း က ဘယ်ငါးကို စားကောင်းတယ်၊ မစားကောင်းဘူး။ ဘယ်ငါး အဆိပ်ရှိတယ်၊ မရှိဘူး။ ဘယ်ငါး ဘယ်အချိန် လာမလဲ၊ ဥသလဲ၊ မဥဘူးလဲ ဆိုတာ သံချောင်း သိတယ်။

အဲဒီမှာတင် သံချောင်းက ဦးဆောင်တွေ့တယ်။ သံချောင်းတ ညကျရင် အိပ်ရာဝင်ခါနီး၊ ကျောက်တုံးလေးတွေ တစ်တုံးပြီး တစ်တုံးစီ။

"သံချောင်း အဲဒီ ကျောက်တုံးတွေ မင်းအိပ်ရာဘေး ဘာလို့ စီတာလဲ"

"အစ်ကို ကျွန်တော်တို့ ပင်လယ်မှာ ပြက္ခဒိန်မရှိဘူး။ ဘယ်ရက် မှန်း မသိတော့ဘူး။ ကျွန်တော်တို့ ဒီကျွန်းပေါ် ရောက်တာ ဘယ်နှရက် ရှိပြီလဲဆိုတာ သိအောင်လို့ ဒီကျောက်တုံးလေးတွေနဲ့ မှတ်သားတာတဲ့"

ဆယ်ရက်ဖြင့် ဆယ်ခဲ၊ ဆယ့်ငါးရက်ဖြင့် ဆယ့်ငါးခဲ စသဖြင့် သံချောင်းက အမှတ်အသားလုပ်တယ်။ အကျီလေးတွေ စုတ်ပြဲသွားတယ်။ သံချောင်းက ငါးအရိုးနဲ့၊ နာနတ်ရိုင်းပင်ကို ထု၊ အခြောက်လှမ်းလို့ရတဲ့ နာနတ်ချည်နဲ့ အကျီလေးတွေ ဖာပေးတယ်။ ရက်ပေးတယ်။ ချုပ်ပေးတယ်။ သူတို့မှာ ဆားဓာတ်လိုရင် ပင်လယ်ရေ နေပူလှန်းပြီး ဘယ်လို ဆားချက်ရတယ် ဆိုတာ သံချောင်း သိတယ်။

သူတို့ ရောက်နေတဲ့ ကျွန်းက စိုက်ခင်းပျိုးခင်း မရှိဘူး။ ဘာမှ မရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းရိုင်း။ သူတို့မှာ ပိုက်ဆံတွေပါလာတယ်။ ပလတ်စတစ်နဲ့ ထုပ်ထားလို့ ခရမစိုတဲ့ ကျန်နေတဲ့ ပိုက်ဆံတွေက ဘာမှ သုံးလို့မရဘူး။ ညညကျ ကောင်းကင်မှာ ဂြိုဟ်တုပျံနေတာ မြင်ရတယ်။ ကိုနန္ဒာက ဂြိုဟ်တုအကြောင်း ပြောပြတယ်။ နောက် လူတွေ၊ ဒဿနဆရာတွေ၊ သမိုင်းဆရာတွေ၊ သိပ္ပံပညာရှင်တွေ အကြောင်း ပြောပြ၊

ကမ္ဘာမှာ သိပ္ပံပညာ တွေ့ရှိချက်တွေ အများကြီးရှိတဲ့အနက် လပေါ် လူရောက်တာလည်း အံ့ဩစရာမဟုတ်ဘူး။ ဂြိုဟ်တုကို လွှတ်တင်နိုင်တာလည်း အံ့ဩစရာ မဟုတ်ဘူး။ လျှပ်စစ်ခေတ်ကို တွေ့တာလည်း အံ့ဩစရာ မဟုတ်ဘူး၊ ကမ္ဘာမှာ သမိုင်းမှာ အံ့ဩစရာအကောင်းဆုံး၊ အကြီးကျယ်ဆုံး လူရဲ့ တွေ့ရှိချက်ဟာ ဘာလဲဆိုရင် မီးကို စတွေ့ခြင်းပဲနော်။

မီးကို ရှာမတွေ့ခင်၊ မသုံးတတ်ခင်တုန်းက လူဟာ အချမ်းထဲမှာ နေရတယ်။ မကာကွယ်နိုင်ဘူး။ အချမ်းခေတ် အအေးဒဏ်ကို မကာကွယ်နိုင်ဘူး။ အမှောင်ထဲမှာ နေရတယ်။ အလင်းခေတ် မရှိဘူး။ ဟုတ်လား၊ အစိမ်းကို စားရတယ်။ ချက်ပြုတ် မစားနိုင်ဘူး။ ဒါကြောင့်မို့ "မီးကို တွေ့ရှိခြင်းလောက် ကြီးကျယ်သော သိပ္ပံပညာ တွေ့ရှိချက် ဟူသည် မရှိ" ဆိုပြီးတော့ ရှေးတုန်းက သမိုင်းဆရာ၊ ဒဿနဆရာတွေက ပြောခဲ့ကြတယ် ဆိုတော့. . .

"ဟာ ဟုတ်တာပေါ့ အစ်ကိုရာ၊ ကျွန်တော်တို့လည်း အခု လူရိုင်း ဖြစ်နေပြီ"

အဲဒီ မီးကို တွေ့တဲ့လူက 'အရိုင်းကနေ အယဉ်' ဖြစ်လာတယ်။ အရိုင်းခေတ်ကနေ အယဉ်ခေတ်ကို ပြောင်းသွားပြီနော်။ လျှပ်စစ်ခေတ်ကို တွေ့တာက အယဉ်ထဲက အယဉ်ပြောင်းတာ။ အယဉ်ခေတ်ထဲက အယဉ်ခေတ်ကို ပြောင်းတာ။ ဂြိုဟ်တုကို လွှတ်တင်နိုင်တာဟာ အယဉ်ခေတ်ထဲက အယဉ်ခေတ်ကို ပြောင်းတာ ဟုတ်လား။ ဒီ မီးကိုတွေ့တာဟာ လူဟာ အရိုင်းခေတ်ကနေပြီးတော့ အယဉ်ခေတ်ကို ပြောင်းသွားတာ။ ဒါကြောင့် လူဟာ တွေ့ရှိသမျှထဲက ကြီးကျယ်တဲ့ တွေ့ရှိချက်ဆို တော့. . .

"ဟုတ်တာပေါ့ အစ်ကိုရာ၊ အခု ကျွန်တော်တို့ မီးတွေ့ရင် မီးရှိ ရင် ဘယ်လောက် ကောင်းမလဲ" တဲ့။

သူတို့မှာ မီးမရှိဘူး။ ကိုနန္ဒာက အစိမ်းမစားနိုင်ဘူး။ သံချောင်း က





အစိမ်းစားတယ်။ ကိုနန္ဒာက အစိမ်းစားနိုင်ဖို့ မနည်းကျင့်ယူရတယ်။ အန်တယ်။ ပျို့တယ်။ တဖြည်းဖြည်းမှ ရတယ်။ နည်းနည်းပဲ ရတယ်။ သံချောင်းက ကျန်းမာအောင် သူရတာ ကို စားတယ်။ အစိမ်းစားတယ်၊ ဒီလိုနဲ့ ကိုနန္ဒာ မီးအကြောင်းပြောတော့ သံချောင်း မီးပွတ်တယ်။ ဝါးရောင်ခြောက်ရယ်၊ လဲမို့ရယ်၊ အင်ကြင်းကျောက်နဲ့ သူ သွေးပြီး နေ့တိုင်း နေ့တိုင်း အားအားနေ အမြဲတမ်း ပွတ်တယ်။ တစ်ည မရ၊ နှစ်ည မရ၊ သုံးည မရ၊ လေးည မရ၊ နောက်ဆုံးကျတော့ သံချောင်း မီးရတယ်။ မီးရတော့ အဲဒီမီးကို ငြိမ်းသွားမှာစိုးလို့ သံချောင်းက သစ်ခြောက်တုံးကြီး တွေ ဆွဲလာပြီးတော့ ဆိုက်ထားတယ်။ အမြဲ မီးခိုးအူထားတယ်။

"သံချောင်းရာ နည်းနည်းဆိုက်ပါကွာ၊ ဘာလို့ မင်း ပင်ပင်ပန်းပန်း ရှာနေလဲ"

"မဟုတ်ဘူး အစ်ကို၊ ဒီကျွန်းပေါ် ဘယ်သူမှ လာမှာမဟုတ်ဘူး၊ ပင်လယ်မှာ ဖြတ်သွားတဲ့ သင်္ဘောတွေက နေ့လယ်မှာ ဒီကျွန်းပေါ်က မီးခိုးကို တွေ့ရင် ကျွန်းပေါ်မှာ ဒုက္ခသည်ရှိတယ်ဆိုတာ အချက်ပြတာ သူတို့ သိတယ်၊ ညမှာ မီးရောင်ကို မြင်လို့ရှိရင် ဒီကျွန်းကို ဒုက္ခသည် ရှိတယ်ဆိုတာ သူတို့ သိကြတယ်။ ဒီနားကျွန်းမှာ ဘယ်သူမှ မရှိဘူးဆိုတာ သူတို့ သိတယ်။ ကျွန်တော်တို့ကို ဝင်ကယ်အောင်လို့" တဲ့။

သံချောင်းက အမြဲတမ်း မီးဖိုတယ်။ နောက် သံချောင်း သူ့အကျႌ အနီလေး စုတ်သွားတယ်။ အဲဒီ အကျႌအနီလေးကို သံချောင်းက ကျွန်းပေါ်မှာ အမြင့်ဆုံး တောင်ထိပ်၊ အမြင့်ဆုံး သစ်ပင်ပေါ် တက်ပြီး ဝါးလုံးနဲ့ အလံစိုက် လွှင့်ထားတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ နေ့မှာ ဖြတ်သွားတဲ့ သင်္ဘောတွေ အဲဒီ အလံနီလေးကို မြင်အောင်လို့၊ ဒီလိုနဲ့ သံချောင်းက အစစ ဦးဆောင် တယ်။ အဲတော့ သံချောင်းက. . .

"အစ်ကိုရာ ကျွန်တော်တို့ မီးတော့တွေ့ပြီ၊ ဓားရှိရင် ကောင်းမယ်"

"မင်း ဓားက ဘာလုပ်မှာလဲ"

"ဓားရှိရင် ကျွန်တော် ပင်လယ်ဖြတ်မယ်"

"မင်း ဓားလေးတစ်စင်း၊ ဓားလေးတစ်လက် ရှိရုံနဲ့ မင်း ဘယ်လို ဖြတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မားရှိရင် သစ်ခုတ်မယ်၊ နွယ်ခုတ်မယ်၊ ခုတ်ပြီးတော့ အဲဒီ သစ်ဖောင်နဲ့ ကျွန်တော် ပင်လယ်ကိုဖြတ်၊ အိမ်ပြန်မယ်၊ အစ်ကို မလိုက်ချင်နေ"

"ဟာ. . . မင်း သေမှာပေါ့ သံချောင်းရာ၊ ဒီလောက် အပြောကျယ်၊ တမ်းမမြင် လမ်းမမြင် မိုင်လေးငါးခြောက်ရာရှိတဲ့ ပင်လယ်ကြီးထဲမှာ ရွက်မရှိ၊ ဘာမရှိ၊ အိမ်မြှောင် မရှိ၊ ဘာမရှိ"

"အစ်ကို ကျွန်တော် နက္ခတ်တာရာ ကြယ်တွေအကြောင်း သိတယ်"

သူက တံငါလုပ်လာတာ။ ပင်လယ်က တံငါတွေက နက္ခတ်တွေ အကြောင်းသိတယ်။ ဘယ်ဟာက မောင်ရှင်ဆိုင်းထမ်း၊ ဘယ်ဟာက ရေမှုတ်၊ ဘယ်ဟာက တံငါကွန်တိုင် စသဖြင့်. . . သူက ကြယ်တွေကို သိတယ်။

"အဲဒီ ကြယ်တွေ ဘယ်က မွဲဝံကြယ်ဆိုတာ ကျွန်တော် သိတယ်။ အဲဒီ ကြယ်တွေ ပြတဲ့အတိုင်း ကျွန်တော် သွားမယ်"

"မင်း မုန်တိုင်းတိုက်၊ လှိုင်းရိုက်လို့ သေမှာပေါ့ကွာ"

"အစ်ကို ကျွန်တော်တို့ ပင်လယ် မဖြတ်ရင်တော့ ဒီကျွန်းပေါ်မှာ သေမှာပဲ၊ ကျွန်တော်တို့ အစာငတ်ရေငတ် ကြာကြာဖြစ်ရင် သေမှာပဲ၊ ဒါမှမဟုတ် ငှက်ဖျားဖြစ်ရင် သေမှာပဲ၊ အဲတော့ သေမယ့်အတူတူ ကျွန်တော် ပင်လယ်ဖြတ်ရင်း သေမယ်၊ မသေရင် ကျွန်တော် အိမ်ရောက်မယ်၊ ဒီကျွန်းပေါ်မှာကတော့ ဘယ်မှလဲ မရောက်ဘဲ ငုတ်တုတ်စင်းပြီး သေရမှာ၊ အဲဒီတော့ ကျွန်တော် မားတစ်စင်းပဲ လိုချင်တယ်'

မားက မရှိဘူး။ တစ်နေ့ကျတော့ ကိုနန္ဒာရယ်၊ သံချောင်းရယ် တောထဲ လျှောက်ပြီး တဖြည်းဖြည်း ရှာကြတော့ သူတို့ခေါင်းနဲ့ တစ်ပေကွာလောက် 'ဒိုင်း' ဆို ဂျပန်မားကြီးတစ်လက် လာစိုက်တယ်။ ကြည့်လိုက် တော့ သစ်ပင်ခွကြား လူတစ်ယောက်။ ဆံပင်တွေက ကျောအထိ ရှည်နေတယ်။ သွားတွေကလည်း ဝါထိန်လို့၊ မျက်လုံးတွေကလည်း ဝွါန်းဒစ် (Jaundice) အသားဝါရောဂါဖြစ်လို့ ဝါထိန်နေတယ်။ ဟိုကောင်က သူတို့ကို ရန်သူထင်ပြီး မားနဲ့ ပစ်လိုက်တာ။ သူက ဘယ်သူတုန်းဆိုတော့ ရဲမြင့်။

ဟာ ကိုနန္ဒာက သူ့တူကိုတွေ့တော့ ဝမ်းသာတယ်။ ရဲမြင့်က ကိုနန္ဒာကို မသိဘူး။ သိပ်မမှတ်မိတော့ဘူး။ ရူးသွားပြီ။ နံပါတ်ဖိုး ဖြတ်တယ်။





အစာငတ် ရေငတ် ဖြစ်တယ်။ ပင်လယ်လှိုင်းကြောင့် ချောက်ချားတယ်။ တောထဲမှာ တစ်ယောက်တည်း လေတွေက တဝေါဝေါနဲ့ တိုက်ဆိုတော့ စိတ်ချောက်ချားပြီး ရူးသွားတယ်။ အဲဒီမှာ သူက သူ့မားပဲ လိုချင်တယ်။ သူက ငယ်ငယ်ကတည်းက မားပေါက် ဝါသနာပါတာ။ ဟာ သံချောင်းတလည်းပဲ ရဲမြင့်တွေ ဘာတွေ နားမလည် ဘူး။ သူလိုချင်တဲ့မား ရပြီ ဆိုပြီး အဲဒီမားကို သံချောင်း အတင်း ယူပြေး တယ်။ ရဲမြင့်ကလည်းပဲ ကိုနန္ဒာတွေ၊ ဦးလေးတွေ နားမလည်ဘူး။ သူ့မားနောက် အတင်းလိုက်။ နောက်ဆုံး သံချောင်းကို မီ။ သံချောင်း လက်က မားကို အတင်းလု။ ဒါပေမဲ့ သံချောင်းက သန်မာတဲ့ကောင်ပဲ။ လူချင်းယှဉ်လို့ ဘယ်ရမလဲ။ ဟိုကောင်က ဆေးပြတ်နေတဲ့ကောင်။ ဟိုကောင်ကို အလဲထိုးပြီး မား သူ ယူလိုက်တယ်၊ ဒါပဲ။

သံချောင်း ပျော်တယ်။ သူက ဒီမားနဲ့ ဝါးခုတ်တယ်။ သစ်ပင် ခုတ်တယ်။ ရဲမြင့်က သူ အထိုးခံရလို့ လဲသွားပြီးတော့ သတိရလာလို့ ကြည့်လိုက်တဲ့ အခါ သူ့စိတ် က ပြန်ငြိမ်သွားတယ်။ စောစောတုန်းကလို သိပ်ယောက်ယက်မခတ်တော့ဘူး။ သူ ဘယ်ရောက်နေသလဲဆိုတာ သိလာတယ်။ ကိုနန္ဒာမှန်း သိတယ်၊ သံချောင်းမှန်း သိလာတယ်၊ သံချောင်းက အကြာကြီး ရေငုပ်နိုင်တယ်။ မိနစ်နှစ်ဆယ်၊ အစိတ်လောက် အထိ။ လေး ငါး ခြောက်ဖာလုံ၊ တစ်မိုင် ရေကူးနိုင်တယ်။ ရဲမြင့် သူ့ ကြည့်ပြီး သံချောင်းလို ဖြစ်ချင်တယ်၊ သူ့လို ရေကူးတတ်ချင်တယ်။ သံချောင်း အုန်းပင်တက် ကျွမ်းကျင်တယ်။ ငါး သွားဖမ်းတယ်။ အဲလို ဖြစ်ချင်တယ်၊

ဒါနဲ့ သူက သံချောင်းကို "ကိုသံချောင်း ကျွန်တော်လည်း လိုက်မယ်" ဆိုပြီးတော့ သံချောင်းနဲ့ အတူတူလိုက် ငါးမျှားတယ်၊ ရေငုပ်တယ်။ အုန်းပင်တက်တယ်။ ဒီလိုနဲ့ ရဲမြင့် တက်ကြွလာတယ်။ လူကောင်းလေးလို ပြန်ဖြစ်လာတယ်နော်၊ ဒါနဲ့ သံချောင်းကလည်း လှေတွေ၊ ဖောင်တွေ ဖွဲ့ပြီးပြီနော်၊

သံချောင်းက "မင်း အဲဒီမား ဘယ်ကရလဲ" လို့ မေးတော့ ရဲမြင့်တပြန်ပြောတယ်၊

မုန်တိုင်းတွေ တိုက်တဲ့တစ်နေ့၊ သူ အစာငတ် ရေငတ်ဖြစ်၊ ဖျားနေတယ်၊ ကိုယ်ကလည်း ပူလို့၊ အဲဒီတုန်းမှာ ဂူကလေးတစ်ခု၊ ကျောက်ဂူအလေးတစ်ခု တွေ့တာနဲ့ အဲဒီထဲ ဝင်အိပ်တယ်။ အိပ်တော့ ဘေးမှာ ရှေးဟိုင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါ Biography လို့ ခေါ်တာ။ အဲဒီနောက် ဘာတွေ ပေါ်လာလဲ ဆိုတော့ ဦးဖိုးကျားရေးတဲ့ ဦးထွန်းရှိန်ရဲ့ အတ္ထုပ္ပတ္တိ၊ ဖေပုရှိန်၊ ဘိလပ်သွားတဲ့ ဦးထွန်းရှိန်၊ နောက် မြန်မာပညာရှိကြီးတွေရဲ့ အတ္ထုပ္ပတ္တိ၊ မှော်ဘီဆရာသိန်း ရေးတယ်၊ မြဝတီမင်းကြီးဦးစတို့၊ လက်ဝဲသုန္ဒရတို့ စတဲ့ မြန်မာပညာရှိကြီး တွေရဲ့ အတ္ထုပ္ပတ္တိ၊ ဒါ စစ်မဖြစ်ခင်က ကျန်သေးတာက 'ဘိုးဝဇီရ' ရဲ့ အတ္ထုပ္ပတ္တိ၊ မန္တလေးက ပထမဆုံးသော မြန်မာသတင်းစာဆရာကြီး၊ နောက် ဦးသိန်းဖေမြင့်၊ ဆရာလွန်း အတ္ထုပ္ပတ္တိ၊ စစ်ပြီးတော့ ဂျာနယ်ကျော်မမလေးရဲ့ သူလိုလူ၊ သူ့ ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့အကြောင်းကို ရေးထားတာ၊ ဗိုလ်ချုပ် အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိ ပထမ ဗိုလ်သိန်းဆွေ ရေးတယ်။ နောက် သတင်းထောက် ဦးပုလေး ရေးတယ်။ နောက် ဦးအောင်သန်း ရေးတယ်။ အဲဒါ လူပုဂ္ဂိုလ်တွေရဲ့ အတ္ထုပ္ပတ္တိ၊ ကောင်းပြီ. . . ဒါ သူတို့က နိုင်ငံရေးသမားတွေ၊ ဦးထွန်းရှိန်တို့၊ ဆရာလွန်းတို့၊ ဗိုလ်ချုပ်အောင်ဆန်းတို့ဆိုတာ. . . ကောင်းပြီ . . . အဆိုတော် တွေ၊ အနုပညာရှင်တွေ. . . စစ်ပြီးတဲ့နောက် ဇာတ်သဘင်ပညာရှင်တွေ အကြောင်းကို ကျွန်တော်တို့ မြန်မာမှာ ဘယ်သူတွေ ရေးခဲ့သလဲ။ ဒါကို ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ ပထမဆုံး ရေးတာက ဦးသိန်းဖေမြင့်၊ ဦးဖိုးစိန် အကြောင်းရေးတာ။ ကျွန်တော်တို့က စာရေးဆရာ ဖြစ်ကာစ၊ ကျောင်းက ထွက်လာကာစ၊ ဦးဖိုးစိန်ကြီးရဲ့ (၇၅)နှစ်မြောက် မွေးနေ့ သူ့ခြံထဲမှာ လုပ်တယ်၊ ကျွန်တော်က စာတမ်းဖတ်တယ်၊ သိန်းဖေမြင့်က စကားပြောတယ်။ အဲဒီနောက် မှာ သိန်းဖေမြင့်က ဦးဖိုးစိန်ရဲ့ အတ္ထုပ္ပတ္တိကို ရေးပါတယ်။ ဒါ ပထမဆုံး အနုပညာသည်ရဲ့ အတ္ထုပ္ပတ္တိပါ။ ဒုတိယကတော့ ဒေါ်အမာ ရေးတဲ့ 'အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး' နောက်တစ်ခါ ဒေါ်အမာရေးတဲ့ 'ရွှေမန်းတင်မောင်'၊ 'ပြည်သူ ချစ်သော အနုပညာသည်များ' သီချင်းရေးဆရာတွေ ပါတယ်၊ အဆိုတော်တွေ ပါတယ်၊ မထွေးလေးလည်း ပါတယ်။ မြခြေကျင်း မငွေမြိုင် ပါတယ်။ မြို့မငြိမ်း ပါတယ်။ မမြရင် ပါတယ်. . . စသည်ဖြင့်ပေါ့။ အဲဒါတွေဟာ စစ်ပြီး ခေတ်မှာ ပေါ်လာတဲ့ နိုင်ငံရေးသမား မဟုတ်သော၊ စာရေးဆရာ မဟုတ်သော အနုပညာ သည်များရဲ့ အတ္ထုပ္ပတ္တိ၊ အဲဒီ အတ္ထုပ္ပတ္တိတွေထဲမှာ အတ္ထုပ္ပတ္တိဆရာတွေဟာ ဘယ်လိုရေးခဲ့ကြသလဲဆိုတော့ ပညာရှင်တွေ ဆိုခဲ့တာ၊ အတ္ထုပ္ပတ္တိ ရေးတဲ့လူ ဟာ ပထမအားဖြင့် ပုံတူရေးသူ ပန်းချီဆရာ ဖြစ်ရမယ်။ ပုံတူဆွဲတဲ့လူ ဖြစ်ရ





မယ်။ ဒုတိယ အားဖြင့် သမိုင်းဆရာရဲ့အလုပ်ကို လုပ်ရမယ်။ ဒီနှစ်ခုကို လုပ်ပြီးမှ သာလျှင် Biography ရေးလို့ ရတယ်။ ဒါမှ ကောင်းတဲ့ Biography တစ်ခု ထွက်လာမှာပါ။ ဇော်ဝင်းထွဋ် အကြောင်းကို ရေးပြီဆိုရင် ကိုယ့်ဇာတ်လိုက်၊ ဘယ်သူ့ကို မေးရမလဲ ဆိုရင် ဇာတ်လိုက်ကို မေးရမယ်။ ကိုယ့်ဇာတ်လမ်းမှာ ပါတဲ့ ဒုတိယဇာတ်ဆောင် အဖေ့ဆီက၊ အမေ့ဆီက၊ ဇနီးမယား ဆွေမျိုး ညာတိ တွေဆီက ရမယ်။ သူငယ်ချင်း အပေါင်းအသင်းတွေဆီက ရမယ်။ နောက် ဇာတ်လိုက်ရဲ့ ရန်သူတွေဆီကလည်း မေးရမယ်။ ဒီလိုမေးလို့ ရပြီးရင် ဘာလုပ်မလဲဆိုတော့ ဇော်ဝင်းထွဋ် ဖြတ်သန်းနေတဲ့ ခေတ်၊ ကိုယ့်ဇာတ်လိုက် ဖြတ်သန်းနေတဲ့ ခေတ်ကြီးရဲ့အကြောင်းကို ရေးထားတဲ့ သမိုင်း၊ သူ ဖြတ်သန်း နေတဲ့ ဂီတသမိုင်း၊ ဂီတခေတ်၊ ဝတ်စားဆင်ယင်မှုခေတ်၊ လူမှုရေးခေတ် ဒါတွေ ကို ကျွန်တော်တို့ လေ့လာရမယ်။ နောက် သူနှင့်တကွ သူနဲ့ နီးစပ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ နေ့စဉ်မှတ်တမ်းတွေ၊ ပေးစာတွေ အထဲကလည်း အများကြီး ယူရလိမ့်မယ်။ အကယ်၍ သူဟာ စာရေးဆရာ ဖြစ်ခဲ့ရင် (သို့မဟုတ်) သူဟာ သီချင်းရေးဆရာ ဖြစ်ခဲ့ရင်. . .၊ သူဟာ သီချင်းဆိုသူ ဖြစ်ခဲ့ရင်၊ သူဟာ ဟောပြောသူ ဖြစ်ခဲ့ရင်. . . သူ ရေးခဲ့တဲ့ စာတွေ၊ သူ ပြောခဲ့တဲ့ စကားတွေ၊ သူ ရေးခဲ့တဲ့ သီချင်းတွေ၊ သူ ဆိုခဲ့တဲ့ သီချင်းတွေထဲကနေလည်း ရနိုင်တဲ့ အချက်အလက်တွေ ရှာယူရမယ်။ ဥပမာ 'မေတ္တာနုနု စေလိုသူ' သီချင်းထဲက ထားရဲ့ Biography ကို ဇော်ဝင်းထွဋ်ရဲ့ ဘယ်သီချင်းထဲကနေ ဘယ်လောက် ရနိုင်သလဲ ဆိုတာ . . . အဲဒီ အထဲကနေ ကျွန်တော်တို့ ရှာရလိမ့်မယ်။ ဒါ Biography ရေးပုံရေးနည်းပေါ့လေ။ Biography ဟာ (Explore every fields) သူ့ဇာတ်လိုက်နဲ့ ပတ်သက်တဲ့ နယ်တိုင်း နယ်တိုင်းကို အကုန် စူးစမ်းရ လိမ့်မယ်။ (Verify every facts) သူ သိလာတဲ့ အချက်အလက်တိုင်းကို မှန်မမှန် စစ်ဆေးရမယ်။ Check and Cross check every document သူ့ရဲ့မှတ်တမ်း အထောက်အထား တိုင်းကို ပြန်စစ်ရမယ်။ ပြောင်းပြန် တစ်ခါ Cross check လုပ်ရမယ်။ အဲဒီလိုလုပ်မှသာလျှင် ကောင်းမွန်တဲ့ Biography တစ်ခုကို ရနိုင်တယ်လို့ ပြင်သစ် အတ္ထုပ္ပတ္တိရေးဆရာ Andre Maurios က ပြောခဲ့ဖူးတယ်။ အင်္ဂလိပ်မှာ သိပ်နာမည်ကြီးတဲ့ အတ္ထုပ္ပတ္တိ ရေးဆရာ Lyttan Strachey ဟာ ဝိတိုရိယဘုရင်မကြီးရဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု တွေ့တယ်။ စည်ပိုင်းကြီး ကျောက်ခဲနဲ့ထုပြီး ဖွင့်ကြည့်လိုက်တဲ့အခါ ရေနံဆွတ်ထားတဲ့ တာလပတ်ကြီးတစ်ခုတွေ့။ ဖွင့်ဖြန့်ကြည့်လိုက်တော့ အဲဒီထဲမှာ ဂျပန်စစ်ဗိုလ် တစ်ယောက်ရဲ့ အရိုးစုနဲ့ ဂျပန်ဓားရှည်ကြီး။ ဂျပန်ခေတ်တုန်းက သေသွားတဲ့ ဂျပန်ရယ်၊ ဂျပန်ဓားရယ် မြှုပ်ပစ်ခဲ့တာ။ အဲဒါ ရဲမြင့်က ရ။

ဒါနဲ့ သူတို့ ရွက်ဖျင်စနဲ့ ရွက်ရပြီ။ သံချောင်း၊ ရဲမြင့်၊ ကိုနန္ဒာ သုံးယောက် ဝိုင်းလုပ်လို့ လှေ၊ ဖောင်လည်း ဖြစ်ပြီ။ သူတို့ ပြန်တော့မယ်နော်။ သံချောင်းက ဘယ်အချိန်မှာ အနောက်တောင်လေ တိုက်တယ်။ ဘယ်အချိန်မှာ အရှေ့တောင်လေ ပြန်မယ်ဆိုတာ သိတယ်။ အရှေ့မြောက်လေပြန်မှ ဒီဘက်ကိုလာရင် ဒီဖောင်ဟာ ဒီကို ဘယ်တော့မှ မလာဘူး။ ဟို. . . ဒန်းလော့ပ် ပင်လယ်အော်၊ အိန္ဒိယ သမုဒ္ဒရာဘက် လွင့်သွားမယ်။ အရှေ့တောင်လေ သိပ်ကြမ်းနေပြီ။ မိုးဦး လေဦးလာရင် လှေဖောင်က လှိုင်းပုတ်လို့ ကျိုးထွက်သွားမယ်။ အနောက်တောင်လေ၊ မုတ်သုံအဆုတ် လေအား ပျော့ချိန်မှာ ပြန်လာတော့မယ်။

သံချောင်းက "ကဲ လမ်းမှာ ကျုပ်တို့ စားဖို့သောက်ဖို့ ရေချိုရယ် ငါးခြောက် ငါးခြမ်းရယ် ရှာမယ်" ဆိုပြီးတော့ တစ်နေ့မှာ သံချောင်းနဲ့ ရဲမြင့် ငါးမန်းသွားမျှား။ သံချောင်းက ပင်လယ်ကမ်းခြေကို လာတင်တဲ့ နိုင်လွန်ပိုက် ပြတ်ကလေးတွေ စု၊ ပြီးတော့ ဆက်၊ ဆက်ပြီးတော့ ကြိုးချည်။ ဆက်ပြီး ကျစ်ပြီးတော့ ငါးမျှားကြိုးလုပ်တယ်။ အဲလိုနဲ့ သံချောင်းလုပ်တဲ့ ငါးမျှားကြိုး သံချောင်းရထားတဲ့ ငါးမျှားချိတ်နဲ့ တစ်နေ့မှာ ငါးသွားမျှားကြ။

ဘယ်သွားမျှားလဲဆိုတော့ ပင်လယ်ကမ်းစပ်နဲ့ လေး ငါး ခြောက် ဖာလုံ လောက်ဝေးတဲ့ သောင်ပြင်၊ ကျောက်ဆောင်ပြင်ကြီး ဖြတ်ပြီးတော့ ကျောင်းခေါင်လောက်မြင့်တဲ့ ကျောက်ဆောင်ကြီးပေါ်တက် ငါးမျှားကြ။ ဒီဘက်က ပင်လယ်ကမ်းစပ်၊ ဟိုဘက်မှာ ပင်လယ်နက်ရှိတယ်။ အဲဒီ ကျောက်ဆောင်ကနေ ဟိုဘက်ကျမှ ငါးမန်းရ။ အဲတော့ ရဲမြင့်နဲ့ သံချောင်း တစ်ယောက် တစ်လှည့်စီ ငါးမန်းမျှား။ တက်လာပြီ။ ငါးက ရဲမြင့် မျှားချိန်မှာ ငါးမန်းမိပြီ။ ငါးမန်းက လာဟပ်။ အဲဒီမှာ ရဲမြင့်က အားကုန်ဆွဲတယ်။ တွန်းလိုက်၊ ဆွဲလိုက်၊ နောက်ဆုံး မိပြီဆိုပြီးတော့ ဆောင့်ဆွဲလိုက်တာ ကြိုးပြတ်သွားတယ်။





ငါးမန်းပါးစပ်ထဲမှာ ငါးမျှားချိတ်ပါသွား။

ဟို အနောက်ဘက် ပင်လယ် ကြည့်လိုက်တဲ့အခါကျတော့ နေလုံးကြီး တဖြည်းဖြည်း ပင်လယ်ထဲ နိမ့်ဆင်း။ ကမ်းစပ် ကြည့်လိုက်တဲ့ အခါကျတော့ ဒီရေတွေ အော်ပြီး တက်လာ။ ခဏလေးနေရင် ကျောက် ဆောင်ပြင်ကြီးရော၊ အဲဒီ ကျောင်းခေါင်လောက်မြင့်တဲ့ ကျောက်ဆောင် မြင့်ကြီးရော ဒီရေ ဖုံးသွားတယ်နော်။ အဲတော့ "ကဲ ရဲမြင့်ရေ ပြန်ကြစို့၊ တို့ ငါးမျှားချိတ်လည်း မရှိတော့ဘူး။ နေလည်း ဝင်တော့မယ်၊ မနက်ဖြန်မှ လာမျှားကြဦးစို့" ဆိုပြီးတော့ သူတို့ ခုနက ခြေလျှင်လျှောက်သွားလို့ရတဲ့ နေရာက သွားလို့မရဘူး။ ရေပြင်ကြီး ဖြစ်သွား။ ဒီရေတက်သွား။ ရေကူးပြန်လာကြ။

သံချောင်းက ရှေ့က၊ ရဲမြင့်က နောက်ကကူး။ ဒီလိုနဲ့ ကူးလာတော့ သံချောင်း စိတ်မချလို့ နောက်ကြည့်လိုက်တော့ ဟိုမှာ ငါးမန်းက နောက်က လိုက်လာ။ ငါးမန်းက စိတ်ဆိုးနေတဲ့ ငါးမန်း။ အာခေါင်မှာ ငါးမျှားချိတ် ထိထားတဲ့ ငါးမန်း။ သူတို့ကိုယ်မှာက ကျောက်ဆောင်ရှလို့ ဒဏ်ရာတွေနဲ့။ ဒူးတွေ ပေါင်တွေမှာ အကွဲအပြဲ ဒဏ်ရာတွေက သွေးတွေ ထွက်လို့။ ငါးမန်းက သွေးနံ့ ရပြီး စိတ်ဆိုးဆိုးနဲ့ လိုက်လာ။ အဲတော့ သံချောင်းက သိတယ်။ သူ တစ်ချက် ထိုးပြီး ငုပ်ရင်း ခပ်မြန်မြန် ကူးလိုက် ရင် ကမ်းရောက်သွားမယ်။ ဒါပေမဲ့ ရဲမြင့် နောက်က အစားခံရမယ်။ ဘာလက်နက်မှ မပါဘူး။ ဟိုကောင်က ကူးတော့ ကူးတယ်။ မကူးတတ် ကူးတတ်နဲ့ ကူးနေတယ်။ သံချောင်းမှာ ဓားပါတယ်။ ပါးစပ်နဲ့ ကိုက်ထားတယ်။ ကျောပေါ် ပလိုင်းပါတယ်။ သူက အတင်းကူးလာ။

"ကဲ ငါ ကူးသွားရင်တော့ ရဲမြင့် အစားခံရမှာပဲ၊ ဒီကောင်လေးက မြို့သား ဟုတ်လား၊ ပြီးတော့ ငါက သန်သန်မာမာကောင်၊ ငါ ကယ်မှ ဖြစ်မယ်"

ဆိုပြီးတော့ သံချောင်း ရဲမြင့်ကို ရှေ့က အတင်းကူးခိုင်းတယ်။ သံချောင်းက နောက်က နေရစ်ခဲ့တယ်။ အဲဒီမှာ ငါးမန်းက နောက်က လိုက်လာတယ်။ တဖြည်းဖြည်းနဲ့ သံချောင်း မိတယ်။ မိပြီး ငါးမန်း ကိုက်တယ်။ သံချောင်းက ဓားနဲ့ ပြန်ခုတ်တယ်။ ဒီလိုနဲ့ သံချောင်းနဲ့ ငါးမန်း ဘတစ်ပြန် ကျားတစ်ပြန် သတ်ကြရင်း နောက်ဆုံးကျတော့ သံချောင်း ရော၊ ငါးမန်းရော ပင်လယ် အောက်နစ်မြုပ်သွားရော။ အဲဒီ နေရာမှာ သွေးကွက်ကြီးပဲ ကျန်ရစ်ခဲ့တယ်။

ရဲမြင့်နဲ့ ကိုနန္ဒာ၊ သံချောင်း မရှိတဲ့အခါကျတော့ ဖောင်တို့ ရွက်တို့



www.burmeseclassic.com

www.burmeseclassic.com



နှိုးသေမယ့် မကူးရဲဘူး။ ဘယ်လေတိုက်မှန်း မသိဘူး။ ဘယ်ရေကြောင်း ဘယ်သွားမှန်းမသိ၊ မကျွမ်းဘူး။ အဲဒီတော့ အဲဒီမှာတင် စိတ်ဓာတ်ကျပြီး နေတုန်းမှာ သံချောင်း လွှင့်ထားတဲ့ အလံ၊ သံချောင်း ဖိုထားတဲ့ မီးဖိုက မီးခိုးနဲ့ မီးရောင်ကို မြင်လို့ စက်လှေတစ်စင်းက အဲဒီပေါ်မှာ ဒုက္ခသည် ရှိမှာပဲဆိုပြီး တက်အရှာမှာ သူတို့နဲ့တွေ့တယ်။ ရဲမြင့်နဲ့ ကိုနန္ဒာကို အိမ်ပြန် ခေါ်သွားတယ်။ ကိုနန္ဒာနဲ့ ရဲမြင့် အိမ်ပြန်ရောက်တယ်။ မိဘတွေနဲ့ တွေ့ရတယ်၊ ဆွေမျိုးတွေနဲ့ တွေ့ရတယ်။ ချစ်သူနဲ့ တွေ့ရတယ်၊ အပေါင်းအသင်းတွေနဲ့ တွေ့ရတယ်။

ဒါပေမဲ့ သံချောင်းကတော့ ပင်လယ်အောက်မှာ ကျန်ရစ်ခဲ့တယ်။

သံချောင်းအဖို့ အိမ်ပြန်ရောက်လည်း မထူးပါဘူးနော်။ ကမ်းပြန်ရောက်လည်း မထူးပါဘူး။ ဘာလို့လဲဆိုတော့ သူ့မှာ နေစရာအိမ် မရှိဘူး။ မိဘမရှိ၊ ဆွေမျိုး မရှိ၊ ချစ်သူ မရှိ၊ အပေါင်းအသင်း မရှိ၊ သူ့အဖို့ ဆုံးရှုံး ရာနှောင်ကြိုးတွေမှအပ၊ သူ့ကို တုပ်နှောင်ထားတဲ့ ဆုံးရှုံးစရာ နှောင်ကြိုးတွေမှအပ တခြား ဘာမှ မရှိ။

ဆိုပြီးတော့ ကျွန်တော့်ဝတ္ထုကို အဆုံးသတ်လိုက်ပါတယ်။ ဒါ ဇာတ်လမ်းနော်။

'မားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်' ဆိုတဲ့ ဝတ္ထုဇာတ်လမ်း ရလာပုံ။ အဲဒါနဲ့အတူ ရောပြီးတော့ ဒီနေ့ လူငယ်တွေအားလုံး ကြည့်ပြီးတော့ ဇာတ်ကောင်ကို ဖန်တီးလိုက်တယ်။ ဇာတ်လမ်းကို ဖန်တီးလိုက်တယ်။ အဲတော့ ဇာတ်လမ်းရပြီ။ ဒါဖြင့်ရင် ဘာရည်ရွယ်လဲလို့ ခင်ဗျားတို့က မေးမယ်။ ရည်ရွယ်ချက် အဲဒီထဲမှာ ကျွန်တော် ရေးတော့ ရေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီမှာ ကြုံလို့ ပြောရမယ်ဆိုရင် ရည်ရွယ်ချက်နှစ်ခု ရှိပါတယ်။

တစ်ခုက. . .

ကျွန်တော်တို့ ဒီနေ့လူငယ်တွေ၊ "ဒီကောင်တွေ ရိုင်းစိုင်းတယ်၊ ဘာမှ နားမလည်ဘူး၊ လူကြီးမိဘ မရှိသေဘူး" ဘာညာဆိုပြီးတော့ ရှိသမျှအပြစ် လူငယ်တွေကို ပုံချ။ အဲတော့ ဒီနေ့ လူငယ်တွေ ပျက်စီးတယ်၊ ရိုင်းစိုင်းတယ်။ အဓိက တာဝန်ရှိသူဟာ ကျွန်တော်တို့ လူကြီးတွေ အပြစ်ပဲလို့ အဲဒီဝတ္ထုမှာ ကျွန်တော် တင်ပြပါတယ်။

အဖေက အရာရှိကြီး၊ အမေက လက်ချာရာ (Lecturer) ကထိက၊





ကျောင်းသွားတယ်။ ရုံးအလုပ်သွားတယ်။ အဖေက အရာရှိ အမေက S.A.T။ အဖေက ဆိုက်ကားနင်းတယ်။ အမေက ဈေးထဲမှာ ဈေးရောင်း။ သားသမီးနဲ့ မိဘ စကားပြောချိန် မရဘူး။ ဒါကြောင့်မို့ သား၊ သမီးနဲ့ မိဘ စကားပြောချိန် လိုတယ်။

ကျွန်တော်တို့ လူကြီးတွေက ကလေးတွေနဲ့ စကားပြောရမယ်၊ စိတ်ရှည်ရမယ်နော်။ သူတို့ ရိုင်းချင်ရိုင်းမယ်။ ဒါတွေ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ ဒါကြောင့်မို့ လူကြီးနဲ့ လူငယ်ကြားမှာ ကွာဟနေတဲ့ မျိုးဆက်ကျဉ်းသွားအောင် ကျွန်တော်တို့ လူကြီးတွေက ဦးဆောင်ပြီးတော့ လူငယ်တွေကို နားလည်အောင် ကြိုးစားရမယ်လို့၊ ကျွန်တော် အဲဒီဝတ္ထုမှာ တင်ပြပါတယ်။ ဒါ နံပါတ်တစ် ရည်ရွယ်ချက်။

လူငယ်တွေ အနေနဲ့ကလည်းပဲ ဟုတ်လား။ ကျွန်တော်တို့ လူငယ်တွေက စာမေးပွဲကျလို့ စိတ်ဓာတ်ကျတဲ့အချိန်မှာ သံချောင်းက ကျောင်းတောင် မနေခဲ့ရဘူးနော်။ ကျွန်တော်တို့က အဖေနဲ့အမေက ဂျင်းဂျက်ကက် ဝယ်မပေးလို့၊ နာရီဝယ်မပေးလို့၊ ကျောင်းစိမ်းလုံချည်အသစ်၊ လွယ်အိတ်သစ် ဝယ်မပေးလို့၊ အဖေနဲ့အမေကို စိတ်ကောက်နေတဲ့အချိန်မှာ သံချောင်းမှာ စိတ်ကောက်စရာ အဖေနဲ့အမေတောင် မရှိဘူး။ ကျွန်တော်တို့က ကောင်မလေးနဲ့ မကြည်လို့ ပလီတက်နေတဲ့ အချိန်မှာနော် ရန်ကုန်မှာ အဲလိုပဲပြောတယ်၊ 'မကြည် ပလီတက်' တဲ့။ ဘာမှန်း မသိဘူး။ ကောင်မလေးနဲ့ ကောင်လေး ကြည်သလား၊ မကြည်ဘူး။ မကြည် ပလီတက်ပေါ့။

အဲတော့ ကျွန်တော်တို့က ကောင်မလေးနဲ့ မကြည်နေတဲ့အချိန်မှာ သံချောင်းက ရည်းစားဆိုလို့ မူးလို့တောင် ရှုစရာ မရှိဘူး။ ဒါပေမဲ့ သံချောင်းမှာ အရေးကြုံလာရင် သူ့ဘဝ သူ ကျောင်းတယ်၊ သူ့ဘဝ သူ ဖြစ်အောင် အသက်မသေအောင် ရပ်တည်နိုင်အောင် သူ လုပ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ လူငယ်တွေကလည်းပဲ စိတ်ဓာတ်ကျစရာရှိရင် မကျဘဲနဲ့ သံချောင်းကို အတုယူကြဖို့လိုတယ်လို့ ကျွန်တော် အဲဒီဝတ္ထုမှာ တင်ပြပါတယ်။ ဒါ နံပါတ်နှစ် ကျွန်တော့် ရည်ရွယ်ချက်။

(၁) က စိတ်ကူးရပုံ

(၂) က ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



(၃) က ရည်ရွယ်ချက်

နောက်ဆုံး (၄) က ဒိဝတ္ထုရဲ့ နာမည်။

ဒိဝတ္ထုကို ကျွန်တော်ရေးတာက ၁၇ ရက်ပဲ ကြာပါတယ်။ ဒါပေမဲ့ တစ်လလောက်ကြာတဲ့အထိ ကျွန်တော် ဘာခေါင်းစဉ်ပေးရမှန်း မသိဘူး။ ဟိုဟာ စဉ်းစားလိုက် မကြိုက်။ ဒီဟာ စဉ်းစားလိုက် မကြိုက်နဲ့။ ဒီလိုနဲ့ တစ်နေ့တော့ ကျွန်တော် အမှတ်တမဲ့ စာအုပ်စင်က အင်္ဂလိပ် ကဗျာစာအုပ်ကလေး တစ်အုပ် ဖတ်။ ဆက်ဖတ်လိုက်တော့ ကဗျာကလေးတစ်ပုဒ် သွားတွေ့တယ်။

ကဗျာရေးတဲ့ လူက ကဗျာဆရာ မဟုတ်ဘူး။ တရုတ်ပြည်က အလုပ်သမားကလေး။ အဲဒီတုန်းက သူတို့ တရုတ်ပြည်မှာ 'တာကျင့်'လို့ ခေါ်တဲ့ ရေနံမြေကြီး ရှိတယ်။ နောက် သူတို့ အစိုးရတက်မှ သူတို့ တူးတယ်။ ဟိုတုန်းက နိုင်ငံခြားက အိတ်စပတ် (Expert)တွေ၊ တွင်းတူးဗိုလ်တွေ၊ အင်ဂျင်နီယာ (Engineer)တွေခေါ်တယ်။ မအောင်မြင်ဘူး။ နောက်ဆုံးကျတော့ တရုတ် အင်ဂျင်နီယာတွေ၊ တရုတ် အလုပ်သမားတွေ၊ တရုတ် အိုဗာစီယာ (Overseer) ကြီးတွေ သူတို့ကိုယ်တိုင် တူးတယ်။ အဲဒီ တူးတဲ့အခါမှာ အဲဒီ ရေနံမြေက သိပ်ကြီးကျယ်လို့ ရေနံမြေကြီး ဖြစ်သွားတယ်။

တရုတ်မှာ ဒီရေနံမြေကြီး ပြီးလို့ရှိရင် ဒုတိယ ရေနံထွက်တဲ့ တိုင်းပြည်နော်။ အဲဒီတော့ အဲလို ရေနံမြေကြီးတစ်ခု ပေါ်လာတယ်။ တစ်နေ့ကျတော့ ရေနံမြေကြီး မီးလောင်သွားတယ်။ မီးလောင်တော့ နိုင်ငံခြားက မီးသတ်တွေ ငှားတယ်။ ဟယ်လီကော်ပတာ (Helicopter) တွေနဲ့ သတ်တယ်။ တရုတ်ပြည် အနှံ့အပြားက မီးသတ်တွေ လာတယ်။ မရဘူး။ ခင်ဗျားတို့ ဟို ကူဝိတ်ရေနံမြေ မီးလောင်တုန်းက တွေ့ဖူးမှာပါ။ ရေနံတွင်းတွေ တစ်တွင်းပြီးတစ်တွင်း ပေါက်နေတာ။ ဘာဖြစ်လို့လဲဆိုတော့ 'ဂက်စ်ပိုက်' ကို သွားမပိတ်ဘူး။ အဲဒီ 'မိန်းဂက်စ်ပိုက်' ကြီးကို သွားပိတ်မှ၊ ငြိမ်းမှာ။ ဒီတော့မှ မီးက မလောင်မှာ။ အဲဒီ 'မိန်းဂက်စ်' ပိုက်ကို ဘယ်သူမှ သွားမပိတ်နိုင်ဘူး။ ဘာလို့တုန်းဆိုတော့ မီးတောက်တွေက သိပ်များ။

အဲဒီမှာတင် အလုပ်သမားကလေးက သူ သွားမယ်ဆိုပြီး မီးတောက်တွေကို ဖြတ်ပြီးတော့ ဂက်စ်ပိုက်ကို သွားပိတ်၊ ပိတ်လို့ မီးတောက်တွေကြား လဲကျ၊ သတိမေ့သွား။ သတိရလို့ ကြည့်လိုက်တော့ သူ ဆေးရုံပေါ်မှာ ရောက်နေ





တယ်။ မျက်စိနှစ်ဖက်လုံး ကွယ်သွားပြီ။ မမြင်ရတော့ဘူး။ နောက် ခြေထောက်ဒူးဆစ်ကနေ ဖြတ်လိုက်ရပြီ။ ခေါင်းရော တစ်ကိုယ်လုံး၊ မီးလောင်တဲ့ ဒဏ်ရာတွေ ပတ်တီးတွေနဲ့ ဖြစ်နေတယ်။ ဒီလိုနဲ့ နည်းနည်း ကျန်းမာလာ တဲ့အခါကျတော့ အဲဒီ အလုပ်သမားလေးက ဆရာဝန်လေးကို ပြောတယ်။

"ဆရာကြီးတို့ ခင်ဗျာ၊ ကျွန်တော့်ကို စာရွက်ကလေးနဲ့ ကတ်ပြား ကလေးတစ်ခုပေးပါ"

"ဟာ ဘာလုပ်မလို့တုန်း"

"ကျွန်တော် စာရေးမလို့"

"မင်း မျက်လုံး မမြင်ရဘဲနဲ့ ဘယ်လိုလုပ် စာရေးမလဲ"

"ကျွန်တော့်ကို အောက်မှာခံရေးတဲ့ သစ်သားကတ်ပြား တစ်ခုပေးပါ။ အဲဒီ ကတ်ပြားမှာ မျဉ်းကြောင်းလေးတွေ၊ အပေါက်လေးတွေ အတန်းလိုက် ဖောက်ပေးပါ" တဲ့။

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ ဆယ်ကြောင်း စသဖြင့်။ ဆယ်ပေါက် အရှည်လိုက် ဖောက်ပေး။ အဲဒီဟာ ရတော့ သူက အောက်က စက္ကူခံတယ်။ အဲဒီအပေါ်မှာ ကတ်ပြားတင်တယ်။ မျဉ်းကြောင်း အပေါက်ကလေးတွေ ကြားကို စမ်းပြီးတော့ သူက ကဗျာလေးတစ်ပုဒ် ရေးတယ်။ သူ့ဘဝ မရှုံးဘူး။ ဘာတုန်းဆိုတော့. . .

*ဓားတွေဟာ*
*တောင်တန်းတွေလောက် မြင့်တယ်။*
*ဓားတွေဟာ*
*တောင်တန်းတွေလောက် မြင့်တယ်၊*
*မီးလျှံတွေဟာ*
*ပင်လယ်ပြင်လောက် ကျယ်တယ်၊*
*မီးလျှံတွေဟာ*
*ပင်လယ်ပြင်လောက် ကျယ်တယ်*
*ဒါပေမဲ့*
*အဲဒီ ဓားတောင်တန်းနဲ့*
*အဲဒီ မီးပင်လယ်ကို ဖြတ်မယ်*



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစဉ်နော်။

အဲဒီတော့ ပြောခဲ့ပြီးပါပြီ။

နိဂုံးချုပ်အနေနဲ့ ပြောရရင် အခု ရွှေဘို အထက (၁) ရွှေရတုသဘင်နော်။ တလေးတွေ ဟက်ကြွကြွတယ်။ မြို့မိမြို့ဖတွေကလည်းပဲ နိုးနိုးကြားကြား ရှိကြတယ်။ ဆိပ်ခွန်၊ ခင်ဦး၊ ရွှေဦးတို့ စသဖြင့် အငေးကြီးက လူတွေ အေးအေး ချမ်းချမ်း ချမ်းချမ်းစီးစီးမှာ လာနားထောင်ကြလို့ ကျွန်တော်တို့ ဝမ်းသာတယ်။ ချမ်းသော်လည်းပဲ ရွှေဘိုရဲ့ မေတ္တာစောင်ကို ခြုံရတဲ့အတွက် ကျွန်တော်တို့ နွေးတယ်။

ဒါကြောင့်မို့ နောင်မှာ ဒီကျောင်းက၊ ဒီမြို့က ရွှေဘိုမြို့ရဲ့ ကျက်သရေကို ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီကတစ်ဆင့် အထက်မြန်မာပြည်ရဲ့ ဂုဏ်ကျက်သရေကို ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီနောက်တစ်ဆင့် မြန်မာပြည်ကြီးရဲ့ ဂုဏ်ကျက်သရေကို ကမ္ဘာသိအောင် ဆောင်တဲ့ ပုဂ္ဂိုလ်တွေ ပေါ်ပေါက်ပါစေလို့ ဆုတောင်းရင်း ကျွန်တော် နိဂုံးချုပ်ခဲ့ပါတယ်။

[၂၂-၁၂-၉၅ နေ့၊ ရွှေဘို အထက (၁)
ရွှေရတုစာပေဟောပြောပွဲမှ ဟောပြောချက်]



## လမင်းကို ထရံပေါက်မှ ကြည့်ခြင်း

အခမ်းအနားကို တက်ရောက်လာတဲ့ စာရေးဆရာကြီးများနဲ့ စာပေမိတ်ဆွေများ ခင်ဗျား. . .

ဒီနေ့ ဖြူးမြို့ မိတ်ဆွေများ စာကြည့်အသင်း စာပေဆုပေးပွဲမှာ စကားပြောခွင့် ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒီနေ့ စာပေဆုပေးပွဲဟာ ထူးခြားတဲ့ လက္ခဏာနှစ်ချက်ကို ဆောင်ပါတယ်။ တစ်ချက်ကတော့ ဒီစာပေဆုဟာ စာဖတ်သူများကပေးတဲ့ဆုဖြစ်လို့ပါပဲ။ နောက်တစ်ချက်ကတော့ ဖြူးမြို့ မိတ်ဆွေများ စာကြည့်အသင်းက အမှုဆောင်လူငယ်များဟာ သူတို့မြို့မှာမလုပ်ဘဲ သူများရပ်ရွာမှာ စာရေးဆရာတွေ ရှိရာကိုလာပြီး ဆုပေးတဲ့ပွဲ ဖြစ်လို့ပါ။ သူများရပ်ရွာမှာ ကိုယ်က အိမ်သည်လုပ်ပြီး ဧည့်သည်တွေကို ဖိတ်ခေါ်ကျွေးပရတာဟာ တော်တော်စွန့်စားရတဲ့ကိစ္စ ဖြစ်ပါတယ်။ တော်တော် တာဝန်ကြီးတဲ့ကိစ္စ ဖြစ်ပါတယ်။ တော်တော်လည်း ငွေကုန်ကြေးကျများတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆုပေးပွဲဟာ ထူးခြားတဲ့ လက္ခဏာနှစ်ချက် ရှိတယ်လို့ ကျွန်တော် ပြောခြင်းဖြစ်ပါတယ်။

အမှန်ကတော့ ကျွန်တော်ဟာ ဒီစင်မြင့်ပေါ်ကို တက်ရောက်ပြီး ဟောပြောစရာအကြောင်း မရှိပါဘူး။ ဒီစင်မြင့်နေရာဟာ ကျွန်တော့်နေရာ မဟုတ်ပါဘူး။ ရှေ့တန်းမှာ ထိုင်နေကြတဲ့ ဆရာကြီး တက်တိုး၊ ဆရာမကြီး ဒေါ်နုယဉ်၊ ဆရာကြီး ထင်လင်း၊ ဆရာကြီး တက္ကသိုလ်နေဝင်းတို့ရဲ့နေရာ ဖြစ်ပါတယ်။ သူတို့သာလျှင် ဒီနေရာမှာရပ်ပြီး ပြောသင့်ပါတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ အသက်အားဖြင့်၊ ဂုဏ်အားဖြင့်၊ ပညာအားဖြင့် ကျွန်တော့်ထက် ကြီးမြင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ကာကယ်နေတဲ့ ဒီဇနရာဟာ သူတို့ ရပ်ပြောရမဲ့နေရာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဆရာကြီးတွေဟာ အသက်ကလည်းကြီး (အင်္ဂလိပ်တွေ ပြောလေ့ရှိသလို) 'ရက်စက်သော တိတ်ဆိတ်မှု' ကိုလည်း ဆောင်နေကြတဲ့အတွက် အသက်မကြီးတကြီးဖြစ်တဲ့ ကျွန်တော်က 'ရက်စက်သော ဆူညံမှု' ကို ပြုလုပ်နေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ရဲ့ 'ရက်စက်သော ဆူညံမှု' အတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ချင်ပါတယ်။

ကျွန်တော် ဒီအခမ်းအနားမှာ ပြောဖို့ အချက်ငါးချက်လောက်ကို စိတ်ထဲမှာ မှတ်လာခဲ့ပါတယ်။ အဲဒါတွေကတော့. . .

(၁) စာအုပ်ဆိုတာ ဘာလဲ

(၂) စာကို ဘယ်လိုဖတ်ကြမလဲ

(၃) ဘယ်လို အချိန်အခါမှာ ဘယ်လိုစာတွေကို ဖတ်ကြမလဲ

(၄) ဘယ်အရွယ်မှာ စာဖတ်ရင် ဘယ်လို အကျိုးသက်ရောက်မှုကို ရစေသလဲဆိုတာနဲ့

(၅) စာဖတ်ရာမှာ ဘယ်လို သဘောထားမျိုးနဲ့ ဖတ်ရမလဲဆိုတဲ့ အချက်များ ဖြစ်ပါတယ်။

ဒီအချက်တွေဟာ ကျွန်တော့်ခေါင်းထဲက၊ ကျွန်တော့်ဦးနှောက်ထဲက ထွက်လာတဲ့ အတွေးတွေ မဟုတ်ပါဘူး။ ဆရာသမား ပညာရှိနှစ်ဦးက ပြောခဲ့တဲ့ အဆိုအမိန့်များကို ကျွန်တော် မှတ်သားထားတဲ့ အချက်များ ဖြစ်ပါတယ်။ ဒီအချက်တွေကို ကျွန်တော် သဘောကျလွန်းလို့ စာအုပ်ထဲမှာ မှတ်သားထားပြီး မကြာခဏ ပြန်ဖတ်လေ့ရှိပါတယ်။ ကျွန်တော့်ကိုယ်ပိုင်အတွေးတွေကို ပြောတာထက် ပညာရှိများရဲ့ အဆိုအမိန့်က ပိုပြီး တန်ဖိုးရှိတဲ့အတွက် ဒီအချက်များကို ဖောက်သည်ချရခြင်း ဖြစ်ပါတယ်။

အဲဒီ ပညာရှိနှစ်ဦးကတော့ ၁၉ ရာစုမှာ ပေါ်ထွန်းခဲ့တဲ့ အင်္ဂလိပ်စာပေ အနုပညာဝေဖန်ရေးဆရာ၊ ပန်းချီဝေဖန်ရေးဆရာ၊ ဗိသုကာ ဝေဖန်ရေးဆရာ၊ စာတမ်းဆရာ ဂျွန်ရပ်စကင်း ဖြစ်ပါတယ်။ နောက် ပညာရှိတစ်ဦးကတော့ ၁၇ ရာစုနှစ်က ပေါ်ခဲ့တဲ့ တရုတ်စာဆို ကျန်းကျောက်ရဲ့ အဆိုအမိန့် ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ အဆိုအမိန့်တွေကို ပေါင်းပြီး ကျွန်တော် ပြောသွားပါမယ်။





## (၁) စာအုပ်ဆိုတာ ဘာလဲ။

ပညာရှိတစ်ယောက်၊ စာရေးဆရာတစ်ယောက်က မှိုးသားစွာနဲ့ စေတနာရှိစွာ ရေးသားထားတဲ့ စာပုဒ်ဟာ စာအုပ်တစ်အုပ်ပဲ။ စာအုပ်တွေထဲမှာ မကောင်းတာတွေ၊ အပေါ်ယံကျတာတွေ၊ ကရော်ကမည် ရေးထားတာတွေ ဟန်လုပ်ရေးထားတာတွေ ပါကောင်းပါနိုင်တယ်။ ဒါပေမဲ့ ကိုယ်က မှန်တန်စွာ ဖတ်တတ်လို့ရှိရင် အဲဒီ အထဲက ကောင်းမွန်တဲ့ အပိုင်းအစတွေ တွေ့လိမ့်မယ်။ အဲဒီ အပိုင်းအစတွေဟာ စာအုပ်ပဲ။

စာအုပ်အမျိုးအစား အားလုံးကို ခွဲကြည့်လိုက်ရင် နှစ်မျိုးပဲရှိတယ်။ တစ်မျိုးက ခုလောလောဆယ် ဖတ်ရမယ့်စာအုပ်။ ခု နာရီပိုင်းသာခံတဲ့ စာအုပ် ဖြစ်တယ်။ နောက်တစ်မျိုးကတော့ ရေရှည်ဖတ်ရမယ့် စာအုပ်၊ ခေတ်တိုင်း ခေတ်တိုင်းခံတဲ့ စာအုပ်ဖြစ်ပါတယ်။ နာရီပိုင်းသာခံတဲ့စာ၊ ခုချက်ချင်း ဖတ်ရမယ့် စာပေဆိုတာကတော့ ဗဟုသုတကိုပေးတဲ့ စာတွေဖြစ်ပါတယ်။ သတင်းစာတို့၊ ဂျာနယ်တို့ဟာ တစ်နေ့လုံး ဖတ်ရမယ့်စာတွေ မဟုတ်ပါဘူး။ မနက်ပိုင်း ဖတ်လိုက်ရင် ကုန်သွားတာပဲ။ ခေတ်တိုင်း ခံတဲ့စာ ဆိုတာကတော့ ခံစားချက်၊ အတွေးအခေါ်ကို လှုံ့ဆော်ပေးတဲ့စာ ဖြစ်ပါတယ်။

ဒီစာအုပ် အမျိုးအစားနှစ်ခုကို ရပ်စကင်းက နောက်တစ်နည်း ပြောပါသေးတယ်။ အသံကို ပွားစေတဲ့ စာအုပ်နဲ့ အသံကို ထိန်းသိမ်းထားတဲ့စာအုပ်လို့ ပြောပါသေးတယ်။ အသံကိုပွားစေတဲ့ စာအုပ်ဆိုတာ လူပေါင်းများစွာကို တစ်ခါတည်း မပြောနိုင်တဲ့အတွက် တစ်နေရာတည်းမှာ ပြောလို့ မရတဲ့အတွက် ကူးယူပုံနှိပ်ပြီး ပြောရတာ။ တိုင်းမဂ္ဂဇင်းတို့၊ ဘာတို့ဆိုတဲ့ သတင်းမဂ္ဂဇင်းတွေဟာ တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ ပြောလို့ မဖြစ်နိုင်တဲ့အတွက် အဲဒီထဲမှာပါတဲ့ သတင်းတွေကို ပွားပြီး ကူးယူပြီး ဖြန့်ဝေရတယ်။ ဒါကြောင့်မို့ အသံကိုပွားစေတဲ့ စာအုပ်လို့ ရပ်စကင်းက ခေါ်ပါတယ်။ အသံကို ထိန်းသိမ်းပေးတယ် ဆိုတဲ့ စာအုပ်ကတော့ အတွေးအခေါ်များ၊ အဆိုအမိန့်များ၊ ခံစားချက်များကို နောင်မှာ ပျောက်ကွယ်မသွားအောင် နောင်လာ နောက်သားတွေ မှတ်နိုင်ဖတ်နိုင်အောင် ထိန်းသိမ်းထားတဲ့ စာအုပ်တွေပါ။

ဒီနှစ်မျိုးကိုပဲ ရပ်စကင်းက နောက်တစ်နည်း ထပ်ပြောပါသေးတယ်။ စကားပြောထားတဲ့ စာအုပ်ဆိုတာ မနှစ်က ဒီနေရာမှာ ဘယ်လိုရာသီဥတု



www.burmeseclassic.com

www.burmeseclassic.com



အတ္ထုပ္ပတ္တိကို ရေးခဲ့တယ်။ သူ့ကို Prince of Biographer လို့ ခေါ်တယ်။ အတ္ထုပ္ပတ္တိရေးဆရာတွေရဲ့ ဘုရင်၊ မင်းသား၊ သူက ဘာပြော သလဲဆိုတော့ "A mass of notes and documents is no more a biography than a mountain of eggs is an omelette" သူ့မှာ အချက်အလက်တွေ ဘယ်လောက်များများ၊ ကျွန်တော့်မှာ ဇော်ဝင်းထွဋ်နဲ့ ပတ်သက်တဲ့ အချက်တွေ ဘယ်လောက် ပဲရရ ကြက်ဥတွေ အများကြီးကို Omelette ဖြစ်အောင် မလုပ်တတ်ရင် Omelette ဖြစ်မလာဘဲ ကြက်ဥအပုံကြီးပဲ ဖြစ်နေမှာဖြစ်သလို အချက်အလက်တွေကို ကျကျနန ဖွဲ့စည်း၊ Organize မလုပ်တတ်ရင် အချက်အလက်ပဲ ဖြစ်နေမှာပဲ၊ ဒါကြောင့်မို့ အတ္ထုပ္ပတ္တိရေးတဲ့လူဟာ တစ်ပြိုင်နက်တည်းမှာ ပုံတူရေးတဲ့လူလည်း ဖြစ်ရမယ်။ သမိုင်းဆရာလည်း ဖြစ်ရမယ်လို့ သူက ပြောခဲ့တယ်။ ကျွန်တော် နောက်ထပ် ၅ မိနစ်လောက် စာလေးတစ်စောင် ဖတ်ပြပါရစေ။

ကျွန်တော် ပြောချင်သေးတာ တစ်ခုက ဇော်ဝင်းထွဋ်ရဲ့ အတ္ထုပ္ပတ္တိ ထက် ပိုပြီး အရေးတကြီးလိုနေတဲ့ အတ္ထုပ္ပတ္တိ၊ ဒါက ဘာလဲဆိုတော့ သူ့အဘိုး 'ရွှေတိုင်ညွန့်' ရဲ့ အတ္ထုပ္ပတ္တိ၊ ရွှေတိုင်ညွန့်မရှိဘဲနဲ့ 'ထား' မရှိနိုင်ဘူး။ ထား မရှိဘဲနဲ့ 'ဇော်ဝင်းထွဋ်' မရှိနိုင်ဘူး။ ဒီလိုပဲ 'သုံးရွှေ့လယ်' မရှိဘဲနဲ့ 'မေတ္တာနုနု စေလိုသူ' မရှိနိုင်ဘူး။ 'မေတ္တာနုနု စေလိုသူ' မရှိဘဲ 'မာကျူရီညို' မရှိနိုင်ဘူး။ ဒါကြောင့် ကျွန်တော် ရွှေတိုင်ညွန့်ရဲ့ အတ္ထုပ္ပတ္တိကို ရေးစေချင်ပါတယ်။ အဲဒီခေတ်က နာမည်ကြီး တေးရေးဆရာ လေးယောက် ရှိပါတယ်။ ရွှေတိုင်ညွန့်၊ ရွှေပြည်အေး၊ မြို့မငြိမ်း၊ နန်းတော်ရှေ့ ဆရာတင်. . . အင်မတန်တော်တဲ့ တေးရေးဆရာတွေပါ။ အသံ သိပ်မကောင်းတဲ့ အဆိုတော်တွေကိုပါ အောင်မြင် အောင် ရေးပေးနိုင်ကြပါတယ်။

အင်္ဂလိပ်လို ပြောလေ့ရှိကြတယ်။ 'not the singer but the song' သီချင်း ကြောင့် အဆိုတော် နာမည်ကြီးလာရတာ။ နောက်တစ်မျိုးက 'not the song but the singer' အဆိုတော်ကြောင့် သီချင်း နာမည်ကြီးလာ ရတာ။

ရွှေတိုင်ညွန့်တို့၊ နန်းတော်ရှေ့တို့၊ မြို့မငြိမ်းတို့၊ ရွှေပြည်အေး တို့ဆိုတဲ့ ပုဂ္ဂိုလ်တွေက သီချင်းရေး သိပ်ကောင်းတယ်။ သူတို့သီချင်းတွေကို ဆိုလိုက်ရင်





အဆိုတော်တွေ နာမည်ကြီးတယ်။ အဆိုတော်တွေကို မွေးထုတ်ပေးနိုင်တဲ့ သီချင်းရေး ဆရာမျိုးတွေပါ။

ရွှေတိုင်ညွန့်တို့ နန်းတော်ရှေ့တို့ရဲ့ ဆက်ဆံရေးဟာလည်း အင်မတန် စိတ်ဝင်စားစရာ၊ လွမ်းချင်စရာကောင်းတယ်။ တစ်ယောက်ရဲ့ tune ကို တစ်ယောက်က ကြိုက်ရင် ယူစပ်လိုက်တာပဲ။ သူက ကိုယ့် tune ကို ယူစပ် လိုက်လို့ တရားစွဲတယ်၊ သတင်းစာက ကြေညာတယ် ဆိုတာ မရှိဘူး။ ဥပမာ 'ဟေဝန်နန်း' ကို ရွှေတိုင်ညွန့် ရေးတယ်။ မမြရင်ရဲ့ 'ရွှေပြည်စိုး' ကို နန်းတော် ရှေ့ ရေးတယ်။ ဘယ်သူက စောသလဲ မသိဘူး။ ဘယ်သူက စောစော ဘာမှ မပြောကြဘူး။ ကြည့်ရတာကတော့ သူနဲ့ခင်တဲ့ သူငယ်ချင်းတွေ လုပ်ဖော် ကိုင်ဖက်တွေ ဖြစ်ပုံရတယ်။ သူတို့တစ်တွေရဲ့ ဆက်ဆံရေးဟာ ဘယ်လောက် ချစ်စရာ ကောင်းသလဲ၊ ဒီလိုပဲ tune တူတဲ့ သီချင်းတွေ တော်တော်များများ ရှိတယ်။ တခြားလူတော့ မသိဘူး။ ကျွန်တော်ကတော့ သူတို့တစ်တွေရဲ့ ဆက်ဆံရေးကို သိပ်သိချင်တာပဲ။ ကျွန်တော်တို့ ခေတ်လူငယ်တွေ ဘယ်လောက် အတုယူဖို့ ကောင်းသလဲ။

အေဝမ်းခင်မောင်. . . ကျွန်တော့်ကို ပြောဖူးတာ ရှိသေးတယ်၊ တစ်ခါတုန်းက ရွှေပြည်အေးက သူ့ကို သီချင်းတစ်ပုဒ် ချပေးသတဲ့။ သီချင်းက 'အတိတ်က တစ်နာရီ' ဆိုတဲ့ သီချင်းနဲ့ ကိုခင်မောင်က လိုက်တီးပြီး. . . "ဆရာ. . . tune က နန်းတော်ရှေ့ရဲ့ မင်းခမ်းမင်းနား နဲ့ တူနေပါလား" လို့ ပြောတယ်။ ဒီတော့ ရွှေပြည်အေးက "ဟေ့ကောင် စကားမများနဲ့ တီးမှာသာတီး . . . မင်းခမ်းမင်းနားက အသံကို ကြိုက်လွန်းလို့ တစ်ပုဒ်လုံး ယူထားတာကွ၊ ဒီလိုအသံမျိုး ငါ မရှာနိုင်သေးလို့" လို့ ပြောသတဲ့။

ရွှေပြည်အေးရဲ့ ရိုးသားဖြူစင်ပုံကို ဖော်ပြနေတဲ့ အဖြစ်အပျက်ကလေး ပါ။ အေဝမ်းကိုခင်မောင် ပြောပြဖူးလို့ ကျွန်တော် မှတ်ထားလိုက်ပါတယ်။

အဲဒီခေတ်က လူကြီးတွေရဲ့ ဆက်ဆံရေးကိုသိရင် ကျွန်တော်တို့ အတုယူ နိုင်မှာပါ။ ဒါကြောင့် ရွှေတိုင်ညွန့်ရဲ့ အတ္ထုပ္ပတ္တိကို ရေးစေချင် ပါတယ်။

ဂီတသမိုင်းမှာ ရှိနေတဲ့သူတို့ရဲ့ အခန်းကဏ္ဍကို ဘယ်လိုမှ ဖျောက် ထားလို့ မရပါဘူး။ ဒါကြောင့် ဇော်ဝင်းထွဋ် အဘိုး၊ ထားရဲ့ အဖေ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့တယ်၊ လမ်းပန်းက ဘယ်လိုရှိတယ်။ စားသောက်ဆိုင်က ဘယ်နှဆိုင်ရှိတယ်၊ ဘယ်နားမှာ ဘာဘုရားရှိတယ်ဆိုတဲ့ စာမျိုးတွေပါ။ သူတို့ အဲဒီလိုစာတွေကို ဘယ်လောက်ပဲ လှပခံ့ညားတဲ့ သားရေဖုံးကြီးတွေနဲ့ ချုပ်ထားသည်ဖြစ်စေ၊ အဲဒီစာအုပ်က တကယ့် စာအုပ်မဟုတ်ဘူး။ ပြောပြထားတဲ့ စာအုပ်ဖြစ်တယ်။ တကယ့်စာအုပ်ကတော့ ရေးပြထားတဲ့စာအုပ်၊ ဖတ်ပြီး သိရုံရေးထားတဲ့ အရာမဟုတ်ဘဲ ဖတ်ပြီး ခံစားရအောင် ရေးထားတဲ့စာအုပ်လို့ ပြောတယ်။

သုတစာပေနဲ့ ရသစာပေကို ပြောတာပါပဲ။ ဒီတော့ စာအုပ်ဟာ အမျိုးအစားခွဲလိုက်ရင် နှစ်မျိုးပဲရှိတယ်။ တစ်မျိုးက ရေတိုခံတဲ့ စာအုပ်နဲ့ နောက်တစ်မျိုးက ရေရှည်ခံတဲ့ စာအုပ်၊ တစ်နည်းပြောရရင် သုတစာအုပ်နဲ့ ရသစာအုပ်။ ဒါပါပဲ။

ဒီနေရာမှာ ရေတိုခံတဲ့ စာအုပ်ဟာ မကောင်းဘူး။ ရေရှည်ခံတဲ့ စာအုပ်မှ ကောင်းတယ်လို့ အဆိုးအကောင်း ပြောတာမဟုတ်ဘူး။ နှစ်မျိုးစလုံးဟာ စာကောင်းချည်းပဲ။ ဒါပေမဲ့ တစ်မျိုးက ရေတိုအတွက် ဖတ်တာ။ သုတအတွက် ဖတ်တာ။ နောက်တစ်မျိုးက ရေရှည်အတွက် ဖတ်တာ၊ ရသအတွက် ဖတ်တာ၊ အဲဒါကို ပြောနေတာ။

## (၂) စာကို ဘယ်လို ဖတ်ကြမလဲ။

စာဖတ်တဲ့ လူတစ်ယောက်ဟာ ရွှေတွင်းတူးသမားတစ်ယောက်နဲ့ တူတယ်။ ကျွန်တော့်အနေနဲ့ ကြည့်လိုက်ရင် လျှပ်စစ်စွမ်းအားစုတွေဟာ မြေကြီးထဲမှာရှိတဲ့ ရွှေတွေကို ဘာဖြစ်လို့ တစ်ခါတည်း တောင်ထိပ်ပေါ် အသင့်ဖြစ်နေအောင် အလွယ်တကူ ပို့မပေးလိုက်သလဲ၊ ဘာဖြစ်လို့ မြေကြီးထဲမှာ ဟိုတစ်စ သည်တစ်စ ရှိနေရသလဲလို့ မချင့်မရဲ ဖြစ်ချင်စရာပဲ။ ဒီလိုဆိုရင် ကျွန်တော်တို့အတွက် ရွှေတူးရတာ မလွယ်ပေဘူးလား။ ခုတော့ ကျွန်တော်တို့မှာ တူးလိုက်ရတာ။ မြေအောက် အနက်ကြီး၊ အချိန်ကုန်ရတယ်။ လူပင်ပန်းရတယ်။ စိုးရိမ်သောက ဖြစ်ရတယ်၊ တစ်ခါတလေမှာ ဘာမှမရဘဲ အချည်းနှီးဖြစ်ရတယ်။

သဘာဝကြီးက ရွှေတွေကို မြေကြီးပပ်ကြားအက်တွေမှာ ဟိုတစ်စ သည်တစ်စ နည်းနည်းစီပဲ သိုမှီးထားတယ်၊ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ပင်ပန်းကြီးစွာ ရက်ပေါင်းများစွာ တူးပေမယ့်ရွှေလေး





တစ်စကို ရချင်မှ ရတာ။

ပညာရှိတွေရဲ့ အကောင်းဆုံးသော အသိဉာဏ်ပညာတွေတာလည်း ထိုနည်းလည်းကောင်းပဲ။ ဒီတော့ စာအုပ်ကောင်းတစ်အုပ်ကို တောက်တိုင်ပြီး ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ကြည့်ရလိမ့်မယ်။ ငါဟာ ရွှေတူးသမား တစ်ယောက်လို လုပ်နိုင်ပါ့မလား။ ကိုယ့်ပေါက်တူးတွေ၊ ဂေါ်ပြားတွေ၊ လက်နက်ကိရိယာတွေ ကောင်းရဲ့လား။ ကျန်းမာရေး ကောင်းရဲ့လား။ စိတ်ဓာတ်ကြံ့ခိုင်ရဲ့လား။ အဲဒီ မေးခွန်းတွေ မေးဖို့ လိုတယ်။ ဒီမေးခွန်းတွေဟာ အရေးကြီးပါတယ်။ ခင်ဗျား ခွဲချေထုထောင်းပြီး အရည်ကျိုရမယ့် ကျောက်ခဲတုံးတွေဟာ စာရေးဆရာရဲ့ စကားလုံးတွေ ဖြစ်ပါတယ်။ ခင်ဗျားသုံးရမယ့် ပေါက်တူးတွေ၊ ဂေါ်ပြားတွေဟာ ခင်ဗျားရဲ့ အလေးထားမှု၊ စိတ်အားထက်သန်မှု၊ စိတ်ရှည်မှု၊ ပညာအခံတို့ ဖြစ်ပါတယ်။ ခင်ဗျားရဲ့ မီးဖိုဟာ ခင်ဗျားရဲ့ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ ကိုယ်ပိုင် အတွေးအခေါ် ဖြစ်ပါတယ်။ ရွှေရှိမယ်လို့ ထင်ရတဲ့ စာအုပ်ကို ခင်ဗျားဖတ်ပြီ။ ခင်ဗျား ပညာအခံတွေနဲ့ ခင်ဗျား မျှော်လင့်ချက်ဆိုတဲ့ ပေါက်တူးတွေ၊ ဂေါ်ပြားတွေနဲ့ တူးပြီ။ အဲဒါတွေကို ခင်ဗျား ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင် အတွေးအခေါ်ဆိုတဲ့ မီးဖိုပေါ်မှာ ကျိုလိုက်ပြီ။ အဲဒီအခါမှာ တချို့သော ကျောက်ခဲတွေဟာ အဖြုန်းတွေဖြစ်ပြီး အချို့သော ကျောက်ခဲတွေမှာ ရွှေစတွေ ပါလာတာကို တွေ့ရလိမ့်မယ်။ ဒါကြောင့် ရွှေလေးတစ်စကို လိုချင်ရင် ကိုယ့်မှာ လက်နက်ကိရိယာ ရှိရလိမ့်မယ်။ စိတ်ရှည်မှုနဲ့ စိတ်အားထက်သန်မှုတို့၊ ကိုယ့်ပညာ အခံတို့ ဆိုပါတော့။ စကားလုံးတွေကို ထုထောင်းခွဲချေပြီး ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အတွေးနဲ့ မီးပြင်းတိုက်ကျိုရလိမ့်မယ်။ စာအုပ်တစ်အုပ်ကို ၁၀ မျက်နှာလောက် ဖတ်ပြီး အဲဒီ ၁၀ မျက်နှာလောက်ထဲက စကားလုံးတွေတစ်လုံးချင်းရဲ့ အဓိပ္ပာယ်ကို တိတိကျကျ၊ သေသေချာချာ နားလည်ပြီဆိုရင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ စာပေကျွမ်းကျင်သူတစ်ဦးလို့ ခေါ်နိုင်တယ်။ စာတတ်ခြင်း၊ မတတ်ခြင်းဟာ အဲဒီ စကားလုံးတွေကို တိကျစွာ နားလည်ခြင်း၊ မလည်ခြင်း အပေါ်မှာ မူတည်တယ်။ ပညာသင်ကြားခြင်းရဲ့ ရည်ရွယ်ချက်ဟာ ရာထူးရဖို့ မဟုတ်၊ အမှားနဲ့ အမှန်ကို ဆုံးဖြတ်တတ်ဖို့၊ တရားမှုနဲ့ မတရားမှုကို ခွဲခြားတတ်ဖို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**(၃) ဘယ်အချိန်အခါမှာ ဘယ်စာတွေကို ဖတ်ကြမလဲ။**

ဒါကိုတော့ တရုတ်ပညာရှိ ကျန်းကျောက်က ဒီလိုပြောပါတယ်။ ရှေးဟောင်းဂန္ထဝင်ကို ဖတ်ချင်ရင် ဆောင်းတွင်းမှာ ဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းတွင်းမှာ စိတ်ဟာ ပျံ့လွင့်ခြင်းကင်းပြီး တည်ငြိမ်တဲ့အတွက် ဖြစ်တယ်။ သမိုင်းကို နွေရာသီမှာ ဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုရင် နွေရာသီမှာ နေ့ဟာ ရှည်လျားပြီး အချိန်များများရလို့ ဖြစ်တယ်။ ဒဿနကို ဆောင်းဦးပေါက်မှာ ဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းဦးပေါက်ဟာ နှစ်သက်စဖွယ် စိတ်ကူးတွေကို ပေါ်ပေါက်စေတယ်။ ခေတ်ပေါ်စာပေကို နွေဦးပေါက်မှာ ဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ နွေဦးမှာ သဘာဝလောကကြီးဟာ အသက်ပြန်ဝင်လာလို့ ဖြစ်တယ်လို့ သူက ပြောတယ်။ သေသေချာချာ စဉ်းစားကြည့်ရင် ဒီအဆိုအမိန့်ဟာ တော်တော်မှတ်သားဖို့ ကောင်းပါတယ်။

**(၄) စာပေဟာ ဘယ်အသက်အရွယ်ကို ဘယ်လို အကျိုးသက်ရောက်မှု ရှိစေသလဲ။**

သူက လူငယ်အရွယ်မှာ စာဖတ်ရတာဟာ လမင်းကို ထရံပေါက်ကြား၊ နံရံအက်ကြားက ချောင်းကြည့်ရတာနဲ့ တူတယ်။ လူငယ်ဆိုတော့ အတွေ့အကြုံ မရင့်သန်သေးဘူး။ အတွေးအခေါ် မလေးနက်သေးဘူး။ ဒါကြောင့်မို့ ရိုးတိုးရိပ်တိပ်ပဲ မြင်လိုက်ရတယ်။ လူလတ်ပိုင်းအရွယ်မှာ စာဖတ်ရတာဟာ လမင်းကို အိမ်ရှေ့ တလင်းပြင်က ရပ်ကြည့်ရတာနဲ့ တူတယ်။ ကိုယ့်ပတ်ဝန်းကျင်ကို မြင်နိုင်ပြီ၊ လရောင် ဘယ်လောက် လင်းသလဲ၊ ပတ်ဝန်းကျင်မှာ လရောင်ဖြာပုံဟာ ဘယ်လိုအနေအထား ရှိသလဲဆိုတာ အကဲခတ်ခွင့်ရပြီ။ လူကြီးပိုင်းမှာ စာဖတ်ရတော့ လမင်းကို လသာဆောင် ဝရန်တာပေါ်က တက်ကြည့်ရတာနဲ့ တူတယ်၊ ကိုယ့်နောက်မှာ အတွေ့အကြုံတွေ အများကြီး ကျန်ရစ်ခဲ့ပြီ၊ ပတ်ဝန်းကျင်ကို ခြုံငုံသုံးသပ်နိုင်ပြီ။

ခရီးသည်ကောင်းတစ်ယောက်ဟာ သွားလေရာရာမှာ ရှုခင်းကို မြင်တတ်တယ်။ သူ့အဖို့ စာအုပ်တွေနဲ့ သမိုင်းဟာလည်း ရှုခင်းပဲ။ ပိုင်အရက်နဲ့ ကဗျာဟာလည်း ရှုခင်းပဲ၊ လမင်းနဲ့ ပန်းပွင့်ဟာလည်း ရှုခင်းပဲ၊ အလားတူပဲ စာဖတ်ကောင်း သူ တစ်ယောက်ဟာလည်း သွားလေရာရာမှာ စာအုပ်ကိုပဲ





မြင်တယ်။ သူ့အဖို့ တောင်နဲ့ရေဟာ စာအုပ်ပဲ။ စစ်ဘုရင်ခုံနဲ့ ပိုင်အရက်ဟာလည်း စာအုပ်ပဲ။ လမင်းနဲ့ ပန်းပွင့်ဟာလည်း စာအုပ်ပဲ။

**(၅) စာဖတ်ရာမှာ ဘယ်လိုသဘောထားမျိုးနဲ့ ဖတ်ရမလဲ။**

စာအုပ်တစ်အုပ်ကို ဖတ်ရာမှာ ပညာရှိတွေရဲ့ အဆုံးအမကို နာခံလိုတဲ့ ဆန္ဒ ရှိရမယ်၊ ဆရာသမားတွေရဲ့ အတွေးအခေါ်တွေထဲကို ဝင်ရောက်နိုင်အောင် ကြိုးစားရမယ်။ သူတို့နဲ့အတူ နေထိုင်ပြီး သူတို့ခံစားချက်တွေကို ခွဲခြမ်းစားနိုင်အောင် ကြိုးစားရမယ်။

ဒါတွေကတော့ ရပ်စကင်းနဲ့ ကျန်းကျောက်တို့ရဲ့ အဆိုအမိန့်တွေ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ စာဖတ်တာ အရေးကြီးပုံနဲ့ ပတ်သက်လို့ ရပ်စကင်းရဲ့ ဟောပြောချက်ထဲက စာတစ်ပုဒ်ကို ကျွန်တော် ဖတ်ပြပါမယ်။ ကောက်နုတ်ချက်က နည်းနည်းရှည်တဲ့အတွက် ကျွန်တော် အလွတ်မရပါဘူး။ ဒါကြောင့်မို့ ဖတ်ပြရတာကို ခွင့်လွှတ်ကြပါ။

ဒီစကားတွေကို ပြောခဲ့တဲ့ အချိန်ဟာ ၁၉ ရာစုနှစ်ရဲ့ ဒုတိယပိုင်းကာလ ဖြစ်ပါတယ်။ အဲဒီတုန်းက အင်္ဂလန် နပိုလီယန်စစ်ပွဲတွေပြီးလို့ ကရိုင်းမီးယားစစ်ပွဲကို တိုက်နေချိန်ဖြစ်တယ်။ အာဖရိကမှာ စစ်ပွဲတွေ တိုက်နေချိန်ဖြစ်တယ်။ အာရှတိုက်မှာ အာဖဂန်စစ်ပွဲကို တိုက်နေချိန်ဖြစ်တယ်။ မြန်မာပြည်မှာ ဒုတိယစစ်ပွဲကို တိုက်ပြီးချိန် ဖြစ်တယ်။ အရှေ့ဖျားမှာ ဘိန်းစစ်ပွဲကို တိုက်နေချိန်ဖြစ်တယ်။ တစ်နည်းပြောရရင် ဗြိတိသျှအင်ပါယာကြီးကို ချဲ့ထွင်နေချိန် ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ရပ်စကင်းဟာ ဒီစကားတွေကို ပြောခဲ့ခြင်း ဖြစ်ပါတယ်။ သူ့စကားကို ကျွန်တော် ကောက်နုတ်ဖော်ပြပြီး ဖတ်ပြပါမယ်။ နားထောင်ကြည့်ကြပါ။

*ကြီးမြတ်တဲ့ လူမျိုးတစ်မျိုးဟာ ဒီစစ်ပွဲမှာ ဘယ်ဘက်က မှန်သလဲ ဘယ်ဘက်က မှားသလဲဆိုတာ မကြည့်ဘဲ ဒီစစ်ပွဲပြီးရင် ငါတို့ကုန်အရောင်းအဝယ် ဘယ်လိုနေမလဲ၊ ငါတို့ အမြတ်တွေ ဘယ်လောက်ရမလဲဆိုတာကိုပဲ တွေးပြီး စစ်မြေပြင်မှာ လူငယ်တွေ နေ့စဉ်နဲ့အမျှ သေနေကြတာကို လက်ပိုက်ကြည့်မနေဘူး။*



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြတ်တဲ့ လူမျိုးတစ်မျိုးဟာ သစ်ကြားသီး ၆ လုံးလောက် ခိုးမိတာနဲ့ တလေးတွေကို ထောင်ထဲမပို့ဘူး။ ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ ဆင်းရဲသားတွေရဲ့ စုဌွေနဲ့ ချမ်းသာနေကြတဲ့ ဘဏ်သူဌေးကြီးတွေ ခိုးဝှက်နေတာကို ဒီအတိုင်း လက်ပိုက် ကြည့်မနေဘူး။

ကြီးမြတ်တဲ့ လူမျိုးတစ်မျိုးဟာ တောင်တရုတ်ပင်လယ်တစ်ဝိုက်မှာ လက်နက် အပြည့်အစုံ တပ်ဆင်ထားတဲ့ သင်္ဘောကြီးတွေနဲ့ အမြောက်ကြီးတွေ ချိန်ပြီး သူများ တိုင်းပြည်ကိုသွားပြီး ဘိန်းရောင်းနေတာကို ဒီအတိုင်း လက်ပိုက် ကြည့်မနေဘူး။

ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ ပိုက်ဆံပေးမလား၊ အသက်ပေးမလား ဆိုတဲ့ လမ်းဓားပြတို့ထက် ပိုကဲပြီး ပိုက်ဆံရော၊ အသက်ရောပေးလို့ နှစ်ခုစလုံးကို တောင်းနေတဲ့ ဓားပြအကြီးစားတွေ ဓားပြတိုက်နေတာကို ဒီအတိုင်း လက်ပိုက်ကြည့်မနေဘူး။

ကျွန်တော်တို့တစ်တွေဟာ ဘာဖြစ်လို့ လူတွေ စာဖတ်ဖို့အကြောင်းကို ပြောနေရသလဲ။ ခုအခြေအနေမှာ ကျွန်တော်တို့ လူမျိုးဟာ စာမဖတ်နိုင်ဘဲ ဖြစ်နေတယ်။ ဒီလိုစိတ်ဓာတ် ပျက်ပြားနေတဲ့ လူမျိုးတစ်မျိုးဟာ စာမဖတ်ချင်ဘဲ ဖြစ်နေတယ်။ ဘယ်လောက် ကြီးကျယ်တဲ့ စာရေးဆရာက ရေးခဲ့တဲ့ စာပဲ ဖြစ်စေ၊ စိတ်ဓာတ်ပျက်ပြားနေတဲ့ လူမျိုးတစ်မျိုးဟာ နားဝင်မှာ မဟုတ်ဘူး။

"ခုလက်ရှိ အခြေအနေမှာ ကျွန်တော်တို့ အင်္ဂလိပ်လူမျိုးဟာ လေးနက်တဲ့ အတွေးအခေါ်ပါတဲ့ စာတွေကို ဖတ်နိုင်မှာ မဟုတ်ဘူး။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ဖုံးနေတဲ့အတွက် ဘယ်အတွေးအခေါ်ကိုမှလည်း လက်ခံနိုင်မှာ မဟုတ်ဘူး"

"လူမျိုးတစ်မျိုးဟာ စာပေကို အထင်သေးနေရင်၊ သိပ္ပံပညာကို အထင်သေးနေရင်၊ အနုပညာကို အထင်သေးနေရင်၊ သဘာဝကို အထင်သေးနေရင်၊ ပိုက်ဆံ နောက်ကိုသာ ငမ်းငမ်းတက် လိုက်နေရင် အဲဒီလူမျိုးဟာ ရေရှည်တည်တံ့နိုင်မှာ မဟုတ်ဘူး"

ကျွန်တော်ပြောခဲ့တဲ့ စကားတွေဟာ ရင့်သီးတယ်လို့များ ထင်ကြရင် သည်းခံနားထောင်ကြပါ။

ရပ်စကင်းရဲ့ စကားပါ။ ဒါပါပဲ။ ကျေးဇူးတင်ပါတယ်။





(၅၊ ၁၂၊ ၉၄ နေ့ ရန်ကုန်မြို့၊ ဝိုင်အမ်စီအေ ခန်းမတွင် ကျင်းပသော ဖြူးမြို့ မိတ်ဆွေများ စာကြည့်အသင်း စာပေဆုပေးပွဲ အခမ်းအနားတွင် ပြောသည့်စကား)



www.burmeseclassic.com

www.burmeseclassic.com

# ပြည်သူ့ဥယျာဉ် စေ့စပ်ပွဲ

မင်္ဂလာပွဲကို ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ၊ နှစ်ဖက်သော မိဘများ၊ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများ ခင်ဗျား။

ဒီနေ့ဟာ ရန်ကုန်မြို့နေ ဦး. . . နဲ့ ဒေါ်. . . တို့ရဲ့သား မောင်. . . နဲ့ ရန်ကုန်မြို့နေ ဦး. . . နဲ့ ဒေါ်. . . တို့ရဲ့ သမီး မ. . . တို့ရဲ့ မင်္ဂလာစေ့စပ်ပွဲ အခမ်းအနား ဖြစ်ပါတယ်။

ဒီမင်္ဂလာစေ့စပ်ပွဲမှာ ကျွန်တော့်ကို မင်္ဂလာစကား ပြောခွင့်ပြုတဲ့အတွက် နှစ်ဖက်သော မိဘများကို ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ မြန်မာမှာ အာဝါဟ ဝိဝါဟ မင်္ဂလာရယ်လို့ ရှိပါတယ်။ အာဝါဟ မင်္ဂလာဆိုတာ သတို့သားအတွက် အခြားသော အမျိုးမှ သတို့သမီးကို ဆောင်ယူတဲ့ မင်္ဂလာဖြစ်ပါတယ်။ ဝိဝါဟ မင်္ဂလာဆိုတာ မိမိ၏သမီးကို အခြားသော အမျိုးသို့ ပေးအပ်တဲ့ မင်္ဂလာလို့ အဓိပ္ပာယ်ရပါတယ်။ ဒီတော့ သားရယ်၊ သမီးရယ်လို့ ရှိလာရင် မိမိရဲ့သားအတွက် အခြားသော အမျိုးမှ သမီးကို ဆောင်ပေးရပါတယ်၊ တစ်ခါ မိမိရဲ့ သမီးကိုလည်း အခြားသောအမျိုးမှ သားကို ပေးအပ်ရပါတယ်။ ဒါကြောင့် မိဘဖြစ်ပြီး သားရယ် သမီးရယ်လို့ မွေးလာကြရင် ဒီမင်္ဂလာ နှစ်ပါးကို ကျင်းပရစမြဲ ဖြစ်ပါတယ်။

ဒီမင်္ဂလာဟာ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုး အပါအဝင် လူမျိုးတိုင်း၊ ဘာသာဝင်တိုင်း ကျင်းပကြရတာချည်း ဖြစ်ပါတယ်။ ခရစ်ယာန်ဘာသာမှာတော့ လက်ထပ်ထိမ်းမြားတဲ့ကိစ္စဟာ ဘုရားသခင် စီမံတဲ့ကိစ္စလို့





ဆိုပါတယ်။ God have joined them together let not man put asunder' ဘုရားသခင် ထမ်းပိုးတင်၍ စုံဖက်သောအရာ၊ လူတို့က မခွဲကွာစေနှင့်လို့' St.Mathew ကျမ်းမှာ ဆိုတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေမှာတော့ ဒီမင်္ဂလာဟာ မိဘက သားသမီး အပေါ်မှာ ထိန်းသိမ်းရတဲ့ ဝတ်ငါးပါးထဲမှာ ပါဝင်ပါတယ်။ သားသမီးက မိဘအပေါ်မှာ ထိန်းသိမ်းရတဲ့ ဝတ်ငါးပါးဆိုတာလည်း ရှိပါတယ်။

မိဘဝတ်ငါးပါး၊ သားသမီးဝတ်ငါးပါးလို့ ကျွန်တော်တို့ လွယ်လွယ်နဲ့ ပြောနေကြပေမယ့် ဒီဝတ္တရားတွေဟာ ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တိုင်က ဟောကြားခဲ့တဲ့ တရားမြတ်တွေ ဖြစ်တဲ့အတွက် ဒီဝတ္တရားတွေကို အသိရှိရှိနဲ့ လိုက်နာကျင့်သုံးတယ်ဆိုရင်ကိုပဲ ကျွန်တော်တို့မှာ ကုသိုလ်ရလှပါပြီ။

ဒီမိဘဝတ္တရား ငါးပါး၊ သားသမီးဝတ် ငါးပါးအကြောင်းကို ကျွန်တော် နည်းနည်း ပြောပါရစေ။ ဒါဟာ ကျွန်တော်တို့ အလွယ်သိနေကြပေမယ့် လေးလေး နက်နက် စဉ်းစားဖို့ လိုအပ်တယ်လို့ ထင်တဲ့အတွက် ပြောရခြင်း ဖြစ်ပါတယ်။

တစ်ခါတုန်းက မြတ်စွာဘုရားဟာ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေပါတယ်။ တစ်နေ့တော့ မြတ်စွာဘုရားက ဇေတဝန်ကျောင်းတော်က ထွက်ပြီး ရာဇဂြိုဟ်ပြည်ထဲကို ဆွမ်းခံကြွပါတယ်။ လမ်းမှာ စိုသောအဝတ်၊ စိုသောဆံပင်တို့ ရှိတဲ့ သိင်္ဂါလသတို့သားဟာ အရပ်လေးမျက်နှာနဲ့ အထက်အောက်အရပ်၊ စုစုပေါင်း အရပ်ခြောက်မျက်နှာကို ရှိခိုးနေတာကို တွေ့ပါတယ်။ ဘုရားက အသင် ဘာကြောင့် အရပ်ခြောက်မျက်နှာကို ရှိခိုးနေပါသလဲလို့ မေးပါတယ်။ ဒီတော့ သိင်္ဂါလသတို့သားက ဖခင်သေခါနီးမှာ ဒီလိုရှိခိုးဖို့ မှာသွားတဲ့အတွက် အဖေစေခိုင်းတဲ့အတိုင်း လုပ်နေခြင်း ဖြစ်ပါတယ်လို့ ဘုရားကို လျှောက်ပါတယ်။ ဒီတော့ ဘုရားက အဖေမှာတဲ့ ရှိခိုးအပ်သောအရပ်ဆိုတာ ဒီလိုအရပ်မျိုးကို ပြောတာ မဟုတ်ဘူး။ မိဘ၊ ဆရာသမား၊ သားမယား၊ အဆွေခင်ပွန်း၊ ကျေးကျွန်အမှုထမ်းနဲ့ ရဟန်းသူမြတ်တို့ကို ဆိုလိုတာ ဖြစ်တယ်။ ဒါကြောင့် အဲဒီအရပ်တွေကို ပြောတာလို့ ဘုရားက မိန့်ပါတယ်။ ဒီလိုမိန့်ပြီး ဘုရားက ဒီအရပ်မျက်နှာတွေကို လုံခြုံအောင် ဘယ်လိုကျင့်ရတယ်ဆိုတာကိုလည်း ဟောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့မျက်နှာနဲ့တူတဲ့ မိဘက သားသမီးအပေါ်မှာ ကျင့်အပ်တဲ့ ဝတ္တရား ငါးပါးကိုလည်း ဟောပါတယ်။ အဲဒါတွေကတော့ . . .

(၁) မကောင်းမှု မပြုအောင် ဆုံးမ တားမြစ်ခြင်း၊

(၂) ကောင်းမှုလုပ်အောင် တိုက်တွန်းခြင်း၊

(၃) အတတ်ပညာ သင်ကြား ပေးခြင်း၊

(၄) သင့်လျော်သော အမျိုးသား၊ အမျိုးသမီးနဲ့ ထိမ်းမြားပေးစားခြင်း၊

(၅) သင့်လျော်သောအခါတွင် အင်အားနဲ့အညီ အရင်းအနှီး ထုတ်ပေးခြင်း စသည်တို့ ဖြစ်ပါတယ်။

ဒီဝတ္တရားငါးပါးကို သင်္ဂဇာဆရာတော်က *မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင် မယ်တို့တာ*လို့ ပြောခဲ့ပါတယ်။

မိဘက သူ့ဝတ္တရားကို ပြုသလို သားသမီးကလည်း မိဘအပေါ်မှာ ပြုရမယ့် ဝတ်ငါးပါးရှိတယ်လို့ ဘုရားက ဟောခဲ့ပါတယ်။ အဲဒါတွေကတော့ . . .

(၁)ငယ်စဉ်က ကိုယ့်ကို မိဘက ပြုစုစောင့်ရှောက်သလို မိမိကလည်း မိဘကို ပြန်လည် ပြုစု စောင့်ရှောက်ခြင်း၊

(၂) မိဘတို့၏လုပ်ငန်းကို မိမိက ဆောင်ရွက်ပေးခြင်း၊

(၃) အမျိုးအနွယ် မပျက်စီး မတိမ်ကောအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(၄) မိဘအမွေကို ခံထိုက်အောင် ကောင်းစွာ ကျင့်ဆောင်ခြင်း၊

(၅) မိဘတို့ ကွယ်လွန်တဲ့အခါမှာ ရည်စူးပြီး အလှူအတန်း ပေးကမ်း၍ အမျှအတန်းဝေခြင်းတို့ ဖြစ်ပါတယ်။

*ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။*

သိင်္ဂါလောဝါဒသုတ်မှာ ဘုရားဟောကြားတော်မူခဲ့သလို ခု မောင်တို့ မယ်တို့လည်း မိဘ ဝတ္တရားနဲ့အညီ လက်ထပ်ထိမ်းမြားရန် စေ့စပ်ပေးပြီ။ ဒီတော့ ကိုယ့်ဘက်ကလည်း မိဘအပေါ်မှာ တာဝန်ကျေဖို့ လိုပါတယ်။ မိဘနဲ့ သားသမီး ဆက်ဆံရေးဟာ တစ်လမ်းသွား ဆက်ဆံရေး မဟုတ်ဘဲ နှစ်လမ်းသွား ဆက်ဆံရေး ဖြစ်ပါတယ်။ ခု မောင်တို့ မယ်တို့ကို နှစ်ဖက်သော မိဘများက





ဝတ္တရားရှိသည်နှင့်အညီ စုံဖက်ပေးဖို့ ဖြစ်ပါတယ်။

ဒီတော့ မောင်တို့မယ်တို့ နှစ်ယောက်ဟာ ကျယ်ပြောတဲ့ လူ့လောကကြီးထဲကို လျှောက်လှမ်းကြရတော့မယ်။ အခက်အခဲတွေကို တွေ့လိမ့်မယ်၊ အဆင်မပြေ တာတွေကို တွေ့လိမ့်မယ်။ လောကမှာ ပြည့်စုံတဲ့ အရာရယ်လို့ ဘာမှမရှိဘူး။ ဒါကြောင့် လောကမှာ ပြည့်စုံတဲ့ အချစ်ရယ်လို့လည်း မရှိနိုင်ဘူး၊ ပြည့်စုံတဲ့ အိမ်ထောင်ရေး၊ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာလည်း မရှိနိုင်ဘူး။ ဒါကို ကြိုတင်သိထားဖို့ လိုတယ်။ ဒါကို ကြိုတင်မသိထားခဲ့ရင် အခက်အခဲ အတွေ့အတည်း တွေ့လာတာနဲ့ စိတ်ဆင်းရဲတာတွေ တွေ့လာရတတ်တယ်။ လင်ယူမှားပြီ မယားယူမှားပြီ တခြား တစ်ယောက်ကို ယူခဲ့ရင် အကောင်းသားလို့ ထင်လာတတ်ကြတယ်။ အိမ်ထောင်ဖက်ဆိုတာ တခြား မဟုတ်ဘူး။ လင်နဲ့မယား တစ်ယောက်နဲ့တစ်ယောက် အလျှော့အတင်း လုပ်ရတာ၊ အပေးအယူ လုပ်ရတာ၊ အလျှော့ပေး စေ့စပ်ရတာ ဖြစ်တယ်ဆိုတာကို နားလည်ထား ရလိမ့်မယ်။ ဒီနေ့ အမေရိကန် တက္ကသိုလ်တွေမှာ အိမ်ထောင်သည် ဘဝရဲ့ စိတ္တဗေဒနဲ့ ပတ်သက်တဲ့ အခြေခံသင်ခန်းစာတွေ၊ အိမ်ထောင်ဖက် တစ်ဦးနဲ့ တစ်ဦး စေ့စပ်နေထိုင် ရမယ်ဆိုတဲ့ စိတ်ပညာမျိုးတွေကို သင်ပေးနေတယ်။ ဒါဟာ လိုအပ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အောင်မြင်တဲ့ အိမ်ထောင်ရေးဟာ လင်နဲ့မယား ကြားမှာ တစ်ယောက်ကို တစ်ယောက် စေ့စပ်နိုင်မှု၊ အပေးအယူ လုပ်နိုင်မှုအပေါ် တည်နေလို့ပဲ။

အိပ်တဲ့ အလေ့အကျင့်ချင်းလည်း တူ၊ အိပ်ရာထဲမှာ စာဖတ်တတ်တဲ့ အကျင့်ချင်းလည်းတူ၊ အိပ်ခန်းထဲမှာ အပူအအေး ကြိုက်တတ်တဲ့ အကြိုက်ချင်းလည်း တူ၊ အစားအသောက် အကြိုက်ချင်းလည်းတူတဲ့ လင်မယားမျိုးက တော်တော် ရှားတယ်။ စရိုက်ချင်း မတူတဲ့အခါမှာ နှစ်ယောက်စလုံးက ယဉ်ကျေးသိမ်မွေ့မှု ရှိခဲ့ကြရင်၊ ရယ်မောမေ့ပျောက်နိုင်တဲ့ သဘောမျိုး ထားနိုင်ခဲ့ကြရင်၊ ကိုယ့်အကြိုက် ကိုယ်စွန့်လွှတ်လိုက်လျော့နိုင်တဲ့ သတ္တိမျိုး ရှိခဲ့ကြရင် ဒီလိုအခက်အခဲကလေးတွေကို အလွယ်တကူ ကျော်လွှားနိုင်ပြီး တစ်ယောက်နဲ့ တစ်ယောက် အကြိုက်ချင်းညီလို့ ရနိုင်ပါတယ်။ တစ်ခါတစ်ရံ ဖြစ်တတ်တာက တစ်ဖက်က ဆွေမျိုးမိသားစုကို ဖြစ်စေ၊ တစ်ဖက်က မိတ်ဆွေကို ဖြစ်စေ ကိုယ်က မနှစ်သက်တာမျိုး တွေ့ရှိတတ်တယ်။ ဒီအခါမှာ နားလည်ခွင့်လွှတ်ဖို့ လိုပါတယ်။ ဒီလို ခွင့်လွှတ်လိုက်နိုင်ဖို့အတွက် ကိုယ့်ဘက်က ခွင့်လွှတ်ထိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့နိုင်တဲ့ ဆန္ဒမျိုးကို တမင် အားထုတ်မွေးမြူပေးရမယ်။ ဒီလို လုပ်နိုင်မှသာလျှင် တစ်မိသားနဲ့ တစ်မိသားက မွေးလာတဲ့ အစုနှစ်စုဟာ ရေရှည် ပေါင်းသင်းဆက်ဆံနိုင်လိမ့်မယ်။ ချစ်လို့ ညားတာပဲဖြစ်စေ၊ ပေးစားလို့ ညားတာပဲ ဖြစ်စေ အရေးကြီးဆုံးအချက်ကတော့ စေ့စပ်ကြောင်းလမ်းတဲ့အခါမှာ နှစ်ဦးစလုံးက သေတစ်ပန်သက်ဆုံး ပေါင်းဖော်သွားဖို့ ရိုးသားတဲ့ဆန္ဒ ရှိရမယ်။ ဆွေမျိုးသားချင်း မိတ်ဆွေ အပေါင်းအသင်းများဟာ ကိုယ့်ကို ဝန်းရံနေကြတယ်။ သူ့ဘက်က အသိုင်းအဝိုင်းဟာလည်း ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့် အသိုင်းအဝိုင်းဟာလည်း သူ့အသိုင်းအဝိုင်း ဖြစ်သွားပြီလို့ သဘောထားရမယ်။

တစ်ခါတလေကျတော့ မောင်နဲ့ မယ်တို့က ထွေပြားတဲ့စိတ်တွေ ရှိတတ်ကြတယ်။ ထွေပြားတဲ့အာရုံတွေ ရှိတတ်ကြတယ်။ ဒါတွေကို ထိန်းချုပ်ဖို့အတွက် တစ်ယောက်အပေါ်မှာ တစ်ယောက် မသွေဖည်ပါဘူးဆိုတာ စကားဖြင့် ထုတ်မပြောသည့်တိုင် ကိုယ့်စိတ်ထဲမှာတော့ သစ္စာပြုထားဖို့ လိုတယ်။

"ကျွန်တော် ကျွန်မတို့သည် ရိုးမြေကျသည်အထိ သေတစ်ပန်သက်ဆုံး ပေါင်းသင်းကြပါမည်၊ ကျွန်တော် ကျွန်မတို့သည် တစ်ဦးကိုတစ်ဦး စုံမက်နှစ်သက်သဖြင့် ရွေးချယ်ခဲ့ကြပြီး ဖြစ်ပါသည်။ ယခုအချိန်မှစ၍ ကျွန်တော် ကျွန်မတို့သည် မိမိနှစ်သက်မည့် အခြားတစ်ယောက်ကို ရှာဖွေရန် မဟုတ်ဘဲ မိမိရွေးချယ်ခဲ့သူ နှစ်သက်အောင်လုပ်ရန် ဖြစ်ပါသည်" လို့ အနည်းဆုံး ကိုယ့်စိတ်ထဲမှာ ပိုင်းဖြတ်သင့်တယ်။ ပြီးတော့ တစ်ဦးနဲ့တစ်ဦး ကတိသစ္စာ ထားကြတဲ့အခါမှာ ရိုးသားဖို့လိုတယ်။ မရိုးသားခဲ့ရင် သူတို့နှစ်ဦး ပျော်ရွှင်မှုရဖို့ အခွင့်အရေးဟာ တော်တော်နည်းလိမ့်မယ်၊ အစကတည်းက မရိုးမသား၊ အတွက်အချက်တွေနဲ့ လက်ထပ်ခဲ့ကြရင် အခက်အခဲတွေ၊ ရှောင်လွှဲလို့ မရတဲ့ ပြဿနာတွေ ပထမဆုံး ပေါ်ပေါက်လာတာနဲ့ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေး ဟာလည်း အဖုအထစ်တွေ ဖြစ်လာပြီး စလယ်ဝင် ဖင်မမဲခင် ကွဲကြဖို့ကိန်း ဆိုက်လာကြတော့တာပဲ။

အောင်မြင်တဲ့ အိမ်ထောင်ရေးတစ်ခု ဖြစ်ဖို့ဟာ နှစ်ဖက်စလုံးက တစ်ဦးဆီကတစ်ဦး သဘာဝမကျတဲ့ တောင်းဆိုချက်တွေကို မတောင်းဆိုသင့်ဘူး။ မိန်းမကလည်း ယောကျ်ားအပေါ်မှာ လွှမ်းမိုးဖို့ မကြိုးစားသင့်ဘူး၊





ယောကျ်ားကလည်း မိန်းမအပေါ်မှာ ပဒေသရာဇ် ကေရာဇ်လို အနိုင်မကျင့်သင့်ဘူး။ တစ်ဦးကိုတစ်ဦး ထိုက်သင့်တဲ့ နေရာပေးပြီး လေးစားရမယ်၊

တစ်ခါတုန်းက အင်္ဂလိပ်စာရေးဆရာကြီး အားနိုးဘင်းနက်ရေးတဲ့ ပြဇာတ်တစ်ပုဒ်ကို ဖတ်ဖူးတယ်။ အဲဒီ ပြဇာတ်ထဲမှာ နာမည်ကျော် လေသူရဲတစ်ဦးဟာ အခက်အခဲ အမျိုးမျိုးကို ကျော်လွှားပြီး သူချစ်တဲ့ မိန်းကလေးကို လက်ထပ်ယူခဲ့တယ်။ မိန်းမကလည်း တော်တော် ထူးခြားတဲ့ မိန်းမပါ။ ချုပ်ချော တယ်။ ပညာဉာဏ် ထက်မြက်တယ်။ ချစ်စရာ ကောင်းတယ်။ ဒါပေမဲ့ သူ့ချို့ယွင်းချက်တစ်ခုကတော့ သူ့ယောကျ်ားအပေါ်မှာ သူက လွှမ်းမိုးချင်တဲ့စိတ်ပဲ၊ သူတို့နှစ်ယောက် လက်ထပ်ပြီးတော့ ကုန်းမြင့်ဒေသ ဟိုတယ်တစ်ခုကို ခရီးထွက်သွားကြတယ်။ သိပ်လည်း ပျော်တယ်။ ဒီလိုနေတုန်းမှာ လေသူရဲက သူ့ရဲ့ စံချိန်ကို သူနဲ့ပြိုင်ဘက် လေသူရဲက ချိုးတော့မယ်ဆိုတာ သတိရလာတယ်၊ သူ့ပြိုင်ဘက် လေသူရဲနဲ့ သူက ပြိုင်ချင်နေတယ်။ သူ့ဇနီးက သူ့ကို ဘယ်လောက် ချစ်တယ်ဆိုတဲ့ အကြောင်းတွေကို ပြောနေတုန်းမှာ ယောကျ်ားဟာ နားသာ ထောင်နေရတယ်။ တစ်လုံးမှ နားမဝင်ဘူး။ သူ့စိတ် ထဲမှာတော့ လေယာဉ်ပျံကို စက်နှိုးနေတယ်၊ သူ့ယောကျ်ားက လေယာဉ်ပြိုင်ပွဲကို သွားချင်နေမှန်း မိန်းမက သိတော့ လေယာဉ်မောင်းတာဟာ ယောကျ်ားတွေအတွက် အရေးကြီးသလို ဒီချစ်ရက်ကလေးတွေဟာလည်း မိန်းမတစ်ယောက်ရဲ့ မင်္ဂလာဦး ဘဝမှာ အရေးကြီးတယ်ဆိုတာ ရှင်နားလည်ရဲ့လားလို့ ဝမ်းပန်းတနည်း မေးတယ်။ ဒါပေမဲ့ သူ နားမလည်ဘူး။ ဒီလို နားမလည်တာဟာလည်း သဘာဝကျတယ်။ အချစ်ဟာ ဘဝရည်မှန်းချက်တွေကို ကျော်လွန်မသွားသင့်ဘူး၊ အချစ်ဟာ ဘဝရည်မှန်းချက်တွေကို ကျော်လွန်သွားတာနဲ့ ယောကျ်ားဟာ ယောကျ်ားအဖြစ်က ရပ်စဲသွားတယ်လို့ ထင်တယ်၊ သမ္မာကျမ်းစာမှာပါတဲ့ ဆမ်ဆင်နဲ့ ဒလိုင်လာရဲ့ ဇာတ်လမ်းမှာ ဆမ်ဆမ်ဟာ ဒလိုင်လာရဲ့ကျော့ကွင်းထဲ ရောက်သွားတာနဲ့ စွမ်းအားမဲ့သွားရတယ်။ ဂရိဒဏ္ဍာရီထဲက ဟာကျူလီဟာ အုန်ဖာလေရဲ့ ကျော့ကွင်းထဲ ရောက်သွားတာနဲ့ စွမ်းအားမဲ့သွားရတော့တယ်။ စပိန်အော်ပရာ ပြဇာတ်ထဲက ကာမင်းဟာ ယောကျ်ားကို လွှမ်းမိုးပြီး ရာဇဝတ်မှုတွေကို ကျူးလွန်ခိုင်းခဲ့တယ်၊

ဒါကြောင့် လင်ယောကျ်ားရဲ့ ကိစ္စအားလုံးမှာ စွတ်ဖတ်လွှမ်းမိုးတာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အိမ်ထောင်ရေးကို ပျက်စီးစေနိုင်တယ်။ ဒါပေမဲ့ မိန်းမရဲ့ အခန်းကဏ္ဍက လည်း သူ့နေရာနဲ့သူ အရေးကြီးတယ်ဆိုတာကို ယောကျ်ားက သတိပြုသင့်တယ်။ အင်္ဂလိပ်စာရေးဆရာကြီး ဒီ၊ အိပ်ချ်၊ လောရင့်စ်က "မည်သည့် ယောကျ်ားမဆို တစ်နေ့ လျှင် ၂၄ နာရီလုံးလုံး အိမ်ဦးနတ် မဖြစ်နိုင်။ ဂျူးလီယက်ဆီဇာ ဖြစ်စေ၊ နပိုလီယန် ဖြစ်စေ၊ ယောကျ်ားမှန်သမျှသည် လက်ဖက်ရည်သောက်ချိန်တွင် အိမ်သို့ပြန်လာကာ အိမ်တွင်းစီး ဖိနပ်ကိုစီးပြီး ဇနီးသည်၏ မန်းမှုတ်မှု၊ ယုယမှုအောက်တွင် နေသင့်သည်။ မိန်းမ၏ ကမ္ဘာဖြစ်သော အချစ်ကမ္ဘာ၊ ခံစားချက်ကမ္ဘာ၊ ကြင်နာယုယမှု ကမ္ဘာကြီးထဲသို့ ဝင်ရောက်သင့်သည်" လို့ ရေးခဲ့ဖူးပါတယ်။

ယောကျ်ားဟာ ပြင်ပလောကကမ္ဘာမှာ ကေရာဇ်ဖြစ်ပြီး မိန်းမဟာ အိမ်တွင်းလောကမှာ မဟေသီကေရီ ဖြစ်ရလိမ့်မယ်။ တစ်ခါတလေမှာ ဖြစ်တတ်တာက လင်မယားဘဝသက်တမ်း ရှည်ကြာသွားတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုတွေ လျော့ပါးသွားတတ်ကြတယ်။ ခပ်ဝေးဝေးက ကြင်နာတာမျိုးတွေလောက်ပဲ ရှိတတ်ကြတော့တယ်။ တစ်ခါတစ်ရံမှာ ဒီလောက်နဲ့တင် မရပ်တော့ဘဲ မချစ်မခင်နိုင်ကြတော့ဘဲ အပြစ်တွေ မြင်လာတတ်ကြတယ်။ တစ်ယောက်ကိုတစ်ယောက် မယုံသင်္ကာတဲ့ မျက်လုံးတွေနဲ့ ကြည့်လာတတ်ကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် ရင်ထဲမှာ တိတ်ဆိတ်စွာ မုန်းနေတတ်ကြတယ်။

ဒီလို လင်မယားနှစ်ယောက်ရဲ့အဖြစ်၊ ဒီလိုမိသားစုရဲ့ ရှုခင်းကို မှန်းကြည့် စမ်းပါ။ ဘယ်လောက် စိတ်ဆင်းရဲစရာ ကောင်းသလဲ။

ဒီလို ဖြစ်နေတဲ့ ပြဿနာကို အဖြေရှာဖို့ကတော့ တစ်ယောက်ကိုတစ်ယောက် အလျှော့ပေး စေ့စပ်ဖို့ ဖြစ်ပါတယ်။ အချစ်မှာပဲ ဖြစ်ဖြစ်၊ အိမ်ထောင်ရေးမှာပဲ ဖြစ်ဖြစ်၊ ဘယ်ကိစ္စမှာပဲ ဖြစ်ဖြစ် ပြည့်စုံမှုဆိုတာ ဘယ်အခါမှ မရနိုင်ဘူး။ ဒီအချက်ကို သဘောပေါက်ရလိမ့်မယ်။ အဲဒီလိုအခါမျိုးမှာ ပျော်ရွှင်မှုရအောင်၊ ပြည့်စုံမှုရ အောင် စိတ်ရှည်ရှည် ကြိုးစားရလိမ့်မယ်။

ထီလက်မှတ်တစ်စောင်ကို ဝယ်ပြီး ပေါက်ချင်ပေါက်မှာပဲ၊ ကံကောင်းချင် ကောင်းမှာပဲဆိုပြီး ထီထိုးလို့ရတယ်။ ဒါပေမဲ့ အိမ်ထောင်ပြုတာက ထီးထိုးသလို လုပ်လို့မရဘူး။ အိမ်ထောင်ပြုတာဟာ ထီထိုးတာ မဟုတ်ဘူး။ ပျော်ချင်





ပျော်မှာပေါ့။ ကံကောင်းချင် ကောင်းမှာပေါ့လို့ဆိုပြီး သွားအိမ်ထောင်ပြုလို့ မရဘူး။ အိမ်ထောင်ပြုတယ်ဆိုတာ ဘာမှ သွေးမတော် သားမတော်တဲ့ လူနှစ်ယောက် တစ်ခုတင်တည်း အိပ်၊ တစ်အိမ်တည်း တစ်သက်လုံး နေသွားရတဲ့ ကိစ္စပါကလားဆိုတာ သဘော ပေါက်ရမယ်၊ တို့နှစ်ယောက် အတူနေရရင် ပျော်မှာပဲ၊ ပျော်အောင်နေမယ်၊ တို့နှစ်ယောက် ကောင်းတဲ့ပျော်ရွှင်တဲ့ အိမ်ထောင်စုကို တည်ဆောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုး နဂိုကတည်းက ရှိရမယ်။ နောင်ခါလာ နောင်ခါချေး ရောက်ရာပေါ့လို့ လုပ်လို့ မရဘူး။ အိမ်ထောင်ရေးဆိုတာ (တစ်နည်း) လက်ထပ်ထိမ်းမြားရေးဆိုတာ ချက်ချင်း ထမြောက်အောင်မြင်သွားတဲ့ကိစ္စမျိုး မဟုတ်ဘူး။ အမြဲတမ်း ပြုစုပျိုးထောင်ပေးနေရတဲ့ အရာမျိုးဖြစ်တယ်။ တို့နှစ်ယောက် အိမ်ထောင်ကျပြီပဲ။ အေးအေးဆေးဆေး နေကြရုံပဲဆိုပြီး ပေါ့တီးပေါ့ဆနေလို့ မဖြစ်ဘူး။ ယောကျ်ားကလည်း ကိုယ့်မိန်းမကို ကိုယ်ပြန်ပိုးနေရမယ်၊ မိန်းမကလည်း ကိုယ့်ယောကျ်ားကို ပိုးချင်အောင် နေပြရမယ်။ အိမ်ထောင်ပြုခြင်းဆိုတဲ့ ကစားပွဲကြီးဟာ ဘယ်တော့မှ အဆုံးသတ်တယ်ရယ်လို့ မရှိဘူး။ အောင်မြင်သော အိမ်ထောင်ရေး ဆိုတာ နေ့စဉ်နဲ့အမျှ ပြန်လည် တည်ဆောက်နေရတဲ့ အဆောက်အအုံတစ်မျိုး ဖြစ်တယ်။

ဒီလို နေ့စဉ် ပြန်တည်ဆောက်တဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် ငြင်းခုံရတာတွေ၊ သင်္ကာရှင်းရတာတွေ၊ ဆန်းစစ်ဝေဖန်တာတွေ၊ အမှားခံ တာမျိုးတွေ မပါစေရဘူး။ လင်နဲ့မယားအကြားမှာ အပြစ်လိုက်ရှာပြီး တစ်ယောက်ကို တစ်ယောက် ဝေဖန်တာဟာ အန္တရာယ်များတယ်လို့ အင်္ဂလိပ် စာရေးဆရာ မဲဒရစ်က ပြောခဲ့ဖူးတယ်။ အိမ်ထောင်ရေး ခိုင်မြဲအောင် လုပ်တဲ့နည်းဟာ ရှင်းလင်းလွယ်ကူသင့်တယ်။ မသိမသာ ဖြစ်သင့်တယ်။ မိန်းမမှန်ရင် သူတို့ အိမ်ထောင်ရေးကို ခြိမ်းခြောက်နေတဲ့ လက္ခဏာချက်တွေကို သူတို့ ပကတိစိတ်နဲ့ အလိုလို သိလေ့ ရှိကြတယ်။ မသိမသာ ဝင်ရောက်လာတဲ့ ငြီးငွေ့မှုကို သူတို့ ပကတိစိတ်နဲ့ အလိုလို သိတတ်ကြတယ်။ ဒီအခါမှာ မိန်းမဟာ ဖြေဆေးကို ရှာလာတတ်တယ်။ ဒီအခါမှာ ကြင်နာတဲ့ စကားလေး တစ်ခွန်း၊ အပြုံးကလေးတစ်ခု၊ အကြည့်ကလေးတစ်ချက်၊ [illegible] ဘယုတယ ပွတ်သပ်ပေးမှုတို့ဟာ ငွေကုန်ကြေးကျများတဲ့ ပျော်ရွှင်မှုတွေထက်



www.burmeseclassic.com

www.burmeseclassic.com



အများကြီး တာသွားတယ်။ ဒီသဘောကို ယောကျ်ားက သိဖို့လိုတယ်။ ဆိုလိုတာက ဘယ်နည်းနဲ့ဖြစ်ဖြစ် အိမ်ထောင်မှုကို ပြန်လည် တည်ဆောက်တဲ့ အလုပ်ကို လင်မယား ဘဝမှာ အမြဲတမ်း လုပ်နေရမယ်။ အိမ်ထောင်မှု ပြန်လည် တည်ဆောက်ရေးလုပ်ငန်း ကို လျစ်လျူရှုထားရင် ဒီအိမ်ထောင်ဟာ ကြာရှည်ခံမှာ မဟုတ်ဘူး။ မိုးတွေ ယိုကျလာ ပြီး အချစ်ဟာလည်း အရည်ပျော် သွားမှာပဲ။

အိမ်တစ်အိမ်ဟာ ကြာလာတော့ မိုးယိုလာတယ်။ အမိုးကို ပြင်ရလိမ့်မယ်၊ နံရံက အက်လာပြီး ပြန်ပြီး ဖာထေးဖို့ လိုတယ်။ ကြမ်းက ညွတ်သွားပြီး ပြန်ပြီးရိုက်ဖို့ လိုတယ်။ အိမ်ထောင်ရေးနဲ့ အချစ်မှာလည်း ဒီအတိုင်းပဲ၊ ကြာလာတဲ့အခါမှာ အထင်လွဲမှု၊ အမြင်မရှင်းမှု၊ မယုံသင်္ကာမှု၊ ငြီးငွေ့မှုတို့ ရှိလာနိုင်တယ်။ အထင်လွဲမှုတစ်ခုကို ရှင်းဖို့လိုတယ်။ မရှင်းဘဲ ဒီအတိုင်းထားလိုက်ရင် ကြာတော့ စိတ်နာတာမျိုး ဖြစ်သွားနိုင်တယ်။ အမြင်မရှင်းမှုတစ်ခုကို ကြည်လင်အောင် လုပ်ဖို့လိုတယ်။ မလုပ်ရင် ကြာတော့ အမုန်းတိမ်သလာ ဖုံးသွားနိုင်တယ်။ မယုံသင်္ကာမှုတစ်ခုကို ပြေအောင်လုပ်ဖို့ လိုတယ်။ မလုပ်ရင် ကြာတော့ ကြီးမားတဲ့ အနာကြီး ဖြစ်လာလိမ့်မယ်။ ငြီးငွေ့မှု သဲကန္တာရကို အိုအေစစ်ဖြစ်အောင် ဖန်တီးပေးဖို့လိုတယ်။ မလုပ်ရင် ကြာတော့ နှစ်ယောက် စလုံးရဲ့ စိတ်ထဲမှာ ဟာလာဟင်းလင်း လွင်တီးခေါင်ကြီး ဖြစ်သွားလိမ့်မယ်။

စိတ်ထဲ စွဲသွားတဲ့ အနာတစ်ခုဟာ တခြားရောဂါတွေကိုပါ မွေးထုတ်ပေးလိမ့်မယ်၊ တစ်နေ့မှာ ရန်လည်း ဖြစ်လာရော အဲဒီအနာဟာ ပေါက်သွားလို့ တစ်ဦးကို တစ်ဦး ကျိတ်မုန်းနေတာကို သိသွားပြီး ထိတ်လန့်ရွံ့မုန်းသွားကြလိမ့်မယ်။

တစ်ယောက်ရဲ့အကြိုက်၊ တစ်ယောက်ရဲ့အထာကို အပြန်အလှန် လေးစားရလိမ့်မယ်။ ပျားရည်ဆမ်း ခရီးတုန်းက အကြင်ဇနီးမောင်နှံတို့ဟာ နေရာတကာမှာ အတူတူပဲလို့ ထင်ခဲ့ကြတယ်။ ညားစတုန်းကတော့ (မြို့မငြိမ်း သီချင်းထဲကလို 'ပေါ်ဟိုအရာ အဖြူပါပေ၊ မြင်သလားမေ၊ ဘော်သာခွာကြူ၊ ငွေပုလဲဖြူ၊ မြင်သားပေါ့ သက်ဝေ' ဆိုသလို) နေရာတကာမှာ အတူတူလို့ ထင်ခဲ့ကြတယ်။ ဒါပေမဲ့ ကြာလာတော့ ကိုယ့်စရိုက်ကို မစွန့်ချင်တဲ့

ကို မလွှဲမရှောင်သာ ကြုံလာတတ်တယ်။





တကယ်ချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုမှာ အချစ်နဲ့ သူငယ်ချင်း မိတ်ဆွေ ဆက်ဆံရေးဟာ ရောထွေးနေတတ်တယ်။ အဲဒီလို အိမ်ထောင်မျိုးမှာ မိတ်ဆွေလို ချစ်ကြတဲ့အတွက် တစ်ယောက်ကိုတစ်ယောက် အလိုလိုက် အကြိုက်သိကြတယ်။ တစ်ယောက်ကိုတစ်ယောက် အချစ်ခင်၊ အကြင်နာ ပိုကြတယ်။ ဒါပေမဲ့ သူတို့ဟာ စိတ်သဘောထား ကွဲတာကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြတယ်။ ငြိမ်းချမ်းစွာ ကွဲလွဲကြတယ်။ ဒီနည်းအားဖြင့် နှစ်ယောက်စလုံး ရဲ့ စိတ်ဓာတ်ဆိုင်ရာ ဖွံ့ဖြိုးမှုကို တိုးတက်အောင်လုပ်ဖို့ အခွင့်အရေး ရသွားကြတယ်။ ပင်ပန်းနွမ်းနယ်နေတဲ့ ယောကျ်ားတစ်ယောက်ဟာ တည်ငြိမ်တဲ့ နှစ်သိမ့်မှုပေးနိုင်တဲ့၊ ဝီရိယရှိတဲ့ အမျိုးသမီးတစ်ယောက်နဲ့ နီးစပ်စွာ နေရတဲ့အတွက် အများကြီး အကူအညီရနိုင်တယ်။ ဒီလို မိန်းမရဲ့ စိတ်ထားဟာ အမှောင်သန်းနေတဲ့ ယောကျ်ားရဲ့ ကမ္ဘာတစ်ဝက်ကို အလင်းရောင် ပေးနိုင်တယ်။ ဒီနည်းအားဖြင့် လင်နဲ့မယားဟာ ခန္ဓာကိုယ်အားဖြင့် ပေါင်းစည်းမိကြရာက စိတ်ချင်း ပေါင်းစည်းမိသွားကြတယ်။ သူတို့ရဲ့ ပေါင်းစည်းမှုဟာ မွန်မြတ်သန့်စင်တဲ့ ပေါင်းစည်းမှု ဖြစ်သွားကြတယ်။ တကယ် ပေါင်းစည်း ညီညွတ်သွားတဲ့ လင်မယားအဖို့ လူငယ် ဘဝ၊ လူငယ် ပျိုမျစ်မှုတွေ ကုန်ဆုံးသွားတာကိုလည်း အရေးကြီးတယ်လို့ မထင်တော့ဘူး။ နှစ်ယောက်အတူ အိုရခြင်းဆိုတဲ့ ပျော်ရွှင်မှုကြောင့် အိုရတဲ့ဘေးကိုလည်း မကြောက်ကြတော့ဘူး။

ပြင်သစ်ပညာရှိ လာရိုရှေဖိုကောရဲ့စကားဟာ တော်တော်မှန်တယ်။ သူက လောကမှာ ကောင်းတဲ့အိမ်ထောင်ရေးတွေ ရှိတယ်။ ဒါပေမဲ့ အလွန် ကောင်းတဲ့ အိမ်ထောင်ရေးရယ်လို့တော့ မရှိဘူးလို့ သူက ပြောခဲ့တယ်၊ တုတ်ပါ တယ်။ အလွန် ကောင်းတဲ့ အိမ်ထောင်ရေးဆိုတာ တော်တော်ရှားတယ်။

ဘာဖြစ်လို့လဲ။

လင်နဲ့မယား နှစ်ယောက်စလုံးမှာ တစ်ခါတစ်ရံ မကောင်းတဲ့စိတ်တွေ ပေါ်လာတတ်ကြတယ်၊ အမှားတွေ ရှိကြတယ်၊ စိတ်သဘောထားကို ပြောင်းလဲသွားစေတဲ့ နာမကျန်းဖြစ်မှုတွေ ရှိတတ်တယ်၊ ဒီလိုအရာတွေကို ဖြတ်သန်းရင်း ပေါင်းဖော်နေရတဲ့ လူနှစ်ယောက်ရဲ့ဘဝဟာ ဘယ်နှယ်လုပ်ပြီး အစဉ်သဖြင့် ချောမွေ့နိုင်ပါ့မလဲ။ အခက်အခဲ အကျပ်အတည်း မရှိဘဲ လူမျိုးရယ်လို့ မရှိသလို ပဋိပက္ခတွေ မရှိတဲ့ အိမ်ထောင်ရေးမျိုးဆိုတာလည်း

www.burmeseclassic.com



မရှိနိုင်ဘူး။ ဒါပေမဲ့ ချစ်ခင်ကြင်နာမှုဟာ ဒေါသကို အဒေါသအဖြစ် ပြောင်းပစ်နိုင်တယ်။ ကြမ်းတမ်းတဲ့စိတ်ကို နူးညံ့ချိုသာတဲ့စိတ်အဖြစ် ပြောင်းပစ်နိုင်တယ်။ ဒီလို ပြောင်းပစ်နိုင်ရင် တွေ့ရတဲ့ အကျပ်အတည်းတွေကို အလွယ်တကူ ဖြေရှင်းနိုင်မှာပဲ။

အိမ်ထောင်ရေးဟာ စိတ်ကူးယဉ်ချစ်သူတွေ မြင်ခဲ့တွေးခဲ့တာမျိုး မဟုတ်ဘူး။ အိမ်ထောင်ရေးဟာ ပကတိစိတ်ပေါ်မှာ အခြေခံထားတဲ့ အဆောက်အအုံတစ်ခု ဖြစ်တယ်။ အောင်မြင်တဲ့ အိမ်ထောင်ရေး ဖြစ်ချင်ရင် ခန္ဓာကိုယ်တပ်မက်မှု တစ်ခုတည်းနဲ့ မရဘူး။ အခက်အခဲတွေကို ကျော်လွှားနိုင်တဲ့ စိတ်တန်ခိုးသတ္တိ ရှိရမယ်။ ဒီအရာတွေရှိရင် အခွန့်ရှည်ကြာတဲ့ ချစ်ခင်ကြင်နာမှုကို တည်ဆောက်နိုင်လိမ့်မယ်။ မတွေ့ကြုံဖူးသူတို့ နားမလည်နိုင်တဲ့ အချစ်၊ မိတ်ဆွေ ဆက်ဆံရေး၊ တပ်မက်စွဲလမ်းမှု၊ လေးစားမှုတို့ ပါဝင်ဖွဲ့စည်းထားတဲ့ တစ်မူထူးခြားတဲ့ အိမ်ထောင်ရေးကို တည်ဆောက်နိုင်လိမ့်မယ်။

ဒီအရာတွေ မရှိဘဲ တကယ်စစ်မှန်တဲ့ အိမ်ထောင်ရေး မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ မောင်တို့မယ်တို့ရဲ့ အိမ်ထောင်ရေးဟာ ကိုယ်စိတ်နှစ်ပါး ပေါင်းစည်း ညီညွတ်နိုင်တဲ့ အိမ်ထောင်ရေး ဖြစ်ပါစေ။ ရာသက်ပန် ရိုးမြေကျတိုင် ပျော်ရွှင်ချမ်းမြေ့ တဲ့ အိမ်ထောင်ရေး ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**(ပြည်သူ့ဥယျာဉ်တွင် ပြုလုပ်သော စေ့စပ်ပွဲတစ်ခု၌ ပြောခဲ့သော အမှာစကား)**



## ငြိမ်းချမ်းခြင်းနှင့် ကရုဏာ တော်သည် သင်နှင့်အတူ ရှိပါစေသော်ဝ်

ကျေးဇူးတော်ကြောင့် ဒီနေ့ ကျွန်တော် ဒီနေရာမှာ ဟောပြောခွင့်ရတဲ့အတွက် ကျွန်တော် အင်မတန်မှ ဝမ်းသာပါတယ်၊ ဂုဏ်လည်းယူပါတယ်။ ကျွန်တော့်တစ်သက်မှာ ဟောပြောပွဲပေါင်း၊ စာပေနဲ့ ပတ်သက်တဲ့ ဟောပြောပွဲပေါင်း အများကြီး ဟောပြောခဲ့ဖူးပါတယ်။ မြန်မာပြည် တနံတလျားမှာလည်း ကျွန်တော် အနှံ့အပြား ရောက်ခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီနေ့ ဒီစည်ဝေးသဘင်မှာလို ခရစ်ယာန် ဘာသာဝင်များရဲ့ ရှေ့မှောက်မှာ ဟောပြောရတာတော့ ဒီတစ်ကြိမ်ဟာ ပထမဦးဆုံး အကြိမ် ဖြစ်ပါတယ်။ ကျွန်တော့်ဘဝအတွက် ဘုရားသခင်က ပေးလိုက်တဲ့ ကောင်းချီးမင်္ဂလာ တစ်ပါးလို့ ကျွန်တော် အလေး အနက် ခံယူပါတယ်။ ကျွန်တော်ပြောမယ့် အကြောင်းအရာက 'Jesus Christ himself is Peace' ကျွန်တော့်ကို အသင်းတော်လူကြီးများက လာပြီး ဆွေးနွေးတုန်းက ကျွန်တော် ဒီခေါင်းစဉ်ကို ပေးလိုက်တယ်။ ကျွန်တော်က ခရစ်ယာန်ဘာသာအကြောင်း သမ္မာကျမ်းစာကို ဘယ်လောက် သိလို့လဲလို့ မေးစရာ ရှိတယ်။ သမ္မာကျမ်းစာကို ဟိုနည်းနည်း ဒီနည်းနည်း ဖတ်ဖူးရုံလောက်ပဲ ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်မှာ အမှားအယွင်းပါရင် သည်းခံကြပါ။ သမ္မာကျမ်းစာက ကောက်နုတ်ချက်တွေကို ထုတ်ပြတဲ့အခါမှာ အမှားအယွင်းပါရင် ခွင့်လွှတ်ကြပါ။ နောက်တစ်ချက်က ကျွန်တော် မှန်ကန်စွာ ကူးလာသော်လည်းပဲ ကျွန်တော့်မျက်လုံးနဲ့ အလင်းရောင်က ခွင့်မပြုတဲ့အတွက် အမှားအယွင်း ပါနိုင်ပါတယ်။ ခွင့်လွှတ်ပါ လို့ ကျွန်တော် တောင်းပန်ချင်ပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မှုဟာ ဒီနေ့ပြောမှာက 'ခရစ်တော်သည်ပင်လျှင် ငြိမ်းချမ်းခြင်းဖြစ်သည်' ဆိုတဲ့ အကြောင်းပဲ ဖြစ်တယ်။ ဒီတော့ တစ်နေ့က ဆရာကြီး Victor San Lone က Theological point of view နဲ့ ပြောသွားတယ်။ because he is a Theologian. တစ်ခါ နေ့လယ်ပိုင်းကျတော့ ပါမောက္ခ ဦးထွန်းအောင်ချိန်က သမိုင်းအမြင်၊ ရာဇဝင်အမြင်နဲ့ ငြိမ်းချမ်းရေးအကြောင်းကို ပြောသွားတယ်။ because he is a Historian. မနက်ဖြန်ကျရင် ဆရာဦးခင်မောင်ဒင်က Philosophical အမြင်နဲ့ သူ ပြောသွားမှာ ဖြစ်တယ်။ သူက ဒဿနိကအမြင်နဲ့ ငြိမ်းချမ်းရေးကို ပြောပိုင်ခွင့် ရှိတယ်၊ because he is a Philosopher. ကျွန်တော် Theologian လည်း မဟုတ်ဘူး။ Historian လည်း မဟုတ်ဘူး။ Philosopher လည်း မဟုတ်ဘူး။ I am just a poor writer. ဆင်းရဲတဲ့ စာရေးဆရာတစ်ယောက် and a poor sighted writer too. မျက်စိမှုန်တယ်၊ အမြင်နည်းတဲ့ စာရေးဆရာတစ်ယောက် ဖြစ်ပါတယ်။ both literally and metaphorically non-christian စာရေးဆရာတစ်ယောက်အနေနဲ့ ငြိမ်းချမ်းရေးကို ဘယ်လိုမြင်သလဲ။ ငြိမ်းချမ်းရေးဟာ 'fight' ခန်း မပါတော့၊ ပျင်းစရာ ကောင်းတယ်။ ကမ္ဘာ့ကုလသမဂ္ဂနေ့ [International Year of Peace] လို့ သတ်မှတ်လိုက်တယ်၊ ကမ္ဘာ့ကုလသမဂ္ဂနေ့ [International Year of Peace] သတ်မှတ်တဲ့အခါ အထွေထွေအတွင်းရေးမှူးချုပ် ပဲရစ်ဒီကွေးလျားက ကြေညာချက်တစ်စောင် ထုတ်တယ်။ 'Mankind is at a crossroad' လူ့ဘောင်ကြီး၊ လူ့လောကကြီးဟာ လမ်းဆုံလမ်းခွကို ရောက်နေပြီ၊ 'A choice is yet to be made as to what road it will take in the future.' ကျွန်တော်တို့ ကမ္ဘာလောကဟာ အနာဂတ်မှာ ဘယ်လမ်းကို ရွေးရမှာလဲ ဆိုတဲ့ လမ်းဆုံလမ်းခွကို ရောက်နေပြီလို့ ဆိုပါတယ်။ ဒါဟာ အင်မတန် ပြောရေးဆိုခွင့်ရှိတဲ့ ပုဂ္ဂိုလ်ကြီးက ကျွန်တော်တို့ကို သတိပေး နှိုးဆော်လိုက်တဲ့ စကားဖြစ်တယ်။ ကုလသမဂ္ဂက ဆုံးဖြတ်ချက်ချတယ်။ ကျွန်တော်တို့က ဆွေးနွေးပွဲတွေ လုပ်တယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ အမြင်တွေ ဖလှယ်ကြတယ်။ Jesus Christ is Peace ဆိုတဲ့ စာတမ်းကို တင်တဲ့အခါမှာ ကျွန်တော် အချက်ကြီး ခြောက်ချက်ပေါ် အခြေခံပြီး အကျဉ်းချုပ် ပြောသွားပါမယ်။





(၁) A very brief outline of international situation ဒီနေ့ နိုင်ငံတကာမှာ ဖြစ်နေတဲ့ အခြေအနေ၊

(၂) Causes of War စစ်ဖြစ်ရခြင်း အကြောင်းရင်း၊

(၃) II World War ပြီးတဲ့အခါ Military Technology စစ်နည်းပညာတွေ ပြောင်းသွားတယ်။ ပြောင်းတာနဲ့အတူ ဘာအတိုင်းသတ် ရောက်တယ်ဆိုတာ ပြောပါမယ်။

(၄) စစ်ပြီးတဲ့နောက် ပေါ်ပေါက်လာတဲ့ Peace movement အကြောင်းတွေကို ပြောပါမယ်။

(၅) What is Peace? ငြိမ်းချမ်းရေးဆိုတာ ဘာလဲ. . .၊ မနက်က ကျွန်တော်တို့ရဲ့ ညီ့သည်ကြီး Dr.Sung Jung Park က ကျွန်တော်တို့တစ်တွေဟာ Peace အကြောင်း ပြောတဲ့အခါ in abstract forms ပဲ ပြောကြတယ်၊ Concrete forms နဲ့လည်း ပြောဖို့လိုပါတယ်၊

(၆) Peace ရဖို့အတွက် ကျွန်တော်တို့ ခရစ်ယာန်တွေ အနေနဲ့ Jesus ရဲ့ တပည့်များပီပီ၊ ဘာတွေလုပ်သင့်တယ်၊ လုပ်နိုင်တယ်ဆိုတာ ကျွန်တော့် အနေနဲ့ အနည်းငယ် တင်ပြလိုပါတယ်။

ကျွန်တော်တို့ကမ္ဘာမှာ တိမ်ညိုတွေ လွှမ်းနေတယ်။ ဘယ်နေရာမှာ ကြည့်ကြည့် မီးခိုးလုံးတွေ မြင်ရတယ်။ ကမ္ဘာမှာ Terrorism အကြမ်းဖက်ဝါဒ ထွန်းကားနေတယ်၊ [Karachi မှာ ဖြစ်ပြီ၊ Beirut မှာ ဖြစ်ပြီ၊ Rome, Athens လေဆိပ်မှာ ဖြစ်ပြီ၊ Hijacking တွေ ထွန်းကားနေတယ်၊ Vilence, Afghan မှာ စစ်ဖြစ်နေတယ်] ကျွန်တော်တို့ရဲ့ ဘေးမှာရှိတဲ့ တစ်ပူးသူး တိုက်နေတယ်။ နေရာတကာမှာ တိမ်ညိုတွေ၊ မီးခိုးလုံးတွေ ဖုံးနေတယ်၊ သေနတ်သံတွေ မြည်ဟည်း နေတယ်။ အမြောက်သံတွေ မြည်ဟည်းလာတဲ့ အခါမှာ 'ဂီတနတ်သမီးရဲ့ ဂီတသံဟာ တိတ်ဆိတ်သွားရတယ်' ဆိုတဲ့ အရှာ ရှိတယ်။ War is a way of life in Beirut. နိုင်ငံရေးတွေမှာ Diplomats တွေက အလုပ်များနေတယ်၊ Diplomats တွေဟာ Washington ကို သွားတယ်၊ Moscow ကို သွားတယ်၊ London, Tokyo ကို သွားတယ်၊ Rome, Paris ကို သွားတယ်၊ ဆွေးနွေးနေကြတယ်၊ ငြင်းခုံနေကြတယ်၊ စေ့စပ်နေကြတယ်။ မအောင်မြင်ကြဘူး။ စိတ်ဆိုးနေကြတယ်၊ ဆွေးတို



www.burmeseclassic.com

www.burmeseclassic.com



ထတ်သီးနဲ့ ထိုးနေကြတယ်။ ဒါ ကမ္ဘာမှာ တွေ့နေရတဲ့ ယနေ့ Phenomenon . . . ဘာသွား သတိရလည်းဆို ငယ်ငယ်ကအကြောင်း၊ စစ်မဖြစ်ခင် ၁၉၄၀ နှစ်မှာပြည်မှာ စစ်စဝင်တယ်။ ၁၉၃၉ Europe မှာ၊ West မှာ စစ်ဖြစ်တယ်။ ၁၉၃၉-၁၉၄၁ မှာ Pacific War ဖြစ်လာတယ်။ December မှာ ရန်ကုန်ကို ဗုံးကြဲတယ်။ ငယ်ငယ်တုန်းက သတင်းစာကို ဖတ်တာ ၁၀ နှစ်သားပဲ ရှိသေးတယ်၊ Hitler, Mussolini အကြောင်း ဖတ်ရတယ်၊ စစ်ဖြစ်နေတဲ့အကြောင်း စသည်တို့ ဖတ်ရတယ်။ အခု နိုင်ငံ့ ခေါင်းဆောင်ကြီးတွေ ကြည့်လိုက်၊ ကမ္ဘာ့နိုင်ငံကြီးတွေပေါ့လေ၊ လက်နက် ဖျက်သိမ်းကြ၊ ဖျက်သိမ်းကြလို့ ပြောတယ်။ လက်နက်တွေ တပ်ဆင်နေကြတယ်၊ Peace, Peace ပြောရင်း စစ်အတွက် ပြင်ဆင်နေကြတယ်၊ ကျွန်တော် ငယ်ငယ်တုန်းက ဒီလိုပဲ နိုင်ငံ့ ခေါင်းဆောင်ကြီးတွေဟာ Peace လို့ ပြောတာပဲ။ but they were preparing for war ဒါပေမဲ့ ကျွန်တော် ဟိုတုန်းက ကလေးမို့လို့ ထင်လား မသိဘူး။ စစ်က ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ အဝေးကြီးလို့ ထင်ရတယ်။ ငါနဲ့ ဘာဆိုင်လို့တုန်း၊ သူတို့ဟာသူတို့ စစ်တိုက်နေတာပဲ။ ငါ ကျောင်းတက်နေတာပဲလို့ ဒီလိုပဲ ထင်ခဲ့တယ်။ နောက် Pacific War ဖြစ်လာတယ်။ ရန်ကုန် ဗုံးကြဲခံရတယ်၊ အဲဒီအထိ ကျွန်တော်နဲ့ မဆိုင်သေးဘူးလို့ ထင်တယ်။ နောက်ကျတော့ on one clear morning British evacuation troops တွေက ကျွန်တော့်မြို့ကို ဝိုင်းဆိုတဲ့ အသံလေးနဲ့အတူ မီးခိုးလုံးတွေကို ကြည့်လိုက်တော့ British evacuation troops တွေ ဆုတ်သွားတာ တွေ့ရတယ်။ ငွေတိုက်၊ လက်နက်တိုက်၊ မော်တော်ကား၊ building တွေကို မီးရှို့ပစ်ခဲ့ပြီး ထွက်သွားတယ်၊ မြေလှန်ပစ်ခဲ့တယ်။ Oh! It is War ကျွန်တော်တို့ ဘာလုပ်ရမှာလဲ မသိဘူး။ ကိုယ့်အိမ် မီးလောင်မှာလား၊ သူ့အိမ် မီးလောင်မှာလား အထိတ်တလန့်လန့်၊ ဒါတောင်မှ နည်းနည်းပျော်ချင်သေးတယ်၊ ကလေးဆိုတော့ အတွေ့အကြုံသစ်တစ်ခုကို တွေ့တော့ ပျော်သွားတယ်။ British evacuation troops တွေ ကျွန်တော့်အိမ်ရှေ့ကနေ ဖြတ်ပြီး ဆုတ်သွားတယ်။ ကျွန်တော့်အိမ်နားရှိတဲ့ Church ကြီး မီးလောင်သွားတယ်၊ ဗုဒ္ဓဘာသာဘုရား အကုန်ပြိုပျက်သွားတယ်၊ သူတို့ ထွက်သွားပြီးတော့ ဂျပန်တွေ ဝင်လာတယ်၊ General Omora ရဲ့ တပ်ဖွဲ့ဝင်တွေ၊ သူတို့ ဝင်လာ





တော့လည်း ဟိုဟာဖျက်၊ ဒီဟာဖျက် အကုန်ဖျက်တော့ စစ်ဟာ အနီးလေးပါလား၊ ငါ အစက အဝေးကြီး ထင်နေတယ်၊ ဘာမှမဆိုင်လို့ ထင်ခဲ့တယ်၊ တကယ်တော့ ကိုယ်က အဲဒီကြားကြီးထဲ ရောက်နေတယ်၊ Crossfire မှာ ကိုယ်ရောက်နေတယ်။ တစ်ခါ စစ်ဖြစ်တဲ့အခါမှာ လေယာဉ်ပျံတွေ ဗုံးကြဲတယ်၊ အသက် ၄၀ အောက်ရှိတဲ့ ခင်ဗျားတို့ Youth တွေ သိပ်ကံကောင်းတယ်၊ ကျွန်တော်တို့ အဖေ၊ အမေတွေ သိပ်ကံဆိုးတယ်။ ဘာဖြစ်လဲဆိုတော့ သူတို့ဘဝမှာ ကမ္ဘာစစ်ကြီးတွေ ဖြစ်တယ်၊ I World War နဲ့ II World War တွေ ဖြစ်တယ်၊ ကျွန်တော်တို့ ဘဝမှာတော့ စစ်ကြီးတစ်ခုပဲ II World War. ခင်ဗျားတို့ ခုထက်ထိ World War ကို မတွေ့ဖူးသေးဘူး။ ခုနပြောသလို မီးတွေ လောင်သွားတယ်၊ အဆောက်အအုံကြီးတွေ ပျက်သွားတယ်၊ ဂျပန်ခေတ်မှာ ပုလိပ် (Plague) ရောဂါ ဖြစ်တယ်။ ခင်ဗျားတို့ တွေ့ဖူးချင်မှ တွေ့ဖူးမယ်၊ အင်မတန် ကြောက်စရာကောင်းတယ်။ 16th Century တုန်းက London Plague ဆိုတာ ဖြစ်တယ်၊ London တစ်မြို့လုံး ရောဂါဖြစ်တယ်။ တစ်မြို့ လုံး သေကုန်တယ်။ ကျွန်တော်တို့လည်း စစ်တွင်းမှာ ရောဂါကပ်ဆိုးဘေးက ပြေးရတယ်။ တစ်ခါ လူတွေ ငတ်တယ်၊ စားစရာမရှိဘူး အဲဒီတော့မှ ကျွန်တော်ဟာ ဪ. . စစ်ဆိုတာ. . ဒါလား၊ စစ်ဟာ သူနဲ့အတူ Destruction ကို ယူလာတယ်၊ သူနဲ့အတူ Epidemic ကို ယူလာတယ်၊ သူနဲ့အတူ Slaughter, Massacre ကို ယူလာတယ်။ သူနဲ့အတူ Hunger ကို ယူလာတယ်။ သူ့နောက်မှာပါလာတဲ့ အရာဟာ တစ်ခုမှ မကောင်းဘူး စစ်ကို ကြိုက်တဲ့လူ ဟာ စစ်ဟာ ကောင်းတယ်၊ ယဉ်ကျေးမှု ယူလာတယ်၊ ဒါ မဟုတ်ပါဘူး။ သူ ယူလာတဲ့ ယဉ်ကျေးမှုက နည်းနည်း၊ သူ ယူလာတဲ့ ပျက်စီးခြင်း၊ ဖျက်ဆီးခြင်း၊ ရောဂါဘယဖြစ်ခြင်း၊ လူတွေ အစုလိုက် အပြုံလိုက် သေခြင်းဆိုတာ. . . မကောင်းတာက များနေတယ်။ အဲဒီတော့ ကျွန်တော်က စစ်ဟာ မဝေးပါလား၊ အနီးလေးပါလား၊ အချိန်မရွေး ရောက်လာပါလားဆိုတာ ကျွန်တော် သဘောပေါက်လာပါတယ်၊ စစ်ဟာ It's a kind of murder, and outright murder, murder မှ ပြောင်တိုက်၊ မသိတဲ့သူအချင်းချင်း ဘာရန်အငြိုးမှ မရှိတဲ့ လူချင်းချင်း၊ ညီအစ်ကိုအချင်းချင်း neighbour အချင်းချင်း ဘာမှအပြစ်မသိ၊ မရှိဘဲနဲ့ သတ်ဖြတ်ကြရတယ်၊ လွန်ခဲ့တဲ့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



၄၀ ကျော်က အဖြစ်ကို Churchill က Gathering Storm လို့ ပြောခဲ့တယ်။ အခု နိုင်ငံတကာ အခြေအနေကို ပြန်ကြည့်တော့ လည်း the storm is gathering ပဲ၊ မုန်တိုင်းပျိုးနေတယ်။ အရင်ကလိုပဲ Diplomats တွေ သွားကြ လာကြ၊ ဆွေးနွေးကြ၊ ငြင်းကြ၊ မကျေမနပ်ဖြစ်ကြ၊ စားပွဲကို လက်သီးနဲ့ ထုလိုက်၊ Churchill ပြောသလို 'မုန်တိုင်းတွေ မျိုးနေတယ်'။ ဒီတော့ ကျွန်တော် ငယ်ငယ်တုန်းကလို စစ်ကြီးက အဝေးကြီး၊ ကျွန်တော်တို့နဲ့ ဘာမှ မဆိုင်ဘူး။ Beirut မှာ စစ်ဖြစ်နေတာ၊ Iran-Iraq မှာ ဖြစ်နေတာ ကျွန်တော်တို့နဲ့ ဘာမှ မဆိုင်ဘူးလို့ မတွက်ပါနဲ့။ စစ်ကို တားဆီးရေးဟာ လူတိုင်းရဲ့တာဝန် ဖြစ်တယ်။ စစ်ရဲ့အန္တရာယ်ကို ကြိုပြီးမြင်ဖို့ လိုပါတယ်။ အလေးအနက်ထားဖို့ လိုပါတယ်။ ဒီနေ့ ကမ္ဘာမှာ ကြီးမားတဲ့ ပြဿနာ ခြောက်ခုရှိတယ်။

(၁) Energy problem

(၂) Cultural backwardness

အထူးသဖြင့် ကျွန်တော်တို့ 3rd World က လူတွေ အောက်ကျ နောက်ကျ ဖြစ်တယ်။ ကျောင်းနေဖို့ ငွေမရှိ ငွေရှာ၊ ငွေရလာတဲ့အခါ အသက်ကြီးသွားပြီ။ (ကချင်ဆရာ တစ်ဦး၏ ဝေမျှချက်)

(၃) Ecological Pollution

(၄) Hunger

(၅) Disease

(၆) Social Injustice (South Africa)

ဒီပြဿနာတွေကို ကျွန်တော်တို့ မဖြေရှင်းနိုင်ရင် ကျွန်တော်တို့ Peace မရနိုင်ဘူး။

## (၂) Causes of War

မနေ့က ပါမောက္ခ ဦးထွန်းအောင်ချိန်က Historically, Theoretically ပြောသွားပါတယ်။ Cycles of war တွေအကြောင်း၊ Arnold Tavaribe ရဲ့ စာအုပ်ထဲ က ပြောသွားတယ်။ Hegemonic Power, Dominant Power, Rising Power ရှိလာတဲ့အခါ စစ်ဖြစ်တယ်။





အထူးသဖြင့် Dominant Power က သူ့နေရာသူ ထိန်းထားချင်တယ်။ Rising Power က သူ့နေရာ ဝင်လုချင်တယ်။ ဒီအခါမှာ Crisis ဖြစ်လာတယ်၊ စစ်ဖြစ်လာတယ်။ ဒါ Theory အရ ခရစ်တော်ရဲ့ ဆုံးဖြတ်တွေ ရှိပါတယ်။ Epistle of James မှာ ch.4. Where do fightings quants come from; They come from lust which is fighting within the bodies, if you want a thing you haven't got it and then you are ready to kill; if you covet a thing you don't have it then you wage a war သင်ဟာ အရာတစ်ခုကို လိုတယ်၊ မရတဲ့အခါ သင်ဟာ သတ်ဖို့ အဆင်သင့်ဖြစ်တယ်။ သင်ဟာ အရာဝတ္ထုတစ်ခုကို တောင့်တတယ်။ လိုအင်ရမ္မက်ပွားလို့ ဆန္ဒပြင်းတယ်၊ ဒါပေမဲ့ မရဘူး။ ဒီအခါမှာ သင်ဟာ ခိုက်ရန်ဖြစ်ဖို့ အသင့်ဖြစ်တယ်။ ရှင်ယာကုပ်မှာ ပြောခဲ့တယ်။ ဒါဟာ Universal truth ဘယ်နေရာမှာ apply လုပ်လုပ် မှန်တယ်၊ စစ်ခိုက်ရန် ဖြစ်ပွားမှုက လိုအင်ရမ္မက် ပြင်းပြခြင်း Lust က လာတယ်။ New English Versionမှာ passion လို့ ဆိုထားတယ်။ မြန်မာလိုပြောရရင် ရမ္မက်တဏှာ၊ လိုအင်တောင့်တခြင်း ပြင်းထန် တဲ့ဆန္ဒက ပေါ်လာတယ်။ အကြွင်းမဲ့ သစ္စာတရားဖြစ်တယ်။ St.James မှာပါတဲ့ အပိုဒ်ကလေး မှန်မမှန် apply လုပ်ကြည့်ရအောင်။ I World War ဖြစ်ခဲ့တယ်။ (1914-1918) အထိ ဖြစ်တယ်။ Germany, Turkey, allied countries ပြင်သစ်၊ အင်္ဂလန်တို့ ပါတယ်။ တိုက်ကြတယ်။ Dominant power နှစ်ခု တိုက်ကြတယ်။ ဘာကြောင့် lust, passion ကြောင့် တိုက်တယ်။ တစ်ဖက်က colony တွေ ထားချင်တယ်။

(၁) Capital အရင်းအနှီး မြှုပ်နှံချင်တယ်။ India မှာ မြှုပ်နှံတယ်။ မြန်မာပြည်မှာ မြှုပ်နှံတယ်။ Germany, Turkey တို့ကလည်း ခေါ်ပြီး သေးတဲ့ Latin America, Asia တို့မှာ Capital Export လုပ်ချင်တယ်။

(၂) Material resources သဘာဝရင်းမြစ်ပစ္စည်းတွေကို လိုချင်တယ်။

(၃) တစ်ဖက်က ကျွန်တော်တို့ဆီ ကုန်ချောတွေကို ပြန်ပို့ချင်တယ်။ ရောင်းချတယ်။ အမြတ်ထုတ်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



(၄) ကမ္ဘာကြီးကို ပြန်လည် ခွဲဝေသတ်မှတ်ချင်တယ်။
In this way redivision of the world.

အင်အားနှစ်ခု ဒါတွေကို လုတယ်။ မြေပုံပေါ်မှာ နယ်နိမိတ် အသစ်ကို ရေးချင်လို့ Economic & Political Ambitions တွေကြောင့် Dominant power ကြီးနှစ်ခု အားပြိုင်တဲ့အခါ စစ်ကြီးဖြစ်လာတယ်။ I World War မှာ နိုင်ငံပေါင်း (၃၀) ပါခဲ့တယ်။ ကမ္ဘာ့လူဦးရေရဲ့ 70%, 1000.5 billion ပါဝင်ခဲ့တယ်။ စစ်တပ်က 70 million တပ်သားဝင်တိုက်တယ်။ လူပေါင်း (၁၀)သန်း သေ၊ (၁၀)သန်း ကျိုးပဲ့၊ (၁၀)သန်း ငတ်၊ (၁၀)သန်း ဖုံးထိ၊ ဒေါ်လာကုဋေ (၂၅၀) ဆုံးရှုံးခဲ့တယ်။ Germany စစ်ရှုံး၊ dominant power အင်္ဂလိပ် ဖြစ်မြဲဖြစ်တယ်။ သူ့နောက်က ပြင်သစ်ပါလာတယ်။ ဒါနဲ့ I World War ပြီးသွားတယ်။

ဂျာမန် စာရေးဆရာတစ်ဦးက စစ်ကြီးတစ်ခု ပြီးတဲ့အခါ တိုင်းပြည်တစ်ပြည်မှာ တပ်ကြီးလေးခု ကျန်ခဲ့တယ်။ There were 4 armies left after a War.

(၁) ဒုက္ခိတ
(၂) မုဆိုးမ
(၃) အလုပ်လက်မဲ့
(၄) မိဘမဲ့ တပ်ကြီး ၄ တပ် ကျန်ခဲ့တယ်။

1st War ပြီးလို့ ၂၁ နှစ် ကြာတဲ့အခါ ၁၉၃၉ မှာ ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာတယ်။ 1st September မှာ စတယ်။ dominant power အားလုံး ပါလာ တော့ II World War ဖြစ်လာတယ်။ ကျွန်တော်တို့ပါ မိလိုက်တယ်။ ဒီစစ်ကြီးကို စာရင်းချုပ်လိုက်တဲ့အခါ နိုင်ငံပေါင်း (၄၀) ပါဝင်လာတယ်။ လူစစ်သား သန်းပေါင်း (၁၁၀) ဝင်တိုက်ကြတယ်။ လူဦးရေ (၅၀)သန်း သေကြ၊ (ရုရှား ၂၂ သန်း) |Moscow ရောက်တဲ့အခါ သူတို့ရဲ့ ဖွင့်ဆိုချက်အရ တစ်အိမ်မှာ တစ်ယောက်သေတယ်လို့ပြော| (၃၅)သန်း ဒုက္ခိတ/ကျိုးပဲ့၊ (၃၀)သန်း ထိခိုက် အနာတရဖြစ်၊ (၃၀)သန်း ငတ်တယ်၊ ဒေါ်လာ ကုဋေ (၄,၀၀၀) ဆုံးရှုံးခဲ့တယ်။ ဒါနဲ့ II World War ပြီးသွားတယ်။ ကမ္ဘာကြီးကို ပြန်ခွဲကြတယ်။ Boundaries တွေ ပြောင်းသွားတယ်။





နောက်ပိုင်း Atomic ဗုံး၊ Hiroshima နဲ့ Nagasaki တွေမှာ ပထမဦးဆုံးအကြိမ်အဖြစ် အချခံ လိုက်ရတယ်။ လူဦးရေ (၂၀,၀၀၀) သေ၊ အဲဒီတုန်းက primitive ဗုံးပြတိုက်ထဲ ထားရမယ့်အခြေအနေမှာ ရှိတယ်၊ Physicist Einstien က Harnessing of the atomic (bomb) changed everything except our way of thinking အနုမြူဗုံးပေါ်လာတာဟာ အရာရာကို ပြောင်းလဲစေနိုင်ပေမယ့် ကျွန်ုပ်တို့ရဲ့ အတွေးအခေါ်ကိုတော့ မပြောင်းလဲစေနိုင်ဘူး။ အရင်ကလို လောဘ၊ ဒေါသ၊ မောဟတွေ ရှိသေးတယ်၊ lust ရှိသေးတယ်၊

English physicist A.M Black က 'the dropping of the atomic bomb is the final military act of the II World War and the first major operation of cold diplomatic War.' ဒုတိယကမ္ဘာစစ်ကြီးမှာ အနုမြူဗုံးကို ချလိုက်ခြင်းဟာ နောက်ဆုံးသော စစ်ရေးလုပ်ဆောင်ချက် ဖြစ်ပြီးတော့ သံတမန် စစ်အေးတိုက်ပွဲရဲ့ ပထမဆုံးသော စစ်ဆင်ရေးကြီးတစ်ခု ဖြစ်တယ်လို့ A.M Black က ပြောသွားပါတယ်၊ အဲဒီကစပြီးတော့ Hegemonic Power ပြောင်းသွားတယ်။ အရင်တုန်းက Britain ဟာ dominant position မှာ ရှိတယ်။ အခု Britain က နောက်ရောက်သွားတယ်။ American ရှေ့ ရောက်သွားတယ်။ Russia လည်း တက်လာတယ်။ American က (1945) မှာ အနုမြူဗုံး ထုတ်တယ်၊ Russia က (1949)မှာ ထုတ်တယ်၊ ထုတ်တော့ အဲဒီမှာ အနုမြူဗုံးတွေ စမ်းကြတယ်။ ရေအောက်၊ မြေပေါ်၊ အာကာသမှာ စမ်းသပ်မှုတွေ လုပ်တယ်၊ American က report တစ်ခု ထွက်တယ်။ သူ့ report အရ ဒီ အနုမြူဗုံးပိုင်တာ ငါးနိုင်ငံရှိသွားပြီ။ (America ရယ်၊ Russia ရယ် Britain, France နဲ့ China) some countries will also develop bombs (some 20 or 30 countries) ဒါကြောင့် Nuclear arms race ကို ရပ်သင့်ပြီလို့ သတိပေးတယ်။ တစ်ခါ Kissinger က 'ကျွန်တော်တို့ ဒီနေ့ခေတ်မှာ ရှောင်လွှဲမရ၊ မလွှဲမသွေ ယူရမယ့် သင်ခန်း[illegible] ဘာလဲဆိုရင်တဲ့ 'Politics of Test of Strength' အားပြိုင်နေတဲ့ နိုင်ငံရေးဟာ ဒီနေ့ အနုမြူခေတ် survival of man kind နဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



The inescapable lesson from the Atomic age is that the politics of Test of strength incompatible with the survival of society' အားမပြိုင်ကြဖို့" Kissinger က ထုတ်ဖော် ပြောဆိုတယ်။ ခုဆိုလို့ရှိရင် ဒီအနုမြူဗုံးတွေကို American က (၇၈၉) ကြိမ် စမ်းပြီးပြီ။ Russia က (၅၆၅) ကြိမ် စမ်းပြီးပြီ။ ပြင်သစ်က (၁၃၈) ကြိမ်၊ Britain က (၃၉) ကြိမ်၊ China က (၂၅)ကြိမ် စမ်းပြီးပြီ။ အားလုံးပေါင်း (၁,၆၆၅) ကြိမ် စမ်းပြီးပြီ။ ခု Nuclear Arsenel ဟာ ကမ္ဘာမှာ အခု Hiroshima မှာ ချခဲ့တဲ့ Primitive bomb ရှေးကျ အနုမြူဗုံးမျိုး ၃ သန်းနဲ့ ညီမျှတယ်။ Megaton ၅ သောင်းနဲ့ ၆ သောင်းကြားမှာ ရှိတယ်။ အဲဒီ Megaton ၅ သောင်းနဲ့ ၆ သောင်းဟာ ကမ္ဘာကြီးကို ၁၅ ဆ ပြန်ဖျက်လို့ ရ တယ်။ (လူတစ်ယောက်ဆီမှာ အနုမြူဗုံး ၁၅ လုံးပိုင်တဲ့ သဘော) ကမ္ဘာမှာ Nuclear Arsenal budget ဟာ 6 trillions. 1trillion ကို ၁၂ လုံးလိုက် 6 trillion dollars. Regular army 24 million ရှိတယ်။ Mobilized လုပ်လို့ရှိရင် သန်း ၅၀၀၊ ၆၀၀၊ ၁,၀၀၀ ဖြစ်သွားမယ်။

(၃) **II Wrold War** ပြီးတာနဲ့အမျှ Military Technology ပြောင်းသွား တယ်။ အရင်တုန်းက conventional war သမားရိုးကျစစ် 19th century အစတုန်းက Grorius တို့ လက်ထက်က international law ပေါ်လာတယ်။ Sea law ပင်လယ် ဥပဒေ၊ ၃ မိုင်ရဲ့ ဟိုဘက်ကို international boundary၊ ၃ မိုင် ဒီဘက်ကို national boundary မှာတုန်းက အပြေးဆုံး အမြောက်ဟာ ၃ မိုင်ပဲ ရှိတယ်။ ဒါကြောင့် နိုင်ငံတကာ ရေကြောင်း limit ကို ၃ မိုင် သတ်မှတ်ခဲ့တယ်။ ခု conventional လက်နက်ဟာ ကလေးကစားစရာ ဖြစ်သွားပြီ။ ပိုအစွမ်းထက်တဲ့ လက်နက်တွေ ပိုင်နေကြပြီ။ Europe မှာ စခန်းချထားတဲ့ Tactic Nuclear weapons ဟာ ဘယ်လောက်ရှိလဲဆိုရင် ဒုတိယကမ္ဘာစစ် တစ်ခုလုံးမှာ သုံးခဲ့တဲ့ Explosive powers တွေရဲ့ အဆထောင်ပေါင်းများစွာ များတယ်။ အဲဒီတော့ ဒီအန္တရာယ်တွေ ကျွန်တော်တို့မှာ ရှိနေတယ်။ ဒီ Technology ပြောင်းတာနဲ့အမျှ Technology ကို peace အတွက်မသုံးဘဲနဲ့ စစ်အတွက်၊





သတ်ဖို့အတွက် သုံးကြတယ်။ C.P Snow က ပြောတယ်။ A physicist & writer. 'What is technological revolution? It is nothing but the some total of changes in human society caused by the use of atom, automation and electronics.' Atom, automation, electronics ကို အသုံးချလာတဲ့အတွက် လူ့အဖွဲ့အစည်းမှာ ပေါ်ပေါက်လာတဲ့ ပြောင်းလဲမှု အပေါင်းကို Technological Revolution လို့ ခေါ်တယ်။ အဲဒီတော့ ကျွန်တော်တို့ ခေတ်မှာ Technological Revolution ဟာ အရှိန်ပြင်းစွာ သွားနေပါရဲ့။ သွားတဲ့ လမ်းက ကောင်းတဲ့လမ်းလား၊ ချောက်ကမ်းပါးဆီကိုလား၊ Kingdom ဆီကိုလား၊ Hill ဆီကိုလား၊ ဒါကို ကျွန်တော်တို့ မျက်ခြည်မပြတ် လေ့လာဖို့ လိုတယ်။ ဒါကြောင့်မို့ Technological Revolution နဲ့အတူ Military Technology ဟာလည်း ပြောင်းလဲ လာတယ်။ Armstrike တွေ ပေါ်လာတယ်။ ပြိုင်လာတယ်။ A.H Anden ဆိုတဲ့ ကဗျာဆရာက term တစ်ခုကို 'Our age is an age of anxiety' ပူပင်များလာတဲ့ ခေတ်မှာ အသက်ရှင်နေကြရတယ်။ ဘယ်နေ့ ဘာဖြစ်မှာလဲ၊ ငါ ဘယ်ရောက်မှာ လဲဆိုပြီး မလုံခြုံမှုနဲ့ နေနေရတယ်။ ခုဆိုရင် ကမ္ဘာမှာ သမိုင်းဆရာတွေရဲ့ အဆိုအရ စစ်ပွဲပေါင်း (၁၅,၀၀၀) ဖြစ်ခဲ့တယ်။ သမိုင်းပေါ်လာတဲ့နောက်မှာ နှစ်ပေါင်း (၆,၀၀၀) မှာ ဖြစ်ခဲ့တဲ့ စစ်ပွဲများ ဖြစ်ခဲ့တယ်။ အခု II World War အပြီး အနှစ် ၄၀ မှာ စစ်ပွဲပေါင်း ၁၃၉ ပွဲ ဖြစ်ခဲ့တယ်။ Arms conflicts အဲဒီထဲမှာ ၁၃၅ ခုက Asia, Africa and Latin America မှာ ဖြစ်တယ်။ ဖြစ်တော့ လက်နက် လျှော့ပေါ့ရေးဟာ peace အတွက် ထုံးစံ မကောင်းဘူးလား၊ ကျွန်တော်တို့ကသာ မလုပ်နိုင်ကြတာ။ ခရစ်တော်ရဲ့ ဆိုဆုံးမဩဝါဒတွေမှာ ပါပြီးသား။ Prophet Isaiah ရဲ့ကျမ်းမှာ 'They must beat their swords into ploughshares and their spears into forks' သင်တို့ရဲ့ ဓားကို ထယ်သွားအဖြစ်ပြောင်း၊ သင်တို့ရဲ့ လှံတွေကို တောက်ဆွတဲ့ ခရင်းတွေအဖြစ် ပြောင်းပစ်ရမယ်။ Neither nations shall lift up their swords against each other. Neither shall they leam the art of War. ကျမ်းစာမှာ ဖော်ပြသလို တွင်းတော်



www.burmeseclassic.com

www.burmeseclassic.com



တို့နောက်မှာ ပေါ်ခဲ့တဲ့ ပညာရှိတွေကလည်း ပြောပါတယ်။ Archbishop of Canterbury Simon က King Edward III ကို မြင်းတပ်ကို လျှော့ပါ။ စစ်အတွင်းမှာ မြင်းနဲ့လူ စားစရိတ်ဟာ တစ်နာရီ ငွေ ၁၀ ခန့် သုံးရတဲ့အတွက် ပြည်သူ လေးယောက်စာရဲ့ ကုန်ကျစရိတ်နဲ့ ညီမျှတယ်။

ခုခေတ်မှာ British physicist Simon က ကျွန်တော်တို့ cruise intercontinental missile တစ်လုံးရဲ့ တန်ဖိုးဟာ လူသန်း ၅၀ အတွက် အစာကျွေးတာနဲ့ ညီမျှတယ်၊ ဆေးရုံပေါင်း ၃၅,၀၀၀ ဆောက်လုပ်နိုင်တယ်။ ကျောင်းပေါင်း ၁၄၀,၀၀၀ ဆောက်လုပ်နိုင်တယ်။ ဒီနေ့ ကမ္ဘာမှာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ WHO ကျန်းမာရေးအဖွဲ့ရဲ့ စာရင်းအရ လူသန်း ၇၀၀ ငတ်နေတယ်။ ၅ နှစ်အောက်ကလေး ၁၅ သန်းဟာ အစာအာဟာရ ချို့တဲ့မှုနဲ့ သေကြေရတယ်။ ဒါကြောင့် ဒီအရာတွေအတွက် သုံးဖို့ကောင်းတယ်လို့ WHO က တွက်ပြတယ်။

အနုမြူလက်နက် စမ်းသပ်တဲ့အခါမှာ ဆိုးဝါးတဲ့အန္တရာယ်တွေ ပေါ်ပေါက် လာတယ်။ Ecological change ကျွန်တော်တို့ရဲ့ ဆောင်းကို မကြာခင်မှာ We'll have to call it Nuclear winter. Nuclear လက်နက် ဒီအတိုင်း ဆက်စမ်းနေကြ မယ်ဆိုရင် အင်မတန် ပူပါတယ်ဆိုတဲ့ နွေဟာ သုံညဒီဂရီအောက် ရောက်အောင် အေးမယ့် ဆောင်းတွင်းကြီး ဖြစ်လာနိုင်တယ်။ ကျွန်တော်တို့ရဲ့ နွေဦးတွေဟာ ပန်းတွေ ပွင့်တဲ့ နွေဦးတွေ မဟုတ်ဘဲနဲ့ Ultra Violet Rays ကို အကာအကွယ်ပေးနေတဲ့ Ozone အလွှာ ပျက်သွားကုန်လိမ့်မယ်၊ Ultral Violet Rays တွေ တိုက်ရိုက် ကျလာမယ့် အတွက် Our plains will be flowerless မိုးစက် မိုးပေါက်တွေဟာ အက်စစ်ရေလို ပူလောင်တဲ့ မိုးပေါက်တွေ ဖြစ်လာလိမ့်မယ်။ ဒါကို Scientists တွေက သတိပေးနေကြ တယ်၊ Sir Philip Robert က Atomic Age မှာ A war will be general suicide ဒီလို general war, global war, all out war ဖြစ်လာရင် ကိုယ့်ကိုယ်ကိုယ် သတ်သေတာ ပဲ ဖြစ်မယ်။ We must abandon war as the continuation of politics or we will not survice. War is continuation of politics in some other way. စစ်ဟာ နိုင်ငံရေးကို အခြားနည်းနဲ့ ဆက်လုပ်တာတို့





ပြောတာ။ ဒါကို စွန့်လွှတ်ရမယ်၊ မစွန့်လွှတ်ရင် ကျွန်တော်တို့အတွက် destruction လို့ ပြောတယ်၊ တစ်ခါ Celesian က We must abolish not particular weapon but war itself. စစ်ကို ဖျက်ပစ်ရမယ်။ Military technology ပြောင်းလာနဲ့အမျှ စစ်အန္တရာယ် ကြီးမားလာတယ်၊ သမ္မာကျမ်းစာမှာ ပါပါတယ်။ "လူတွေ အပြစ်ကျူးလွန်တဲ့အခါ ထာဝရဘုရားသခင်က ကမ္ဘာကြီးကို ရေလွှမ်းစေပြီး Noah ကို တောင်ကုန်းပေါ် ပို့တယ်။ ၄၉ ရက် မြောက်မှာ ချိုးငှက်ကို လွှတ်လိုက်တယ်၊ ချိုးငှက်က သံလွင်ခက်ကို ချီပြီး ပြန်လာတယ်၊ အဲဒီခါကျမှ Noah ဟာ တောင်ကုန်းပေါ်က ဆင်းလာတယ်။ ကမ္ဘာမှာ Noah ရဲ့ family တစ်ခုပဲ ကျန်ရစ်ခဲ့တယ်" အဲဒီတော့ ဒါဘာကြောင့်လဲ. . . ကျွန်တော်တို့ လူတွေ အပြစ်ကျူးလွန်တဲ့ အတွက် ဘုရားက အပြစ်ဒဏ်ပေးတာ၊ လူတွေက Nuclear စစ်ပွဲကို ဆက်လက် စမ်းသပ် စစ်ဆင်နွှဲနေမယ်ဆိုရင် ဘုရားသခင်က ပိုစိတ်ဆိုးပြီးတော့ ခေတ်သစ် Noah ကိုတောင်မှ ချန်ထားပါ့မလားဆိုတာ ကျွန်တော် အများကြီး သံသယ ဖြစ်မိတယ်၊ World congress of physicists က (1981) မှာ statement တစ်စောင် ထုတ်လိုက်တယ်၊ 'A twenty ton megaton bomb' ကို မြို့ကြီးတစ်မြို့ပေါ် ချလိုက်မယ်ဆိုရင် one and a half mile အတွင်းမှာရှိတဲ့ အရာအားလုံးဟာ အငွေ့ ဖြစ်သွားမယ်။ ပြင်းထန်လွန်းလို့ explosion မှာ 30 million - 40 million ဒီဂရီဖာရင်ဟိုက် ရှိတာကြောင့် အငွေ့ဖြစ်သွားမယ်။ ၆ မိုင် ပတ်ဝန်းကျင် အတွင်းမှာ ရှိတဲ့ အရာအားလုံးဟာ silent flash လျှပ်စီးလက်သလို မြင်လိုက်ရတဲ့ ဝင်းခနဲအသံ၊ မြင်တဲ့အရောင် ကြောင့် explode ဖြစ်ပြီးတော့ instant death ရုတ်တရက် သေဆုံးကြမယ်၊ အငွေ့တော့ မဖြစ်ဘူး၊ super-sonic short wave အသံထက် မြန်တဲ့ တုန်လှုပ်မှုကြောင့် အဆောက်အအုံအားလုံး ပြိုကျကုန်မယ်၊ မိုင် ၁၅၀ ဝန်းကျင်အတွင်း တစ်နာရီ မိုင် ၃၀၀ နှုန်း တိုက်ခတ်လာတဲ့ လေပြင်းကြီးကြောင့် Northern Hemisphere တစ်ခုလုံးဟာ ၂၄ နာရီအတွင်း အသေး lifeless ဖြစ်သွားမယ်၊ တစ်နာရီ မိုင် ၂၀ နှုန်းတိုက်တဲ့ လေထဲပါတဲ့ အနုမြူ ဓာတ်ပြာတွေကြောင့် တိုက်ရိုက် ရှုမိတဲ့လူတွေက ၂၄ နာရီအတွင်း သေမယ်၊ Indirect dose ရတဲ့ လူတွေဟာ fatal formation ပြောင်းမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးအသေတွေ မွေးလာကြမယ်။ နောင်လာမယ့်မျိုးဆက်တွေမှာ genetic changes တွေ ဖြစ်လာမယ်ဆိုပြီး physicists တွေက statement ထုတ်လိုက်တယ်။ ဒါကြောင့်လည်း physicists တွေက ဒီဗုံးမျိုး မခွဲကြဖို့ တားကြတယ်။ ခုနက ပြောခဲ့တဲ့ အဖြစ်ဆိုးတွေဟာ စိတ်ကူးယဉ် မဟုတ်ဘူး။ တကယ် ဖြစ်မယ့်ဟာတွေပါ။ လုပ်ရင် တကယ်ဖြစ်တဲ့ဟာတွေ၊ အကျယ်ချဲ့ ပြောနေတာ မဟုတ်ဘဲ တကယ်စစ်မှန်တဲ့ facts တွေ ဖြစ်တယ်။

(၄) **Peace movements** တွေ စစ်အပြီး ပေါ်လာပါတယ်။ abstract term မဟုတ်ဘဲ concrete term လက်တွေ့ လုပ်ရမယ်။ ဒါကြောင့် peace movement တွေ ပေါ်လာတယ်။ peace movement ဟာ (1932) II World War မတိုင်ခင် Amsterdam မှာ congress တစ်ခု လုပ်တယ်။ အဲဒီ congress က anti-war congress, the first anti-war congress. စစ်ဆန့်ကျင်ရေး ကွန်ဂရက်၊ အဲဒီကို ဘယ်သူတွေ တက်ကြလည်း ဆိုတော့ ပြင်သစ် စာရေးဆရာ Henery Bapanse၊ ပြင်သစ် စာရေးဆရာ Romaine၊ သိပ္ပံပညာရှင်အိုင်စတိုင်း၊ ရုရှားက စာရေးဆရာ ဂေါ်ကီ၊ အမေရိကန်က စာရေးဆရာ ဆင်ကလဲယား၊ အင်္ဂလန်က ဂျော့ဘားနတ်ရှော တို့ ပါဝင်ကြပါတယ်။

၁၉၃၆ မှာ ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်သူများ ကွန်ဂရက် The congress for the defenders of peace ဆိုပြီး Brussels မှာ လုပ်တယ်။ အဲဒီမှာ Physicists တွေ၊ Scientists တွေ၊ Physicists တွေ တက်ခဲ့ကြပါတယ်။

စစ်ပြီးတဲ့နောက်မှာ ၁၉၄၇ ခုနှစ်မှာ Intellectual congress for peace ပညာရှင်တို့ရဲ့ ငြိမ်းချမ်းရေးကွန်ဂရက်ကို ပိုလန်ပြည် ရိုကောလ်မှာ ပြုလုပ်ခဲ့ပါ တယ်။

၁၉၄၉ မှာ World Peace Council ဆိုပြီးတော့ ကမ္ဘာ့ငြိမ်းချမ်းရေး ကောင်စီကို ဖွဲ့တယ်။ Professor Curie က President (Radium ကို စတင်တွေ့ရှိခဲ့တဲ့ Physicist) Peace အပြီး ၁၉၅၀ မှာ ကမ္ဘာတစ်ဝန်းလုံးမှာ စုပေါင်းလက်မှတ်ရေးထိုးပွဲ Signature campaign ဆိုပြီးတော့





အနုမြူဗုံးတွေ မစမ်းဖို့၊ ပိတ်ပင်ဖို့၊ ဖျက်ဆီးပစ်ဖို့ ကမ္ဘာမှာ လက်မှတ်တွေ ကောက်ခဲ့တယ်။ လက်မှတ်ပေါင်း သန်း ၁,၀၀၀ လောက် ရခဲ့တယ်။ အဲဒီတုန်းက ကမ္ဘာ့လူဦးရေဟာ သန်းပေါင်း ၂,၀၀၀ လောက်ပဲ ရှိတယ်။ အင်္ဂလန်မှာ Bertrand Rusell ခေါင်းဆောင်တဲ့ နျူကလီးယား လက်နက်များ ဖျက်သိမ်းရေးကော်မတီ (Campaign for Nuclear disarmament) လူတစ်ရာပါတဲ့ ကော်မတီ (Committee of one hundred) တချို့ ကော်မတီက လူနည်းနည်းလေး ပါတယ်။ Christian peace groups တွေက အများကြီး ပေါ်လာတယ်။ ဒိန်းမတ်မှာ ပေါ်လာတယ်၊ အမေရိကမှာ ပေါ်လာတယ်။ အာဖရိက၊ Europe မှာ ပေါ်လာတယ်။

ပတ်ဝန်းကျင်ဆိုင်ရာ ဂရင်းပိစ် လှုပ်ရှားမှု Environmental Green peace movement ဂျာမနီမှာ ပေါ်လာတယ်။ ဂျပန်မှာ ကျွန်တော့်မိတ်ဆွေ Professor ယာစူအိုး International law ရဲ့ ပါမောက္ခ ခေါင်းဆောင်တဲ့ Japan Council of A & H (Atomic & Hydrogen) Bomb ဆိုတာ ပေါ်လာတယ်။ ဘာသာရေး အဖွဲ့အစည်းအနေနဲ့ ကြည့်ရင် WCC အနေနဲ့ ၁၉၈၁ Odessa မှာ ကျင်းပတဲ့ လက်နက် ဖျက်သိမ်းရေး၏ ဖြစ်နိုင်ခြေနှင့် ပြဿနာများ Problems and possibilities of disarmament ဆွေးနွေးပွဲ ဆုံးဖြတ်ချက်တွေ ချတယ်။ ကာသိုလိပ် အသင်းတော်မှာ Pope ကိုယ်တိုင်က နိုင်ငံကြီးတွေကို လက်နက်၏ အကျိုးသက်ရောက်မှု (The effects of the Nuclear Weapons) Pope ရဲ့ Papal academy of Science က စာတမ်းတင်ပြီး နိုင်ငံကြီးတွေကို ပေးခဲ့တယ်။ အဲဒီတော့ ကမ္ဘာမှာ peace movements တွေ အများကြီး ပေါ်လာတယ်။

## (၅) What is peace

Jesus Christ is peace၊ မွေးလာကတည်းက with peace သေသွားတော့လည်း with peace သူ့ဘဝတစ်လျှောက်လုံးမှာလည်း with peace၊ မွေးလာတော့ သိုးကျောင်းသားလေးတွေက နွားစာခွက် (Manger) ထဲမှာ ကလေးကို တွေ့တယ်။ ကြယ်ကြီး ပေါ်ထွန်းလာပြီး Angels တွေက Glory to God in the highest-on earth mercy & peace to-



www.burmeseclassic.com

www.burmeseclassic.com



ward men. 'မြေပြင်ပေါ်၌ လူသားအားလုံး ကရုဏာနှင့် ငြိမ်းချမ်းခြင်း ရှိစေသတည်း' ကောင်းကင်တမန်က ဆိုပြီးတော့မှ everybody rejoice! Jesus Christ ဟာ မွေးကတည်းက အားလုံး ရွှင်လန်းပြီး မွေးလာတယ်။ ယေရှုက ခိုက်ရန်ဖြစ်သွားခြင်းကို ငြိမ်းအောင် ပြုလုပ်သော သူတို့သည် မင်္ဂလာရှိကြ၏၊ ခရစ်တော် မွေးရာကစ ကားတိုင်တက်ရသည်အထိ ဘာလုပ်ခဲ့လဲ ဆိုတော့ peace and justice-against social injustice. ဂျူးလူမျိုးတို့ရဲ့ ဝတ်ကျောင်းထဲ ဝင်ပြီးတော့ disciples တွေရဲ့ social injustice ကို တိုက်တဲ့အတွက် ကားတိုင်တက်ရတယ်။ Jesus ဘဝတစ်လျှောက်လုံးမှာ လူလူချင်း မုန်းတီးမှုကြောင့် ပေါ်ပေါက်သော ဆန့်ကျင်မှု (Hatred, injustice) ကို ဆန့်ကျင်တယ်။ တိုက်ဖျက်တယ်။ မေတ္တာတရား (love) ကို ပြတယ်။ လူအားလုံးကို သနားကြင်နာတယ်။ ဘယ့်မှာ သိလဲဆိုရင် If one member suffers, other members suffer. If one member be honoured other members rejoice အင်္ဂါတစ်ခုတည်းခံရလျှင် အခြားအင်္ဂါများ ခံရတယ်။ အင်္ဂါတစ်ခု ချီးမြှင့်ဂုဏ်ယူခြင်း ခံရလျှင် အခြားသော အင်္ဂါများလည်း ဂုဏ်ယူဝမ်းမြောက်ကြတယ်။ ဒါ ခရစ်တော် ဘာကို ပြောသလဲ social justice ကို ပြောတာ။ social injustice ကို ပြောတာ၊ ခရစ်တော်က လူမျိုးရေးခွဲခြားမှု (racial discrimination) ကို ဘယ်သူ့ ဘယ်သူကိုမှ လူသားအားလုံးဟာ တစ်ယောက်ခံရလျှင် ကိုယ်ခံရတာနဲ့ အတူတူပဲ။ တစ်မျိုးခံရရင် တစ်မျိုးခံရတာနဲ့ အတူတူပဲ။ လူမျိုးတစ်မျိုး ချီးမြှောက်ခံရရင် အခြားလူမျိုးတစ်မျိုး ချီးမြှောက်ခြင်းခံရတာနဲ့ အတူတူပဲ။ ခေတ်သစ် အဓိပ္ပာယ်နဲ့ ဒီလိုပဲ ပြန်ချင်ပါတယ်။ အင်္ဂါတစ်ခုတည်း ခံရရင် အခြားအင်္ဂါများလည်း ခံရ၏။ အင်္ဂါတစ်ခု ချီးမြှောက်ခြင်းခံရရင် အခြားအင်္ဂါများလည်း ချီးမြှောက်ခြင်း ခံရ၏။ ဒါဟာ racial discrimination ကို ဆန့်ကျင်တယ်လို့ ဒီလိုပဲ ပြောချင်တယ်။ ခရစ်တော်ဟာ လူတစ်စုတည်းအတွက်ကို ပြောတာ မဟုတ်ဘူး။ လူတွေအားလုံး အတွက်ကို ပြောတာ။ Universal Truth ကို ပြောတာ။ ကျွန်တော်တို့ကသာ ကျွန်တော်တို့ဆိုင်ရာမှာသာ apply လုပ်နေကြတယ်။ ဘယ်နေရာမှာ ကြည့်ကြည့် မှန်တယ်။ တစ်ခါ လူမျိုးအားလုံးကို တစ်သွေးတည်း ဖြစ်စေတော်မူတယ်။ လူမျိုးအချင်းချင်း equality, social justice





အဲဒါတွေကို ပြောနေရတာ၊

ဒါကြောင့်မို့ ခရစ်တော်ဟာ from the cradle to the grave or if I may be permitted to say from the manger to the cross နွားစာခွက်မှသည် လက်ဝါးကပ်တိုင်ဆီထိ ခရစ်တော်ရဲ့ တစ်လျှောက်လုံးမှာ ငြိမ်းချမ်းခြင်းနဲ့အတူ မွေးပြီးတော့ ငြိမ်းချမ်းခြင်းနဲ့ လက်ဝါးကပ်တိုင်တက်တယ်။ မေတ္တာနဲ့အတူ မွေးပြီး မေတ္တာနဲ့ အတူ ကားတိုင်ပေါ် တက်တယ်။ Justice နဲ့အတူ မွေးပြီး Justice တရားမျှတရေးနဲ့အတူ လက်ဝါးကပ်တိုင်ပေါ် တက်တယ်။ ဒါကြောင့် ခရစ်တော်ရဲ့ဘဝဟာ အင်မတန် ငြိမ်းချမ်းတဲ့ဘဝ၊ အင်မတန်မှ မေတ္တာနဲ့ ထုံမွှေးတဲ့ ဘဝ၊ အင်မတန်မှ လူအချင်းချင်း ကိုယ်ချင်းစာတရား၊ ကရုဏာတရားနဲ့ ပြည့်စုံတဲ့ဘဝကို ကျွန်တော်တို့ မြင်ရပါတယ်။ ဆိုရိုးစကား ဩဝါဒ Quotations တွေ ရှိသေးတယ်။

(၆) Peace ဟာ ဘာလဲ။ Peace ကို ကြည့်ချင်ရင် ခရစ်တော်ရဲ့ဘဝ၊ Peace အတွက် ကျွန်ုပ်တို့ ဘာလုပ်ရမှာလဲ။ ခရစ်တော်ရဲ့အလုပ်တို့ လုပ်ရမယ်။ ခရစ်တော် သွန်သင်တဲ့စကား၊ ခရစ်တော်ရဲ့အလုပ်ကို လုပ်ခြင်းသည် Peace ကို လက်တွေ့လုပ်ခြင်း၊ ခရစ်တော်က မကျန်းမာသောသူများတို့ ကုတယ်။ ဆင်းရဲသားများကို ကူညီတယ်။ ဒါတွေကို လိုက်လုပ်တာ။ တစ်ယောက်ကို တစ်ယောက် မေတ္တာပွားများအောင် လုပ်တာ။ အဲဒါတွေဟာ ခရစ်တော်ရဲ့ အလုပ်ကို လက်တွေ့လုပ်တာပဲ ဖြစ်တယ်။ ဒါကြောင့် ခရစ်တော်ရဲ့ ဘဝဟာ ငြိမ်းချမ်းခြင်း ဖြစ်တယ်။ အတိုချုံးလိုက်ရင် Peace ဟာ Shakespeare က ပြောတယ်။ 'Peace dear nurse of Arts, plenties and births' အို. . . ငြိမ်းချမ်းခြင်း၊ အနုပညာရပ်များ၊ စည်းစိမ်ဥစ္စာ ရတနာများနဲ့ ကလေးသူငယ်များ၏ ချစ်လှစွာသော အထိန်းတော်ကြီး မွေးဖွားခြင်း များပြားခြင်းများ၏ အထိန်းတော်ကြီး၊ သူနာပြု ဆရာမကြီး Bishop Patrick က 'Peace is the proper result of our Christian temper' ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ ခရစ်ယာန် ဘာသာဝင်များရဲ့ စိတ်နေသဘော ရဲ့ အကျိုးသက်ရောက်မှု ဖြစ်တယ်။ ကျွန်တော်တို့ ခရစ်ယာန် ဓမ္မသတ္တ 'Christian temper; it is the great kindness, that our religion taught us'. ခရစ်ယာန်တို့၏ စိတ်ဓာတ်၊ စိတ်ထားမြတ်ခြင်း၏ ရလဒ် ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်တို့ သာသနာတော်က သွန်သင်ပေးလိုက်တဲ့ ကြီးမားသော တောတရားကာ ဖြစ်တယ်။

တစ်ခါ Christian Bishop တစ်ပါးဖြစ်တဲ့ Thompson က ဘာပြောလဲ ဆိုတော့ 'Peace is a happy natural state of man' ငြိမ်းချမ်းခြင်းဟာ လူသားရဲ့ သဘာဝကျတဲ့၊ ပျော်ရွှင်တဲ့ အခြေအနေတစ်ရပ် ဖြစ်တယ်။ 'War, his corruption, his disgrace.' စစ်ကတော့ သူ့ရဲ့ အကျင့်ပျက်ခြင်း၊ သူ့ရဲ့ ဂုဏ်ပျက်ခြင်း ဖြစ်ပါတယ်။

နိဂုံးချုပ်ရရင် Peace က not the absence of war စစ်မဖြစ်တာ မဟုတ်ဘူး။ စစ်မရှိရုံနဲ့ ငြိမ်းချမ်းရေးသက်သက် မဟုတ်ဘူး။ WCC ရဲ့ sixth Assembly ရဲ့ ဆုံးဖြတ်ချက်မှာလည်း ပါတယ်။ ငြိမ်းချမ်းရေးဆိုသည်မှာ စစ်မရှိခြင်း မဟုတ်ဘူး။ (Peace is not just the absence of War) စစ်မရှိခြင်းဆိုသည့် it is not only negative, it must also be positive ကောင်းပြီ. . . ဒါဖြင့် ဘာလဲ၊ fear from war, threat of war စစ်မဖြစ်ပေမယ့် စစ်ရဲ့အစရယ်၊ စစ်ဘယ်တော့ ဖြစ်မှာလဲဆိုတဲ့ fear ကနေ အဲဒါ အကျိုးဘက်က ကြည့်မြင်ခြင်း (positive)၊ နောက်တစ်ခါ ဒီ War က ငါ့လူမျိုးကို ဖိနှိပ်မှာလား၊ သူ့လူမျိုးကို ဖိနှိပ်မှာလား၊ social justice ရှိရမယ်။

(၁) fear from the threat of war စစ်ရဲ့ ခြောက်လှန့်မှုကနေ ကင်းလွတ် ရမယ်၊

(၂) misgiving သံသယ ကင်းရမယ်၊ mistrust မယုံကြည်မှု ကင်းရမယ်။ ဒီအရာတွေ အားလုံးကင်းမှ ငြိမ်းချမ်းရေးကို ရနိုင်ပါမယ်။

သမိုင်းဆရာများက စစ်ပြီးကာလကို ငြိမ်းချမ်းရေးကာလလို့ ပြောကောင်း ပြောကြလိမ့်မယ်။ a time of peace ကျွန်တော်ကတော့ ဒီခေတ်ကြီးဟာ no peace no war situation စစ် မရှိဘူး။ စစ်မရှိလို့ ငြိမ်းချမ်းရေး ရှိလား ဆိုလို့လည်း ပြောမရ ဘူး။ Is there War? no- Is there Peace? no (no peace no war situation.) စစ်ဖြစ်မှာလားဆိုပြီး ကြောက်နေရတယ်။ ကိုယ့်လူမျိုး ဖိနှိပ်မှာလည်း ကြောက်နေရတယ်၊ Social injustice တွေ ရှိနေတယ်။ မယုံမကြည်ဖြစ်ခြင်း (mistrust)၊ မသင်္ကာ ဖြစ်ခြင်း (mis-





giving)၊ သံသယဖြစ်ခြင်း (doubts) တွေ ရှိနေတယ်၊ ဒါတွေ ရှိနေသမျှ ကာလပတ်လုံး peace မရဘူး။ peace ရအောင် ခရစ်ယာန်တွေအနေနဲ့ ဘာတွေ လုပ်သင့်သလဲ၊ နိုင်နိုင်မာမာ concretely အကြံပြုချင်တယ်၊

စစ်ရဲ့အန္တရာယ်ကို လူတွေ သဘောပေါက်လာအောင်၊ တတယ် နားလည် လာအောင် ပြောပြဖို့ လိုပါတယ်၊ ငြိမ်းချမ်းရေးရဲ့သဘောကို လူတွေ နားလည် သဘော ပေါက်လာအောင် ပြောဖို့လိုပါတယ်။ Social injustice ရဲ့ မကောင်းမှု၊ Justice ရဲ့ ကောင်းမှုကို လူတွေ သဘောပေါက်လာအောင်၊ နားလည်လာအောင် ပြောဖို့လိုပါ တယ်။ ပြောတဲ့နေရာမှာ ခရစ်ယာန်တို့ရဲ့ ကျင့်ဝတ်တွေနဲ့အညီ ကောင်းမြတ်သော အကျင့်တရား(Christian ethics with Christian virtues) အခြားသော အသင်းအဖွဲ့များ၊ အခြားသော ဘာသာရေးဂိုဏ်းများနဲ့ တတ်နိုင်သမျှ လက်တွဲလုပ်ကြမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ဟာစစ်ကို လုံးဝ မတားဆီးနိုင်ရင်တောင်မှ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေး အတွက်အနည်းနဲ့အများ ပါဝင်ကူညီဆောင်ရွက် contribution ပေးနိုင်မယ်လို့ ထင်ပါတယ်၊ ဒါကြောင့် Peace & Mercy be with you လို့ ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

[၂၂၊ ၉၊ ၈၆ မှ ၂၄၊ ၉၊ ၈၆ ရက်နေ့အထိ၊ ယုဒသန်ရိပ်သာတွင် ကျင်းပခဲ့သော 'ငြိမ်းချမ်းရေးအတွက် ခရစ်တော် ယနေ့ အသက်ရှင်ခြင်း' လေ့လာဆွေးနွေးပွဲမှ ဟောပြောချက်]



www.burmeseclassic.com

www.burmeseclassic.com

## လူငယ်နှင့် စာပေ

ကျွန်တော်ပြောမဲ့အကြောင်းက ဝတ္ထုတစ်ပုဒ် မွေးဖွားခြင်း၊ ခင်ဗျားတို့ စာတွေဖတ်တယ်၊ လေးငါးနှစ်သားကလေးတွေ စာဖတ်၊ ကာတွန်းဖတ်တယ်၊ ရုပ်ပြဖတ်တယ်၊ ဒီထက် နည်းနည်းကြီးလာတော့ ရင်ခုန်တယ်။ ၈ တန်းနဲ့ ၉ တန်း၊ ၁၀ တန်းလောက်ကြတော့ ဒိတ်ဒိတ် ဒိတ်ဒိတ်နဲ့ ရင်ခုန်လာတယ်။ ကောင်လေးတွေရော၊ ကောင်မလေးတွေရော ဘယ်သူတွေ ဖတ်သလဲဆိုတော့ နိုကိုဦးတို့၊ မိကိုဦးတို့ဆိုတဲ့ ဝတ္ထုတွေကို ဖတ်တယ်။ နိုကိုဦးဇင်လား၊ မိကိုဦးဇင်လား၊ နိုကိုဦး လားတော့ ကျွန်တော် မသိဘူးပေါ့လေ။ အဲ့ဒီ ဝတ္ထုတွေကို ဖတ်တယ်။ တို့က မင်းကို မြင်လိုက်တယ်ဆိုတာ ဘာညာပေါ့လေ။ တစ်ခါတည်း အော်တိုတွေ၊ ဘာတွေကူး၊ မှင်နီတွေဘာတွေသား၊ အဲ အသက် နည်းနည်း ကြီးလာတော့ ငြိမ်းကျော်တို့၊ မောင်စိန်ဝင်းတို့ ဖတ်တယ်။ ကောလိပ်ကျောင်းက ထွက်လာတော့ သားနဲ့မယားနဲ့၊ အိုးနဲ့အိမ်နဲ့၊ လူမှုရေးကိစ္စတွေ ရှိလာပြီ၊ အဲဒီအခါတော့ ခင်ဗျားတို့ ဘာတွေဖတ်သလဲဆိုတော့ နိုင်ငံတကာရေးရာ၊ ကမ္ဘာမှာ ဘာဖြစ်နေသလဲ၊ မြန်မာနိုင်ငံမှာ ဘာတွေဖြစ်နေသလဲ စသည်ဖြင့် ဗဟုသုတဖြစ်စဖွယ် စာအုပ်တွေ ဖတ်တယ်။ အဲဒီထက် အသက်နည်းနည်း ကြီးလာတော့ အသက် ၅၀ လောက် အရွယ်ရောက်တော့ ကြီးပွားရေးမဂ္ဂဇင်းတွေ ဖတ်တယ်။ Succes Literature ဘယ်လို အောင်မြင်အောင်လုပ်ရမလဲ၊ ဘယ်လို ကြီးပွားအောင် လုပ်ရမလဲ၊ ကိုယ့်သားသမီးကို ဘယ်လိုပြုစုမွေးမြူရမလဲဆိုတဲ့ စာအုပ်တွေဖတ်တယ်။





အသက် ၆၀ လောက် ရောက်လာတော့ ခင်ဗျားတို့ [illegible] ဆရာတော်ဘုရားရဲ့ စာအုပ်တွေ ဖတ်တယ်။ ချမ်းမြေ့တာ စာတွေ ဖတ်တယ်။ တောင်မြို့ ရှင်မဟာဇနကာဘိဝံသရဲ့ စာတွေဖတ်တယ်။ ဦးပိဋကတ်ဆရာတော်ဘုရားရဲ့ စာတွေဖတ်တယ်။ ဒါ ဘာသာရေးကို လိုက်စားတယ်။ ဒီထက် နည်းနည်း အသက်ကြီးလာတော့ အသက် ၇၀ လောက်ရောက်လာတော့ ခင်ဗျားတို့ မဖတ်ဘဲ မနေဘူး။ မြေးတွေနဲ့အတူ ကာတွန်းတွေ ဖတ်တယ်။ ရုပ်ပြတွေ ဖတ်တယ်။ အဲဒီတော့ ခင်ဗျားတို့စာတွေ ဖတ်နေဦးမှာပဲ။ အဲဒီတော့ စာဖတ် ပရိသတ်အတွက်၊ ဝတ္ထုဖတ်တဲ့ ပရိသတ်အတွက် ဝတ္ထုတစ်ပုဒ် ဘယ်လို ဖြစ်ပေါ်လာသလဲ။ ဘယ်လိုမွေးဖွားလာသလဲဆိုတာ ကျွန်တော် ပြောပါမယ်။ ပြောတဲ့အခါ ကျွန်တော့်ဝတ္ထု 'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်' ဆိုတဲ့ဝတ္ထု။ အဲဒီဝတ္ထုကို ကျွန်တော် ဘယ်လိုရေးခဲ့သလဲဆိုတာ ကျွန်တော် ပြောပါမယ်။ ကျွန်တော့်ဝတ္ထုကို ကျွန်တော် ထုတ်နုတ်ကိုးကားရတဲ့အတွက် ခွင့်လွှတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဝတ္ထုကို ကိုယ်ပြန်ပြောရမှ ရေရေလည်လည် ရှိမှာ ဖြစ်တဲ့အတွက် ကျွန်တော့်ဝတ္ထုကို ကျွန်တော် ကိုးကားရခြင်း ဖြစ်ပါတယ်။ အဲဒီဝတ္ထုကို ၁၉၇၃ ခုနှစ်က ရေးပါတယ်။ အခုအချိန်အထိ အနှစ် ၂၀ နှစ် အတွင်းမှာ ၁၃ ကြိမ်ရိုက်ပြီးပါပြီ။ ရှေ့နှစ်မှာ ၁၄ ကြိမ်မြောက် ကျွန်တော် ရိုက်ပါမယ်။ ထုတ်ပါမယ်။ အဲဒီဝတ္ထုကို မောင်ယဉ်အောင် အဲဒီ နာမည်နဲ့ မြန်မာပြည် အနှံ့အပြားမှာ ပြဇာတ် ကပြီးပါပြီ။ အဲဒီဝတ္ထုကို ကောလိပ်ဂျင်နေဝင်း မသေခင်က ကောလိပ်ဂျင်နေဝင်းရယ်၊ မြတ်လေးရယ် မို့မို့မြင့်အောင်ရယ် ကက်ဆက်ဇာတ်လမ်း သွင်းခဲ့ဖူးပါတယ်။ အဲဒီဝတ္ထုကို ၁၉၈၅ ခုနှစ်မှာ ဂျပန်ပြည်မှာ ဂျပန်ဘာသာနဲ့ ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ အဲဒီဝတ္ထုကို ရှေ့နှစ်မှာ အင်္ဂလိပ်ဘာသာနဲ့ အနောက်နိုင်ငံမှာ ပုံနှိပ်ထုတ်ဝေပါမယ်။ အဲဒီဝတ္ထုကို မနှစ်တစ်နှစ်လောက်က ရုပ်ပြ ၆ တွဲ ထုတ်ဝေခဲ့ပါတယ်။ ကာတွန်းဆရာတစ်ယောက်၊ ရုပ်ပြဆရာတစ်ယောက်ရေးပြီး အဲဒီဝတ္ထုကို ကျော်ဟိန်းက အခု ရုပ်ရှင်ရိုက်တယ်၊ ပြီးသွားပါပြီ။ ကျွန်တော် ဒီလောကင် တစ်ပတ်လောက်မှာ ကျော်ဟိန်းက ကျွန်တော့်ကို ဆရာရေ . . [illegible] တကယ် ကျွန်တော့် ဓားတောင်ကျော်ရမှာတဲ့။ အခက်အခဲတွေအများကြီး ၅ နှစ်ကြာ[illegible]ယ်တဲ့၊ အခု ကျွန်တော် ပြီးသွားပါပြီ။ လိုက်ကြည့်လိုက်ပါဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဆာလည်း ကျလာပါပြီဆိုလို့ ကျွန်တော် သွားကြည့်ပါတယ်။ ကျွန်တော်ရေးတဲ့ လူတစ်ယောက် အနေနဲ့ သဘောကျတယ်၊ ကျေနပ်ပါတယ်။ အဲဒီဝတ္ထုမှာ ကျော်ဟိန်း၊ ကျော်ဟိန်းက သံချောင်း၊ နေအောင်ကို ကိုနန္ဒာ၊ ကျော်သူက ရဲမြင့်၊ ရဲမြင့် သူငယ်ချင်း တင်ထွန်းအောင် က မင်းဦး၊ လူကြမ်းအဖြစ် ဘရန် နေရာမှာ သရုပ်ဆောင်တဲ့သူက ဘီအိုးဒီ အောင်သိုက်၊ မင်းသမီး ချိုပြုံးက ကျော်ဟိန်း အမေ၊ သံချောင်း အမေ၊ နောက် သီတာသိမ့် ပါတယ်။ မေဆွိပါတယ်၊ ခိုင်ခင်ဦး ပါတယ် စသည်ဖြင့်ပေါ့လေ။ ကျော်ဟိန်းက ဆရာရေတဲ့ ကျွန်တော် ဒီကားကို All Stared Parts ရိုက်မယ်တဲ့။ All Stared Part ဆိုတာက ဆိုဒ်ပတ် တစ်ယောက်မှ မပါဘူး။ ပေါ်လာတဲ့၊ ပိတ်ကားပေါ် ပေါ်လာတဲ့လူတိုင်းဟာ မင်းသား၊ မင်းသမီးချည်းပဲ ဖြစ်ရမယ်။ ကျော်ဟိန်း မင်းသား၊ နေအောင် မင်းသား၊ ကျော်သူ မင်းသား၊ မင်းဦး မင်းသား၊ ဘီအိုးဒီအောင်သိုက်လည်း မင်းသား၊ ချိုပြုံး မင်းသမီး၊ သီတာသိမ့် မင်းသမီး၊ ခိုင်ခင်ဦး မင်းသမီး၊ မေဆွိ မင်းသမီး၊ မသန်းကြည် မပါဘူး၊ ဘယ်သူမှ ဘယ်ဆိုဒ်ပတ်ကမှ မပါဘူး။ အဲဒီလူနဲ့ပဲ ကျွန်တော် ရိုက်မယ်တဲ့။ အင်္ဂလိပ်လိုတော့ All Stared Part အားလုံးပါဝင်တဲ့ ဇာတ်ဆောင်တွေဟာ Stars တွေချည်း ဖြစ်ရမယ်။ ဇာတ်လိုက်တွေချည်း ဖြစ်ရမယ်။ အဲ့ဒီလို ရိုက်ပါတယ်။ သူ သိန်း (၅၀)လောက် ကုန်တယ်လို့ ကျွန်တော့်ကို ပြောပါတယ်၊ ကျွန်တော်က ဖိုးကျော် မင်း ဒီကား ကုန်တာများလှ ချည်လား၊ မင်း ရှုံးလိမ့်မယ် ထင်တယ်။ ဆရာ ရှုံးရင် ရှုံးပလေ့စေတဲ့။ ကျွန်တော် ဟုတ်တာရော၊ မဟုတ်တာရော လုပ်ပြီး ပိုက်ဆံရှာ ရိုက်ပြီးပြီတဲ့၊ ဒီကားမှာ ကျွန်တော် မသေခင် ဒီတစ်ကားတော့ ကျန်ရစ်အောင် လုပ်မယ် ဆိုပြီး သူ ကြိုးကြိုးစားစား ရိုက်ပါတယ်၊ ဆေးရောင်စုံနဲ့၊ အခု ပြီးသွားပါပြီ။ ရုံတင်တဲ့အခါ ပြပါလိမ့်မယ်။ ကျွန်တော် ထင်တယ်။ ရှေ့နှစ် ၁၉၉၅ လောက်မှာ နှစ်ကူးလပိုင်းလောက်မှာ ပြနိုင်လိမ့်မယ် ထင်ပါတယ်။ အဲဒီတော့ အဲဒီဝတ္ထု ဘယ်လိုရေးသလဲဆိုတာကို ကျွန်တော် ပြောပါ့မယ်။ အဲဒီဝတ္ထုကို ကျွန်တော် ရေးတာက ၁၉၇၃ ခုနှစ်၊ ကျွန်တော် အဲဒီဝတ္ထု ဖြစ်ပေါ်လာပုံ ပြောမလို့နော်။ ကျွန်တော်သွားတုန်းက ကျွန်တော် နိုင်ငံခြားကို သွားတုန်းက ဧည့်သည်တော် အဖြစ်သွားတာ၊ ကျွန်တော့်သားအငယ်ဆုံးက နှစ်လသား၊ ကျွန်တော် ပြန်လာတဲ့ အခါကြတော့ ဒီကောင်က ၈ နှစ်ခွဲ၊ ၈ နှစ်နဲ့ ၆ လနော်၊ စတုတ္ထတန်း





ကျောင်းသားကြီး ဖြစ်နေပြီ။ ၈ နှစ်ခွဲကို သူ့ကြည့်တော့ ဆံပင်အရှည်နဲ့ ကုပ်ဝဲ၊ အကျီကလည်း သတင်းစာစက္ကူ ချုပ်ဝတ်ထားသလို စာလုံးတွေက I Love You ဘာညာပြည့်လို့။ ကျွန်တော်က အရင်က သတင်းစာစက္ကူ အောက်မေ့လို့။ နောက်ကျတော့ အဝတ်၊ ဘောင်းဘီကျတော့ ဒီကောင်က **Bell** ဘဲ့ Flare တို့ Bell Bottom ခေါင်းလောင်းဘောင်းဘီ၊ ခေါင်းလောင်းရဲ့အဝမှာ ခြေကျင်းဝတ်မှာ ကျယ်သွားတဲ့ ဘောင်းဘီ၊ ဆင်ခြေထောက်ရောဂါသည် တွေဝတ်တဲ့ ဘောင်းဘီမျိုး။ ဆင်ခြေထောက် ဘောင်းဘီပေါ့။ ကျွန်တော့်သား အငယ်ကလည်း အဲဒီလို ဘောင်းဘီမျိုးနဲ့၊ ခါးပတ် ကြည့်လိုက်တော့လည်း သူ့ခါးပတ်ခေါင်းမှာ 007 ဘွန်း၊ ဂျိမ်းစ်ဘွန်း သေနတ်ကလေး။ သူ ရေပက်မလို့ သင်္ကြန်ကျလို့ သူ ရေပက်မယ့် ပြွတ်၊ ကလေးသေနတ်ကို ကြည့်လိုက်တော့လည်း သေနတ်ကလေးပေါ်မှာ 007 ဂျိမ်း စဘွန်း၊ မြန်မာပြန်မှာ ငါ မရှိတုန်း ဘယ် အချိန် Visit Myanmar Year ဖြစ်ပြီးတော့ ဂျိမ်းစဘွန်း ရောက်လာလို့ ကိုယ့်မိန်းမနဲ့ ကီစ္စများသွားလဲလို့။

ငါ့သားမှ ဟုတ်ရဲ့လားလို့ကြည့်နေ၊ သူကလည်း ကျွန်တော့်ကို အကဲခတ်တယ်။ ငါ့အဖေမှ ဟုတ်ရဲ့လား။ အမေနဲ့ တိုးတိုး တိုးတိုးလုပ်နေတဲ့ဘယ်က ဘဲနာကြီးလဲလို့ မသင်္ကာတဲ့အကြည့်နဲ့၊ ကျွန်တော်ကလည်း ငါ့သားမှ ဟုတ်ရဲ့လားလို့၊ ဒီကောင် ဝတ်စားထားတာက သူက တစ်ခါတည်း ဒီ မြန်မာလို့တို့ မထင်ရတော့ဘူး။ ကျွန်တော် ကြည့်နေတယ်။ ဘယ့်နှယ် သူကလည်း ကျွန်တော့်ကို အကဲခတ်၊ ကျွန်တော်ကလည်း သူ့ကို အကဲခတ် တစ်ပတ်လောက် ကြာတော့မှ သူက ကျွန်တော့်ကို အဖေလို့ အသိ အမှတ်ပြုပါတယ်၊ အဲဒီမှာ ကျွန်တော်တို့ သားအဖနှစ်ယောက် သားနဲ့ အဖေလို့ အသိအမှတ် ပြုကြတော့ စကားပြောကြတာပေါ့ဗျာ။ သားအဖ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး စကားပြောတော့ ကျွန်တော်က သူပြောတဲ့ စကားတွေကို နားမလည်ဘူး၊ ကျွန်တော် ပြောတဲ့စကားတွေကိုလည်း သူ နားမလည်ဘူး။

မြန်မာလိုတော့ မြန်မာလို ပြောနေကြတာ။ တစ်ယောက်နဲ့ တစ်ယောက် သားနဲ့အဖကြားမှာ ဘာသာစကား ခြားနေတယ်။ ကျွန်တော်က သားရေ... အဖေ မော်စကိုသွားနေတာ နည်းနည်းကြာသွားတာပါ။ မျက်စိတအောင်ခြင်ပြီး မှုန်လာတယ်။ ဟိုမှာ ကောင်လေးနဲ့ ကောင်မလေး တွဲလျှောက်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘယ်ဘက်က ကောင်လေးလဲ၊ ဘယ်ဘက်က ကောင်မလေးလဲဆိုတော့ သူက ကျွန်တော့်ကို အောက်ကနေ လက်ပုတ်လိုက်တယ်၊ ပေါင်ကို။ အဖေက လည်း လူတွေရှေ့ သိပ်မမေးနဲ့ဗျာတဲ့၊ မှတ်ထားတဲ့ နောက်မမေးနဲ့တဲ့. . . ဒီဘက်က ဘဲ၊ ဟိုဘက်က ဆော်တဲ့။ ဟာ ကျွန်တော်က ဩော်. . . ဟုတ်လား လို့၊ စာရေးဆရာပီပီ မသိသော်လည်း သိဟန်ဆောင်လိုက်တာပေါ့။ ဩော် ဟုတ်လားလို့။ ဘဲဆိုတာ ဘာပြောမှန်း မသိဘူး။ ဆော်ဆိုတာ ဘာပြောမှန်း မသိဘူး။ နောက်ထပ် မမေးနဲ့ဗျာတဲ့။ ဒါပဲတဲ့။ ကျွန်တော်လည်း မမေးရဲဘူးပေါ့။

ဒါနဲ့ ဆက်လျှောက်သွားရော၊ ဆက်လျှောက်သွားတော့ ရုပ်ရှင်ရုံရှေ့ ရောက်တဲ့အခါကျတော့ ဒို့ပြင်မိန်းကလေးတွေနဲ့ မတူဘူး၊ အလွန်အကျွံ ဝတ်စားထားတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့တယ်။ ဒီတစ်ခါတော့ ကျွန်တော် က မမေးရဘူး သူက ပြောတယ်။ ကျွန်တော့်ပေါင်ကို လက်တို့တယ်၊ အဖေ အဖေတဲ့၊ ဘာလဲကွလို့၊ သူသိလား ရှေ့က ကောင်မလေးကို သိလား။ ဘယ်သိမလဲကွလို့၊ အဲဒါ ကြက်တဲ့၊ ကြက်၊ ကြက်တဲ့. . . မင်းကြက်က ဖိနပ်ကြီး စီးလို့ပါလားလို့၊ အဲဒါကို ဖိနပ်စီးတဲ့ကြက်လို့ ခေါ်တယ်တဲ့။ ကျွန်တော် နားမလည်ဘူး၊ ဘာပြောမှန်း၊ ဩော် ဟုတ်လားပေါ့၊ ဆက်လည်း မမေးရဲဘူး၊ မင်း တော်တော်ခွကျတဲ့ ကောင်ပဲကွာလို့ ကျွန်တော် ပြောတယ်။ ငါ မင်းပြောတဲ့ စကားတွေ နားမလည်ဘူးကွာလို့ ပြောတော့. . . အဖေကလည်းဗျာတဲ့၊ စာရေး ဆရာ လုပ်ရတာ အဖေတို့စာရေးဆရာတွေ သိပ်ဝက်ခန်းတာပဲတဲ့၊ အဖေက ရှေ့နေတို့ ဘာတို့၊ ဝတ်လုံတို့ ဘာတို့ ဖြစ်နေသားပဲ၊ ရှေ့နေလိုက်ပေါ့၊ ဝတ်လုံ လိုက်ပေါ့ဗျာတဲ့။ ဝက်ကလေးဘာလေး ထောတာပေါ့တဲ့။ ဝက်ထောတာရယ်၊ ဝက်ခန်းတာရယ်၊ ဘဲရယ်၊ ကြက်ရယ်၊ ကျွန်တော် တစ်လုံးမှ နားမလည်ဘူး။

ဆော်ရယ်၊ ဂစ်တာရိုက်ရယ် တစ်ခုမှ ကျွန်တော် နားမလည်ဘူး။ နားမလည်တော့ မင်းကွာ. . . ဒီစကားတွေ သိပ်မပြောနဲ့၊ အဖေလည်း နားမလည် ဘူးလို့၊ မင်းနဲ့ သားအဖ စကားပြောရတာ အဆင်မပြေဘူးလို့၊ အဲဒီတော့ ဒီအတိုင်းသာ မင်း ဆက်ပြောနေရင် ငါ မင်း အမေကို တိုင်လိုက်မယ်လို့ ပြောတော့ တိုင်၊ ဗရိုင်ပေါ့ဗျာတဲ့၊ ငါ ရိုက်မိလိမ့်မယ်လို့ ပြောတော့ ရိုက်၊ ဗရိုက်ပေါ့တဲ့၊ ဒီတင်ဘဲ. . . မင်း ဒီစကားတွေ မပြောနဲ့လို့ ပြောတာမရဘူးလား။

အဖေ သားတို့ခေတ်မှာ ဒီလိုပြောတာပဲတဲ့။ ကျွန်တော်က တစ်ခါ





တလေ သူ့ကို ခိုင်းလိုက်တယ်။ စာရေးနေတဲ့ နေရာကနေပြီးတော့၊ ထပြီးတော့ အရှိန်ဖြတ်ချိန်မှာ ဟေ့ မီးခြစ်ယူခဲ့စမ်းကွာဆိုတော့၊ သူက ကာတွန်းဖတ် နေတယ်။ ဟေ့ မီးခြစ်ယူ ခဲ့စမ်းကွာ ဆိုတော့၊ သူက ကာတွန်းဖတ်နေတဲ့ နေရာကနေပြီးတော့ စိတ်မာတ်ပဲတဲ့။ ဟာ. . . တစ်ခါခိုင်းလိုက် စိတ်မာတ် ပဲတဲ့၊ ကျွန်တော် ကျွန်တော့်ပြောနေမှန်း မသိဘူး။ သူ့ဘာသူ ပြောနေတာပဲပေါ့ ကာတွန်းဖတ်နေတော့ နောက်ကျတော့ ကျွန်တော့်မိန်းမက ပြောတယ်၊ အဲဒါ ရှင့်ကို ပြောနေတာတဲ့။ သူ့ကို ခိုင်းလို့ မကျေ မနပ်ဖြစ်ပြီး ပြောနေတာတဲ့။

ဒါပေမဲ့ ငါ့ အဲဒီလိုမပြောနဲ့ကွာလို့၊ ငါ မကြိုက်ဘူးလို့ မပြောဘူး၊ သူ ဒီစကားမပြောတော့ဘူး။ သားရေ. . . ဆေးလိပ်ယူခဲ့စမ်းကွာဆို "အရစ်ပဲ" တဲ့။ ကျွန်တော်ကလည်း ကျွန်တော့်ပြောမှန်း မသိသေးဘူးပေါ့။ ဟေ့ မြန်မြန် ယူခဲ့ပါကွာဆို "အရစ်ပဲ" တဲ့၊ နောက်ကျတော့ ကျွန်တော်ကလည်း ကျွန်တော့် ပြောမှန်း သိတာပေါ့။ ဒီလောက်တော့ ဘယ်အ မလဲ။ ဟုတ်တယ်မှတ်လား၊ ဟေ့ မင်း ဒီစကားမပြောနဲ့၊ ငါ့ရှေ့ ဒီစကားတွေကို မပြောနဲ့၊ စိတ်မာတ် ဆိုတဲ့ စကား မကြားချင်ဘူး၊ အရစ် ဆိုတဲ့စကား မကြားချင်ဘူး။ သူ မပြောတော့ပါဘူး၊ ဒါပေမဲ့ ကျွန်တော် ခိုင်းတယ်၊ မီးခြစ်ယူခဲ့စမ်းကွာဆိုတော့ ကွိုင်ပဲတဲ့၊ ဟာ. . . ကျွန်တော်ကလည်း ကျွန်တော့်ပြောမှန်းကို မသိသေးဘူး။ နောက်ကျတော့ ရှင်ကလည်းတဲ့ သူတို့ စကားတွေက ပြောင်းပြောင်းနေတာတဲ့၊ အဲဒါ အရင် အဓိပ္ပာယ်တွေနဲ့ အတူတူပဲတဲ့၊ စိတ်မာတ်ရယ်၊ အရစ်ရယ်၊ ကွိုင်ရယ် ဆိုတာ အတူတူပဲတဲ့။ အဲဒီတော့မှ မင်း တော်တော်ခွကျတဲ့ကောင်ပဲ။ အဲဒီတော့ မင်း ဒီစကားတွေကို မပြောရရင် မနေနိုင်ဘူးလားလို့ မေးတော့ သားတို့ ဒီလိုပဲ ပြောတာပဲတဲ့။

ကဲ. . . ဒီလောက်တောင် ရှိလှတဲ့ကောင် ပြောဦးကွာ. . . ဆိုပြီးတော့ ကျွန်တော်လေ စိတ်ဆိုးဆိုးနဲ့ ဒီကောင့်ဆီမှာ ကျွန်တော် သုံးလ ပုံမှန်သင်တန်း တက်ပါတယ်။ အဲဒီတော့ အခု သူ့ရဲ့ ဆုံးမဩဝါဒအရ ကျွန်တော် [illegible] နားလည်လာပြီ၊ ကျွန်တော် သူ့ရဲ့ အဆုံးအမ ဩဝါဒအရ ဆံပင်အရှည်ထား ပါတယ်။ သားသမီးစကား နားထောင်ပြီးက သံပြားကျောက်စောင်း [illegible] ပြောင်း၏။ တစ်ခါ ဒီခေတ်ကြီးကလည်း ပြောင်းနေတာ၊ ဟုတ်တယ်. . . သူ့စကားတွေကလည်း ပြောင်းနေတာ၊ နေ့ချင်းညချင်းကို ပြောင်းနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဟာ. . . မနေ့က စိတ်မာတ်၊ ဒီနေ့ကျတော့ အရစ်၊ မနက်ဖြန်ကျတော့ ကွိုင်၊ တစ်မျိုးပြီး တစ်မျိုး ပြောင်းနေတာ။ အဝတ်အစားတွေကလည်း ပြောင်းနေတာ။ ကောင်မလေးတွေ၊ ကောင်လေးတွေဆိုတာကလည်း သနပ်ခါးဘဲကျားနဲ့ တစ်ခါတည်း လမ်းလျှောက်ရင်လည်း ချက်ပြုတ်ကလေးဝတ်ပြီး တင်ပါးကလေးတွေကလည်း လိမ်ကျစ်လိမ်ကျစ်နဲ့၊ ကောင်မလေးတွေကလည်း ယောကျ်ားအင်္ကျီတွေကို ဝတ်လိုဝတ်ပေါ့ဗျာ၊ အဲဒီလို ပြောင်းပြန်တွေ ဖြစ်နေတာ။ တစ်ခါ အဲဒီအချိန်တုန်းက ကျွန်တော် ပြန်ရောက်လာတဲ့ အခါကျတော့ ကောင်မလေးတွေကို ကြည့်လိုက်တော့ အင်္ကျီလက်ရှည် အပွလေးတွေနဲ့၊ ကျွန်တော် မသွားခင်တုန်းက အင်္ကျီလက် ခပ်တိုတိုပဲ၊ ပြန်ရောက်လာတဲ့အခါကျတော့ အင်္ကျီလက်က လက်ရှည်အပွတွေ ဖြစ်နေတယ်။ ကျွန်တော် စဉ်းစားတယ်၊ ဟာ. . . လို့ စစ်မဖြစ်ခင် ငါတို့ ငယ်ငယ်တုန်းက၊ ငါ ငယ်ငယ်တုန်းက ဒီကောင်မလေးတွေ ဝတ်တော့လည်း အပွပဲ ပြန်ဝတ်တယ်။ ကျွန်တော် ၅ နှစ်သားအရွယ် လောက်တုန်းကလည်း ကျွန်တော့်အဒေါ်တွေဝတ်တာ ဒီလိုလက်ပွပဲ၊ အင်္ကျီရှည်။ ၁၀ နှစ်သားလောက်တုန်းက ဒီလောက် ရောက်လာတယ်။ ကျွန်တော် ၁၅ နှစ်သားလောက်တုန်းက ဒီလောက်၊ ကျွန်တော် အသက် ၂၀ လောက်ကျတော့ ဒီလောက်၊ ၂၅ ရောက်တော့ လက်ပြတ် ပြန်ဖြစ်တယ်။ ၃၀ လောက်ကြတော့ ဒီ ပြန်ဆင်းတယ်။ ၄၅-၅၀ လောက်ကျတော့ ဒီမှာ ပြန်ရောက်လာတယ်။ ဒီနားလေးတင် သူတို့ တက်လိုက် ဆင်းလိုက် လုပ်နေတယ်။ ကောင်မလေးတွေနော် အင်္ကျီလက်၊ ကျွန်တော်တို့ ကောလိပ်ကျောင်း ရောက်ခါစက ကျွန်တော်တို့ ငယ်ငယ်က မြန်မာအမျိုးသမီးတွေ ဝတ်တယ်ဆိုရင် ဒီမှာ ဒီရင်ဖုံးအင်္ကျီ၊ အမေတို့ ဒေါ်လေးတို့၊ ကျွန်တော့်အမေတို့ ကျွန်တော်တို့ ဒေါ်လေးတို့ ဒါရင်ဖုံးအင်္ကျီ၊ နောက် ကျွန်တော်တို့ ကောလိပ်ကျောင်း ရောက်လာတဲ့အခါကျတော့ ခင်ယုမေတို့ မင်းသမီး ဖြစ်တဲ့ခေတ်၊ မင်းသမီး ပေါက်စဖြစ်တဲ့ခေတ်၊ အဲဒီခေတ်မှာ ခင်ယုမေက တရုတ်မ အင်္ကျီလို ဒီလို လည်ထောင်၊ ကော်လံထောင် ဝတ်တယ်။ ကျွန်တော်တို့ စတစ်ကော်လံ၊ အခုလို လည်ခေါင်းတုံး ဝတ်သလို ထောင်ဝတ်တယ်။ နောက်ကျတော့ တဖြည်းဖြည်း ဒီလို လည်ခေါင်းတုံး ပြုတ်သွားတယ်၊ ဒီပြန် ရောက်လာတယ်။ (ရောက်လာတယ်)၊ ဒီအနားအထိ ဆင်းလာတယ်။ ကျွန်တော် ကြည့်နေတယ်။ ဘယ်အထိ ဆင်းမလဲလို့ စာရေးမလို့ ကြည့်နေတာ။





ဒါပေမဲ့ မဆင်းဘူး ဒီပြန်တက်လာတယ်။ သူတို့ကလည်း ပါးတယ်၊ အဲဒီတော့ လည်အင်္ကျီကလည်း ဒီနားလေးပဲ တက်လိုက် ဆင်းလိုက် လုပ်နေဦးမှာပဲနော်၊

တစ်ခါ ကျွန်တော်တို့ ကောလိပ်ကျောင်းသားဘဝ ခင်ယုမေတို့ပဲ ခင်ယုမေပဲ။ ကျွန်တော် မှတ်မိသလောက် အဲဒီတုန်းက သရီးကွာတား ထမီဝတ်တယ်၊ အခုခေတ်ကောင်မလေးတွေ ခြေသလုံးပေါ် အောင် ဝတ်သလို ခင်ယုမေတို့ အဲဒီတုန်း က ဝတ်တယ်၊ သရီးကွာတားလို့ ခေါ်တယ်နော်၊ လေးပုံ သုံးပုံပဲ ထမီဝတ်တယ်။ တစ်ပုံက မဝတ်ဘူးနော်။ ခြေကျင်းဝတ်နဲ့ ဒူးဆစ်အထိ မဝတ်ဘူး။ ခြေသလုံး ဖော်တယ်။ ကျွန်တော် ပြန်ထွက်လာတော့ ကျွန်တော့် သမီးတွေက ၅ တန်း၊ ၆ တန်း သမီးတွေ၊ ကောင်မတွေက ထမီအရှည်ကြီးတွေနဲ့ ဟဲ့ ညည်းတို့က ထမီကြီးတွေက သိပ်ရှည်တာပဲ၊ ထမီဒယ်ဥ့်တိုက်နေတာပဲ တိုတိုဝတ်စမ်းပါ၊ တိုတိုဝတ်စမ်းပါ ဆိုတော့. . . ဟာ. . . အဖေကလည်း သမီးတို့ ဒီလိုပဲ ဝတ်တာပဲ၊ ဟော အခု တဖြည်းဖြည်း ကျွန်တော် မပြောရဘဲနဲ့ သူတို့ ထဘီတိုတို၊ တိုတိုလိုက်လာတာ အခု ခြေသလုံး ပေါ်နေပြီး၊ ဒူးဆစ်နား ရောက်နေပြီ၊ ဒါပေမဲ့ အပေါ် မတက်ဘူး၊ သူတို့ ပြန်ဆင်းဦးမှာ၊ သူတို့ ခြေကျင်းဝတ် ပြန်ဆင်းဦးမှာနော်။

နောက်ကာလသားတွေ မျှော်မနေနဲ့ အပေါ်မရောက်တော့ဘူး ပြန်ဆင်း ဦးမှာပဲနော်။ အဲဒီတော့ ဆိုလိုတာက ခေတ်ကြီးကလည်း ပြောင်းနေတယ်၊ Beat က မြန်နေတယ်။ တစ်ခါတည်း ဒီ ဒိုင်းဒိုင်း ဒိုင်းဒိုင်းဆို ခေတ်ကြီးက နေ့ချင်းညချင်း ပြောင်းနေတယ်။ ဆက်သွယ်ရေးဂြိုဟ်တုတွေ ကောင်းလာတယ်၊ ဘာညာ စသည်ဖြင့် ကွန်မြူနီကေးရှင်းတွေ ကောင်းလာတယ်၊ အဲဒီလိုခေတ်ကြီးက ဒိုင်းဒိုင်း ဒိုင်းဒိုင်း ပြောင်းနေတယ်။ ဒီပြင်ဟာ မကြည့်နဲ့ မိန်းမပိုးတာပဲ ကြည့်နော်။ ကျွန်တော်တို့ ခေတ်တုန်းက မိန်းမ ပိုးလို့ရှိရင် မယ်ဒလင်နဲ့ အင်းလျားတို့၊ သိရိတို့ရှေ့မှာ သွားပြီးတော့. . . ဟုတ်လား. . . ညလူခြေတိတ်ချိန် သန်းခေါင်လောက်မှာ သုံးချက်စည်းနဲ့ (အိပ်ပြီလားအဲ့ သူဇာ မွှယာ ဖြူပြာခင်ရယ်၊ အချစ်ရဲ့ ပြဿနာတွေကို ပြေလည်သွားအောင် မောင့် တညာရယ် နားဆင်ပါကွယ်၊ မောင် သီချင်းလေးနဲ့ ခင့်ကိုဆိုပြမယ်) သုံးချက်နဲ့ သွားတာနော်။ အခု ဒီကောင် မရတော့ဘူး ဒိုင်းဒိုင်း ဒိုင်းဒိုင်း Beat တင်ပြီ (ငူရှိခဲ့လို့ ချစ်မိတာ မဆန်းပါဘူး)၊ ကျွန်တော်ကမေးတယ်၊ ကျွန်တော်သာတို



www.burmeseclassic.com

www.burmeseclassic.com



. . . နေပါဦးကွယ် . . . မင်းသီချင်းက ဘာသီချင်းလဲ မြန်မာသီချင်းလား၊ ဂျပန် သီချင်းလားလို့ မေးတော့ . . . ဘယ်က ဟုတ်ရမှာလဲ၊ အဖေကလည်း မြန်မာသီချင်းပါတဲ့။ အဓိပ္ပာယ်ဘာလဲကွလို့ ပြောစမ်းပါဦး၊ ငါ နားမလည်ဘူး၊ (ဝင့်ရှိခဲ့လို့ ချစ်မိတာ မဆန်းပါဘူး) တဲ့၊ ဩော် ဖြစ်မှဖြစ်ရလေကွာလို့ ပီပီသသ ဆိုပါလားလို့ မဟုတ်ဘူးဗျာ့ အဖေရ. . . ဒါမှ Feel လာတာတဲ့၊ ရင်ခေါင်းသံနဲ့ ဝူးရှိခဲ့လို့ အဲဒီမှာ Feel တက်တာ၊ Feel နဲ့ သူတို့ကဆိုမှာ၊ တစ်ခါတည်း ကန်ထရိုက်တိုက် လှေကားပေါက်၊ ရန်ကုန်မှာဆို ကန်ထရိုက် တိုက်တွေရဲ့ ခြေရင်းမှာ၊ သုံးလေးငါးထပ်ရဲ့ ခြေရင်းမှာ တစ်ခါတည်း ဒီနေပူ ကျဲကျဲ၊ ဂျင်းဘောင်းဘီတွေချွတ်၊ ချွေးတွေ ဘာတွေက ပျံ၊ ဝူးရှိခဲ့လို့ ဆိုပြီးချ။ ဒီကောင်တွေ . . . သိလား၊ ကျွန်တော် သနားတယ်၊ ဒီကောင် တွေကိုကြည့်ပြီး ကျွန်တော်တို့ကျတော့လည်း ကြည့်လေ (အိပ်ပြီလားကွဲ့ မြူပြာ မူယာ သူဇာနွယ်) ဆိုပြီးတော့ အိပ်ပြီပေါ့။ သန်းခေါင်လောက်ကျတော့ ဟိုမှာ ဝရန်တာတွေတောင် ပိတ်နေပြီ၊ ဘယ်သူမှတောင် မရှိတော့လို့ တစ်ဆောင်လုံး အိပ်နေကြတာ။

ဒီကောင်တွေကျတော့ မြန်တယ်၊ ဒီနေ့တွေ့တယ်၊ ညနေကျ ကြိုက်တယ်၊ နောက်နေ့ကျတော့ အိမ်ထောင်ပြုတယ်၊ သန်ဘက်ခါကျတော့ ကွဲတယ်၊ သိပ်မြန်တယ်၊ ဒီကောင်တွေရဲ့ခေတ်၊ ဒီနိုင်ငံရေးတို့ ဘာတို့မှာလည်း ဒီတိုင်းပဲ၊ ကမ္ဘာ့နိုင်ငံရေးတွေမှာတို့ ဘာတို့မှာ အရင်တုန်းက အီရတ်နဲ့ အီရန် စစ်ဖြစ်တယ်။ ၈ နှစ်ကြာ စစ်ဖြစ်တယ်။ ဟော . . . ပင်လယ်ကွေ့စစ်ပွဲ ဖြစ်တဲ့ အခါကျတော့ အီရတ်နဲ့ အီရန် ပေါင်းသွားတယ်။ ရုရှားနဲ့ အမေရိကန် ပေါင်းသွားတယ်။ အဲ့ဒီလို သိပ်မြန်တယ်၊ အပြောင်းအလဲတွေကျ၊ တစ်ခါတည်း လူ့ဘဝမှာ ကြည့်တော့လည်း ဒီလိုပဲ၊ ခေတ်က သိပ်မြန်တယ်။ ကျွန်တော် ပြောချင်တာက Generation၊ ကျွန်တော်တို့ဆီမှာတင် မကဘူး၊ ကမ္ဘာမှာ လည်း မျိုးဆက် ကွာဟနေတယ်။ လူကြီးနဲ့လူငယ်၊ ကျွန်တော်တို့ လူကြီးနဲ့ ကျွန်တော်တို့လူငယ် တစ်ယောက်နဲ့တစ်ယောက် နားမလည်ဘူး၊ လူငယ်က လူကြီးကို အထင်သေးတယ်။ လူကြီးက လူငယ်ကို အထင်သေးတယ်။ စသည် ဖြင့် ပေါ့။ အဲဒီမှာတင် ကျွန်တော် စိတ်ကူးတစ်ခု ရတယ်။ ဒီနေ့ခေတ်၊ အင်မတန် အပြောင်းအလဲမြန်နေတဲ့ခေတ်၊ အဲဒီခေတ်ထဲက လူငယ် တစ်ယောက်အကြောင်း ငါ စ ရေးမယ်။





ကျွန်တော် စိတ်ကူးရတယ်။ နောက် စိတ်ကူးရတာကိုပဲ ကျွန်တော် ပြောတာ။ ကျွန်တော့်သား အပါအဝင် ကျွန်တော့်သားနဲ့ စကားပြောတယ်၊ ဒီကလေးတွေနဲ့ စကားပြောတယ်။ ၉ တန်း၊ ၁၀ တန်းအရွယ် ကလေးတွေနဲ့ စကားပြောတယ်။ ကောလိပ်ကျောင်းကကောင်တွေနဲ့ စကားပြောတယ်၊ ဘွဲ့ရတဲ့ကောင်တွေနဲ့ ကျွန်တော် စကားပြောတယ်၊ စကားပြောပြီး အဲဒီမှာ ဒီကောင်လေးတွေအကြောင်း ကျွန်တော် ရေးချင်တယ်။ သူတို့ဘဝ၊ ဒီနေ့ လူငယ်တွေရဲ့ ဘဝအကြောင်း ကျွန်တော် ရေးချင်တယ်။ အဲဒီမှာတင် ကျွန်တော် စိတ်ကူးရတယ်။

လူငယ်တွေအကြောင်းရေးမယ် ဆိုပြီးတော့ ကျွန်တော် စိတ်ကူးရ တယ်။ စိတ်ကူးရသွားတယ်နော်။ ဒါပေမဲ့ ကျွန်တော့်မှာ ဇာတ်လမ်း မရှိသေး ဘူး။ တစ်နေ့ကျတော့ ကျွန်တော် လမ်းလျှောက်ရာက ပြန်လာတယ်၊ မနက် တစ်ကြိမ် ကျွန်တော် လမ်းလျှောက်တယ်။ လမ်းလျှောက်ပြီး ကျွန်တော်၊ ကျွန်တော့်မိတ်ဆွေ အိမ်တစ်အိမ်က အပြန်မယ်။ ကျွန်တော့် သူငယ်ချင်းပေါ့၊ သူက အဲဒီတုန်းက D.G (ညွှန်မှူးချုပ်)၊ အခုတော့ ပင်စင်ယူ သွားပါပြီ၊ အဲဒီမှာ ကျွန်တော် မနက် လမ်းလျှောက်ပြီး သူ့အိမ်ဝင်တဲ့အခါကျတော့ သားအဖ နှစ်ယောက် ရန်ဖြစ်နေတယ်။ သူ့သားက R.I.T ကျောင်းသား၊ အဲဒီတုန်းက R.I.T ပေါ့။ အခုတော့ Y.I.T ဒုတိယနှစ်။

“ဟေ့ကောင် . . . မင်းကို ငါ ဒီဆံပင်အရှည် မထားပါနဲ့လို့ ပြောထား ဘယ်နှခါ ရှိပြီလဲ၊ သွား . . . အခုဖြတ်၊ ငါ ဒီဆံပင်အရှည်ကြီးတွေနဲ့ မင်းကို ကြည့်ကို မကြည့်ချင်ဘူး၊ သွားဖြတ်စမ်း”

“ဟာ အဖေကလည်း ဖြစ်တာပေါ့ အဖေရာ” ဘာညာဆိုပြီး ဒီကောင် ခေါင်းကုတ်ပြီး စောင်းနိန်းစောင်းနင်းနဲ့ ကလေး ထွက်သွားတော့မှ ကျွန်တော်က ပြောတယ်။

“နေစမ်းပါဦး၊ ဘာဖြစ်လို့ ခင်ဗျားက သူ့ဆံပင် အရှည်တွေကို အတင်း ဖြတ်ခိုင်းနေရတာလဲ” ကျွန်တော်က . . .

“မကြိုက်ဘူး ဗျာ၊ ကျုပ် မကြည့်ချင်ဘူး” တဲ့

“ဟာ ထားပါစေ၊ ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ သူက ရုံးသွားခါနီး ဒေါ်ပွပွ၊ စိတ်တိုတို၊ လုပ်အားတွေလည်း အများကြီးပေးနေရတော့ စိတ်က တိုလာတယ်။ ရုံးသွားခါနီးမှာ သူ ဘာလုပ်လဲဆိုတော့ . . .

"ဟော့ကောင် . . . အခုထက်ထိ မင်း ဆံပင်မဖြတ်သေးဘူးလား၊ လာစမ်းကွ" ဆိုပြီး ဒီကောင့်ခေါင်းကို ဆွဲကိုင်တယ်။ ဆွဲကိုင်ပြီး ကတ်ကြေးနဲ့ ကောက်ပြီး ဖြတ်ပစ်လိုက်တယ်။ ဖြတ်ပြီး ဆဲဆိုကြိမ်းမောင်းပြီး သူ ထွက်သွားတယ်။ ထွက်လည်း သွားရော သူ့သားက . . . အဲဒီ R.I.T ကျောင်းသားက သူ ကောင်းကောင်း နေပါလျက်နဲ့၊ သူ လိမ်လိမ်မာမာ နေပါလျက်နဲ့ ဒီဆံပင် အရှည်လေး ထားတာကို သူ့အဖေက ရန်ရှာနေတယ်နော်။ သူ့အဖေ ဒီလောက်မှ နားမလည်ရဘူးလား၊ သူ့ကို ဒီလောက်မှ လွတ်လပ်ခွင့် မပေးဘူးလား ဆိုပြီးတော့ အဲဒီမှာတင် ဒီကောင့်ဆံပင်ကို ကွက်ကျား အဖြတ်ခံလိုက်ရတဲ့ အခါကျတော့ အဖေလည်း ထွက်သွားရော ခေါင်းကို နံရံနဲ့ပြေးဆောင့်၊ ရိုက်ကြီးတငင်တွေငို၊ မှန်ဗီရိုကို လက်သီးနဲ့ ပိတ်ထိုး၊ ပြတင်းပေါက်ကို လက်သီးနဲ့ ပိတ်ထိုး၊ ရှိုက်ကြီးတငင်ငင်နဲ့ ယူကျုံးမရ ဖြစ်နေတယ်။ အဲဒီမှာတင် ဒီကောင် ဒီဘယ်ဘက်က လက်တစ်ဖက်က တစ်ခုလုံး အကြောတွေပြတ်သွားပြီး နောက်ဆုံး ဂန်ရင်း ဖြစ်မှာစိုးလို့ အဲဒီလက်ကို လက်ကောက်ဝတ်ကနေ ဖြတ်လိုက်ရတယ်။ ဒီဘက်လက်တစ်ခုကလည်း အကြောတွေ မှန်ကွဲတွေရှလို့ အကြောတွေ သေသွားပြီး မသန်တော့ဘူး။ အဲဒီလိုနဲ့ ဒီကလေးဟာ နောက်ဆုံးမှာ လမ်းမ ရောက်သွားပါတော့တယ်။ R.I.T ကျောင်းသားနော်၊ ကျွန်တော့် မိတ်ဆွေရဲ့သား၊ သူ့အဖေက ညွှန်မှူးချုပ် D.G ၊ နောက်ဆုံးကျတော့ အကြောထဲမှာ ဆေးထိုးပြီးတော့ ကန်ထရိုက်တိုက် လှေကားရင်းမှာ ဒီကောင်လေး ဘဝတုံးသွားရှာတယ်။ ကျွန်တော် သိပ်ရင်နာတယ်။ ကိုယ့်သားအရင်း ဖြစ်သလို ကျွန်တော် ရင်နာတယ်။ ငါတို့ တိုင်းပြည်မှာ ကလေးတွေ အဲဒီလိုဖြစ်နေရင် ငါတို့ ဘယ်လိုလုပ်မလဲ ဆိုပြီးတော့ အဲဒီမှာတင် ကျွန်တော် ဇာတ်လမ်းရတယ်။ ဒီအကြောင်းကို ဝတ္ထုရေးမှပဲ ဆိုပြီးတော့ ကျွန်တော် လူငယ်ကလေးတွေနဲ့ တွေ့တယ်။ တွေ့ပြီးတော့ ကျွန်တော် နတ်အိမ်ထောင်တို့ ဘာတို့ ရောက်တယ်။ နတ်အိမ်ထောင် ဆိုတာ ထားဝယ်နဲ့ ယိုးဒယားနယ်စပ်ဘက်၊ အဲဒီမှာ ကလေးတွေရှိတဲ့ အဲဒီတောင်ပေါ် ရောက်သွားတဲ့အခါကျတော့ မြန်မာပြည်

နေရီရီ



အနှံ့အပြားက အဲဒီကလေးတွေနဲ့ တွေ့တယ်[illegible] သမီးတွေနော်၊ ၁၆-၁၇-၁၈-၁၉-၂၀-၂၅၊ အဲဒီထဲမှာ၊ ဘာလုပ် နေလဲဆိုတော့ အိမ်ပြေးလေးတွေ၊ စာမေးပွဲကျလို့ ပြေးလာတဲ့ ကောင်လေးတွေ ဟုတ်လား၊ စိတ်ညစ်လို့ ပြေးလာတဲ့ကောင်လေးတွေ၊ ဘဝအခက်အခဲတွေ တွေ့လို့ ပြေးလာတဲ့ ကောင်လေးတွေ။ အိမ်နဲ့ အဆင်မပြေလို့ ပြေးလာတဲ့ ကောင်လေးတွေ အဲဒီမှာ သွားပြီးတော့ ဒီကောင်တွေ ဘာလုပ်နေလဲ ဆိုတော့ ဒီဘက်က ကုန်သည်ရဲ့ ပစ္စည်းကို ထမ်းပို့တယ်၊ ဟိုဘက်ပစ္စည်းကို ထမ်းယူ တယ်၊ ယူပြီး ရတဲ့ပိုက်ဆံနဲ့ အကြောဆေးထိုးတယ်၊ ဟုတ်လား၊ မူးယစ်ဆေး ထိုးတယ်၊ ဆေးရှူတယ်။

အဲဒီမှာတင် ကျွန်တော် ဇာတ်လမ်းရတယ်။ အဲဒီ ကျွန်တော့်မိတ်ဆွေ D.G နဲ့သား၊ သူတို့သားအဖရဲ့ အဖြစ်အပျက်ကို ယူပြီးတော့ ကျွန်တော် ဇာတ်လမ်း ဆင်လိုက်တယ်။ ကျွန်တော့်ဇာတ်လမ်းမှာ အဖေက အရာရှိကြီး အမေက ဆုံးသွားပြီ၊ သူ့မိထွေးနဲ့ နေရတယ်။ ဒီကောင် ရန်ကုန်မြို့ရဲ့ အကောင်းဆုံး ကျောင်းဖြစ်တဲ့ ဒဂုံ အထက (၁)မှာ နေတယ်။ စာမေးပွဲကျတယ်။ မအောင်ဘူး။ ဒီနှစ် ထပ်ဖြေတယ်။ ဘီနဲ့ အောင်တယ်။ နောက်နှစ် ထပ်ဖြေ တယ်။ ဘီပါ ပြန်ပြုတ်သွားတယ်။ အဲဒါနဲ့ ဒီကောင် အိမ်ကဆူလာတော့ စိတ်ညစ်တယ်။ စိတ်ညစ်တော့ မူးယစ်ဆေး ချတယ်။ ဆေးလိပ်သောက်တာက စတာပေ့ါ။ ဆေးလိပ်သောက်ရာကနေပြီးတော့ စီးကရက် ချတယ်၊ စီးကရက် သောက်ရာကနေပြီးတော့ "အမယ် ငါ ယောက်ျားပဲ . . . သောက်ရဲပါတယ် ငါဟာ စိတ်ဓာတ် ခံနိုင်ရည်ရှိပါတယ်" ဆိုပြီးတော့ အပေါင်းအသင်း မကောင်းတော့ မူးယစ်ဆေး ချလာတယ်။ စွဲသွားတယ်၊ စွဲသွားပြီးတော့ အိမ်က ပစ္စည်းတွေ ခိုးယူ၊ သူ့နာရီကို ပေါင်၊ ရောင်းတယ်။ အဝတ်အစားတွေကို ရောင်းပြီးတော့ မူးယစ်ဆေးချတယ်။ နောက် အိမ်ကပစ္စည်းတွေ ယူတယ်၊ နောက်ဆုံးကျတော့ ဒီကောင် အိမ်ကရသမျှ ပစ္စည်းတွေကို ယူပြီးတော့ ထွက်ပြေးတယ်။

ကျွန်တော့်ဝတ္ထု၊ ဘယ်ကို ပြေးသလဲဆိုတော့ အဲဒီကောင်လေး နာမည်က ရဲမြင့်တဲ့။ ကျွန်တော့်ဇာတ်လိုက် ရဲမြင့်က ဘယ်ကိုပြေးသလဲဆိုတော့ နတ်အိမ်ထောင်ကို ပြေးတယ်။ နတ်အိမ်ထောင်ကိုရောက်တော့ . . . ဒီကောင်

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ အထမ်းအဌားလိုက်၊ လိုက်ပြီးတော့ ဒီကောင် ဆေးချ၊ အဲဒီလိုနဲ့နေရရင်း အဲဒီမှာ ရောက်နေတယ်။ ရောက်နေတော့ ဖအေကတော့ တော်ပြီ. . . ဒီကောင်ကို တစ်သက်စွန့်လိုက်ပြီ။ အမွေလည်း ဖြတ်ပြီ။ ဒါပေမဲ့လည်း ဆွေမျိုးတွေက မနေနိုင်ဘူး။ ဆွေမျိုးတွေက. . .

"ဟဲ့ အဖေကတော့ သူ့နောက်မိန်းမနဲ့ နောက်ကလေးတွေနဲ့၊ ငါတို့က ငါတို့တူလေးပဲ၊ ငါတို့ အစ်မ မွေးတဲ့ သားဟဲ့၊ လိုက်ခေါ်ချေ. . . သွား"

ဆိုပြီးတော့ ဆွေမျိုးတွေက ပိုက်ဆံစုပြီး ပေးလိုက်တယ်။ ဘယ်သူ့ကို ခေါ်ခိုင်းလိုက်သလဲဆိုတော့ နန္ဒာနော်၊ ကျွန်တော့်ဇာတ်လမ်းထဲမှာ၊ ရုပ်ရှင်ကားထဲမှာ ဂု ရဲမြင့်က ကျော်သူ လုပ်တယ်။ နန္ဒာက နေအောင် လုပ်တယ်။

နန္ဒာကို ခေါ်ခိုင်းလိုက်တယ်။

"သွား. . . နန္ဒာ"

နန္ဒာက ဘာလဲဆိုတော့ ရန်ကုန်ကဏ္ဍသိုလ်က B.Sc အောင်ပြီးပြီ၊ B.Sc အစ်သီရော်လော်ဂျီ၊ မစ္ဆဗေဒနဲ့ ဘွဲ့ရတယ်။ မစ္ဆဗေဒဆိုတာ ငါးတွေကို လေ့လာတဲ့ ဘာသာရပ်၊ အဲဒါနဲ့ ဘွဲ့ရတယ်။ ဘွဲ့ရတော့ ဒီကောင် ပုလဲနဲ့ ငါး သွားလျှောက်လို့ မရဘူး။ မရတော့ ဒီကောင် ဘာလုပ်သလဲလို့ဆိုတော့ နန္ဒာက ရန်ကုန်မြို့ ၃၇ လမ်း၊ ပန်းဆိုးတန်းတို့မှာ၊ ဗိုလ်ချုပ်ဈေးတို့မှာ ညနေဆိုရင် ပလက်ဖောင်းမှာ စာအုပ် အဟောင်း ရောင်းတယ်။

ရန်ကုန်မြို့မှာ ပလက်ဖောင်းမှာ စာအုပ်အဟောင်းရောင်းတဲ့ ကောင်လေးတွေထဲမှာ History M.A နဲ့ ပြီးတဲ့သူ သုံး လေး ယောက်လောက် ရှိတယ်။ တခြား ဘွဲ့ရတွေလည်း အများကြီးရှိတယ်။ အဲဒီတော့ နန္ဒာ အဲဒီမှာ စာအုပ်အဟောင်း ရောင်းတယ်။

"ကဲ နန္ဒာ သွား၊ မင်းတူလေးကို လိုက်ရှာချေစမ်း"

ဆိုပြီးတော့ စရိတ်ပေးလိုက်တယ်။ အဲဒီတော့ နန္ဒာ လိုက်ရှာတယ်။ လိုက်ရှာတော့ နတ်အိမ်ထောင်မှာ တွေ့တယ်။ တွေ့လာတော့ သူတို့ကို မြှောက်တစ်ခါ၊ ချော့တစ်လှည့်နဲ့ ပြန်ခေါ်လာတယ်။ ပြန်ခေါ်လာတော့. . . လမ်းမှာ စက်လှေနဲ့ ခေါ်တယ်။ လမ်းမှာ မုန်တိုင်းမိပြီးတော့ စက်လှေပျက်တယ်။ ပျက်ပြီး ကျွန်းတစ်ကျွန်းပေါ်ကို ရောက်သွားတယ်။ နန္ဒာ သတိရလို့ ကြည့်လိုက်





တော့ ပင်လယ်ကျောက်ဆောင်ပြင်ကြီးမှာ တစ်မိုင်လောက်ရှိတဲ့ ကျောက်ဆောင် ပြင်ကြီးမှာ တစ်ခါတည်း နန္ဒာ လဲနေတယ်၊ သူ့တစ်ကိုယ်လုံးကိုလည်း ကြည့်လိုက်တော့ ကိုယ်ပေါ်မှာ ခရုတွေ၊ ငွေးမဆစ်တွေနဲ့ ရာထောင်ချီပြီးတော့ တက်နေတယ်။ သတိရလာတယ်။ အစာငတ် ရေငတ်ဖြစ်တယ်၊ ဒါနဲ့ သူ သတိရလာတော့၊ ထပြီးတော့ လျှောက်တယ်၊ ဒီဘက်ကျွန်းဘက်ကို လျှောက် တယ်။ လျှောက်လာတော့ ရေလည်း ငတ်လာပြီ၊ အစာလည်း ငတ်လာပြီ ရေငတ်လို့ အုန်းသီးခြောက်တွေကို သူ ကောက်သောက်ဖို့လုပ်တော့၊ ဒါပေမဲ့ ဓားမရှိဘူး။ အုန်းသီး မခွဲတတ်ဘူး။ တစ်ခါ အုန်းပင်ပေါ်ကို မော့ကြည့်လိုက် တော့ အုန်းသီးစိမ်းတွေကို တွေ့တယ်။ B.Sc အောင်တဲ့ ကိုနန္ဒာဟာ အုန်းပင်မတက်တတ်ဘူး။ ဓားမရှိတော့ အုန်းသီး မခွဲတတ်ဘူး။

ဟာ. . . ငါးတွေကို တွေ့တယ်။ အစိမ်းမစားတတ်ဘူး၊ သူက ရန်ကုန် သားလေ၊ ယဉ်ကျေးမှုရှိတဲ့နေရာက ထွက်သွားတဲ့သူ၊ ဟိုမှာ ယဉ်ကျေးမှု မရှိတဲ့ နေရာရောက်နေတယ်။ မီး မရှိတော့ အစိမ်းမစားတတ်ဘူး၊ ငါးတွေ အမျိုးမျိုး တွေ့တယ်။ ဘယ်ငါးက စားကောင်းလဲ၊ မစားကောင်းလဲဆိုတာလည်း သူ မသိတော့ဘူး။ မစ္ဆဗေဒနဲ့ ပြီးထားတာဆိုပေမယ့်လည်း စာတွေက စာအုပ် ထဲကို ပြန်ရောက်နေပြီ။ ဟိုမှာ ကဏန်းတွေ တွေ့တယ်။ မြင်းစီးကဏန်းတွေ သိပ်မြန်လွန်းတယ်။ မြင်းစီး ကဏန်းလည်း လိုက်ဖမ်းလို့ မရပြန်ဘူး၊ သူက မဖမ်းတတ်တာကိုး။

ဒီလိုနဲ့ အစာငတ်၊ ရေငတ် ဖြစ်ပြီးတော့. . . နန္ဒာ ပြန်ပြီးတော့ သတိလစ်သွားတယ်၊ ပြန်သတိရလို့ ကြည့်လိုက်တော့ သူ့ပါးစပ်ထဲကို လူတစ်ယောက် အုန်းရည်တွေ လောင်းထည့်ပေးနေတယ်၊ မျက်လုံးကို အသာဖွင့်ကြည့်လိုက်တော့ အဲဒီလူက ဘယ်သူလဲဆိုတော့ အသားညိုညို အသက် အစိတ်လောက်၊ ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်နဲ့ ရှပ်တီ အိုးအိုး အကျီဗလာနဲ့ ဂျင်းဘောင်းဘီရှည်နဲ့ ဘယ်သူလဲ ဆိုတော့ သံချောင်း ဇာတ်ထဲ မှာတော့ ကျော်ဟိန်း ပေါ့။

အဲဒီတော့ သံချောင်း၊ သံချောင်းဆိုတာ ဘယ်လိုလူလဲဆိုတော့ ငယ်ငယ် ထားဝယ်နယ်က. . .၊ ငယ်ငယ်လေးကတည်းက သံချောင်းမှာ မိဘတွေ ရှိတုန်း သံချောင်းဟာ မိတဆိုး၊ ဖတဆိုး။ အဲဒီမှာတင် ဘကြီးဘုန်းကြီးရဲ့ ဘုန်းကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သား လုပ်တယ်။ ဘကြီးဘုန်းကြီး ပျံတော်မူတဲ့အခါမှာ သူ ဘုန်းကြီးကျောင်းသား ဘဝက လွတ်တယ်။ ထွက်လာပြီးတော့ သူ့ရွာထဲမှာ အငှားလိုက်ပြီးတော့ ဒူးရင်းသီး တက်ဆွတ်ပေးတယ်။ အငှား ဆွတ်ပေးတယ်။ နည်းနည်းကြီးတော့ သံချောင်းက နွားအငှား လိုက်ကျောင်းပေးတယ်။ ကျွဲအငှား လိုက်ကျောင်းပေး တယ်။ နည်းနည်းကြီး လာပြန်တော့ သံချောင်းဟာ ဆားချက်တယ်။ နည်းနည်း ကြီးလာတော့ သံချောင်းဟာ ပင်လယ်ကို ထွက်ပြီး တံငါလိုက်တယ်။ ရေလုပ် ငန်းလုပ်တယ်။

ဒီလိုနဲ့ ဘုန်းကြီးကျောင်းက သေစာ၊ ရှင်စာနဲ့လည်ပြီးတော့ သံချောင်း က ဒီကျွန်းပေါ် ရောက်လာတယ်။ သူက ဘယ်လိုရောက်လာသလဲဆိုတော့ အဲဒီ စက်လှေမှာ သင်္ဘောအကူ၊ အလုပ်သမားအနေနဲ့ ရောက်လာတယ်။ ရောက်လာပြီးတော့ သံချောင်းက သူ့ကိုကျွေးတယ်၊ ကျွေးတော့. . . မင်း ဘယ်သူလဲ၊ ကျွန်တော်ဟာ သံချောင်းပါ၊ ဒီလိုဒီလိုပဲ ကျွန်တော် ဘယ်ကပေါ့ ဆိုပြီး ခုနက သူ့ဇာတ်လမ်းကို ပြောပြတယ်။ သံချောင်းကွာတဲ့ ငါတို့ကတော့ သေရတော့မှာပဲတဲ့။ သံချောင်းက ဟာ၊ မသေပါဘူးတဲ့၊ ပတ်ဝန်းကျင်မှာ ပတ်ဝန်းကျင်နဲ့ လိုက်ဖက်အောင် နေတတ်ရင် ခင်ဗျား မသေပါဘူးတဲ့။ ဒါပေမဲ့ ကျွန်တော် ဓားတစ်ချောင်းတော့ လိုချင်တယ်ဗျာတဲ့။ အဲဒီဓားက ဘာလုပ်ဖို့ လဲတဲ့။ ဓားရှိရင် ပင်လယ်ကို ဖြတ်မယ်တဲ့။ ဘယ်လိုလုပ်ပြီးတော့ မင်းက ဓားကြီးနဲ့ ပင်လယ်ဖြတ်မှာလဲတဲ့။ ဓားရှိရင် ကျွန်တော်တို့ အရာရာကို လုပ်လို့ရတယ်တဲ့။ မီးရှိရင် အရာရာကို လုပ်လို့ရတယ်တဲ့၊ အစ်ကို ကိုနန္ဒာတဲ့ ခင်ဗျားပဲ ပြောတယ် မဟုတ်လားတဲ့၊ နန္ဒာက ပညာတတ် မဟုတ်လား၊ သူက ဒီမီးကို စတင်တွေ့တယ်။ လူတွေဟာ မီးကို မတွေ့ခင်တုန်းက အမှောင်ထဲမှာ နေခဲ့ရတယ်။ အအေးထဲမှာ နေရတယ်။ အစိမ်းပဲ စားရတယ်။ မီးစတွေ့လိုက် တာဟာ လူ့ဘဝကြီးတစ်ခုလုံး၊ လူ့ယဉ်ကျေးမှုတစ်ခုလုံး ပြောင်းသွားတယ်။ အနွေးဓာတ် ရလာတယ်။ အလင်းဓာတ် ရလာတယ်။ ချက်ပြုတ်စားလို့ ရလာ တယ်။ ဒါကြောင့်မို့ မီးကိုတွေ့လိုက်တာဟာ ယဉ်ကျေးမှုတစ်ခု၊ နောက် ဓား. . . သံကို သုံးတတ်လာတယ်။ ခင်ဗျားပဲ ပြောခဲ့တယ် မဟုတ်လား၊ သံကို သုံးတတ်လာတာဟာ ယဉ်ကျေးမှု၊ မီးကို သုံးတတ်လာတာ ဟာ ယဉ်ကျေးမှု"၊





"အေး. . . ဟုတ်တယ်လေ" တဲ့။ ဓားတွေ့ရင် မင်း ဘာလုပ်မလို့လဲတဲ့။ ဟာ. . . ဓားတွေ့တော့ ကျွန်တော် ယဉ်ကျေးသွားပြီပေါ့တဲ့ ဓားတွေ့ရင် အဲဒီဓားနဲ့ သစ်ပင်တွေခုတ်မယ်၊ ဖောင်ဖွဲ့မယ်၊ နွယ်တွေကို ဖြတ်မယ် ပြီးတော့ ချည်မယ်။ အဲဒီဖောင်နဲ့ ပင်လယ်ကို ဖြတ်မယ်တဲ့။ ဟာ. . . ခင်ဗျားညီ ဒီလောက်ကျယ်တဲ့ ပင်လယ်ကြီးကို ဘယ်လိုဖြတ်သန်းမလဲတဲ့၊ အစ်ကိုနန္ဒာပဲ စဉ်းစားကြည့်၊ ဒီကျွန်းပေါ်မှာ ကျွန်တော်တို့ ဆက်နေရင် တစ်နေ့နေ့ ကျွန်တော် တို့ သေသွားလိမ့်မယ်တဲ့။ နာမကျန်းဖြစ်လို့ သေချင်သေမယ်၊ အစာငတ်လို့ သေချင်သေမယ်။ ကျွန်းပေါ်မှာ ကျွန်တော်တို့ ဒီလိုသေရမဲ့အတူတူ ပင်လယ် ဖြတ်ရင်းနဲ့ ကျွန်တော်တို့ သေမယ်။ ပင်လယ်ဖြတ်လို့ မသေရင် ကျွန်တော်တို့ အိမ်ပြန်ရောက်မယ်။ ဒါကြောင့် ကျွန်တော်တို့ ပင်လယ်ကို ဖြတ်မယ်၊ ဓားပဲ လိုချင်တယ်။ သံချောင်းက ဓားတောင်းတယ်၊ သံချောင်းက ကိုနန္ဒာပြောလို့ မီးရဲ့အရေးကြီးပုံကို သဘောပေါက်တယ်။ မီးကို ချစ်တယ်၊ အင်ကြင်းတောင်တတ် လေးတွေ တွေ့တယ်။ လဲမှို့လေးတွေ တွေ့တယ်။ ကျွန်းပေါ်မှာ ခယောင်း ကျောက်ကလေးတွေ တွေ့တယ်။ အဲဒါတွေနဲ့ သူ အမြဲတမ်း မီးခြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့. . . ကိုနန္ဒာ ပြောသလို. . . ချက်ပြုတ်စားနိုင်အောင်လို့ အနွေးဓာတ်ရအောင်၊ အလင်းဓာတ် ရအောင်။ ဒါနဲ့ သံချောင်းရဲ့ ကြိုးဝင်းအား ထုတ်မှုအရ မီးရတယ်။ မီးရတော့ သံချောင်း သိပ်ဝမ်းသာတယ်။ ဟာ မီးရတယ် မီးကို အမြဲဖိုထားမယ်။ ညလည်း ဖိုမယ်၊ နေ့လည်း ဖိုမယ်၊ ညဖိုလို့ မီးတောက်ကို မြင်ရင် ပင်လယ်က သင်္ဘောတွေ ဒီမီးတောက်ကိုမြင်ရင် ဒီကျွန်းမှာ ခုလူသည် တွေ ရှိလိမ့်မယ်ဆိုတာ သိမယ်။

နေ့ဖိုလို့ မီးခိုးကိုမြင်ရင် ပင်လယ်က သင်္ဘောတွေ ဒီကျွန်းမှာ ခုလူ သည် ရှိမယ်ဆိုတာ သိလိမ့်မယ်။ ဒါကြောင့် သံချောင်း ထင်းတွေခုတ်၊ ထင်းတွေ ရှာ ချပြီးတော့ အမြဲပုံထား၊ ကိုနန္ဒာမှာ အင်္ကျီလေးပါတယ်။ အနီလေး စုတ်သွား တော့ သံချောင်းက ငါးရိုးနဲ့အပ်လုပ်ပြီးတော့ ငှက်နာနတ်ချည်အမျှင်တင်းကို ထု၊ ထုပြီး အခြောက်လှန်းပြီးတော့ အဲဒီငှက်နာနတ်ချည်နဲ့ချုပ်၊ နောက်ထပ် ချုပ်လို့ မရတော့အောင် စုတ်သွားတော့ "အစ်ကိုရယ်. . . အဲဒီအင်္ကျီလေး ကျွန်တော့်ပေးဗျာ" မင်းက ဘာလုပ်ဖို့လဲ၊ ဒီအင်္ကျီလေးကို ကျွန်တော် လွှင့်မယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အမြင့်ဆုံးနေရာကိုတက်၊ အမြင့်ဆုံး တောင်ထိပ်၊ အမြင့်ဆုံး သစ်ပင်ပေါ် တက်ပြီးတော့ ကျွန်တော် အလံထူထားမယ်တဲ့။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ပင်လယ်ထဲက သင်္ဘောတွေက ဒီအလံ လေးမြင်ရင်၊ အချက်ပြတာလေး မြင်ရင်. . . ကျွန်တော်တို့ ဒုက္ခသည်တွေ ရှိနေတာ သိပြီး လာကြမှာ၊ ကယ်ကြမှာတဲ့၊ ဒါကြောင့် ကျွန်တော့် ပေးပါဆိုပြီး သံချောင်းက တက်ပြီးတော့ အလံထူထားတယ်။

ဒီလိုနဲ့ သူတို့နေလာတာ၊ တစ်နေ့ကျတော့ သံချောင်းနဲ့ ကိုနန္ဒာ ကျွန်းပေါ်မှာ အဲဒီလိုပဲ ငှက်ပျောအရိုင်းလေးတွေ၊ သစ်သီးဝလံ၊ ငွေသီးလို စားကောင်းတဲ့ဟာလေးတွေ လိုက်ရှာစားနေတုန်းမှာ ဗိုင်းဆို သူတို့နောက်ကျော တစ်တောင်ကွာလောက် သစ်ပင်ကို လာပြီးတော့ ဓားကြီးတစ်ချောင်း လာစိုက်တယ်။ ဂျပန်ဓားရှည်ကြီး။ ကြည့်လိုက်တော့ သစ်ပင်ခွကြားမှာ လူတစ်ယောက်၊ ဆံပင်က ခါးလောက်အထိ ရှည်နေပြီ။ မျက်လုံးကြီးကလည်း ဝါထိန်၊ သွားတွေကလည်း သွားမတိုက်တာကြာလို့ ဝါထိန်လို့။ ဒီမှာလည်း ပန်းတွေနဲ့၊ တစ်ခါတည်း ပန်းကုံးတွေနဲ့ သူ့ဘာသာသူ ကြိုးတွေနဲ့ နွယ်ကြိုးတွေနဲ့ သီထားတဲ့ပန်းကုံးတွေနဲ့၊ ဟာ. . . ဟာ သရဲ သရဲ ဆိုပြီးတော့ သူတို့ကို လှမ်းအော်နေတဲ့ လူတစ်ယောက်၊ ကြည့်လိုက်တော့ ဘယ်သူလဲဆိုတော့ ရဲမြင့်။ သွက်သွက်ခါအောင် ရူးနေပြီ၊ မူးယစ်ဆေး ပြတ်သွားပြီး ကျွန်းပေါ်မှာ တစ်ယောက်တည်းနေရတယ်။ အစာရေစာ မရှိဘူး၊ ကျွန်းက ပင်လယ်လှိုင်းသံတွေ၊ မုန်တိုင်းသံတွေကို ကြားရတော့ ဒီကောင် စိတ်ချောက်ချားပြီး ရူးသွားတာ။

ရူးသွားပြီ. . . သူတို့ကို ရန်သူထင်ပြီး ဂျပန်ဓားကြီးနဲ့ ပစ်ရော၊ ဟာ သံချောင်းက ဝမ်းသာတာပေါ့။ ဓားရပြီကွ ဆိုပြီးတော့ သံချောင်း သိပ်ဝမ်းသာတာပေါ့။ ဓားရပြီကွ. . . ဆိုပြီးတော့ သံချောင်း သိပ်ဝမ်းသာတယ်။ ဓားကို ဆွဲနုတ်တယ်။ ရဲမြင့်ကလိုက်တာ မပေးဘူး။ ရဲမြင့်ကလည်း ရူးနေပြီ။ နန္ဒာကလည်း. . . ဟေ့ကောင် ရဲမြင့်၊ မင်းဦးလေး ငါ. . . နန္ဒာလေ. . . မင်း မမှတ်မိတော့ဘူးလား။ ရဲမြင့် သတိထား၊ သတိထားဆိုပြီး ခဏ အတော်ကြီးကြာတော့ ရဲမြင့်က မျက်ရည်တွေ၊ တွေတွေကျပြီး ငိုလိုက် ရယ်လိုက် လုပ်ပြီးတော့မှ နန္ဒာကို နည်းနည်း မှတ်မိလာတယ်။ ဟာ၊ ဟုတ်တယ်၊ ဦးလေး နန္ဒာ၊ ဦးလေး နန္ဒာ၊ ဦးလေး နန္ဒာ မှတ်မိပြီဆိုတော့မှ ဒီကောင် တဖြည်းဖြည်း သူတို့ဆီ လိုက်လာတယ်။





လိုက်လာပြီးတော့. . . သံချောင်းကိုပဲ ကြည့်နေတယ်။ သံချောင်း ဘာလုပ်သလဲ၊ သံချောင်းကို သူ မယုံဘူး။ သံချောင်းလက်ထဲက ဓားကို သူ လိုချင်တယ်။ သံချောင်းက သူ့ကို မပေးဘူး။ ဒီကောင် ရူးနေတဲ့ကောင် ဆိုပြီးတော့ မပေးဘူး။ သံချောင်းက ဓားတစ်စင်းနဲ့ အပြင်ထွက်သွားပြီးတော့ အလုပ်လုပ်တယ်။ ငါးမျှားတယ်၊ ငါးခုတ်တယ်၊ ရဲမြင့်က တဖြည်းဖြည်း သံချောင်းကို ကြည့်ပြီးတော့ သူ့ဘဝ သူ သိလာတယ်။ တည်ငြိမ်လာတယ်။ အင်္ဂလိပ်လိုတော့ sane ဖြစ်သွားတယ်။ သိပ်ရူးနေရာ ကနေပြီးတော့ ပြန်ပြီးတော့ ပင်တို့ ဖြစ်လာတယ်။

ဖြစ်သွားပြီးတော့ သံချောင်းကို သူ အားကျတယ်၊ သံချောင်းက ရေ အကြာကြီး မနစ်ဘဲနဲ့ ငုပ်နိုင်တယ်။ သူက သံချောင်းလို ငုပ်တတ်ချင်တယ်၊ သံချောင်းလို အဝေးကြီး ရေကူးတတ်ချင်တယ်၊ သံချောင်းလို အုန်းပင် တတ်ချင်တယ်။ သံချောင်းလို ကိုယ့်အားကိုယ်ကိုးချင်လာတယ်။ သံချောင်းလို ကာယဝ တောင့်ချင်တယ်။ သူက အားကျတယ်။

ဒီလိုနဲ့. . . "မင်း ဒီဓား ဘယ်ကရတာလဲ" သူ. . . အဲဒီတော့မှ သူ စိတ်ငြိမ် သွားတုန်း မေးတော့ သူ တစ်နေ့မှာတဲ့. . . တောထဲကို လျှောက်သွားမိတယ်။ မုန်တိုင်းတွေ တိုက်လာတယ်။ ဂူကြီးတစ်ဂူထဲ သူ ဝင်အိပ်တယ်၊ တစ်ယောက်တည်း၊ အိပ်တော့ သံစည်ပိုင်းကြီးတစ်လုံး သွားတွေ့တယ်၊ သံစည်ပိုင်းကြီးတွေ့တော့ သူ သံစည်ပိုင်းကြီးကို ကျောက်ခဲနဲ့ လေးငါးခြောက် ချက်လောက် ဆက်တိုက်ထုပြီးတော့ ဖွင့်တယ်။ ဖွင့်တော့. . . နောက်ဆုံး သံချေးစားတဲ့ နေရာကနေ ပွင့်သွားတယ်။ ပွင့်သွားတော့ အထဲကြည့်လိုက်တဲ့ အခါကျတော့ ရေနံချေးသုတ်ထားတဲ့ တာလပတ်ကြီးကို တွေ့တယ်၊ အဲဒီ တာလပတ်ကြီးကို ဖွင့်ကြည့်လိုက်တဲ့အခါကျတော့ ဂျပန်ဓား၊ ဂျပန်ခေတ်တုန်း က ဂျပန်စစ်ဗိုလ်ကြီး သေသွားတဲ့အခါကျတော့ အဲဒီဓားကို အဲဒီမှာ ဝှက်ခဲ့တယ်။

အဲဒီမှာ ရဲမြင့်က သံချောင်းကို အားကျလို့ သံချောင်းလို ရေကူးတတ် လာတယ်။ သံချောင်းလို ရေငုပ်နိုင်လာတယ်၊ သံချောင်းလို အုန်းပင်တက်တတ် လာတယ်။ သံချောင်းလို ဘဝကို သူ အားကျတယ်၊ သံချောင်းရဲ့ ကိုယ့်ထိုက် ကိုယ် အားကိုးတဲ့ စိတ်ဓာတ်ကို သူ အားကျလာတယ်နော်၊ ထို့ကြောင့်တ မူးယစ်ဆေးရှူတာတွေလည်းပျောက်၊ မူးယစ်ဆေးကို ဘယ်ရှူရမလဲ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



တောင် မစားရတဲ့ ဘဝနော်၊ တစ်နေ့ကျတော့ သံချောင်းက ကဲ၊ တို့ဒေးလည်း ရပြီ၊ အစ်ကိုရေ၊ ကိုနန္ဒာ. . . ကျွန်တော်တို့ ပင်လယ်ဖြတ်တော့မယ်ဗျာ၊ ဟို ခဏနေရင် အရှေ့မြောက်လေပြန်မှာ အရှေ့မြောက်လေပြန်ရင် ကျွန်တော်တို့ ဖောင်တွေအပြင်ကို လွင့်သွားလိမ့်မယ်။ ရဲမြင့်က သံချောင်းနဲ့အတူ လိုက်ပြီး တော့ ဖောင်လုပ်ပေးတယ်။ အဲဒီမှာ အရှေ့လေ မပြန်ခင်မှာ ကျွန်တော်တို့ မြည်မသွားမယ့် ရေစီးကြောင်းကို ကျွန်တော် သိတယ်။ မသေလည်းဘဲ အိမ်ပြန် ရောက်တာပေါ့ဗျာ၊ သေလည်းပဲ ကံပေါ့။

တစ်နေ့မှာ သူတို့သွားပြီးတော့ ငါးမျှားတယ်၊ ကျောက်ဆောင်ကြီးပေါ် တက်ပြီးတော့ ငါးမျှားတယ်၊ သံချောင်းနဲ့ ရဲမြင့်။ ငါးမန်း၊ ငါးမန်းတစ်ကောင် လောက် ရလိုက်ရင် အခြောက်လှမ်းပြီးရင်၊ ဒါ. . . သူတို့ လုံလောက်တဲ့ရိက္ခာ၊ တစ်နေ့ သံချောင်းနဲ့ ရဲမြင့် ငါးမန်းသွားမျှားတယ်။ မျှားတော့ သူတို့လာခဲ့တဲ့ ကျောက်ဆောင်ကြီးက တစ်မိုင်လောက်ရှိတယ်။ သောင်ပြင်ကြီး ဖြတ်ပြီး လာ၊ လာပြီးတော့ အဲဒီကျောက် ဆောင်ကြီးပေါ် တက်၊ တက်ပြီးတော့ ဟိုဘက်က ပင်လယ်ကြီး၊ ရေနက်ပိုင်း၊ အဲဒီမှာ ငါးမျှားတယ်။

ငါးမျှားချိတ်နဲ့ ငါးမျှားကြိုးက ဘယ်ကလာရသလဲဆိုတော့ သံချောင်း က ပင်လယ်ကမ်းစပ်မှာ လာတင်တဲ့ လှိုင်းပုတ်လို့ လာတင်တဲ့ ပိုက်၊ နိုင်လွန်ပိုက် အပြတ်ကလေးတွေ၊ အဲဒီထဲမှာ ပါလာတဲ့ ငါးမျှားချိတ်ကလေးတွေကို စုထားပြီး တော့ ပိုက်ကို ကြိုးကျစ်ထားတယ်။ အဲဒီ ငါးမျှားချိတ်နဲ့ သွားမျှားတယ်။ မျှားတော့ ငါးမန်းကြီးတစ်ကောင် လာတယ်။ အဲဒီမှာတင် ငါးလေးနဲ့ အစာတပ် ပြီး မျှားလိုက်တော့ မိပြီ၊ မိတော့ အဲဒီငမန်းကို သံချောင်းနဲ့ ရဲမြင့် တစ်ယောက် တစ်ပြန်စီ အတင်းဆွဲ (ငါးမန်းက ရုန်း၊ သူတို့က ဆွဲ)၂၊ နောက်ဆုံးကျတော့ အားကုန်ဆွဲလိုက်တာ ငါးမန်းက အရုန်း၊ သူတို့က အဆွဲ. . . အဲဒီမှာ ကြိုးပြတ် တယ်။ ကြိုးပြတ်သွားတော့ ကြိုးရော၊ ငါးမျှားချိတ်ရော. . . ငါးမန်းပါးစပ်ထဲ ပါသွားတယ်။ သူတို့မှာ ငါးမျှားချိတ်ကုန်နေတယ်။ ဟိုး. . . အနောက်ဘက် ပင်လယ်ကို ကြည့်လိုက်တဲ့အခါကျတော့ နေလုံးကြီးက ပင်လယ်ထဲ တဖြည်း ဖြည်း နိမ့်၊ နိမ့်၊ နိမ့် ဒီရေတွေက တဖြည်းဖြည်း တဝေါဝေါနဲ့ အော်တက်လာ တယ်နော်။ ခဏနေရင် သူတို့လျှောက်လာခဲ့တဲ့ သောင်ပြင်ကြီးကို. . . သောင်ပြင်ကြီးပါ မကဘူး၊ အဲဒီကျောက်ဆောင်ကြီးပါ ရေဖုံးတော့မယ်၊ ဒီရေက





ရောက်လာပြီ။ အဲဒီတော့ ကဲ၊ ရဲမြင့်ရေ. . . တို့မှာ ငါးမျှားချိတ်လည်း မရှိတော့ဘူး၊ မင်းလည်း ပင်ပန်းပြီ၊ ငါလည်း ပင်ပန်းပြီ အဲဒီတော့ ပြန်ကြစို့၊ ဒီရေလည်း တက်တော့မယ်။ နေလည်း ဝင်ပြီ၊ ဒီရေလည်း ဖုံးတော့မယ်၊ တဲ၊ မနက်ဖြန်မှာ လာမျှားကြစို့. . . ဆိုပြီးတော့ အဲဒီမှာ သံချောင်းနဲ့ ရဲမြင့် ပြန်လာကြတယ်။ ပြန်လာတော့ ခြေကျင်လျှောက်လို့ မရတော့ဘူး။ ခုနက သောင်ပြင်ကြီးက ရေဖုံးသွားပြီ။ သံချောင်းက ရှေ့က ဓားတိုကိုက် ပေါင်းကို ကျောမှာလွယ်၊ ရဲမြင့်က နောက်က ကူးလိုက်တယ်။ သံချောင်းက ကူးနိုင်တာ ကိုး။ အသန်ဆုံး အမြန်ဆုံးကောင်၊ အတွေ့အကြုံရှိတဲ့ကောင် ရှေ့ကထားတယ် ဟိုကောင်က အခုမှ ကူးကာစ၊ သံချောင်းကို အားကျလို့ နောက်က ကူးလိုက် တယ်။ သံချောင်းက ရဲမြင့်ကို စိတ်မချဘူး။ နောက်လှည့်ကြည့်လိုက်တော့ ငါးမန်းက လိုက်လာတယ်။ သံချောင်းက သိတယ်။ ဒီငါးမန်းဟာ. . . သူက ရှေ့ကို မော့လိုက်ရင် တစ်ချက်နဲ့ ကမ်းရောက်မယ်။ ဒါပေမဲ့ နောက်က ရဲမြင့် အစားခံရမယ်။ ရဲမြင့် လက်ထဲမှာ ဘာလက်နက်မှ မရှိဘူး။ သူ ရဲမြင့်ကို ချစ်တယ်။ သနားတယ်။ ခင်တွယ်တယ်။ သံချောင်းက ကိုယ်ကျိုးစွန့် တတ်တဲ့ စိတ် ရှိတယ်။ ကိုယ့်ကိုယ်ကိုယ် အားကိုးတယ်။ အဲဒီတော့ ငါးမန်းကလည်း သူက ငါးမျှားချိတ် စူးထားတဲ့ ငါးမန်းနော်၊ ငါးမန်းက နဂိုအတိုင်းဆို အာရုံ အန္တရာယ် မပြုဘူး။ အဲဒီတော့ ငါးမျှားချိတ် စူးထားတယ်။ သံချောင်းတို့ရဲ့ သွေးနံ့လည်း ရတယ်။ သံချောင်းနဲ့ ရဲမြင့်က ကျောက်ဆောင်ပေါ် တက်တုန်းက ကျောက်စွန်းတွေ ရှတော့ ဒူးတွေ၊ ပေါင်တွေပွဲ၊ ခြေထောက်တွေပွဲတော့ သွေးတွေထွက်တယ်။ အဲဒီသွေးနံ့ကို ငါးမန်းကရတော့ လိုက်လာတယ်။ စားမလို့. . . အဲဒီမှာတင် သံချောင်းက "ကဲ၊ ရဲမြင့် မင်း ရှေ့ကကူး၊ ငါ နောက်က လိုက်မယ်" ဆိုပြီးတော့ ရဲမြင့်ကို ရှေ့က ကူးခိုင်းတယ်။ သူက သတိနဲ့ ဓားကိုက် ပြီးတော့ နောက်ကနေ အတင်းကူးလာတယ်။ ကူးလာတုန်းမှာ ငါးမန်းက လိုက် လာတယ်။

နောက်ဆုံးမှာ တဖြည်းဖြည်းနဲ့ နီးလာပြီး သံချောင်းကို ငါးမန်းက ကိုက်တယ်။ သံချောင်းက ငါးမန်းကို ဓားနဲ့ခုတ်တယ်။ ဒီလိုနဲ့ သံချောင်းနဲ့ ငါးမန်း၊ ဘတစ်ပြန် ကျားတစ်ပြန် သတ်ကြရင်း နောက်ဆုံးမှာ သံချောင်းရော ငါးမန်းရော ပင်လယ်အောက်ကို မြုပ်သွားတယ်။ အဲဒီနေရာမှာ သံချောင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



သွေးကွက်တွေဟာ ဝင်လုဆဲ နေရောင်အောက်မှာ ရဲနေတယ်။ သံချောင်း မရှိတဲ့အခါကျတော့ ကျွန်းပေါ်မှာ ကိုနန္ဒာနဲ့ ရဲမြင့်. . . နှစ်ယောက်တည်း ကျန်ခဲ့တယ်။ ဘာမှလည်း မလုပ်တတ်ဘူးနော်၊ ကောလိပ်ကျောင်းသား B.Sc အောင်တဲ့သူ၊ ပညာတွေ တတ်ပါရဲ့၊ ဒါပေမဲ့ သူတို့ ဘာမှကို မလုပ်တတ်ဘူး။ ရေအကြောင်း မသိဘူး၊ လေအကြောင်း မသိဘူး၊ ဘယ်ရေစီးကြောင်းက ဘယ်သွားတယ်ဆိုတာကို မသိဘူး။ ဘယ်လေက ဘယ်ကို တိုက်တယ်ဆိုတာကို သူတို့ မသိဘူး။

ဘာအသီး စားကောင်းတယ်၊ မစားကောင်းတယ် ဆိုတာလည်း သူတို့ မသိဘူး။ မသိတော့ ဘာမှ မလုပ်တတ်ဘဲနဲ့၊ စိတ်ပျက်ပြီးတော့ ဘာလုပ်ရမှန်း မသိဘဲနဲ့ လက်မှိုင်ချနေတုန်းမှာ သံချောင်း ဖိုထားတဲ့ မီးဖိုက မီးခိုး၊ အဲဒီက မီးရောင်၊ သံချောင်း လွှင့်တင်ထားတဲ့ အလံကို စက်လှေတစ်စင်းကမြင်လို့ သူတို့ကို ပြန်ခေါ်သွားတယ်။ ပြန်ခေါ်သွားတဲ့အခါမှာ ရဲမြင့်နဲ့ ကိုနန္ဒာ အိမ်ပြန် ရောက်တယ်။ ချစ်သူနဲ့ တွေ့တယ်။ အပေါင်းအသင်းတွေနဲ့ တွေ့တယ်။ ဆွေမျိုး တွေနဲ့ တွေ့တယ်။ လူ့ယဉ်ကျေးမှုနဲ့ ပြန်တွေ့တယ်။ ဒါပေမဲ့ သံချောင်းကတော့ ပင်လယ်အောက်မှာ ကျန်ရစ်ခဲ့တယ်။ တကယ်လို့ သံချောင်း မသေလို့ ပြန်လိုက် လာရင်လည်းပဲ သံချောင်းမှာ အိုးမရှိ၊ အိမ်မရှိ၊ မိမရှိ၊ ဖမရှိ၊ ဆွေမျိုးမရှိနော်၊ ချစ်သူမရှိ၊ မိတ်ဆွေ အပေါင်းအသင်းမရှိ၊ နှောင်ကြိုးကလွဲပြီး သူ့မှာ ဘာမှ မရှိပါဘူး။ အဲဒီသံချောင်းက ပင်လယ်အောက်မှာ နေရစ်ခဲ့တယ်။ ဒါ ကျွန်တော့် ဝတ္ထုရဲ့ အဆုံးသတ်နော်။

အဲဒီမှာ ဦးဦးဖျားဖျားတော့ ဖောက်သည်ချရဦးမယ်။ အဲဒီ သံချောင်း သေတဲ့အခန်းမှာ ကျော်သူ ငိုတဲ့ အခန်းဟာ တော်တော်လေးကို သဘောကျ တယ်။ ကျွန်တော်နဲ့ အဲဒီ ပရက်ရှီးမှာ လာကြည့်တဲ့ အမျိုးသမီး တော်တော် များများ မျက်ရည်တွေ တရွှဲရွှဲနဲ့ပဲ၊ ကျော်သူ ငိုတာက ပေါက်ကွဲနေတဲ့ ငိုတဲ့အငို၊ သီချင်းတွေကလည်းပဲ ဒီ ဇော်ဝင်းထွဋ်ရယ်၊ လေးဖြူရယ်၊ ရဲသွင်ရယ်၊ ဗဒင်ရယ်၊ အဲဒီ သီချင်းတွေ ချည်းပဲ၊ ဟဲဗီးတွေ ဟဲဗီးတွေချည်းပဲ။ ဒါပေမဲ့ အလွမ်းတွေနော်၊ ခုနပြောသလို လွမ်းသွားတာ၊ ဒီလိုနဲ့ ကျွန်တော့်ဝတ္ထု ဆုံးသွားပြီ၊ 'အဆုံး' ကောင်းပြီ၊ စိတ်ကူးရပုံကို ပြောပြီးပြီ။

(၁) ကျွန်တော့်သား အပါအဝင် လူငယ်တွေနဲ့ တွေ့တယ်၊ ပြီးတော့





စိတ်ကူးရတယ်၊ ဒါကြောင့်မို့ လူငယ်တွေအကြောင်း ရေးတယ်၊ Generation အကြောင်း ထည့်ပြီးတော့ ကျွန်တော် ရေးတယ်။

(၂) ဇာတ်လမ်း . . . ပင်လယ်အကြောင်းလည်း ကျွန်တော် ပြောပြီးပြီ

(၃) ရည်ရွယ်ချက်. . . ရည်ရွယ်ချက်က နှစ်ချက် ရှိတယ်၊ တိုတို ပြောရရင် တစ်က ဒီနေ့လူငယ်တွေ ပျက်စီးတယ်၊ ပျက်စီးတယ်၊ လူငယ်တွေ ပျက်စီးတယ်၊ မင်းတို့ကောင်တွေ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ ပြောနေကြ တယ်။ ဒီနေ့ လူငယ်တွေ ပျက်စီးနေတာဟာ ဒီနေ့လူငယ်တွေ ဖြစ်နေတာဟာ ကျွန်တော်တို့ တာဝန်။ လူကြီးတွေရဲ့ တာဝန်။ ဒီနေ့လူငယ်တွေ ပျက်စီးနေ ရခြင်းသည် လူငယ်တွေ ရည်ရွယ်ချက် မဲ့နေရခြင်းသည် လူကြီးတွေရဲ့ တာဝန်၊ ဒါကြောင့်မို့ ဒီနေ့ လူငယ်တွေရဲ့ အကောင်း အဆိုးတွေဟာ ကျွန်တော်တို့ပေါ် မှာ တည်ပါတယ်။ ကျွန်တော်တို့ဟာ လူငယ်တွေကို နားလည်ပေးဖို့ ကြိုးစားရ မယ်လို့ ကျွန်တော့် အဲဒီဝတ္ထုမှာ တင်ပြထားပါတယ်။

လူငယ်တွေနဲ့ စကားပြောရမယ်၊ လူငယ်တွေနဲ့ 'ဒိုင်ယာလော့' လုပ်ရ မယ်။ အင်္ဂလိပ်လိုနော်၊ ဒီနေ့ အဖေက အရာရှိကြီး၊ အမေက တက္ကသိုလ်က (ကထိက)၊ အဖေက အရာရှိလေး၊ အမေက S.A.T လေး၊ အဖေက ရုံးအုပ် အမေက P.A.T၊ အဖေက ဆိုက်ကားနင်း၊ အမေက ပဲပြုတ်ရောင်းတယ် အဖေရော အမေရော ထွက်ပြီး စီးပွားရှာနေတယ်။ မနက်လင်းကတည်းက ဒီတော့ သားတွေ၊ သမီးတွေ ဘာဖြစ်မှန်း မသိဘူး၊ ညကျတွေ့ စကားပြောချိန် က မရဘူး၊ အဖေကရော အမေကရော ဖလက်ပြနေတယ်။ သားသမီးတွေ ကလည်း တစ်နေကုန် ကျူရှင်တက်နေရတယ်နော်၊ အဲဒီတော့ စကားပြောချိန် မရဘူး။ ဒါကြောင့်မို့ လူကြီးနဲ့ လူငယ်၊ သားသမီးနဲ့ မိဘ စကားပြောဖို့ လိုတယ်၊ ဒိုင်ယာလော့ ရှိဖို့ လိုတယ်။ စကားပြောဖို့ လိုတယ်။ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ လိုတယ်။ သားတွေ၊ သမီးတွေ ဘယ်လို စာကျက်နေမှန်း လူကြီးတွေက မသိဘူး။ အဖေတွေ၊ အမေတွေ ဘယ်လို စီးပွားရှာ နေမှန်း သားသမီးတွေက မသိဘူး။ အဲဒီတော့ ဒီဟာတွေကို သိအောင်၊ လူကြီးနဲ့ မိဘ သားသမီးနဲ့ လူငယ် ဒိုင်ယာလော့ နွေးနွေးထွေးထွေး ရှိဖို့၊ အပြန်အလှန် စကား ပြောဖို့ ဆွေးဆွေးနွေးနွေးရှိဖို့ လိုတယ်လို့ ကျွန်တော် အဲဒီဝတ္ထုမှာ တင်ပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် နံပါတ်နှစ်က လူငယ်တွေအနေနဲ့လည်း သံချောင်းလို ကိုယ့်အားကိုယ်ကိုးရမယ်၊ ပြီး ကျွန်တော်တို့က စာမေးပွဲကျလို့ စိတ်ညစ်နေတဲ့အချိန်မှာ သံချောင်းက ကျောင်းတောင် မနေခဲ့ရဘူး။ ကျွန်တော်တို့က အဖေတို့၊ အမေတို့ဆီက မုန့်ဖိုးအပြည့်အဝမရလို့ စိတ်ဆိုးနေတဲ့အချိန်မှာ ဂျင်းအင်္ကျီ ဝယ်မပေးလို့ စိတ်ဆိုးနေတဲ့အချိန်၊ တီရှပ်ဝယ်မပေးလို့ စိတ်ဆိုးနေတဲ့အချိန်မှာ သံချောင်းက စိတ်ဆိုးစရာ အဖေနဲ့ အမေတောင် မရှိတော့ဘူး။ ကျွန်တော်တို့က ကောင်မလေးနဲ့ မကြည်လို့ ဗလီတက်နေတဲ့အချိန်မှာ သံချောင်းက ရည်းစားဆိုလို့ မူးလို့တောင် ရှူစရာ မရှိဘူးနော်။ အဲဒီမှာတော့ ဒီလိုသည်ပင်လျှင် သူ့ဘဝသူ ရုန်းကန်ရဲတယ်၊ ရုန်းကန်နိုင်တဲ့သတ္တိ ရှိတယ်။ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်တဲ့ သတ္တိရှိရင် ကျွန်တော်တို့က ဘာဖြစ်လို့ မကြိုးစားရဲရမှာလဲ၊ ဘာဖြစ်လို့ ကျွန်တော်တို့မှာ သတ္တိ မရှိရမှာလဲ၊ ကျွန်တော်တို့ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ။ အဲဒီအချက်ကို ကျွန်တော် တင်ပြထားပါတယ်။ ဒါ ရည်ရွယ်ချက်နော်၊ ဇာတ်လမ်းပြောပြီးပြီ၊ စိတ်ကူးရပုံကို ပြောပြီးပြီ၊ ရည်ရွယ်ချက် ပြောပြီးပြီ၊ ခေါင်းစဉ်နော် အဲဒီဝတ္ထုကို ရေးတာ ကျွန်တော် ၁၄ ရက်တိုင် ကြာတယ်။ ခေါင်းစဉ် စဉ်းစားတာ တစ်လကြာတယ်။ ရှာလို့ စဉ်းစားလို့မရဘူး။ Publisher ကလည်း တောင်းနေပြီ၊

ဆရာရေတဲ့. . . ရိုက်တော့မယ်တဲ့. . . ခေါင်းစဉ်ဘယ်လိုပေးရမလဲ။ ရိုက်တော့မယ်၊ ပန်းချီလည်း ဆွဲတော့မယ်တဲ့၊ ပေးပါတဲ့။ နေဦးဗျာ. . . ကျွန်တော် စဉ်းစားဦးမယ်လို့၊ စဉ်းစားလို့ကို မရဘူး။ ဒါပေမဲ့ တစ်နေ့တော့ ကျွန်တော် အမှတ်တမဲ့ စာအုပ်တစ်အုပ် ကောက်ဖတ်လိုက်တော့ ကဗျာလေး တစ်ပုဒ်ကို သွားတွေ့တယ်။ အဲဒီ ကဗျာလေးက ကဗျာဆရာရေးတာ မဟုတ်ဘူး၊ အလုပ်သမားလေး တစ်ယောက်က ရေးတာ။ စာမတတ်၊ ပေမတတ် အလုပ်သမားလေး ရေးတာ၊ အဲဒီ အလုပ်သမားလေးက ဘယ်လို အလုပ်သမားလေးလဲ ဆိုတော့ တရုတ်ပြည်မှာ 'တန်ကျင့်' ဆိုတဲ့ ရေနံမြေကြီးရှိတယ်။ အဲဒီမှာ ရေနံတွေ တူးတယ်။ တစ်ခါတည်း နိုင်ငံခြားက Experts တွေ ခေါ်တယ်။ နိုင်ငံခြားက ဂျီအော်လော်ဂျီတွေ ခေါ်တယ်၊ တူးတယ်။ မရဘူး။ ဒါနဲ့ နောက်ဆုံး တရုတ်အလုပ်သမားကြီးတွေ၊ တရုတ် အိုဗာစီးယား ဆရာကြီးတွေ၊ တရုတ် အင်ဂျင်နီယာကြီးတွေက သူတို့ကိုယ်တိုင် တူးတဲ့အခါမှာတော့ အဲဒီ ရေနံမြေကြီး အောင်သွားတယ်၊ အခုဆိုရင် တရုတ်က ဆော်ဒီအာရေဗျ ပြီးရင် ကမ္ဘာမှာ





ဒုတိယ ရေနံတင်ပို့တယ်။ တစ်နေ့ကျတော့ အဲဒီရေနံမြေကြီး မီးလောင်တယ်။ အဲဒီ တစ်တွင်းပြီးတစ်တွင်း ပေါက်ကွဲပြီး မီးလောင်တယ်။ တစ်ပြည်လုံးမှာရှိတဲ့ အကောင်းဆုံးဆိုတဲ့ မီးသတ်အဖွဲ့တွေ လာတယ်။ သတ်တယ်။ မရဘူး။ တစ်တွင်းပြီး တစ်တွင်း ပေါက်ကွဲနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိုမိန်းဝတ်စ်ပိုက်၊ ဓာတ်ငွေ့ ပိုက်ကြီးကို ပိတ်နိုင်မှ အဲဒီမီးက ရပ်မှာကိုး၊ အဲဒီပိုက်ကို မပိတ်နိုင်ရင် ဘယ်လောက် သတ်သတ် အဲဒီဓာတ်ငွေ့ပိုက်ကြောင့် ရေနံတွင်းတွေ ပေါက်ကွဲကုန်မယ်။ အဲဒီမှာတင် ဓာတ်ငွေ့ပိုက်ကို သွားပိတ်ရဲသူ မရှိဘူး။ မရှိတော့ အဲဒီ အလုပ်သမားလေးက ကျွန်တော် သွားပိတ်မယ် ဆိုပြီးတော့ မီးတောက်တွေထဲ အတင်းဖြတ်ပြေးတယ်။ ဖြတ်ပြေးပြီးတော့ ဂက်စ်ပိုက်ကို သွားပိတ်တယ်။ ပိုက်ကို ပိတ်ပြီးနောက် သံတိရလို့ သူ ကြည့်လိုက်တဲ့အခါကျတော့ သူ ဆေးရုံပေါ်မှာ မျက်စိနှစ်ဖက်စလုံး ကွယ်သွားပြီ၊ မီးရှိန်ဟပ်လို့၊ ခြေထောက်နှစ်ဖက်ထ မီးလောင်လို့ နှစ်ဖက်စလုံး ဖြတ်ပစ်လိုက်ရပြီ ပေါင်လယ်အထိ ဖြတ်ပစ်လိုက်ရပြီ လက်ကလေးနှစ်ဖက်ပဲ ကျန်တော့တယ်။ ပတ်တီးတွေ နဲ့ တစ်ကိုယ်လုံးမှာ မီးလောင်လို့၊ အဲဒီလိုနဲ့ သူ တဖြည်းဖြည်း တစ်လ နှစ်လ လောက်ရှိတော့ ပြန်နေကောင်းလာတယ်။ နောက် ကောင်းလာတော့ သူက ဆရာဝန်ကြီးတွေကို ပြောတယ်။

ဆရာဝန်ကြီးတွေကို "ကျွန်တော့်ကို တစ်ခု ကူညီပေးပါ" တဲ့ ပြောတော့ ဆရာဝန်ကြီးတွေက. . .

"ဘာလိုသလဲပြော"

"ကျွန်တော် စာရေးဖို့ ကတ်ပြားလေးတစ်ခု လိုချင်ပါတယ်" တဲ့။

"ဟာ မင်းက ဘယ်လိုရေးမှာလဲ" နော်။

"မင်းကွာ မင်း အခြေအနေနဲ့ ရေးလို့ မဖြစ်ပါဘူး"

"မဟုတ်ဘူး၊ ကျွန်တော့်ကို ကတ်ပြားလေးသာ လုပ်ပေးပါ" တဲ့။

စာရေးတဲ့ ကတ်ပြားလေး၊ အမာခံကတ်ဘုတ်လို့ ခေါ်တယ် (ဖူးစကတ်) ဆိုဒ်လောက်၊ အဲဒီမှာ ကျွန်တော့်ကို ဒီအတန်းလိုက်၊ အတန်းလိုက်ဖောက်ပေးပါတဲ့၊ လိုင်း၊ အဲဒီလိုင်းတွေထဲမှာ သူ စာရေးမယ်။ စမ်းပြီးတော့ ပထမတစ်လိုင်းမှာ သူ စာရေးမယ်။ နောက်တစ်ပေါက်မှာ သူ တစ်လိုင်းစမ်းရေးမယ်။ နောက်တစ်ပေါက်မှာ သူ စာရေးမယ်။



www.burmeseclassic.com

